www.burmeseclassic.com

# ချစ်ဦးသခင်

ဇဝန

ဒုတိယအကြိမ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၀၈၀၅၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၆၈၀၅၁၀

ပုံနှိပ်ခြင်း
ဒုတိယအကြိမ်- ၂၀၀၆ ခုနှစ်၊ မတ်လ
အုပ်ရေ - (၅၀၀)

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးစွန်ကော်ယူ၊ မာကျူရီပုံနှိပ်တိုက်၊
၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်မိုးတေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ
ဇော်မောင်

တန်ဖိုး
၉၀၀

(၁)

ကြည်လင်ပြာလဲ့သော မိုးကောင်းကင်ပြင်ကြီးတွင် မှိုင်းလို့တလိမ့်လိမ့်တချို့ ရှာမည်သို့ဟန်ပြင်ကာ လေဆင်ရာသို့ လွင့်ပါလျက်ရှိကြသော မိုးသားတိမ်လိပ် တို့သည် တနေ့လုံး ပူပြင်းသည့် အချိန်ကို လိမ်ပိန်ခံစားလာခဲ့ကြရသူ လူအပေါင်းတို့အား ရေတွေ့သော ပန်းကဲ့သို့ ရွှင်လန်းအေးချမ်းခြင်းကို ဖြစ်စေလေ၏။ ထိုအချိန်အခါသည်ကား မင်းလွင်မြူးစ နယုန်လရာသီ ဖြစ်လေရာ ကမ္ဘာလောကကြီးသည် သာယာကြည်နူးဖွယ်ရာ ဖြစ်လာပြီကို စတင်တွေ့ကြရလေတော့သည်။

ရွက်ဟောင်းကြွေကျ၍ ဖူးသစ်စ ဖြစ်လာကြကုန်သော ရွက်နုပုရစ်တို့သည် အိပ်ရာမှ နိုးစဖြစ်သော ကလေးငယ်၏ မျက်နှာကဲ့သို့ နုပျိုသစ်လွင်ချစ်ချင်စဖွယ် ရှိကြ၏။ အလုံးစုံသော ပန်းသစ်ပင်တို့သည် ဖူးပွင့်ဖို့ရန် အသင့်ပြင်ကာ တသွင်သွင်တိုက်ခတ်လာသော လေပြည် လေညှင်းတွင် ညွတ်တိမ်းယိမ်းနွဲ့လျက် ရှိကြကုန်၏။

ခင်လေးမြင့်သည် မြရည်လိမ်းသကဲ့သို့ စိမ်းလဲ့သော မြက်ခင်းပေါ်တွင် ခြေဆင်းလဲလှထိုင်ကာ မိုးရှေ့မျှော်မှာ ရှိနေသော နှင်းဆီဖူးကလေး

www.burmeseclassic.com

www.burmeseclassic.com



ကို အတင်းအဓမ္မချိုးဖျက် ဝင်ရောက်ရန် ကြံရွယ်အားထုတ်နေသည့် ပျားကောင်ကလေးကို စူးစိုက်၍ကြည့်နေရာက မိမိနှင့် ဘေးချင်းယှဉ်လျက်ထိုင်၍ မျှော်လင့်ခြင်းကြီးစွာဖြင့် မိမိ၏ မျက်နှာကိုသာ ငေးမောစိုက်ကြည့်နေရှာသော ချစ်ထွေးဘက်သို့ တချက်မျှ လှည့်ကြည့်လိုက်ပြီးလျှင် ဟင်းခနဲ သက်ပြင်းချကာ နှင်းဆီဖူးကလေးဆီသို့ မျက်နှာပြန်၍ လှည့်သွားလေ၏။

ခင်လေးမြင့်သည် ပျားကောင်ကလေး၏ အပြုအမူကို လှမ်းကြည့်နေရင်း ချစ်ထွေးအား ပျားကောင်ကလေးနှင့်လည်းကောင်း မိမိကိုယ်ကို နှင်းဆီဖူးကလေးနှင့်လည်းကောင်း နှိုင်းယှဉ်ကြည့်မိကာ မိမိအား ချစ်ထွေးပြောနေသည့် စကားများသည် မိမိအချစ်ကို မရမကရယူလို၍ ပြောနေခြင်းပေလောဟု တွေးတောမိလေ၏။ သို့ရာတွင် ခင်လေးမြင့်သည် ငယ်စဉ်ကတည်းက သိရှိလာခဲ့သည့်ပြင် ယခု တွေ့မြင်နေရသော ချစ်ထွေး၏ မျက်နှာမှာ ရိုးသားသော အတွင်းစိတ်ထားကို ဖေါ်ပြလျက် ရှိနေသောကြောင့် မိမိ၏စိတ်ထဲမှ ဖြစ်ပေါ်လာသော ထင်မြင်ချက်မှာ အကြောင်းမဲ့တွေးတော ကြောက်လန့်မိနေခြင်းမျှသာ ဖြစ်သည်ဟု မိမိစိတ်ကိုမိမိ ပြန်၍ ဖြေလိုက်ရလေ၏။

ဝသန္တရာသီသို့ ကူးပြောင်းစအခါ သာယာကြည်နူးဖွယ် ကောင်းလှသည့် ယခုလိုအချိန်အခါသည် ပျိုရွယ်သူတို့၏ နှလုံးအိမ်ကို တည်ငြိမ်ခြင်းမရှိရလေအောင် ဆွဲဆောင်ဖမ်းဆီးတတ်လေရာ. ခင်လေးမြင့်မှာ ထိုအချိန်အခါမျိုး၌ ယောကျ်ားပျိုတစ်ယောက်နှင့် ယှဉ်တွဲထိုင်နေရုံမျှနှင့်ပင် နှလုံးသွေးများ ခုန်နေရသည့်အထဲ ချစ်ထွေး၏ စကားများကို ကြားလိုက်ရပြန်ရာတွင် သာ၍ပင်စိတ်လှုပ်ရှား ဖောက်ပြန်မိလေတော့သည်။

သို့သော် အခြေအနေမှန်ကို ခင်လေးမြင့် စဉ်းစားလိုက်သည့်အခါ မိမိ၏ မေတ္တာစိတ်သည် ချစ်ထွေးအပေါ်၌ လုံးဝတိမ်းညွတ်ခြင်းမရှိသည်ကို တွေ့ရသောကြောင့်ထိုကဲ့သို့ အတန်ကြာတွေဝေစဉ်းစားနေရာက ချစ်ထွေး



ဘက်သို့ တစ်ချက်ပြန်၍ လှည့်ကြည့်လိုက်ပြီးလျှင် 'မဖြစ်ဘူးထင်တယ် ကိုချစ်ထွေးရယ်၊ ကိုချစ်ထွေး မျှော်လင့်ထားသလို ဘယ်လိုမှ ဖြစ်နိုင်မယ် မထင်ဘူး' ဟု ပြောလိုက်လေ၏။

ချစ်ထွေးသည် မျှော်လင့်ဖွယ်ရာ ကင်းမဲ့သည့်အဖြေကို ကြားရသဖြင့် မျက်နှာအနည်းငယ် ပျက်သွားသော်လည်း မျှော်လင့်ချက်ကို လုံးဝ အဆုံးမထားသေး ပဲ 'ဘာ. . ဘာပြုလို့ မဖြစ်နိုင်ရတာလဲ ခင်ရယ်' ဟု ဝမ်းနည်းသံဖြင့် မေးမိရှာလေ၏။

ခင်လေးမြင့်သည် ချစ်ထွေး၏အမေးကို မဖြေတတ်သည့်အလားတွေဝေငြိမ်သက်ကာသာလျှင် မတုန်မလှုပ်ပြုလုပ်၍ နေလိုက်ရလေ၏။ ချစ်ထွေးသည် အတန်ကြာအောင်ခင်လေးမြင့်ထံမှ အဖြေထွက်ပေါ်မလာသဖြင့် စောင့်စား၍မနေနိုင်တော့ပဲ 'ခင့်မှာ အချစ်ဦး ရှိနေလို့ ကိုချစ်ရဲ့ အချစ်ကို လက်မခံနိုင်တာလား' ဟု ထပ်၍မေးလိုက်မိလေ၏။

'ဒါကြောင့်လဲ မဟုတ်ပါဘူး'

ခင်လေးမြင့်က လျှင်မြန်စွာပင် ပြန်၍ ဖြေလိုက်လေ၏။ သို့ရာတွင် ထိုအဖြေမှာ အမှန်အတိုင်းမဟုတ်သည်ကို သူ၏မျက်နှာအမူအယာနှင့် လေသံတို့က ဖော်ပြလျက် ရှိနေလေရာ ခင်လေးမြင့်မှာ မိမိ၏ ဖုံးကွယ်ထားခြင်းကို ချစ်ထွေး ရိပ်မိသွားလေရော့သလားဟု စိုးရိမ်မကင်း ဖြစ်မိလေ၏။

ချစ်ထွေးသည် ခင်လေးမြင့်၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ကာ အကဲခတ်နေလိုက်ရာက ယခုမိမိမြင်နေရသည့်အတိုင်းဆိုလျှင် ယခုအချိန်တွင် ခင်လေးမြင့်၏မေတ္တာသည် မိမိအပေါ်တွင် လုံးလုံးလျားလျား ယိုင်လဲကျရောက်လာခြင်း မရှိသေးစေကာမူ တစ်ချိန်တစ်ခါတွင် မမျှော်လင့်ဘဲ တိမ်းညွတ်၍ လာနိုင်ဘွယ်ရာ ရှိသည်ဟု ဆုံးဖြတ်မိလေ၏။ ယခုကဲ့သို့ ခင်လေးမြင့်က မိမိ၏မေတ္တာကို လွယ်လင့်တကူ မတုံ့ပြန်နိုင်သေးခြင်း၊ ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်ဘဲ နှိုးနေခြင်းမှာ ရွေးပေးလို့မရနိုင်သော မိန်းမတို့၏

www.burmeseclassic.com

www.burmeseclassic.com





အိန္ဒြေနှင့်ဂုဏ်သိက္ခာကို ဆယ်နေခြင်းထက် တစ်စုံတစ်ရာသော စွဲလမ်းမှု ရှိနေ၍သာ ဖြစ်ရမည်ဟူ၍လည်း တွေးဆလိုက်မိလေ၏။

ယင်းသို့တွေးမိသည့်အတွက် ချစ်ထွေးသည် ခင်လေးမြင့်၏ နူးညံ့သော လက်ကလေးနှစ်ဘက်ကို တယုတယ ဆွဲကိုင်ကာ ခယဝယ အသနားခံမည်ဆိုလျှင် ခင်လေးမြင့်သည် မိမိဘက်သို့ မေတ္တာတိမ်းညွတ်လာလိမ့်မည်ဟု မျှော်လင့်မိ၏။သို့ရာတွင် ချစ်ထွေးသည် မိန်းမပျိုတစ်ယောက်၏ လက်ကို ဆွဲငင် ဆုပ်ကိုင်ရဲလောက်အောင် သတ္တိရှိသူတစ်ယောက် မဟုတ်ပေ။ ယခုကဲ့သို့ ခင်လေးမြင့်၏ အနီးတွင်ကပ်၍ ချစ်တင်းဆိုရသည်မှာပင် တစ်ကိုယ်လုံး တုန်ရီနေလေတော့သည်။

'ခင့်မှာ အချစ်ဦး မရှိဘူးဆိုရင် ကိုချစ်ဟာ ခင့်ရဲ့ အချစ်ဦး ပန်ဆင်ရတဲ့ လူတစ်ယောက်ဖြစ်ခွင့်ကို ခံယူပါရစေလား ခင်ရယ်'

ချစ်ထွေးသည် ထိုစကားကို အရဲစွန့်၍ ပြောလိုက်ရလေ၏။ သူသည် သတ္တိကင်းမဲ့ပြီး လွန်စွာရှက်ကြောက်တတ်သူတစ်ယောက် ဖြစ်သည်ဟု ဆိုဘွယ်ရာ ရှိခြင်းမှတပါး အခြားအပြစ်ပြောစရာ ဘာတစ်ခုမှ မရှိသည်ကို ခင်လေးမြင့် ကောင်းစွာ သိရှိခဲ့၏။ ချစ်ထွေး၏ဖခင် ဦးဘိုးစသည် နေ့စဉ်သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် ရက်ခြားသတင်းစာများကို ထုတ်ဝေသော သတင်းစာတိုက်ကြီး၏ တစ်ဦးတည်း ပိုင်ရှင်ဖြစ်ကာ သူဌေးစာရင်းဝင် တစ်ဦးဖြစ်၏။ အစိုးရက ချီးမြှင့်သော ဂုဏ်ထူးဘွဲ့ထူး ရရှိသည့် အထက်လွှတ်တော်အမတ်တစ်ဦးလည်းဖြစ်၏။ သို့ဖြစ်ရာ ချစ်ထွေးသည် မျိုးရိုးအားဖြင့် မိကောင်းဖခင် သားတစ်ယောက်ဟု ဆိုရပေမည်။ ထို့ပြင် ဦးဘိုးစက ချစ်ထွေးအား မိမိ၏ သတင်းစာကို အယ်ဒီတာအဖြစ်ဖြင့် အုပ်ချုပ်ထုတ်ဝေရန် တာဝန်ပေးအပ်ခန့်ထားလေရာ ချစ်ထွေးသည် မျိုးရိုးရော အလုပ်ဂုဏ်ရော အဆင့်အတန်းမြင့်သူတယောက် ဖြစ်ခြင်းကို ငြင်းဖွယ်ဆိုရာမရှိ ဖြစ်ပေသည်။

သို့ရာတွင် ခင်လေးမြင့်သည် ချစ်ထွေးအား စုံမက်နှစ်သက်လောက်စရာ လူတစ်ယောက်အနေဖြင့် မျက်စိထဲတွင် မြင်၍မနေပေ။ ယခု ချစ်ထွေးနှင့် စကားပြောနေသည့် တခဏမျှသော အခိုက်အတန့်ကလေးမှာပင် ချစ်ထွေး မိမိအနား၌ ရှိနေသည်ကို မေ့လျော့ကာ အခြားယောက်ျားပျို တစ်ဦး၏ မျက်နှာကိုသာ ကွက်ခနဲ ပြေး၍မြင်နေမိလေ၏။ ထိုသို့ မြင်မိရာတွင် ခင်လေးမြင့်၏ အတွေးတို့သည် အတိတ်ဆီသို့ ပြန်၍ ရောက်ရှိသွားလေသည်။

ခင်လေးမြင့်သည် အသက်ဆယ့်ရှစ်နှစ်အရွယ်လောက်က ပြင်ဦးလွင်ပွဲကောက်ရေတံခွန်တွင် ရေဆင်းကစားစဉ် ရေစီးထဲ မျောပါသွားရာ၌ မိမိအား အသက်စွန့်၍ ကယ်ဆယ်လိုက်သော ဝေလင်း၏ ရင်ခွင်ထဲသို့ ခေတ္တခဏ ရောက်ရှိခဲ့သည့်အတွေးကို ပြန်လည်၍ တွေးမိကာ ယခုပင်လျှင် ထိုအတွေ့ကို ခံစားနေရသကဲ့သို့ ထင်မှတ်မိလေတော့၏။'

ထိုအဖြစ်အပျက်ကလေးမှာ လွန်ခဲ့သည့် ခုနှစ်နှစ်လောက်က ပြင်ဦးလွင်မြို့နေ ဝေလင်း၏ဦးလေး ဦးသာဒင်ထံ အလည်သွားစဉ်က ဖြစ်ပျက်ခဲ့ခြင်းဖြစ်၏။ ထိုစဉ် ပြင်ဦးလွင်သို့ သွားရောက်ခဲ့ခြင်းမှာ မိမိ၏ဦးလေးတော်သူ ဦးကျော်ဟန်နှင့်အတူ လိုက်ပါသွားခဲ့ခြင်းကြောင့် ဖြစ်ပေသည်။ ခင်လေးမြင့်၏ဦးလေး ဦးကျော်ဟန်နှင့် ဦးသာဒင်တို့မှာ လွန်စွာ ချစ်ခင်ကြသော မိတ်ဟောင်းဆွေဟောင်းများ ဖြစ်ကြလေသည်။

ထိုအခါက ခင်လေးမြင့်၏ဦးလေး ဦးကျော်ဟန်သည် ချစ်ထွေး၏ဖခင် ဦးဘိုးစ၏နှမ ဒေါ်မြခင်နှင့် အိမ်ထောင်မကျသေးပဲ မုဆိုးဖိုဘဝဖြင့် တစ်ကိုယ်ရေ တစ်ကာယ နေဆဲပင် ဖြစ်ပေသည်။

ခင်လေးမြင့်သည် လွန်ခဲ့သော ခုနှစ်နှစ်က အဖြစ်ကို မမေ့နိုင်သေးဘဲရှိရာလျက် ဝေလင်းအပေါ်တွင် စွဲလမ်းခဲ့သော စိတ်သည် ယခုထက်တိုင် ရှင်သန်လျက်ပင် ရှိနေလေတော့သည်။

'ဘာတွေ တွေးနေတာလဲ ခင်ရယ်၊ ကိုချစ် မေးတာကလေးလည်း ဖြေစမ်းပါဦး'

www.burmeseclassic.com

www.burmeseclassic.com



'ချစ်တယ်ဆိုတာဟာ တစ်မျိုးပဲ ကိုချစ်ရယ်၊ ချစ်ပါ ဆိုတိုင်းလည်း ချစ်လို့ရတာ မဟုတ်ဘူး၊ အချစ်ဆိုတာ အမိန့်ပေးပြီး ခိုင်းလို့ ရတာမျိုးမှ မဟုတ်ဘဲ၊ အမှန်ပြောရရင် ကိုချစ်ဟာ ဘာမှငြင်းပယ်လောက်တဲ့ အပြစ် အနာအဆာ ရှိသူတစ်ယောက် မဟုတ်ပါဘူး၊ ဒါပေမယ့် အခုလို အပြစ် ပြောစရာ မရှိသူတစ်ယောက် မဟုတ်လို့ ချစ်ပါတယ်ဆိုပြီး နောင်တော့ စိတ် တစ်မျိုးပြောင်းလာရင် မခက်ပါလား၊ ဒါကြောင့်မို့ ကိုချစ်ကို ခင့်စိတ်ထဲမှာ တကယ်ချစ်,မချစ် သေသေချာချာ စစ်ဆေးပြီးမှ အဖြေပေးပါရစေလား ကိုချစ်ရယ်'

ထိုစကားကို ကြားရသောအခါ ချစ်ထွေးမှာ မစားရသော်လည်း ဝခမန်း ဖြစ်ကာ ဝမ်းသာသလိုလိုရှိသွားပြီး 'ဒီလိုဆိုရင် ကိုချစ်အတွက် မျှော်လင့်ချက် မကုန်သေးဘူးပေါ့နော်' ဟု ဆိုလိုက်လေ၏။

'ကိုချစ် ဘယ်လိုစဉ်းစားလို့ရသလဲ။ အဲဒီအတိုင်းပေါ့'

ခင်လေးမြင့်သည် မိမိစကားကို မယုတ်မလွန် ပြန်၍ ဖြေလိုက်ရ လေ၏။

ထိုစဉ် လေပြည်ကလေးသည် တဖြည်းဖြည်း သွက်လက်စွာ တိုက်ခတ် လှုပ်ရှားလာလေသည်။ ထိုလေပြည်၏ ရှေ့တွင် ပြေးလွှားနေကြသည့် တိမ်လွှာတိမ်လိပ်တို့သည် မြေပြင်ဆီသို့ နိမ့်ကပ်စွာ ဆင်းသက်၍ လာလေရာ ရာသီဥတုမှာ ပို၍ အေးမြလာလေသည်။

ချစ်ထွေးသည် ခင်လေးမြင့်ထံမှ နောက်ဆုံးကြားရသည့် စကား ကြောင့် အသက်မှန်မှန် ရှူလာနိုင်သည့်အပြင် အေးမြသော လေပြည် ကလေးသည် အမောပြေချွေးသိပ်၍ ပေးနေသကဲ့သို့ ရှိသောကြောင့် ယခုမှ အေးမြသော ရာသီဥတု၏ အရသာကို ပြည့်ဝစွာ ခံစားနိုင်ရှာလေတော့၏။

ခဏအကြာတွင် လေထဲတွင် မိုးမှုန်ကလေးများ ပါ၍လာလေရာ ခင်လေးမြင့်သည် ထိုင်ရာမှထကာ 'ခင် အိမ်ထဲဝင်တော့မယ်' ဟု ချစ်ထွေး



အား နှုတ်ဆက်သည့်သဘောဖြင့် ပြောလိုက်လေ၏။

ခင်လေးမြင့်၏ စကားသည် မိမိအား မောင်းနှင်လိုက်ခြင်း ဖြစ်သည်ကို ချစ်ထွေး နားလည်သဘောပေါက်သဖြင့် ခင်လေးမြင့်၏ နောက်မှ နေ၍ အိမ်ထဲဝင်ပြီး လိုက်ပါသွားသော်လည်း အကြောင်းထူးဖွယ် မမြင်သည့် အတွက် မသက်သာသောမျက်နှာဖြင့် ခင်လေးမြင့်အား နှုတ်ဆက်ခဲ့ပြီးလျှင် အိမ်ရှေ့တွင်ရပ်ထားသော မိမိ၏ ကားဆီသို့ ထွက်ခွာသွားခဲ့ရလေတော့ သည်။

ခင်လေးမြင့်သည် ချစ်ထွေးအား ချစ်ပါသည် ဟူ၍လည်း မပြော လိုက်၊ မချစ်ပါဘူးဟူ၍လည်း မငြင်းပယ်လိုက်ခဲ့သော်လည်း ယင်းသို့ မိမိ၏ စိတ်ထဲတွင် မပြတ်မသား ဖြစ်ခဲ့ရသည့် အတွက်ကြောင့်ပင် အလိုလို လေးလံ ထိုင်းမှိုင်းကာ ငေးမောတွေးတောရင်း အိမ်ထဲသို့ ဝင်လာခဲ့လေ၏။

'အပါ ပြန်သွားပြီလား'

ဒေါ်မြခင်၏ အမေးကို ကြားလိုက်ရမှ ခင်လေးသည် အိမ်ထဲသို့ မိမိ ရောက်ရှိလာခြင်းကို သိရှိကာ မိမိရှေ့တွင် ကာဆီးရပ်တန့်နေသော ဒေါ်မြခင်ကို သတိပြုမိလေ၏။

'ဟုတ်ကဲ့၊ မိုးလေးဖွဲဖွဲ ကျလာတာနဲ့ မဝင်တော့ဘူးတဲ့၊ နှုတ်ဆက်ပြီး ပြန်သွားပါပြီ'

'ဒါထက်. . . အပါနဲ့ ခြံထဲမှာ ဘာတွေများ စကားလက်ဆုံ ကျနေ ကြသလဲ'

ခင်လေးသည် ထိုအမေးကို အဖြေမပေးမီ ဒေါ်မြခင်၏ မျက်နှာကို သေသေချာချာ အကဲခတ်ကြည့်လိုက်မိ၏။ ဒေါ်မြခင်၏ မျက်နှာမှာ ခါတိုင်း ကဲ့သို့ မာကျောအောက်သိုးခြင်း မရှိသည့်အပြင် တင်းမာခက်ထန်စွာ ထား လေ့ရှိသော မျက်နှာမှာလည်း ချိုသာရွှင်ပြလှသည်ကို တွေ့ရသောကြောင့် များစွာ အံ့အားသင့်သွားမိလေ၏။ သို့ဖြစ်ရာ ဒေါ်မြခင်သည် မိမိတို့၏အကဲ

www.burmeseclassic.com

www.burmeseclassic.com



ကို ရိပ်မိသဖြင့် ပွင့်ပွင့်လင်းလင်း သိလို၍ မေးခြင်းပေလော၊ သို့မဟုတ် ထိုကိစ္စတွင် သူ၏ပရောဂ မကင်းသည့်အတွက် သိချင်ဇော ထက်သန်နေခြင်း ပေလောဟု တွေးတောစရာ ဖြစ်ရပေသည်။ သို့ဖြစ်၍ အဖြေပေးရန် အခက်ကြုံကာ 'သြော် ကျွန်မတို့လား ရာသီဥတု တစ်နေ့တစ်ခြား သာယာလာပြီဆိုတဲ့အကြောင်းတွေ ပြောနေကြတာပါ' ဟု ဆင်ခြေ့ရန်ရှောင် ဖြေလိုက်ရလေ၏။

ဒေါ်မြခင်သည် ခင်လေးမြင့် ဖြေကြားသည့် စကားကို များစွာ ကျေနပ်ပုံမရ။ သို့ဖြင့် သူသည် ခင်လေးမြင့်အား နက်နဲစူးစိုက်သော အကြည့်ဖြင့် ခြေဆုံး ခေါင်းဆုံး တစ်ကိုယ်လုံး အကဲခတ်ကာ ခင်လေးမြင့်ထံမှ စကား ဆက်လက် ထွက်လာဦးမည်လားဟု စောင့်စားနေမိလေ၏။ သို့ရာတွင် ခင်လေးမြင့်သည် ဒေါ်မြခင်နှင့် စကားကြောရှည်၍ မနေလိုသောကြောင့် နောက်ထပ် စကားမဆက်တော့ဘဲ ရှေ့သို့ဆက်၍ လျှောက်သွားလေရာ ဒေါ်မြခင်မှာ မိမိကိုယ်ကို တစ်ပတ်လည်အောင် ခင်လေးမြင့် သွားရာနောက်သို့ လှည့်၍ကြည့်ရင်း ကျန်ရစ်လေတော့၏။

ခင်လေးမြင့်သည် ဒေါ်မြခင်အနီးမှ ထွက်ခွာလာခဲ့ပြီးနောက် အသက်ရှူကြပ်သည့်အလား ပြတင်းပေါက်တစ်ခုကို ဖွင့်၍ လေဝင်လာစေပြီးနောက် ထိုပြတင်းပေါက်အနားတွင် ကပ်၍ထားသော ဆိုဖာပေါ်တွင် ထိုင်ကာ မိမိ၏ လက်ငင်းပြဿနာကို မည်သို့ ဖြေရှင်းရပါမည်နည်းဟု စဉ်းစားရင်း အကြံထုတ်နေလေ၏။

ထိုသို့ အကြံထုတ်ရာတွင် မိမိ၏ပြဿနာမှာ တခဏချင်း စဉ်းစားပြီး အဖြေပေး၍ ရနိုင်သည့်အရာမဟုတ်၊ အချိန်ယူ၍ သေသေချာချာ လေးလေးနက်နက် စဉ်းစားရမည့်ကိစ္စ ဖြစ်သည်ကို တွေးမိသည်။ ထို့ပြင် မိမိသည် ထိုပြဿနာ၏ အဖြေကို ရှာဖွေ၍ တွေ့ရှိကာ ထိုအဖြေမှာ ချစ်ထွေးကို မိမိ ချစ်ပါသည်ဟူ၍ ဖြစ်ဦးတော့ ဤမျှဖြင့် မိမိတို့၏ အချစ်စခန်းမှာ ပန်း



တိုင်သို့ အောင်မြင်စွာ ရောက်နိုင်ဦးမည် မဟုတ်သေးပေ။ မိမိ၏ ဦးလေးနှင့် အဒေါ်တို့၏ သဘောတူညီချက်ကို ရဖို့ရန် လိုပေလိမ့်ဦးမည်။ သူတို့၏ သဘောတူညီချက်ကို ရမှသာ မိမိတို့၏ အချစ်စခန်းသည် ဖြောင့်တန်းသာယာမည် ဖြစ်ပေသည်။ သို့ဖြစ်၍ ထိုအကြောင်းကို သူတို့အား ထုတ်ဖော်ပြောပြတိုင်ပင်မှသာ အကောင်းဆုံး ဖြစ်လိမ့်မည်ဟု နှလုံးပြုလိုက်မိလေ၏။

ခင်လေးမြင့်သည် ငယ်စဉ်ကပင် ဦးလေး ဦးကျော်ဟန်နှင့် အတူနေလာခဲ့သည့်အတွက် ဦးကျော်ဟန်သည် ခင်လေးမြင့်၏ မိဘအုပ်ထိန်းသူဖြစ်နေသော်လည်း အရင်းခံအားဖြင့် ဦးလေးတစ်ဦးမျှသာ ဖြစ်သောကြောင့် အချို့ကိစ္စများတွင် မိဘသဖွယ် တိုင်ပင်လေ့ရှိသလို အချို့ကိစ္စများတွင် ရင်းနှီးခင်မင်သူ တစ်ဦးအနေဖြင့် ပွင့်ပွင့်လင်းလင်း တိုင်ပင်နှီးနှောလေ့ ရှိလေသည်။ ဤသို့ အချို့ကိစ္စများတွင် တိုင်ပင်ဖော် တိုင်ပင်ဖက် တစ်ဦးအနေမျိုးဖြင့် ပွင့်ပွင့်လင်းလင်း တိုင်ပင်ခြင်းအားဖြင့် မလေးမစား ရှိသေခန့်ညားခြင်း ကင်းမဲ့သည့် အပြုအမူကို ပြုမူရာမရောက်။ ယနေ့ ပြောင်းလဲတိုးတက်လျက်ရှိသော ခေတ်ကြီးတွင် သားသမီးနှင့် မိဘများသည်ပင် ထိုထိုသော ကိစ္စများတွင် ပွင့်လင်းစွာ တိုင်ပင်ရန် လိုသည်ဟု ခံယူထားလေရာ ယခုလို အရေးကြီးသောကိစ္စမျိုးတွင် ဦးကျော်ဟန်နှင့်သာ တိုင်ပင်ခဲ့လေသည်။ ဒေါ်မြခင်ကိုမူကား အခါခပ်သိမ်း မိမိအကျိုးကို လိုလားသူတစ်ဦး မဟုတ်ဟု ယူဆထားသဖြင့် မည်သည့်ကိစ္စကိုမှ တိုင်ပင်သည်ဟူ၍ မရှိခဲ့။

သို့ဖြင့် ခင်လေးမြင့်သည် ထိုင်နေရာမှ ထခဲ့ပြီးလျှင် ဦးလေး ဦးကျော်ဟန် အလုပ်လုပ်လေ့ရှိသော အခန်းသို့ တန်းတန်းမတ်မတ် ဝင်ရောက်သွားလေ၏။

ဦးကျော်ဟန်မှာ အသက်(၆၀)ခန့် ရှိပြီဖြစ်ပြီး စာဖြင့်ပျော်ပိုက်ကာ ငြိမ်းအေးချမ်းသာစွာ နေထိုင်လေ့ ရှိပေသည်။ သူသည် လောကကြီး တစ်ခုလုံးကို ကြည့်ရှုလေ့လာ၍ မပြီးနိုင် မဆုံးနိုင်သော ဇာတ်ခုံကြီး တစ်ခုကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



မြင်နေကာ ထိုဇာတ်ခုံပေါ်သို့ မိမိကိုယ်တိုင် တက်ရောက်ကပြလိုသောဆန္ဒ လုံးဝမရှိပဲ ပွဲကြည့်ပရိသတ်တစ်ဦးအဖြစ်သာ ကြည့်ရှုနေလို၏။

ခင်လေးမြင့်သည် ဦးကျော်ဟန်၏ အခန်းထဲသို့ ရောက်ရှိသွားသောအခါ ဦးကျော်ဟန်သည် မှတ်စုရေးသားသော စာအုပ်တစ်အုပ်တွင် တစ်စုံတစ်ရာကို ရေးချတ်မှတ်သားနေရာက ခင်လေးမြင့်ကို လှမ်း၍ ကြည့်ကာ အနှောင့်အယှက် ဖြစ်သွားသည့် အမူအရာကို ပြလို၏။

'ခင်လေး ဘာလုပ်မလို့ ဝင်လာတာလဲ၊ ဦးလေး အလုပ်လုပ်နေတယ်လေ'

ခင်လေးမြင့်သည် မျက်နှာချိုသွေးကာ ဦးကျော်ဟန်အနီးသို့ ချဉ်းကပ် သွားလေ၏။

'ဦးလေး အလုပ်များနေသလား'

ဦးကျော်ဟန်သည် ရုတ်တရက် အဖြေမပေးသေးဘဲ ခင်လေးမြင့်အား အကဲခတ်၍ ကြည့်နေလိုက်ပြီးမှ "ဘာပြောစရာရှိလို့လဲ" ဟု မေးလိုက်လေ၏။

"ကျွန်မစိတ်ထဲမှာ မတင်မကျဖြစ်နေတဲ့ အကြောင်းတစ်ခု ရှိနေလို့ ဦးလေးရဲ့ဒီအကြောင်းကို ဖွင့်ပြီး မပြောပြရရင် ကျွန်မနေလို့ရမှာ မဟုတ်ဘူး၊ ဒါကြောင့် ကျွန်မ ဦးလေးထံက အကြံတစ်ခု တောင်းချင်လို့ပါ"

"ဦးလေးက အကြံတောင်း လာတဲ့လူတိုင်းကို အကြံပေးတာ မဟုတ်ဘူး၊ ဒါပေမယ့် မင်းကတော့ လူတိုင်းထဲက မဟုတ်တော့ အကြံပေးရမှာပေါ့လေ၊ ကဲ. . . မင့်ကိစ္စ ပြောစမ်းပါဦး"

ခင်လေးသည် မိမိ ပြောမည့်စကားများကို စဉ်းစားချင့်ချိန်နေပြီးမှ "ဦးလေး ကျွန်မကို ကိုချစ်ထွေးက မေတ္တာရှိတယ်လို့ ပြောနေတယ်" ဟု တဲ့တိုးကြီး ဖွင့်၍ ပြောလိုက်လေ၏။

ဦးကျော်ဟန်မှာ လန့်ကြောက်စရာ သတင်းတစ်ရပ်ကို ကြားလိုက်ရသကဲ့သို့ ရုတ်တရက် အံ့အားသင့်သွားမိ၏။ အကြောင်းသော်ကား သူသည် မိန်းကလေးများအား ချစ်ရေးကြိုက်ရေး လက်ထပ်ရေးနှင့် စပ်လျဉ်းသော အကြံဉာဏ်များကိုပေးရန် မှားစွာဝန်လေးသူတစ်ယောက် ဖြစ်၏။ သို့သော် ခင်လေးမြင့်ထံမှ အခုလို အချစ်ရေးနှင့် ပတ်သက်သည့် စကားကို ကြားလိုက်ရသောအခါ ဤကိစ္စမှာ မိမိအလွန် စက်ဆုပ်သော အလုပ်တစ်ခု ဖြစ်သည်ဟု မမြင်တော့ဘဲ၊ အချစ်နှင့်ပက်သက်၍ ဤကလေးမမှာ ဘာကြောင့် စိတ်အိုက်လေးလံနေပါသနည်းဟု သိချင်စိတ် ပေါ်လာမိ၏။ ထို့နောက်မှ မိမိက ကလေးမဟုပင် ထင်လျက်ပင် ရှိနေသေးသော ခင်လေးမြင့်သည် ကလေးမတစ်ဦး မဟုတ်တော့ဘဲ အသက် (၂၅) နှစ်ပင် ရှိနေပြီ ဖြစ်ခြင်းကို လည်းကောင်း၊ သူသည် အရေးတကြီး တိုင်ပင်ရန်ဆို၍ မိမိတစ်ဦးတည်းသာလျှင် အနီးဆုံးဖြစ်ခြင်းကိုလည်းကောင်း တွေးမိလေ၏။

သို့ဖြင့် ဦးကျော်ဟန် အတန်ကြာ တွေဝေစဉ်းစားနေပြီးမှ "မင့်ဒေါ်ဒေါ်ကတော့ ဘယ်လိုသဘောရသလဲ" ဟု မေးလိုက်၏။

"ဒီအကြောင်းကို ဒေါ်ဒေါ်နဲ့ မတိုင်ပင်ချင်ဘူး၊ ကျွန်မသဘောနဲ့ ကျွန်မ ဆုံးဖြတ်ချင်တာပဲ၊ ဒါပေမယ့် ကျွန်မ ဖြစ်ချင်သလို မဖြစ်လို့ ဦးလေးကို အကြံဉာဏ် တောင်းရတာပါ. . ."

ထိုစကားကို ကြားရသောအခါ ဦးကျော်ဟန်မှာ အတော်ကလေး အနေရခက်ကာ စိတ်မသက်မသာ ဖြစ်မိလေ၏။ အကြောင်းကား မိမိ၏ဇနီးဖြစ်သူသည် ယခုလို ကိစ္စများတွင် သူမပါဝင်ရပါက တစ်အိမ်လုံး ပုဏ္ဏားကတိုက်ခံရသကဲ့သို့ ငြိမ်းချမ်းမှု ကင်းမဲ့သည့် အခြေအနေသို့ ရောက်အောင် ဒေါသပုန် ထတတ်သောကြောင့် ဖြစ်၏။

ဦးကျော်ဟန်သည် မည်သည့်အခါကမှ သူ့ဇနီးကို သူကိုယ်တိုင် အတိုက်အခံ ပြုခဲ့သည်ဟူ၍ မရှိခဲ့။ သူသည် မိမိ၏ ဘဝလမ်းကြောင်းကို မိမိကိုယ်တိုင် ကြိုးတပ်၍ မောင်းခြင်းထက် မိမိအား အခြားသူတစ်ဦးက



www.burmeseclassic.com

www.burmeseclassic.com



နဖားကြိုးတပ်ကာ စေခိုင်းသြဇာပေးသည်ကို ခံရခြင်းက မိမိအဖို့ အသက်ရှည်စေမှု တစ်ခုဖြစ်သည်ဟု ယူဆထားခဲ့သည်။ သို့သော် ခင်လေးမြင့်ကား မိမိကဲ့သို့ မဟုတ်။ ငယ်ရွယ်သူပီပီ ပုန်ကန်တော်လှန်လိုသူတစ်ဦး ဖြစ်သည်ကို သိရှိထားသည့်အလျောက် သူ့အား သာယာညင်းပြောင်းပြောမှ ဖြစ်မည်ကို စဉ်းစားမိလေ၏။

'မင့်ဒေါ်ဒေါ်ကို ပြောရင် သူ့သဘော ဘယ်လိုနေမယ်လို့ ထင်သလဲ. . . . .'

'သူကတော့ သဘောတူလိမ့်မယ် ထင်တာပဲ'

'မှန်တယ်'

ဦးကျော်ဟန်သည် စကားကို တိုတိုပြောလိုက်ပြီး အတန်ကြာ ငြိမ်သက်၍ နေလိုက်ပြီးမှ စကားကို ဆက်လိုက်ပြန်လေ၏။

'ဒီကိစ္စဟာ မင့်ဒေါ်ဒေါ် စီမံတာ ဖြစ်လိမ့်မယ်လို့ မင့်စိတ်ထဲမှာ မထင်မိဘူးလား'

'ဒီအကြောင်းကို ဦးလေး သိသလား'

ခင်လေးမြင့်က အံ့သြစွာဖြင့် ပြန်၍မေးလိုက်၏။ ဦးကျော်ဟန်သည် ခင်လေးမြင့်၏ အမေးကို မဖြေမိ ခေါင်းကို ဖြည်းလေးစွာ ညိတ်၍ နေလိုက်လေ၏။

'ဒီလိုကွဲ့ ချစ်ထွေး အိမ်ထောင်ပြုရေး ကိစ္စဟာ သူ့အဖေ ဦးဘိုးစရဲ့ ခေါင်းထဲမှာ နေ့စဉ်နဲ့အမျှ ဝင်စားနေတယ်၊ ဦးဘိုးစဟာ သူ့ဒီအခြေအနေ ရောက်လာတာဟာ သူ့နှမရဲ့ တိုက်တွန်းမှု အားပေးမှု အကြံပေးမှုတို့ကြောင့် ဖြစ်လာရတာလို့ ယူဆနေတယ်၊ ရောမရာဇဝင်မှာ နာမည်ကြီးခဲ့တဲ့ ဂျူးလီးယက်ဆီဇာတို့၊ အခု ဥရောပမှာ နာမည်ကြီးနေတဲ့ မူဆိုလီနီတို့၊ ဟစ်တလာတို့၊ အမေရိကန်က ရုစဗဲ့တို့ဟာ နောက်က တွန်းထိုးပေးနေကြတဲ့ မိန်းမတွေ ရှိကြလို့ ဒီအခြေအနေ ရောက်လာကြတာလို့ သူသူငါငါ ပြောဆိုနေကြတာ



တွေကို သူ အင်မတန် ယုံကြည်တယ်၊ အခု သူ့သားဟာ သူက မြှောက်ထားလို့ အယ်ဒီတာ ဖြစ်နေရတာ၊ သူ့သားကိုယ်တိုင်က ဘာမှအစွမ်းအစရှိတာမဟုတ်၊ သတ္တိရှိတာ မဟုတ်ဘဲ သူ့သားရဲ့ လက်အောက်က လက်ထောက်အယ်ဒီတာ မောင်စောမောင် ဆိုသူက လုပ်ကိုင်ပေးနေလို့ သတင်းစာက ဒီအခြေအနေ ရောက်နေတာကို သူ ကောင်းကောင်းသိတယ်၊ အဲဒါကြောင့် သူ့သားကို မိန်းမပေးစားလိုက်ရင် ကြိုးကိုင်မယ့်သူ ရှိလာပြီး သူ့လို ဖြစ်လာလိမ့်မယ်လို့ သူ ယုံကြည်နေတယ်၊ အဲဒီလို ယုံကြည်တဲ့အတွက် သူ့သားကို နေရာချဖို့ သူ့နှမနဲ့ တိုင်ပင်တဲ့အခါမှာ မင်းနဲ့ အသင့်တော်ဆုံးပဲလို့ ယူဆကြတယ်. . . .'

ခင်လေးမြင့်သည် ဦးကျော်ဟန် ပြောနေသည့် စကားများကို ကြားရ၍ အံ့အားသင့်မိသော်လည်း မည်သို့မှ ဝင်မပြောပဲ ငြိမ်သက်စွာ နားထောင်နေပြီး ဦးကျော်ဟန်က အသက်ရှူရန် ခေတ္တနားလိုက်တော့မှ မိမိ၏ သဘောကို ထုတ်ဖော်ပြောပြလိုက်ရလေသည်။

'သူတို့က သဘောကျတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်မက မေတ္တာရှိဦးမှ ဖြစ်မယ်မဟုတ်လား'

'အဲဒါကြောင့် ချစ်ထွေးကို အခုလို စကားပြောခိုင်းတာပေါ့၊ မမြခင်ကလည်း ချစ်ထွေးက မင့်ကို မေတ္တာရှိတယ်လို့သာ ပြောပါစေ၊ ကျန်တဲ့ကိစ္စအတွက်တော့ သူ့တာဝန်သာ ထားလိုက်လို့ သူ့အစ်ကိုကို ကတိပေးထားချင် ပေးထားမှာ'

'ဒီအတိုင်းဆိုတော့ ကိုချစ်ထွေးဟာ ကျွန်မကို အမှန်တကယ် မေတ္တာရှိလို့ မဟုတ်ဘဲ သူ့အဖေနဲ့ အဒေါ်တို့က တိုက်တွန်းလို့ ကျွန်မကို မေတ္တာရှိနေတယ်ဆိုတဲ့ စကားကိုပြောတာ မဖြစ်နိုင်ဘူးလား'

'ဒီလိုလည်း မဆိုနိုင်ဘူး၊ သူကိုယ်တိုင်က မေတ္တာမရှိဘဲတော့ ဒီလို ပြောချင်မှ ပြောမှာပါ၊ အဲဒါ ကြာတော့ သူ့စိတ်ကိုသူ အသိဆုံး ဖြစ်မှာပေါ့လေ'

www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးကျော်ဟန်က ပြောရာက တစ်ဆက်တည်း 'မင်းစိတ်ကကော' ဟု မေးလိုက်လေ၏။

'ကိုချစ်တွေးကို သူ့အတိုင်းထားပြီး ကြည့်မယ်ဆိုရင် ဘယ်မိန်းကလေးကပဲဖြစ်ဖြစ် ငြင်းပယ်နေစရာ တစ်ကွက်မှ မရှိဘူးလို့ ထင်ပါတယ်၊ ဒါပေမယ့်. . .'

ဦးကျော်ဟန်သည် ခင်လေးမြင့်၏ စကားများကို စိတ်ဝင်စားနှစ်သက်စွာ နားထောင်နေရာက ဒါပေမယ့် ဟူသော စကားဖြင့် အဆုံးသတ်ထားသည်ကို တွေ့ရသောကြောင့် မချင့်မရဲ ဖြစ်မိကာ ထိုစကား၏ အဆက်ကို ပေါ်လွင်စေလိုသဖြင့် 'မင်းမှာ တခြားချစ်သူ ရှိနေလို့လား' ဟု ထောက်လိုက်လေ၏။

ခင်လေးမြင့်သည် မိမိစိတ်တွင် ရှိသမျှ ဖွင့်ပြောလိုက်ချင်၏။ သို့သော် ထိုသို့ ပြောဖို့ရန်မှာ ဦးလေးနှင့် တူမတို့ နှစ်ဦးအကြားတွင် တော်မှ တော်ပါမည်လားဟု ခဏမျှ စဉ်းစားနေလိုက်၏။ ပြီးမှ ထိုသို့ပြောရန် စကားများမှာ ယခု မိမိပြောခဲ့သည့် စကားများထက် ပို၍တော့ဖြင့် မသင့်တော်စရာ မရှိဟု ဆုံးဖြတ်မိလေ၏။

'ဒါတော့ ဦးလေးရယ်၊ မိန်းကလေးဆိုတာ အချိန်တန် အရွယ်ရောက်လာရင် ဘယ်လိုယောကျ်ားမျိုးကို ချစ်မယ် ကြိုက်မယ်ဆိုတာ ရည်မှန်းထားတာ တစ်ယောက်တော့ ရှိကြစမြဲပေါ့၊ တချို့ကလည်း ရုပ်ရှင်မင်းသားလို ဟာကလေးကို သဘောကျကြတယ်၊ တချို့ကလည်း ဝတ္ထုစာအုပ်ထဲက ဇာတ်လိုက်လိုဟာမျိုးကိုမှ မေတ္တာရှိလိုကြတယ်၊ ရင်အုပ်ကားကား အရပ်ငါးပေခြောက်လက်မ ဆိုတာလိုပေါ့၊ ကိုချစ်တွေးအနေနဲ့ကတော့ ကျွန်မ ရည်မှန်းထားတဲ့ ဇာတ်လိုက်တစ်ယောက်ရဲ့ အနေအထားမျိုးမှာ မရှိသေးတာ အမှန်ပါပဲ'

ဦးကျော်ဟန်သည် မျက်စိနှစ်လုံးကို စုံမှိတ်၍ ခင်လေးမြင့် ပြော



သွားသည့် စကားများကို အပြန်အလှန် စဉ်းစားကြည့်နေမိလေသည်။ ထိုသို့ စဉ်းစားလိုက်သည့်အခါတွင် ခင်လေးမြင့်၏ စကားများ၏ အရေးကြီးမှုကို ကောင်းစွာတွေးမိလေ၏။ ထိုစကားအရ မနှစ်မြို့ဖွယ်ကောင်းသော အကျိုးဆက်များ ဖြစ်ပွားပေါ်ပေါက်လာနိုင်သည်ကိုပါ တွေးမိ၏။ သို့ဖြင့်၍ ခင်လေးမြင့်က အလေးအနက်ထား၍ ပြောလိုက်သည့် စကားများကို ပေ့ါပျက်သွားအောင် လုပ်ပစ်ရန် လိုသည်ဟု နှလုံးပြုမိလေ၏။

'အင်း သိပါတယ်၊ သိပါတယ်၊ မင်းပြောတဲ့စကားဟာ ဘယ်လိုအဓိပ္ပါယ်ရှိတယ်ဆိုတာ ဦးလေး နားလည်ပါတယ်၊ တို့တတွေဟာ ဘဝတစ်သက်တာမှာ အကြီးမားဆုံး ကိစ္စတစ်ခုဖြစ်တဲ့ ချစ်ခြင်း ကြိုက်ခြင်းဆိုတာ ဖြစ်ခဲ့ကြ ခံစားခဲ့ကြဖူးတာပဲကွဲ့၊ ဒါဟာ အဆန်းမဟုတ်ပါဘူး၊ အဲဒီ ချစ်မှုကြိုက်မှု ဖြစ်ပေါ်နေတဲ့အခါမှာ အခြားအရာ ဘယ်အရာကိုမှ ဒါလောက်အရေးကြီးတယ်လို့ မထင်ကြဘူး၊ ဒီဟာ တစ်ခုကိုပဲ တစိမ့်စိမ့် တွေးပြီး အဆွေးကြွယ်နေလေ့ ရှိကြတယ်၊ ဦးလေးဆိုရင် (၁၈) နှစ်သားလောက်တုန်းက အငြိမ့်သမတစ်ယောက်ကို တန်းတန်းစွဲ ချစ်ခဲ့ဖူးတယ်၊ သူ့ကိုမှ မရရင် သေရတော့မလောက် ဖြစ်ခဲ့တယ်၊ အခုတော့ ကြည့်လေ ဘယ်သူနဲ့ ရသလဲ၊ တခြားလူနဲ့မဟုတ်လား၊ ပြီးတော့ အဲဒီအငြိမ့်သမကို မရတော့ကော အခု ဘာဖြစ်သလဲ၊ သေလည်း မသေဘူး၊ ဘာမှလည်း မဖြစ်ဘူး၊ အဲဒီတော့ အရင်တုန်းက အငြိမ့်သမကို ချစ်တဲ့အချစ်ကို တကယ့်အချစ်လို့ ဆိုမလား၊ ကဲ ကဲ အဲဒါကို အသာထားပြီး မင်းမေတ္တာရှိနေတဲ့ ဇာတ်လိုက်ကလေးအကြောင်း ပြောပါဦး၊ သူက ဘယ်သူလဲ၊ သူ့ပုံပန်းကရော ဘယ်လိုလဲ'

ထိုသို့ ပြောဆိုနေခိုက်တွင် ဒိုးဖြူခေါ် အမွေးစုတ်ဖွားနှင့် ခွေးငယ်ကလေး ဝင်ရောက်၍လာသဖြင့် ခင်လေးမြင့်က ဦးကျော်ဟန်၏ အမေးကို မဖြေသေးဘဲ ခွေးကလေးကို ကောက်ယူချီပွေ့ကာ မွေးမွေးပေးလိုက်၏။ ပြီးမှ သူ့အဖြေကို ပေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဦးလေး မှတ်မိသေးရဲ့လား၊ ဦးလေးနဲ့ ဒေါ်ဒေါ်တို့ လက်မထပ် ကြခင်က ကျွန်မတို့ ပြင်ဦးလွင်ကို အလည်သွားကြပြီး ဦးသာဒင်အိမ်မှာ တည်းခဲ့ကြတာလေ၊'

'ဦးလေး ဘာလို့မမှတ်မိရမှာလဲ၊ မှတ်မိတာပေါ့၊ ကိုသာဒင်နဲ့ ဦးလေးနဲ့ဟာ သိပ်ခင်ကြတာပဲ၊ သူခေါ်လို့ပဲ ဦးလေးတို့ ပြင်ဦးလွင်ကို ရောက်ဖြစ်ကြတာပဲ မဟုတ်လား'

'အဲဒီ အလည်သွားတုန်းက မေတ္တာရှိခဲ့ကြတာ'

ဦးကျော်ဟန်မှာ မျက်လုံးပြူးသွားကာ 'ဘာ ကိုသာဒင်နဲ့ ဟုတ်လား သူက မင်းထက် အသက်ကြီးလှပါပကောလားကွယ်' ဟု ပြောလိုက်မိလေ၏။

'အို ဦးလေးကလည်း မဟုတ်တာ၊ သူ့ကို ကျွန်မ ကြိုက်ပါ့မလား ကျွန်မ ပြောတာက ကိုဝေလင်းနဲ့ပါ'

'ဝေလင်း. . . . ဘယ်ဝေလင်းလဲ'

'သူ့တူ ၊ ဦးသာဒင်ရဲ့ တူလေ'

ဦးကျော်ဟန် စဉ်းစား၍ မရသကဲ့သို့ မျက်စိ မှိတ်တုတ် မှိတ်တုတ် လုပ်နေပြီးမှ 'ဟိုနားရွက်ကားကားနဲ့ ဝက်ခြံထူထူဟာလား' ဟု မေးလိုက်၏။

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ အဲဒါ မဟုတ်ဘူး. . .'

ခင်လေးမြင့်က လျှင်မြန်သွက်လက်စွာ ဖြေလိုက်၏။ ထိုသို့ ဖြေ လိုက်သော်လည်း ဦးကျော်ဟန်၏ မျက်စိထဲ၌ ထင်မြင်နေသော ရုပ်မှာ ပျောက်ပျက် မသွားချေ။

'မပြောတတ်ပါဘူးကွယ်၊ လမ်းလျှောက်တဲ့ တုတ်ကောက်ကို ချိတ် စရာနေရာ ရှာလို့မတွေ့ရင် သူ့နားရွက်သူ ချိတ်တယ်ဆိုတဲ့ သူငယ်များလား လို့'

'ဦးလေး ပြောသလို ဆင်နားရွက်နဲ့ လူစားမျိုး မဟုတ်ပါဘူး လူချော လူလှ လူရည်သန့်၊ အဖက်ဖက်က ချီးမွမ်းစရာကောင်းသူတစ် ယောက်ပါ. . .'



'ဘယ်လိုဆိုတာ သိရအောင် ချီးမွမ်းစရာကောင်းတဲ့ အကွက် ကလေး တစ်ကွက် ပြောပြပါဦး'

'သူဟာ ကျွန်မ ကျေးဇူးရှင်ဆိုလည်း မမှားပါဘူး၊ ကျွန်မတို့ ရေတံခွန်ကိုသွားပြီး ရေချိုးကြစဉ်တုန်းက ကျွန်မ ရေစီးထဲ ပါသွားတာ သူသာ မကယ်လို့ရှိရင် ကျွန်မ ရေနစ်သေပြီး ကျန်ရစ်ခဲ့ပြီ'

ဦးကျော်ဟန်သည် ထိုအကြောင်းကို ယခုမှ သိရသည့်အတွက် အံ့အားသင့်သွားလေ၏။

'အဲဒီအကြောင်းကို ဘာပြုလို့ ဟိုတုန်းက မပြောပြသလဲ'

'အဲဒီအကြောင်းကို ဘယ်သူ့ကိုမှ အသိမပေးဖို့ ကျွန်မတို့ တိုင်ပင် ထားကြလို့ပါ၊ အဲဒါကို အသိပေးလိုက်လို့ရှိရင် နောက်ထပ် ရေတံခွန်ကို သွား ကြရတော့မှာ မဟုတ်လို့ပါ၊ ဒါပေမယ့် နောက်ထပ်လည်း မသွားဖြစ်ကြတော့ ပါဘူး၊ အဲဒီလိုဖြစ်ပြီး နောက်နေ့မှာပဲ သူလည်း သူ့ငယ်ချင်း မိတ်ဆွေတွေနဲ့ ဘယ်ကိုဆိုလား ခရီးထွက်သွားလိုက်ကြတာ အဲဒီထဲက သူ့ကို နောက်ထပ် မတွေ့ရတော့ဘူး. . .'

ဦးကျော်ဟန်သည် စားပွဲပေါ်က ဆေးတံကို ကောက်ယူလိုက်ပြီး ဆေးတံ မီးညှိသောက်ရင်း ခင်လေးမြင့်အား ကြင်နာသနားသော မျက်နှာဖြင့် ကြည့်နေမိ၏။ သူလည်း ငယ်ရာက ကြီးပြင်းလာသူ ဖြစ်သည့်အလျောက် ခင်လေးမြင့်၏ အဖြစ်ကို ကိုယ်ချင်းစာပြီး ကရုဏာသက်မိလေ၏။

'အခုလောက် ကြာမှတော့ဖြင့် သူလည်း မေ့လောက်နေပါပြီလေ၊ မေ့ရုံတင် မကဘူး၊ နောက်တစ်ယောက်နဲ့တောင် ငြိချင် ငြိနေရောပေါ့၊ ကဲလေ ဒါတွေတွေးပြီး မနေပါနဲ့၊ လက်ငင်း လက်တွေ့ကိစ္စကိုသာ စူးစူးစိုက်စိုက် စဉ်းစားစမ်းပါ၊ တကယ်ဆိုတော့ ချစ်ထွေးဟာ ရုပ်ရည်လည်း မခေပါဘူး ပြီးတော့လည်း သူဟာ ငွေးပယ်လောက်တဲ့ လူတစ်ယောက် မဟုတ်ဘူးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



မင်းကိုယ်တိုင်ကလည်း ပြောခဲ့ပြီ မဟုတ်လား၊ နောက်ပြီး သူဟာ တစ်ဦးတည်းသောသား၊ အမွေစားအမွေခံတစ်ယောက် ဖြစ်တဲ့အတွက် သူရတဲ့ အမွေနဲ့တင်ပဲ မင်းတို့ တစ်သက်မကဘူး၊ ဆယ်သက် ပြန်ပြီးစားဦး ကုန်မှာမဟုတ်ဘူး၊ ဒါတင်လားဆိုတော့ ဒါတင်မဟုတ်သေးဘူး၊ သူ့မှာ ဆွေဂုဏ် မျိုးဂုဏ်လည်းရှိတယ်၊ နောက်တစ်ချက် ရှိပြန်သေးတာက သူနဲ့ လက်ထပ်ရမယ့် ကိစ္စဟာလည်း တစ်ယောက်အကြောင်းတစ်ယောက် ဘာမှမသိကြတဲ့ သူစိမ်းတစ်ရဲ့ဆီနဲ့ လက်ထပ်ရမှာလည်း မဟုတ်ဘူးမို့လား'

ခင်လေးမြင့်သည် ငြိမ်သက်စွာ စဉ်းစားနေလေ၏။ လောကကြီးသည် မိမိ၏ဘဝကို ယခုအဖြစ်မျိုးကဲ့သို့ မဟုတ်ဘဲ တစ်မျိုးတစ်ဖုံ ဖြစ်အောင် စီမံဖန်တီးပေးဖို့ရန် မတတ်နိုင်ပြီလား ဟူ၍လည်း တောင့်တမိလေ၏။ ထိုသို့ခင်လေးမြင့်သည် မိမိ၏ ဘဝလမ်းကြောင်းကို တစ်မျိုးတစ်ဖုံ ပြောင်းလဲ၍ လမ်းလွှဲသွားစေချင်မိသော်လည်း ယခုကြုံတွေ့နေရသည့် အဖြစ်ကို မနှစ်မြို့စရာမရှိ ချစ်ထွေးကိုလည်း ငြင်းပယ်စရာ မရှိသည်ကို စဉ်းစားမိသောကြောင့် 'ဦးလေးနှင့် ဒေါ်ဒေါ်တို့ သဘောတူတယ် ဆိုရင်ဖြင့်လည်း ကျွန်မအနေနဲ့ ငြင်းပယ်စရာ မရှိပါဘူး' ဟူ၍ ယတိပြတ် ပြောလိုက်တော့၏။

□□□

## (၂)

ဝေလင်းသည် ပြင်ဦးလွင် လားရှိုး လမ်းမကြီး၏ အလယ်ခေါင်တွင်၊ တင်ပလ္လင်ခွေလျက် ထိုင်နေသည်ကို လမ်းတစ်ဖက်တစ်ချက်တွင် သွားလာနေကြသော သူတို့သည် အံ့ဩသော အမူအရာနှင့် ကြည့်ရှုကာ လက်တို့ ရယ်မောသွားကြလေသည်။ ထိုလမ်းမကြီးတွင် မော်တော်ကား အသွားအလာလွန်စွာ ရှုပ်ထွေးလျက်ရှိ၏။ ထိုမော်တော်ကားများမှာ ဝေလင်းအား မတိုက်မိစေရန် ရှောင်ရှားကြရာတွင် လမ်းဘေးသို့ ထိုးကျသွားလုမတတ် တစ်ဘက်စောင်းကာ လေပြင်းထန်စွာ တိုက်ခတ်ရာတွင် လွင့်စင်ပါသွားသော ဖက်ရွက်ကဲ့သို့ ဘီးနှစ်ဘက်တည်း ဒရွတ်ဆွဲ၍ ပွတ်ကပ်သွားကြလေ၏။ အချို့သော မော်တော်ကားများမှာ ရင်ဆိုင်တည့်တည့်လာကြမိ၍ မရှောင်သာ မတိမ်းသာဘဲ အနီးသို့ ရောက်ကာမှ ရုတ်တရက် အတောင်ပေါက်သွားကြသလို ခေါင်းပေါ်မှ ကျော်လွှားပျံသန်းသွားကြလေ၏။

ဝေလင်းသည် ဤနေရာသို့ ဘယ်ပုံဘယ်နည်း ရောက်ရှိလာခဲ့ပြီး ဤကဲ့သို့ မိမိဖြစ်နေသည်မှာ အဘယ့်ကြောင့်ဟု မရှင်းနိုင် မလင်းနိုင် စဉ်းစား၍ မရနိုင်ဘဲ ရှိနေလေ၏။ အနီးအနားတွင်လည်း အမှိုက်သွန်သည့် သံပုံးကြီးတစ်ခုကို တစ်စုံတစ်ယောက်သောသူက ထုလျက်ရှိသည်မှာ နားကွဲလုမတတ်

www.burmeseclassic.com

www.burmeseclassic.com



ရှိပေ၏။ ဝေလင်းသည် သံပုံးတီးသူအား ဒေါသထွက်စွာ ကြည့်လိုက်ရာ ထိုသူမှာ မိမိ၏ ဦးလေးတော်သူ ဦးသာဒင်နှင့် တူလှသည်ကို တွေ့ရလေ၏။ သို့သော် မိမိ၏ ဦးလေးမှာ မိမိအား ပြုစုပေးကမ်း ကျွေးမွေးထားသူ ဖြစ်ရကား ဝေလင်းသည် ဘာမှ မပြောရဲသကဲ့သို့ ရှိနေ၏။ ထို့နောက်မှ သေချာစွာ ကြည့်လိုက်ရာ မိမိ၏ ဦးလေးမဟုတ်ဘဲ မိမိ၏ အရင်းနှီးဆုံး သူငယ်ချင်း ဘစိန်၏ မျက်နှာဖြစ်နေသည်ကို တွေ့ရပြန်လေ၏။

ဘစိန်မှာ ဝေလင်းနှင့် ကျောင်းတွင်လည်း အတူနေ၊ ကောလိပ်သို့လည်း အတူတက်ခဲ့သူ ဖြစ်၏။ သို့ရာတွင် မိမိ လမ်းလယ်ခေါင်တွင် ထိုင်နေခြင်းကို ပြောင်လှောင်သကဲ့သို့ သံပုံးတီးခြင်းကိုမူ မိတ်ဆွေပင် ဖြစ်စေကာမူ သည်းမခံနိုင်သောကြောင့် ဒေါသဖြင့် စိုက်ကြည့်နေစဉ် ထိုသူ၏ မျက်နှာသည် ဘစိန်၏မျက်နှာ မဟုတ်တော့ဘဲ မိမိအသည်းစွဲ မေတ္တာရှိနေသည့် ဘစိန်၏ နှမဖြစ်သူ မစိန်းနု ဖြစ်နေသည်ကို သေချာစွာ တွေ့ရပြန်လေ၏။

ထိုသို့ တွေ့ရခြင်းသည် ဝေလင်းအား မခံချိမခံသာ ဖြစ်မိစေလေတော့၏။ ဝေလင်းမှာ မစိန်းနုအား အလွန်အမင်း ချစ်ကြိုက်လျက်ရှိရာ မိမိ၏ အချစ်ကို ဖော်ပြနိုင်ခွင့် ရရန်အခါကို စောင့်စားလျက် မစိန်းနု၏ အနား၌ ခယဝယ အမြဲလုပ်၍ အလိုလိုက်နေခဲ့ပါလျက် ယခု မိမိအား ဤကဲ့သို့ ပြုလုပ်ခြင်းခံရသည်ကို တွေ့ရသောအခါ ထိုင်ရာမှ လူးလိမ့်၍သာ ငိုလိုက်ချင်ပေတော့၏။ 'ဩော် မိန်းမ. . . မိန်းမ. . မိန်းမဆိုတာ ဒီလိုသဘော ရှိတတ်ပါကလား' ဟု စိတ်ထဲတွင် ပြောဆိုမိလေ၏။

သံပုန်းကြီးကို တီးနေသော အသံများသည် တဖြည်းဖြည်း တိုးကဲဆူညံ၍လာလေရာ ဝေလင်းမှာ မခံသာတော့ပဲ နားရွက်နှစ်ဘက်ပိတ် မျက်စိနှစ်လုံးမှိတ်ပြီး နေစဉ်၊ နောက်ဆုံးပိတ် တအားကုန် ရိုက်တီးလိုက်သောအသံသည် ထိုင်နေသော ဝေလင်းအား မြေကြီးပေါ်မှ တစ်မိုက်လောက်ခုန်၍ သွားသည်ဟု ထင်ရစေလျက် ငွတ်မှိတ်ထားသော မျက်လုံးများကို ဖွင့်ကြည့်လိုက်မိလေ၏။ ထိုသို့ မျက်လုံးများကို ဖွင့်လိုက်ရာတွင် ဝေလင်းမှာ မိမိသည် လမ်းမပေါ်တွင် ထိုင်နေသည် မဟုတ်ဘဲ အခန်းတစ်ခုထဲရှိ အိပ်ရာပေါ်တွင် ပ်လက်ကလေး ရှိနေသည်ကို တွေ့ရှိကာ စောစောက အဖြစ်အပျက်များ အိပ်မက်မက်၍ ဖြစ်နေခြင်းကို သိရတော့လေ၏။



ထိုအခါမှပင် အိပ်မက်ထဲမှ တဝုန်းဝုန်း တဒိုင်းဒိုင်း ကြားရသောအသံသည် အခန်းတံခါးခေါက်သံ ဖြစ်နေသည်ကို သိရှိရလေ၏။

ဝေလင်းသည် အိပ်ရာမှ ထမည်ပြုရာတွင် ဦးခေါင်းမှာ ခဲဆွဲထားခြင်းခံရသကဲ့သို့ လည်းကောင်း၊ နဂိုရှိရင်းဆွဲထက် နှစ်ဆမျှ ထုပ္ပကြီးမားနေသကဲ့သို့လည်းကောင်း၊ ထင်မိကာ ခေါင်းမထူနိုင်ဘဲ ရှိနေ၏။ ဦးနှောက်ထဲတွင်လည်း စူးရှစွာ ကိုက်ခဲနေသည့် ဝေဒနာ ခံစားရသည့်ပြင် ပါးစပ်ထဲတွင်လည်း နံစော်လှသော ဖလန်နယ် အဝတ်စကြီးကို ဝါးထားရသကဲ့သို့ ရှိနေလေ၏။ ထို့နောက်မှ သေချာစွာ မိမိကိုယ်မိမိ စစ်ဆေးကြည့်လိုက်ရာ ဖလန်နယ်စ မဟုတ်ဘဲ ထူပွနေသော လျှာနှင့် ယခုတိုင် မပျောက်သေးသော အရက်နံ့ ဖြစ်နေသည်ကို သိရလေ၏။

ထိုသို့ သိရှိရသောအခါမှ တစ်စတစ်စပြန်၍ စဉ်းစားကြည့်ရာတွင် ယမန်နေ့ညက ဘစိန်နှင့်အတူ နံနက်မိုးလင်းချိန်ဘက်သို့ ရောက်သည်အထိ ပျော်မြူးစားသောက်ကြခြင်းကို သတိရလေ၏။

ခဏမျှကြာသောအခါတွင် တံခါးပွင့်လာပြီးနောက် မိမိအိမ်တွင် ခိုင်းစေထားသော ကိုရန်ပဆိုသူ အစေခံယောကျ်ားကြီး ဝင်လာသည်ကို မြင်ရလေ၏။

'ကိုရန်ပ ဘာလဲ'

"မင်းဦးလေးက သွားပြီးနှိုးခိုင်းလို့ပါ၊ နိုးလို့ရှိရင် သူနဲ့ တွေ့ချင်တယ် မြန်မြန်လာခဲ့ပါတဲ့'

'ကောင်းပြီ၊ အိပ်ရာက ထပြီလို့သာ ပြောလိုက်ပါ' ဟု ဝေလင်းက

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည့်အခါမှ ကိုရန်ပလည်း အခန်းထဲမှ ပြန်၍ထွက်သွားလေ၏။

ဝေလင်းမှာ ခေါင်းကြီးလေးလျက် ရှိရကား အိပ်ရာမှ ထ၍မရသေးဘဲ နားထင်နှစ်ဘက်ကို လက်များဖြင့်ထောက်လျက် အိမ်မျက်နှာကျက်ကို ကြည့်ရင်း စဉ်းစား၍နေလေ၏။ ထိုအခိုက်တွင် အိမ်ဘေးရှိ ခရေပင်ပေါ်၌ စာကလေးသုံးကောင်၏ ကျိုလိလိ ကျိုလိလိ လုပ်နေကြသည့် အသံများသည် ခါတိုင်းကဲ့သို့ သာယာနာပျော်ဖွယ် မရှိသည့်အတွက်၊ ကိုရန်ပအား လေးနှင့်ပစ်ခတ်ရန် မပြောလိုက်ရသည်ကို မကျေမနပ်ရှိကာ အိပ်ရာပေါ်မှ အနိုင်နိုင်လူးလဲထပြီး ကုတင်ဘေးတွင် ခြေတွဲလဲချ၍ထိုင်ရင်း ဒူးပေါ်တွင် တတောင်နှစ်ဘက်တင်လျက် နားထင်ကို လက်နှစ်ဘက်ဖြင့် အုပ်၍ စဉ်းစားတွေဝေ၍နေမိလေ၏။

ဝေလင်းသည် ယမန်နေ့ညက အဖြစ်အပျက်များတို့ကို ပြန်စဉ်းစားမိရာတွင် မိမိပြုခဲ့သမျှတို့မှာ မှားလေပြီဟု ထိုအပြုအမူများကို လွန်စွာစက်ဆုပ်မိလျက် နောင်တရမိလေ၏။ မိမိသည်ကား သုံးဖြုန်းမိုက်မဲလျက် အကဲမထိုက်သော အလုပ်တို့ကို အရှက်ကြောက် အနည်းငယ်မျှ မထားဘဲ မိုက်မဲပြုကျင့်ကာ မိမိ၏ ဂုဏ်သိမ်ကို နိမ့်ကျစေလေတော့သည်ဟု ဝေဖန်ကြည့်ကာ မိမိကိုယ်ကို ပြုပြင်တော့မည်ဟူသော စိတ်မျိုးပေါ်လာလေ၏။

'မင်းဟာ မစိန်းနုကို ချစ်နေတယ် မဟုတ်လား၊ ဒီလို မြင့်မြတ်တဲ့ မိန်းကလေး တစ်ယောက်ကို ချစ်နေတဲ့ ယောကျာ်းတစ်ယောက်ဟာ သူနဲ့ထိုက်တန်အောင် မြင့်မြင့်မြတ်မြတ် နေဖို့သင့်တယ်၊ ကိုယ့်ကိုယ်ကို အဘိုးတန်အောင် လုပ်ရမယ်၊ ငါဟာ မင့်ကို ကိုယ့်သိက္ခာကိုယ် ရှိသေစောင့်ရှောက်တတ်ပြီး အပြစ်ကင်းစင်တဲ့ လူတစ်ယောက် ဖြစ်လိမ့်မယ်လို့ ထင်မိတယ်၊ အခု မင်းရဲ့အခြေအနေမှန်ကို ငါ သိရပါပြီ၊ မင့်မှာ လူချီးမွမ်းစရာဆိုလို့ ဘာအကွက်မှ မရှိဘူး၊ အရှက်ကြောက် ဆိုတာလည်း ဘာရယ်လို့ မင်းဂရုမထားဘူး' ဟူသော အသံများကို ဝေလင်းသည် နားထဲတွင် ကြားနေသကဲ့သို့ ရှိပေ၏။



"မင်းကို ငါ ကြည့်နေတာ ကြာပြီ၊ အခု မင်းအကြောင်းကို ကောင်းကောင်းသိရပြီ၊ မင်းဟာ အလကားကောင်၊ ဦးလေး ပိုက်ဆံထိုင်ဖြုန်းပြီး အလုပ်ကိုတော့ ကုန်းပြီးမလုပ်ချင်တဲ့ ကျောရိုးမရှိတဲ့ ပက်ကျိလို အကောင်ပဲ၊ မင်းတစ်ယောက် လူရယ်လို့ ဖြစ်နေတာ လူ့သတ္တဝါတွေ နာမည်ပျက်စရာဖြစ်နေတယ်။ မင်းကောလိပ်မှာလည်း နေခဲ့ပြီ၊ အချိန်သာ ကုန်လာခဲ့တာပဲ၊ ဘောလုံးအသင်းထဲ မင်းပါတယ် ဆိုတာတော့ ဟုတ်ပါရဲ့၊ မင်းဟာ အချို့ကာလသားတွေလို ရောဂါနဲ့ချိမနေဘဲ ကျန်းမာတဲ့ လူတစ်ယောက် ဖြစ်တာကို မငြင်းလိုဘူး၊ ဒါပေမယ့် ငါ ပြောချင်တာက မင်းရဲ့စိတ်နှလုံးထားကို ပြောချင်တာ၊ ကျောင်းမှာလည်း ဘာတစ်ခုမှ ဖြစ်ဖြစ်မြောက်မြောက် မရှိခဲ့ဘဲ အခု ကျောင်းထွက်လာပြန်တော့လဲ မင်းဦးလေးရဲ့စေတနာကို ခိုလှုံပြီး သူသဒ္ဒါလို့ကျွေးသမျှ စားသောက်သုံးဖြုန်းပြီး လျှောက်လည်အချိန်ဖြုန်းနေတာပဲ၊ မင်းဦးလေးဟာ မင်းကို ကျွေးထားရပေမယ့် အခုပြောတာမျိုးတွေ ဖြစ်လိမ့်မယ်လို့ သူ့စိတ်ထဲမှာ တစ်ခါမှ မထင်မိဘူးလား၊ မင်း ဒါလောက်များ တွေးရင် အခုလိုတောင် လုပ်ခဲ့မှာ မဟုတ်ဘူး၊ မင်းဦးလေးကို ကြည့်စမ်း၊ လက်ဖက်ခြောက်တစ်ခုတည်းနဲ့ ဘယ်လောက်ချမ်းသာနေသလဲ၊ မင်းဟာ မင်းဦးလေးကို အားမကျဘူး၊ သူ့ပိုက်ဆံသာ ဖြုန်းနေတာပဲ၊ သခင်တွေ ပြောပြောနေတဲ့ သွေးစုတ်ကောင်ဆိုတာ မင်းတို့လို အကောင်မျိုးတွေပဲ၊ မင်းဦးလေး သွေးကို စုတ်နေတာ (၂၈) နှစ် ရှိလာပြီ၊ အခုထက်ထိ မင်းကိုယ်တိုင် ခါးချိုးပြီး ဘာအလုပ်ဆိုလို့ ဘာမှမလုပ်သေးဘူး၊ သွား. . . မင်းဦးလေးကို သွားပြော၊ မင်း အလုပ်လုပ်ချင်ပြီဆိုတာ ပြောလိုက်" ဟု ဝေလင်း၏ လိပ်ပြာက ဝေလင်းအား တိုက်တွန်းလျက် ရှိလေ၏။

ထိုနောင်တရခြင်းသည် ဝေလင်း၏စိတ်တွင် ဖြစ်ပေါ်၍သာ မိမိဦးလေး၏ လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ရန် စိတ်ကူးမိလေ၏။ ယခုအချိန်အထိ ဝေလင်း၏စိတ်တွင် ထိုစိတ်ကူးသည် တစ်ခါမျှ မပေါ်ပေါက်ဖူးချေ။

www.burmeseclassic.com

www.burmeseclassic.com



ယခုကား မစိန်းနုနှင့် ထိုက်တန်အောင် နေရန် စိတ်၏တိုက်တွန်းချက်သည် ထိုစိတ်ထဲတွင်ပင် ပို၍လေးနက်ထိရောက်စေလျက် ချက်ချင်း အလုပ်စတင် လုပ်ကိုင်ဖို့ရန်ကိုပင် ဆုံးဖြတ်လိုက်မိလေ၏။

ထိုသို့ ဆုံးဖြတ်လိုက်သည့်အတိုင်း ဝေလင်းသည် အိပ်ရာနံဘေးတွင် ထိုင်ရာက ထလာပြီး ရေချိုးခန်းသို့ တောက်လျှောက်ဝင်၍ သွားလေ၏။ အေးမြသောရေသည် တွေဝေထိုင်းမှိုင်းနေသော ဝေလင်းအား ဝေနေရာမှ လင်း၍ သွားစေလေ၏။ ရေချိုးခန်းထဲမှ ထွက်လာသောအခါ ဝေလင်းမှာ ယခင် ဝေလင်းမဟုတ်၊ လူသစ်တစ်ယောက်ဖြစ်၍ လာလေ၏။ လုပ်မည်ဟူသော အဓိဋ္ဌာန်စိတ်နှင့် အလုပ်ကို မချွင်းမချန် လုပ်မည့်သတ္တိသည် ဝေလင်းအား လှုပ်ရှားစိတ်တက်ကြွလေ၏။

ဝေလင်းသည် ကိုယ်ကို မျက်နှာသုတ်ပုဝါနှင့် ပွတ်တိုက်ရင်း မိမိ၏ လုပ်ငန်းအစီအစဉ်တို့ကို မျက်စိထဲတွင် ဇယားချ၍ ဝေဖန်ကြည့်ရှုနေမိ၏။ မိမိ၏ ဦးလေးသည် လက်ဖက်ခြောက်တုန်များကို ကမ္ဘာ့မြေပုံပေါ်တွင် လက်တစ်ဝါးစာမျှသာရှိသော မြန်မာပြည်ကလေး တစ်ခုတည်းကွက်၍ ရောင်းချနေခြင်းဖြင့်ပင် ဤမျှ ကြီးပွားချမ်းသာလေ၏။ ကမ္ဘာနှင့်ချီ၍ ရောင်းရသော အခြေအနေသို့ ရောက်အောင် ပြုလုပ်မည် ဆိုလျှင်ကား အဘယ်မျှ ချမ်းသာမည်ကို စိတ်ကူးဖြင့်ပင် တွေး၍ရနိုင်စရာ မရှိချေ။ ထိုအလုပ်မျိုးကို မိမိ ဖြစ်မြောက်အောင် ပြုလုပ်မည်၊ လက်ဖက်ခြောက်သည် တစ်ကမ္ဘာလုံးရှိ လူတို့၏ နံနက်တိုင်း အသက်ဆက်နေသော အာဟာရကြီး တစ်ခုဖြစ်နေလေရာမည်သူမှ လက်ဖက်ခြောက်နှင့် ကင်း၍ မဖြစ်နိုင်ပေ။ သောမတ်လစ်ဖထန် ဆိုသူ မျက်နှာဖြူတစ်ယောက်သည် ပိုက်ဆံတစ်ပြားမှ မရှိဘဲ သင်္ဘောခိုးစီး လာရာက နောက်တွင် လက်ဖက်ခြောက် သူဌေးကြီးဖြစ်ကာ ဆာဘွဲ့ပင် ရရှိသေးသည်။ သူ၏အမည်ပါသော လက်ဖက်ခြောက်ကိုပင် မိမိတို့ သောက်၍နေကြရပေသည်။ မိမိကား ဦးလေး၏ အင်အားဖြင့် ကြိုးစားလျှင် ဆာ



သောမတ်လစ်ဖတန်မှာ နာမည်ရှေ့ကသော ဆာတစ်လုံး ထည့်ရသည်။ မိမိကား ရှေ့ကတစ်လုံး နောက်ကတစ်လုံးပင် ထည့်ရနိုင်မည်ဟု တွေးမိလေသည်။

ဝေလင်းသည် အဝတ်အစားလဲပြီးနောက် လက်ဖက်ရည်စားပွဲသို့ သွားရောက်ပြီး လက်ဘက်ရည်သောက်ရင်း စိတ်ကူးတွေ ယဉ်လျက်ရှိရာ မစိန်းနုကိုပါ မိမိ၏လုပ်ငန်း ရည်ရွယ်ချက်ထဲ ထည့်သွင်းစဉ်းစားလိုက်မိရကား နံနက်သတင်းစာကို ကောက်ယူ၍ ကြည့်လိုက်ရာတွင်. . .

လက်ဖက်ခြောက်သူဌေး၏ နဖူးစာ
အလှဘုရင်မလေးတစ်ဦးနှင့် လက်ထပ်ထိမ်းမြားခြင်း။
ဦးဝေလင်းနှင့် သတင်းထောက်တွေ့ကြုံ။

ဟူသော သတင်းကိုပင် တွေ့ရမည်လားဟု ထင်လိုက်မိလေ၏။ သို့ရာတွင် ဝေလင်း မျက်နှာတန်းမိသော သတင်းပိုင်းမှာ

လင်မယား ကွာရှင်းပြတ်စဲခြင်း။

ဟူသော မကြာခဏ ပါတတ်သည့်ကြော်ငြာ ဖြစ်နေသည်ကို တွေ့ရသဖြင့် ထိုသတင်းစာကို နမိတ်မင်္ဂလာ မရှိသည့် အရာတစ်ခုကဲ့သို့ ထင်မြင်ကာ လွှင့်ပစ်လိုက်ပြီးလျှင် မုန့်တစ်ချပ်ကို ခွေးဟပ်သလို ဇတ်ကနဲ ဒေါသဖြင့် ဆွဲကိုက်၍ ဖြတ်ပစ်လိုက်လေ၏။

ထိုသို့ လက်ဖက်ရည်သောက်ရင်း ဝေလင်းသည် ဘစိန်ကို သတိရလေ၏။ ထိုသို့ ဘစိန်အကြောင်း တွေးမိလိုက်ရာတွင် ရှေ့အဖို့ ဘစိန်နှင့် ပေါင်းသင်းရန်မှာ ဇာတ်နိမ့်သူတစ်ယောက်နှင့် ပေါင်းသင်းရမည်သကဲ့သို့ ကြက်သီးထကာ တုန်လှုပ်၍ သွားလေ၏။ ဝေလင်း၏ စိတ်ထဲ၌ ချောမောလှပ၍ လူကြိုက်များသော မိန်းမပျိုကလေးများလိုလိုပင် အသုံးမကျသော မောင်များ ရှိတတ်သည်မှာ သဘာဝတရားကြီး၏ ထူးဆန်းခြင်းပင် ဖြစ်တော့သည်ဟု စဉ်းစားမိလေ၏။ ဘစိန်သည် မိမိအား ယမန်နေ့ညက ကျွေးမွေး

www.burmeseclassic.com

www.burmeseclassic.com



အရက်တိုက်သော ကျေးဇူးပင် ရှိလင့်ကစား၊ ယခုမူ ကျေးဇူးမတင်လိုတော့ပေ။ ဘစိန်အပေါ်၌လည်း အထင်မကြီးနိုင်။ ဝေလင်း၏ စိတ်ထဲတွင် မိမိနှစ်သက်သော မိန်းမပျိုကလေးတို့၏ မောင်ဘွားတော်စပ်သူများမှာ အနည်းဆုံး ဘုရင့်နောင်၏ သူရသတ္တိ၊ မင်းတုန်းမင်း၏ စိတ်ထား၊ ညီတော်မင်းနန်၏ ရုပ်ရည်ရှိသူများ ဖြစ်ရမည်ဟု သဘောပိုက်မိလေ၏။ ဘစိန်မှာ ထိုအရည်အချင်းမျိုး ဘာတစ်ခုမျှ မရှိချေ။ သို့ဖြစ်ရကား ဤယနေ့မှစ၍ ဘစိန်၏ ပျော်ရွှင်မှုများထဲ၌ မိမိ မပါဝင်တော့ဘဲ ဘစိန်အား ဂိုဏ်းခွဲဖို့ရန် စိတ်ပိုင်းဖြတ်လိုက်မိလေ၏။

ထိုအခိုက်တွင် ကိုရန်ပ အခန်းထဲသို့ ဝင်လာပြန်သည်ကို တွေ့ရပြန်သည်။ ဝေလင်းသည် မိမိအား ဦးသာဒင်က ထပ်၍အခေါ် လွှတ်ပြန်သည်ဟု ထင်မှတ်ကာ 'လာမယ် လာမယ်၊ အခုပဲ လာမယ်လို့ ပြောလိုက်ပါ' ဟု လှမ်း၍ ပြောလိုက်လေ၏။

ကိုရန်ပသည် ဘာမှမပြောဘဲ ဝေလင်းအနီးသို့ ချဉ်းကပ်လာပြီးမှ မိမိလက်ထဲတွင် ပါလာသော စာတစ်စောင်ကို လှမ်း၍ပေးရင်း 'သူငယ်တစ်ယောက် ဒီစာကို လာပေးပါတယ်' ဟု ပြောပြလိုက်၏။

ဝေလင်းသည် ကိုရန်ပမျက်နှာကို တစ်ချက်မျှ မော်ကြည့်လိုက်ပြီးနောက် စာကို လှမ်းယူရာ စာအိတ်ပေါ်က လက်ရေးမှာ မိန်းမလက်ရေးဖြစ်နေသည်ကို တွေ့ရ၍ လျှင်မြန်သွက်လက်စွာ စာအိတ်ကို ဖောက်ကြည့်မိလေ၏။ စာထဲတွင် ပါလာသည်မှာ. . . .

ကိုဝေလင်း

အလွန်အရေးကြီးသော စကားတစ်ခွန်းပြောရန် ရှိပါသည်။ ကျေးဇူးပြုပြီး အမြန်လာစေလိုပါသည်ရှင့်။

စိန်းနု



ဟူ၍ ရေးထားသော စာကိုတွေ့ရသောအခါ သိန်းထီပထမဆုပေါက်ကြောင်း ကြေးနန်းစာ ရရှိသူ၏ ဝမ်းသာခြင်းထက်ပင် ပို၍ ဝမ်းသာရွှင်ပြုံးသွားမိလေ၏။

ရုတ်တရက်သော် ဝေလင်းမှာ ဝမ်းသာလုံး ဆို့သွားသည့်အတွက် အသက်ပင် မရှူနိုင်ဘဲ ရှိလေ၏။ အသက်ရှူ ပိတ်နေသည့်အတွက် ဝမ်းမြောက်သော မျက်ရည်များသည် မျက်လုံးအိမ်ကို ရစ်သန်း၍ သွားကြလေ၏။ မစိန်းနုကား ၎င်းအား ဝိုင်းပိုးပန်းနေကြသော ခင်မောင်ကြီး၊ တင်ဦး၊ ထွန်းရွှေ အစရှိသူအထဲက ၎င်းအတွက် ဆောင်ရွက်ပေးရန် ကိစ္စကို မိမိကိုသာလျှင် ဂရုတစိုက် ရွေးချယ်ပေးအပ်လိုသဖြင့် ခေါ်လိုက်ခြင်း ဖြစ်ပေသည်ဟု မိမိကိုယ်ကို ထိုထိုသော နောက်ပိုးတို့ထက် အဆင့်အတန်း မြင့်လေပြီဟု တွေး၍ ကျေနပ်မိလေသည်။ သို့ဖြစ်ရကား မစိန်းနုအိမ်သို့ သွားရမည့်လမ်းတွင် ဂုမ္ဘန်ယက္ခတို့ မည်မျှများပြားစွာ စောင့်ကြပ်စေကာမူ မိမိသွားရောက်မည်ဟု နှလုံးပြုလျက် 'စာလာပေးတဲ့လူ ရှိသေးသလား' ဟု ကိုရန်ပအား မေးလိုက်လေ၏။

'စကားပြန်တာ ကြားရအောင် စောင့်နေပါတယ်'

'ဒါဖြင့် ပြောလိုက်ပါ၊ အဲ. . အဲ. . နေပါစေတော့လေ၊ စာနဲ့ပဲ ပြန်မယ်' ဆိုကာ ဝေလင်းသည် မိမိချက်ချင်းပင် လာခဲ့မည့် အကြောင်းကို စာရေးပေး၍ ကိုရန်ပအား စာလာပေးသော သူငယ်လေးအား ပေးရန်အပ်လိုက်လေ၏။

မစိန်းနုသည်ကား ဝေလင်း၏ ပါးစပ်က ဖော်ပြနိုင်သည်ထက်ပင် လှပချောမောလျက် အဖေမျိုးဘက်သို့လိုက်၍ ခွေးဘီလူးရုပ်ပေါက်နေသော ဘစိန်နှင့်မူ အပြတ်အသက် ကွာချင်တိုင်းကွာ၍ နေပေ၏။ သို့ရာတွင် အခုအချိန်၌ မစိန်းနု ချောမောလှပသော ရုပ်ရည်ကို ရှေးဦးစွာ ဂရုစိုက်နိုင်မည်မဟုတ်ဘဲ ၎င်း၏မျက်နှာပေါ်တွင် ပူပန်သောကမကင်း ရှိနေသော လက္ခဏာ

www.burmeseclassic.com

www.burmeseclassic.com



ကိုသာလျှင် မြင်မိပေလိမ့်မည် ဖြစ်ပေ၏။

ဝေလင်းမှာ မစိန်းနု၏ မျက်နှာအမူအရာသာမက တစ်အိမ်လုံး တွင်လည်း လေမုန်တိုင်းဝင်၍ မွှေသွားသကဲ့သို့ ပန်းအိုးများ မှောက်လဲလျက် ဖရိုဖရဲ ဖြစ်နေသည်ကို တွေ့မြင်ရသဖြင့် မိမိအား ခေါ်လိုက်သည့် ကိစ္စမှာ သာမာန်မျှမက အပရိကမဟုတ်ဘဲ အမှန်ပင် အရေးကြီးလှသည်ကို တင်ကြို၍ တွေးမိလေ၏။

'ထိုင်ပါ ကိုဝေလင်း' ဟု မစိန်းနုသည် ဣန္ဒြေရစွာ ပြောလိုက်လေ၏။

ထိုသို့ မစိန်းနုသည် ဝေလင်းအား ဘယ်အခါကမျှ အရေးတစ်ကြီး ပျာပျာသလဲ ညှော်ခံသည်ဟူ၍ မရှိခြင်းသည် ဝေလင်း၏စိတ်ကို အားမလို အားမရ ရှိမိလေ၏။ သူငယ်ချင်း ရှိသမျှတို့၏ အခြားသော နှမများမှာ မိမိ အလည်လာလျှင် လွန်စွာဂရုတစိုက် ညှော်ခံလေ့ရှိကြခြင်းနှင့် နှိုင်းယှဉ်ကြည့် ကာ လွန်စွာပင် မကျေနပ်ဘဲ ရှိနေလေ၏။

ဝေလင်းသည် မစိန်းနု ပြောသည့်အတိုင်း ထိုင်လိုက်ကာ မစိန်းနု အား စွဲလမ်းနှစ်သက်ခြင်း၊ ကရုဏာစိတ်ရှိခြင်း၊ မစိန်းနုအတွက်ဆိုလျှင် မည် သည့်တာဝန်ကြီးပင် ဖြစ်စေကာမူ ဆောင်ရွက်ရန် အသင့်ရှိခြင်းတည်းဟူ သော အမူအရာများကို ဖော်ပြလျက်ရှိသည့် မျက်နှာဖြင့်စိုက်၍ ကြည့်နေလေ ၏။

'ကိုဝေလင်းလာတာ ဝမ်းသာတာပဲ၊ ကျေးဇူးလည်း တင်ပါ တယ်'

'အို ကျေးဇူးတင်စရာ မရှိပါဘူး၊ မရှိပါဘူး၊ မရှိပါဘူး'

ဝေလင်းသည် စကားလောကွတ် ကောင်းစွာဖြင့် ပြန်၍ ပြောလိုက် ၏။

'ပြောချင်တဲ့အကြောင်းက ကိုကိုကြီး အကြောင်းပဲ'



'ဪ. . . ဘစိန့်အတွက် ပြောချင်လို့လား'

'ဟုတ်ကဲ့ ဖေဖေတော့ဖြင့် သိပ်ပြီးစိတ်ဆိုးနေတာပဲ၊ ဆိုးမယ်ဆို လည်း ဆိုးစရာပဲလေ၊ ကိုကိုကြီး လုပ်ထားတာတွေကလည်း ဟုတ်မှမဟုတ်ဘဲ'

ဝေလင်းမှာ မစိန်းနု ပြောသည့်စကားတို့ကို ဟုတ်မှန်ကြောင်း ဝန်ခံ လိုသော်လည်း မိမိ၏ သူငယ်ချင်းအား ရှုတ်ချရာ ရောက်မည်ကို စိုးရိမ်မိ သည့်ပြင်၊ မည်သည့်အပြုအမူကို အကြောင်းပြု၍ ဘစိန်၏ဖခင် ဒေါသဖြစ် လျက်ရှိသည်ကို မသိရသောကြောင့် မိမိ၏စကားကို မလွန်စေလိုသည့် အတွက် ဘာမှပြန်မပြောဘဲနေကာ၊ မစိန်းနုစကားကို မိမိ နားထောင် ကြား သိလျက် ရှိနေပါသည် ဆိုသည့်လား နှာခေါင်းနှင့် အာခေါင်ကပ်၍ နှပ်ရှုပ် လိုက်သဖြင့် ထွက်လာသော 'ခရောခေါ်ခေါ်' ဟူသောအသံမျိုးကိုပြုလိုက်လေ ၏။

'မနေ့ညက ကိုကိုကြီးမူးပြီး လာလိုက်တာ ဘယ်လိုဖြစ်လာသလဲ တော့မသိဘူး၊ မနက်ဖက် လေးနာရီထိုးလောက် ရှိတော့မှ ရောက်လာတယ်၊ ဘယ်လိုလူတွေနဲ့ ပေါင်းသင်းပြီး ဘယ်ခရီးအထိ ပျက်စီးနေသလဲတော့ မသိ ဘူး'

ဝေလင်းမှာ ဘစိန်၏ အပေါင်းအသင်းများထဲတွင် မိမိတစ်ယောက် အပါအဝင် ဖြစ်နေသောကြောင့် တစ်စုံတစ်ရာ ထောက်ခံ၍ မပြောဘဲ 'ခရော ခေါ်ခေါ်' လုပ်လိုက်ပြန်လေ၏။

'ခက်တာက ကိုကိုကြီးဟာ ခိပ်ပြီး သဘောကောင်းလွန်းတယ်၊ သူ့ပိုက်ဆံတွေ ဆွဲခေါ်သွားရင် ပါသွားတာပဲ၊ သူ့မိတ်ဆွေတွေကလည်း သူ့ကို စားရသောက်ရလို့ ပေါင်းနေကြတာ၊ ဘယ်သူမှ ကောင်းကျိုးမပေးကြ ဘူး'

'မှန်တယ်၊မှန်တယ်'

ဝေလင်းသည် ထိုသို့ပြုလုပ်တတ်သည့် မိတ်ဆွေများထဲတွင် မိမိ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မပါဝင်သကဲ့သို့ ဟန်လုပ်၍ ပြောလိုက်၏။

'မနေ့ညက သူပြန်လာပြီး ဖြစ်တာတွေတော့ မပြောချင်တော့
ဘူး၊ တစ်အိမ်လုံးကို ပြောင်းဆန်နေတော့တာပဲ၊ အခုမြင်နေရတာတွေသ
ကြည့်တော့၊ ပန်းအိုးတွေဝင်ပြီး တိုက်ချလိုချ၊ ထွေးခံဝင်ပြီး တိုးလိုတိုး၊ သူမျ
တတွေ အရုဏ်တက် ဘုရားရှိခိုးချိန်မှာ ခုနှစ်သံတက်ပြီး သီချင်းဆိုလို
ဖြစ်ချင်သလို ဖြစ်နေတာပဲ၊ ဒီလိုဆိုတော့ ဖေဖေဒေါသမဖြစ်ဘဲ ရှိနိုင်ပါတော
မလား'

ဝေလင်းသည် ခေါင်းညိတ်၍နေလေ၏။

'ဒါတွေတင်ပဲလားဆိုတော့ ဒါတင်မကသေးဘူး၊ ဒါပေမယ့် သ
အဖြစ်တော်ပေါင်းတွေ ပြောပြလို့တော့ ကုန်မှာ မဟုတ်ဘူး၊ အဲဒီတော့ ဘယ
လို ဖြစ်သလဲဆိုရင် ဖေဖေကလည်း သူ့ကို အိမ်မှာမထားချင်တော့ဘူး၊ အခု
ကြတဲ့ သူငယ်ချင်းမိတ်ဆွေတွေနဲ့ ဝေးအောင် ထားဝယ်ကို ပို့မလို့ လုပ်နေ
တယ်'

'ထားဝယ်ကို ဟုတ်လား၊ သိပ်ဝေးလှချည်လား'

'ဟုတ်ကဲ့ ထားဝယ်မှာ နုနုတို့ရဲ့ ကြီးကြီးတစ်ယောက် ရှိတယ်၊ အဲဒီ
ကို ပို့ထားရင် သူလည်း ပြန်ကောင်းသွားမယ်၊ ကြီးကြီးကလည်း အကွပ်အညှ
အဆုံးအမ အင်မတန်ကောင်းတယ်၊ အခုလုပ်နေတာတွေ သူလုပ်တော့မှာ
မဟုတ်ဘူးလို့ ဖေဖေက ယူဆတယ်' ဟု မစိန်းနုက ပြောပြီးလျှင် 'နို့ပေမယ့်
ကိုဝေလင်း ပြောသလိုပဲ ထားဝယ်နဲ့ မြင်ဦးလွင်ဆိုတာ သိပ်ပြီးဝေးတာပဲ
အရေးအကြောင်းရှိလို့မှ တစ်နေရာ တစ်နေရာကို သွားလို့လာလို့ လွယ်ကူတာ
မဟုတ်ဘူး၊ အဲဒီတော့ နုနုရဲ့သဘောက ကိုကိုကြီးကို တစ်နေရာရာမှာ
အလည်အပတ် တစ်လလောက် ခေါ်သွားရင် ဒီလူစုတွေနဲ့ မတွေ့ရတော့မှာ
အရက်ပြတ်စရာရှိရင်လည်း ပြတ်သွားမယ်၊ ဒီအကျင့်တွေ ပျောက်စရာရှိရင်
လည်း ပျောက်လိမ့်မယ်လို့ ယုံကြည်တယ်၊ ဒါကြောင့် ကိုဝေလင်းက ခေါ်ပြီး



သူ့ကို တစ်မြို့မြို့အလည်ခေါ်သွားဖို့ တောင်းပန်ချင်တာပါပဲ' ဟု ဆိုလေ၏။

ထိုသို့ ပြောလိုက်လျှင် ဝေလင်းမှာ ထိုတာဝန်ကြီးကို ဆောင်ရွက်
ဖို့ ဝန်ခံရန်အတွက် နှောင့်နှေးနေခြင်း မရှိဘဲ 'အို ဒီလိုဆိုရင် တစ်ယောက်နဲ့
တစ်ယောက်က အင်မတန်ချစ်တဲ့ သူငယ်ချင်းတွေ တစ်ယောက် ကောင်းစား
တာ တစ်ယောက် လိမ်မာလာတာ တစ်ယောက်က ဘာမှမလိုလား မရှိပါဘူး၊
အချိန်မရွေး ဆောင်ရွက်ပေးဖို့ အသင့်ပါပဲ' ဟု သွက်လက်စွာ ပြောဆိုလျက်
ဘစိန်နှင့် မိမိမှာ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ကစားဖော်
ကစားဖက်များ ဖြစ်ခြင်းကြောင့် ဘစိန်၏ ကောင်းခြင်းအဖြာဖြာတို့ကို
ကောင်းစွာသိရှိရသူ တစ်ဦးတစ်ယောက်အဖြစ်ဖြင့်လေတလျှောက်တည်း
ပြောသွားလေ၏။

ဝေလင်းမှာ ထိုသို့ပြောပြီးမှ မိမိလျှာသွက်လှခြင်းကို ကိုယ်တိုင်ပင်
အံ့ဩမိလေ၏။ မစိန်းနုမှာလည်း မိမိ၏ ချစ်လှစွာသော အစ်ကိုတစ်ယောက်
အား ဤကဲ့သို့ ချီးကျူးနေသော စကားများကို ကြားရခြင်းအတွက် လွန်စွာ
ဝမ်းသာမိလျက် ဝေလင်းအား နှစ်သက်သဘောကျစရာ ကောင်းလှသူတစ်
ယောက်အဖြစ် အသိအမှတ် ပြုလိုက်မိလေ၏။

'ဟုတ်ပါတယ်၊ ကိုဝေလင်းဟာ ကိုကိုကြီးရဲ့ မိတ်ဆွေအရင်းအစစ်
အချစ်ဆုံးဖြစ်တဲ့အတွက် ဒီအကြောင်း ကိုဝေလင်းကိုပဲ နုနု တိုင်ပင်တာပေါ့'

'နို့ ဘစိန် အခု ဘယ်မှာလဲ'

'ဖေဖေဆူတာ မခံနိုင်လို့ စောစောကပဲ ထွက်သွားတယ်'

'နုနုတို့ ဖေဖေကော'

'ဒေါ်ပွနေတုန်းပဲ၊ အိမ်ပေါ်မှာ ရှိတယ်၊ ဖေဖေကတော့ ထားဝယ်ကို
ပို့ဖို့ကို စိတ်သန်နေတယ်၊ ဒါပေမယ့်. . . နုနုပြောရင် ရပါတယ်'

လူတိုင်း လူတိုင်း၌ မိမိတို့၏ ကြီးမားလှစွာသော စီးပွားချမ်းသာကို
ဖြစ်စေနိုင်သည့် အချိန်အခါ ရှိလေရာ ထိုအချိန်အခါသည် ဖြစ်ပေါ်လာသည့်

www.burmeseclassic.com

www.burmeseclassic.com



အခါတွင် ဒီရေပမာ တိုးတက်လာလေ့ ရှိပေ၏။ ဝေလင်းမှာလည်း မိမိ ကံ
ကောင်းသော ဒီရေတက်ချိန် စတင်ရောက်ရှိလာလေပြီဟု တွေးမိလေ၏။
မိမိသည် မစိန်းနုအပေါ်၌ မေတ္တာရှိခြင်းကို ထုတ်ဖော်ပြောဆိုရန် အချိန်အခါ
ကောင်းကို ယခင်က မတွေ့ကြုံခဲ့ရပေ။ ယခု မိမိနှင့် မစိန်းနုတို့ တွေ့နေရသည့်
အခိုက်အတန့်တွင် မစိန်းနု၏ ဖခင်လည်းမရှိ၊ ဘစိန်လည်း အနီး၌မနေ၊
မစိန်းနုလည်း မိမိအပေါ်တွင် ကောင်းသောစိတ် တိမ်းညွတ်နေချိန် ဖြစ်လေ
ရာ အဘက်ဘက်က ညီညွတ်လျက် ရှိသည်ကို သိလေ၏။ သို့ဖြစ်ရကား
ယခုလာသည့် ဒီရေကို ပြန်၍ကျသည့်တိုင်အောင် စောင့်မနေဘဲ ကွမ်းပစ်၍
ဒိုင်ဝင်ထိုးချလိုက်ရန်သာ ရှိတော့သည်ဟု နှလုံးပြုလိုက်လေ၏။

'မစိန်း. . . အဲ. . နု. . နုနု. . ကျုပ်. . ကျွန်. . . ကျွန်တော် ကျုပ်
ဟိုဟာလေ တစ်နည်းပြောရရင်. . . . ဟို. . .'

ဝေလင်းသည် ဖျက်စီးယိုယွင်းနေသော မော်တော်ကားကို စက်နှိုး
၍မောင်းသွားရာ ဘီးသုံးလေးပါတ် လိမ့်သွားပြီးမှ တချွတ်ချွတ် တဖွတ်ဖွတ်
မြည်၍ ရပ်သွားသကဲ့သို့ စကားပြောရင်း ထစ်အ-ထစ်အနှင့် ရပ်သွားလေ၏။
သို့ဖြင့် မိမိပြောမိသည့် စကားများမှာ အဓိပ္ပါယ် ရှင်းမှ ရှင်းရဲ့လားဟု ဝေခွဲမရ
သကဲ့သို့ တဖန်စကားပြောရန် ကြိုးစားပြန်လေ၏။

'တကယ့်တကယ်ဆိုတော့ ကျွန်. . . ကျွန်. . ကျုပ်. . . ဟိုဒင်းလေ
နုနုနဲ့ဆိုရင် ဒါတော့ နုနုကသာ. . . .'

ဝေလင်းပြောနေသည့် စကားသည် သုံးလေးခွန်းထွက်ပြီး စက်ရပ်
သွားပြန်၏။ ဝေလင်းသည် ဤနည်းဖြင့် ပြောနေရလျှင် ဘယ်စ၍ ဘယ်မှာ
ဆုံးမည်ကို အဆုံးအစ ရှာမရသကဲ့သို့ ရှိသောကြောင့် တစ်မျိုးကပြောင်း၍
ပြောရန် ကြိုးစားပြန်လေ၏။

ယခုတစ်ကြိမ်တွင်မူကား မော်တော်ကားသည် အမြောက်ပစ်သကဲ့
သို့ ဖုန်းကနဲ နောက်လေပြင်းထန်စွာပေါက်ပြီး တရှိန်တည်း ကားဆောင့်၍



ထွက်သွားသည့်အလား 'ဒီမှာ နုနု ကိုဝေလင်းကို ချစ်ရဲ့လား' ဟူသော စကား
များသည် လျှင်မြန်သွက်လက်စွာ ထွက်သွားလေ၏။

မစိန်းနုသည် ထိုစကားကိုပင် ကြားရလိမ့်မည်ဟု မျှော်လင့်ခဲ့၏။
သို့သော် ယခုကြားလိုက်ရသောအခါတွင် မမျှော်လင့်သော စကားကို ကြား
လိုက်ရသောအခါတွင် ပေါ်လာသော အမူအရာမျိုး လုပ်ကာ 'ဩော်' ဟု
ဆိုလိုက်လေ၏။

ဝေလင်းသည် ထိုစကားကို ပြောခွင့်ရလိမ့်မည်ဟူ၍ မမျှော်လင့်ဘဲ
ပြောမိသည့်အတွက် မိမိကိုယ်တိုင်လည်း အံ့အားသင့်မိလေ၏။

'ကိုဝေလင်း နုနုကို တကယ်ချစ်လွန်းလို့. .'

'ဩော်. .'

'နုနုက ကိုဝေလင်းကို ချစ်မချစ်ဆိုတာ သိပါရစေ နုရယ်'

မစိန်းနုသည် တွေဝေစဉ်းစားနေပြီးနောက် 'ဒီစကားကို ကြားရတာ
မြန်လွန်းတဲ့အတွက် ရုတ်တရက် အဖြေမပေးနိုင်ဘူးလို့ ထင်ပါတယ်. . .
ကိုဝေလင်းရယ်. . .'

'ဒီလိုဆိုရင် အဖြေကို ဘယ်တော့လောက်. . .'

'ကိုဝေလင်း ကိုကိုကြီးနဲ့ လျှောက်လည်ပြီး ပြန်လာတဲ့အခါကျတော့
ထပ်ပြီးမေးသေးတာပေါ့'

ဝေလင်းသည် ထိုမျှလောက်သော စကားကို ကြားရခြင်းဖြင့်ပင်
လျှင် လွန်စွာကျေနပ်၍ မဆုံးနိုင်ဘဲရှိကာ 'ဒီလိုဆိုရင်လည်း ကောင်းပါပြီ'
ဟု ဆိုလေ၏။

'ဒါဖြင့်ရင် ဘယ်တော့လောက် သွားကြမလဲ'

'မနက်ဖြန်ဆိုရင်. . . ဘယ့်နှယ့်လဲ'

'ဘယ်နေ့သွားသွား အခု တနင်္ဂနွေပါတ်အတွင်း သွားကြရင်
အကောင်းဆုံးပါပဲ၊ မြန်ရင် သာပြီးကောင်းတာပေါ့' ဆိုပြီးနောက် မစိန်းနုသည်

www.burmeseclassic.com

www.burmeseclassic.com



မည်သည့် စည်းကမ်းချက်များဖြင့် သွားရမည်ကို ဖော်ပြလိုသဖြင့် ဣန္ဒြေ မျက်နှာထားနှင့် လုပ်နေလိုက်ပြီး 'တစ်ခုတော့ လိုက်နာရလိမ့်မယ်၊ ကိုကိုကြီး လက်ထဲမှာ ပိုက်ဆံတစ်ပြားမှ မရှိစေရဘူး' ဟု ဆိုလေ၏။

'ခြူးမှ မရှိစေရပါဘူး'

'အရက်ကိုလည်း မသောက်စေရဘူး'

'တစ်စက်မျှ လျှာဖျားနဲ့ မတို့စေရပါဘူး စိတ်ချ'

'ကဲ ဒါဖြင့်ရင်. . . သွားနိုင်ကြပြီ၊ ကြိုက်တဲ့နေ့ ဘယ်ပဲဖြစ်ဖြစ် သွားတာပေါ့'

ဝေလင်းသည် မိမိ၏ ယခုအစီအစဉ်မှာ အိပ်ရာမှ မိမိထစဉ်က ဖြစ်ပေါ်ခဲ့သော အမိဋ္ဌာန်ကို အောင်မြင်သည့်တိုင်အောင် ပြုလုပ်ဆောင်ရွက် ခြင်းမဖြစ်စေအောင် တားဆီးပိတ်ပင်ကာ လမ်းလွှဲ၍ပေးလိုက်ပြီး ဖြစ်သည်ကို တွေးမိလေသည်။ သို့ရာတွင် ချစ်စိတ်သည် အလုပ်ထက် ပြင်းထန်လျက် ရှိရကား မိမိဦးလေး၏ အလုပ်တွင် ဝင်ရောက်၍ လုပ်ကိုင်ရန်မှာ အရေး မကြီးတော့သလောက် ဖြစ်သွားလေ၏။

ဝေလင်းသည် မိမိ၏ ဦးလေးတော်သူ ခေါ်၍ထားခြင်းကိုပင် သတိ မရဘဲ မစိန်းနုထံသို့ သွားရောက်မိလေရာ မစိန်းနုထံမှ ပြန်လာ၍ မိမိ ဦးလေး နှင့် တွေ့ဆုံရန် ဦးလေး၏ အခန်းထဲသို့ ဝင်ရောက်လိုက်သောအခါတွင် အပြစ် တစ်စုံတစ်ရာ ကျူးလွန်မိသဖြင့် ကျောင်းအုပ်ကြီး၏အခန်းသို့ တင်ပို့ ခြင်း ခံလိုက်ရသော ကျောင်းသားသဖွယ် ကြောက်ကြောက်ရွံ့ရွံ့နှင့် ရှိနေပေ တော့၏။

'ဝေလင်း'

'ခင်ဗျာ. .'

'မင်းဟာ ငါ့ပိုက်ဆံကို သုံးဖြုန်းပြီး အသွေးအသား အကုန်စုပ်လို့ အားမရနိုင်သေးလို့ ငါ့အရှက်ကို လျှောက်ပြီးခွဲနေတာလား'



ထိုအမေးကို ဝေလင်းအဖို့ ဆင်ခြေပေးစရာမရှိ ဖြစ်လေ၏။

'ဟုတ်ကဲ့' ဟု ပြောလိုက်လျှင် ပမာမခန့်လုပ်ရာ ရောက်သဖြင့် ဦးလေးဖြစ်သူမှာ လွန်စွာဒေါသ ဖြစ်ပေလိမ့်မည်။ 'မဟုတ်ဘူး' ဟု ပြောလိုက် လျှင်လည်း ငွတ်ငြင်းနေသည်ဟု ပို၍ ဒေါသဖြစ်ပေလိမ့်မည်။ သို့ဖြစ်ရကား အဖြေမပေးနိုင်သည့် အခါတိုင်း ပြုလုပ်နေကြဖြစ်သည့် နှုတ်ဆိတ်သံ 'ခရောခေါ ခေါ်' လုပ်လိုက်လေ၏။

'ဘာကွယ့်. .' ဟု ဦးသာခင်သည် ထိုအသံကိုကြား၍ မေးလိုက် ၏။

'ကျွန်တော် ဘာမှမပြောပါဘူး နားထောင်နေပါတယ်'

'မင်းဟာ နှစ်ပေါင်းဘယ်လောက် ကြာပြီလဲ၊ ဘာအလုပ်မှ မလုပ်ဘဲ ငါ့ကို တွယ်ကပ်ပြီးနေတာ၊ မင်းကို တစ်သက်လုံး ဒီလိုပဲ ငါ ထားနိုင်လိမ့်မယ် လို့ ထင်သလား. .'

ဝေလင်းမှာ မိမိတစ်စုံတစ်ရာ ပြောဆိုရန် အချိန်ဆိုက်ရောက်ပြီဟု နှလုံးပြုလျက် 'ဟုတ်ကဲ့ အရှည်သဖြင့် ဒီအတိုင်း ထားမနေနိုင်ပါဘူး' ဟု ဆိုလေ၏။

'ကောင်းပြီ၊ အခု မင်း ပြောနေတဲ့စကားတွေဟာ မင်းကို ငါ ဆက် ပြီး ကျွေးမွေးမထားလိုတော့ဘူးဆိုတာ မင်း ရိပ်မိပြီ မဟုတ်လား'

'ဟုတ်ကဲ့ ရိပ်မိပါတယ်' ဟု ဝေလင်းက ဖြေလိုက်၏။ ဝေလင်းသည် ဦးသာခင်၏ စကားကိုကြားရသည်တွင် ဝမ်းနည်းသွားသကဲ့သို့ ရှိမိသော် လည်း ထိုအမူအယာကို မပေါ်ပေါက်စေရန် ဣန္ဒြေလုပ်၍ နေလိုက်လေ၏။ ဦးသာခင်မှာ မိမိ၏တူဖြစ်သူ မျက်နှာပျက်သွားသည်ကို မတွေ့ရသောကြောင့် အတော်ကလေး အံ့အားသင့်သွားမိ၏။

'မင်းဟာ အသက်လည်း မငယ်တော့ဘူး၊ ဒီအရွယ်ထိအောင် ဘာမှ အလုပ် မလုပ်မကိုင်ဘဲ ထိုင်သုံးချင်နေတဲ့ စိတ်သာ ရှိမယ်ဆိုရင် ရှေ့ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး လူမဖြစ်ဘူး၊ မင်းအခုလို ထင်သလို သွားလာနေတာမျိုးနဲ့ဆိုရင် ဂျပိုးတေလေတစ်ကောင်ပဲ ဖြစ်သွားမှာပဲ'

'ကျွန်တော်လည်း တွေးမိပါတယ်၊ ကျွန်တော်လို အရည်အချင်း အစွမ်းအစလေး ရှိသူတစ်ယောက်ဟာ အရွယ်ကောင်းတုန်းမှာ ဘာမှမလုပ်ကိုင်ဘဲနေခြင်းဟာ အင်မတန်မှ ရှက်စရာအကောင်းဆုံးပါ၊ ဆွေဂုဏ်မျိုးဂုဏ်ကိုလည်း ထိခိုက်နိုင်ပါတယ်၊ အခုနေအခါမှာ ကျွန်တော် ဘာကိုလိုနေသလဲဆိုရင် အလုပ်ကို လိုနေတာပါပဲ'

ဦးသာဒင်၏ မျက်နှာမှာ မည်းမှောင်နေရာမှ နီရဲ၍သွားလေ၏။ ဝေလင်း ပြောသည့်စကားမှာ မိမိအား သရော်နေလေသလားဟု ထင်မိတော့၏။

'ရယ်စရာ ကောင်းသေးတော့တယ်ကွယ်၊ မင်းက ပျားရည်နဲ့ ဝမ်းချဆိုတာလို ဒီစကားနဲ့ ငါ့ကို ပြန်ပြီးချော့အုံးမှာလား. . .'

'မဟုတ်ပါဘူး၊ ကျွန်တော် အမှန်ကို ပြောနေတာပါ၊ ဒီနေ့ပဲ ကျွန်တော် ဦးလေးဆီမှာ အလုပ်တောင်းတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီးပါပြီ'

'ဘယ်လို အလုပ်မျိုးလဲ'

'ဘာပဲဖြစ်ဖြစ် ဦးလေးရဲ့လက်ဖက်ခြောက် အလုပ်ထဲမှာ လုပ်မှာပဲ'

ဦးသာဒင်သည် ဝေလင်း၏ မျက်နှာကို တစ်ချက်တစ်ချက်ကြည့်၍ အကဲခတ်လေ၏။

'မင်းကို စာပေးစာယူ စာအိတ်လိပ်တပ်၊ ခေါင်းကပ်တဲ့အလုပ်နဲ့ တစ်လကို သုံးဆယ် ပေးမယ်'

'ကောင်းပါပြီ' ဝေလင်းသည် ပြုံးရွှင်သော မျက်နှာနှင့် ပြောကာ 'ဘယ်နေ့ကစပြီး လုပ်ရမှာလဲ' ဟု မေးလေ၏။

ဦးသာဒင်သည် ဝေလင်းအား မယုံကြည်နိုင်ဘဲ သေချာစွာ ကြည့်ပြီးနောက် 'မင်းအတည်ပြောနေတာလား' ဟု မေးလေ၏။



'ကျွန်တော့်တစ်သက်မှာ ဒီတစ်ခါ ပထမဦးဆုံး စကားအကောင်းပြောတာပါပဲ'

'အင်း. . . မင်းပြောလိုက်တဲ့ စကားကို ကြားရတာ ငါ အများကြီး အံ့အားသင့်မိတယ်၊ တစ်ဆွေလုံး တစ်မျိုးလုံးထဲမှာ မင်းဟာ အင်မတန် အသုံးမကျဆုံး တစ်ယောက်ပဲ၊ ဒါပေမယ့် မင်းကို ငါ သံယောဇဉ်ကလည်း ငြိတွယ်နေမိတယ်၊ ကဲ. . . ထိုင်အုံး၊ ခဏနေအုံး၊ မင်းအလုပ်အတွက် ငါစဉ်းစားလိုက်အုံးမယ်'

ဝေလင်းသည် ကုလားထိုင်တစ်လုံး အပေါ်တွင် ထိုင်လိုက်ပြီးလျှင် အခန်းအတွင်း၌ ခေါက်တုန့်ခေါက်ပြန် လျှောက်ရင်း အကြံထုတ်နေသော ဦးလေး၏ မျက်နှာကို မိမိ၏ အပြစ်ကင်းမဲ့ဟန်ဆောင်ထားသော မျက်စိနှစ်လုံးဖြင့် ခေါက်တုန့်ခေါက်ပြန် လိုက်၍ကြည့်နေလေ၏။ ဦးသာဒင်သည် လမ်းလျှောက်နေရာက တစ်ချက်တစ်ချက် ရပ်လိုက်ပြီး ဝေလင်းအား စိုက်ကြည့်နေရာ ဝေလင်းမှာ မျက်လွှာကလေးကို ချ၍ခေါင်းငုံ့ပြီး နေလိုက်လေ၏။

'ဝေလင်း'

'ခင်ဗျာ'

'မင်း. . ရန်ကုန်ကို သွားရမယ်'

ဝေလင်းသည် ဝမ်းသာရမလို ဝမ်းနည်းရမလို ရှိသွားလေ၏။ သို့ရာတွင် မည်သည့်စကားကိုမျှ မပြောနိုင်ဘဲ ငြိမ်၍သာ နေလိုက်လေ၏။

ထိုအခိုက်တွင် အိမ်ရှေ့လမ်းမဆီမှ ကျယ်လောင်ပြင်းထန်သော အသံကြီးတစ်ခုကို ကြားလိုက်ရလေရာ ဝေလင်းမှာ ထိုင်နေရာမှ တုန်လှုပ်၍ သွားလေ၏။ ထို့နောက် ပြတင်းပေါက်မှနေ၍ လှမ်းမျှော်၍ ကြည့်လိုက်ရာ အိမ်ထဲသို့ ကွေ့ဝင်ရာတွင် ဝင်းတံခါးနှင့် ဝင်တိုက်လိုက်မိသော မော်တော်ကား တစ်စီးကို မြင်ရသဖြင့်အံ့အားသင့်ပြီး တစ်စုံတစ်ရာ အော်ဟစ်လိုက်မည်

www.burmeseclassic.com

www.burmeseclassic.com



ပြုပြီးမှ ထိုကားမှာ ဘစိန်၏ကား ဖြစ်နေသည်ကို တွေ့ရသည့်ပြင် ကားပေါ်မှ လွင့်ကျ၍ မြက်ခင်းပေါ်တွင် လေးဘက်ထောက်ကလေး ဖြစ်နေသော ဘစိန်ကိုပါ တွေ့ရသောကြောင့် ဦးသာဒင် မသိစေလို၍ အသာငြိမ်ပြီး နေလိုက်ရလေ၏။

'အပြင်မှာ ဘာဖြစ်တာလဲ'

'ဘာမှ မဖြစ်ပါဘူး၊ လက်တွန်းလှည်းကလေးတစ်ခု မှောက်ကျတာပါ'

ဦးသာဒင်သည် ထွက်၍မကြည့်ဘဲ ဆက်လျှောက်နေလေ၏။

'မင်း ရန်ကုန်က အလုပ်တိုက် သိရဲ့လား'

'ဟုတ်ကဲ့ သိပါတယ်'

ဟု ဝေလင်းက ဖြေလိုက်ရင်း ရန်ကုန်မြို့တွင် လက်ဖက်ခြောက်ပါမကဘဲ ရှမ်းပြည်နယ် ထွက်ကုန်ပစ္စည်းများကိုပါ အလုပ်တိုက်ကြီးတစ်ခု ဖွင့်လှစ်၍ ရောင်းချနေသော ဦးသာဒင်၏ အလုပ်တိုက်ခွဲကို မျက်စိထဲတွင် မြင်ယောင်မိလေ၏။

'ငါ့ အလုပ်တိုက်ဟာ နှစ်စဉ်နှစ်တိုင်း အမြတ်အစွန်း နှစ်သောင်းကျော်ကျော်ရတယ်၊ အခုသုံးနှစ်လောက်ရှိပြီ၊ အမြတ်တဖြည်းဖြည်း နည်းလာတယ်၊ မောင်စံဖေဟာ အလုပ်အကိုင် အင်မတန် ကျွမ်းကျင်တဲ့ လူတစ်ယောက်ပဲ၊ ဒါကြောင့်လည်း သူ့ကို ငါ ယုံယုံကြည်ကြည်နဲ့ ဒီအလုပ်တိုက်ကြီးကို လွှဲထားပြီး ပြန်တောင်မှ မကြည့်ဘဲနေတာ၊ အခု ဒီလို ဝင်ငွေနည်းရခြင်း အကြောင်းကို သူကိုယ်တိုင်လည်း မစဉ်းစားတတ်အောင် ဖြစ်နေတယ်၊ အဲဒါဟာ ဘာကြောင့်လဲဆိုတာ သိရအောင် စုံစမ်းဖို့လိုတယ်၊ ငါကိုယ်တိုင်လည်း မသွားနိုင်ဘူး'

'ဒါဖြင့် ကျွန်တော့်ကို သွားစေချင်တယ် ဟုတ်လား'

'မင်းကို လွှတ်မှာကတော့ ဒီလုပ်ငန်းကြီးကို မင်း စစ်ဆေးနိုင်လိမ့်မယ်လို့ ယုံကြည်လို့ လွှတ်တာမဟုတ်ဘူး၊ မင်းကို ဟိုမှာသွားပြီး ဘယ်လိုလုပ်ကြ ကိုင်ကြတယ်ဆိုတာ အလုပ်နားလည်အောင် ကြည့်စေချင်လို့ လွှတ်မှာပဲ၊ ဒါပေမယ့် မင်းကိုယ်တိုင် အမှားအမှန်ကို ရှာနိုင်မှာ မဟုတ်သော်လည်း မင်း ဟိုဟာလုပ်၊ ဒီဟာလုပ် ဟိုလိုဒီလို အကြံပေးတာတွေဟာ အသုံးမဝင်သည့်တိုင်အောင် မင်းလုပ်တာ ပြောတာတွေကို အကြောင်းပြုပြီး မောင်စံဖေအဖို့ ဘာတွေမှားတယ် ဆိုတာကို မြင်နိုင်စေလိမ့်မယ်၊ ယုံကြည်လို့ လွှတ်တာပဲ'

'ကောင်းပါပြီ'

ဝေလင်းသည် ဦးသာဒင် မိမိအပေါ်တွင် ပြောသည့်စကားကို မနှစ်သက်စေကာမူ မှန်သလောက် မှန်နေသည့်အတိုင်း ကောင်းစွာ နာခံလေ၏။

'မင်းအဖို့တော့ အလုပ်သင်တာ ကောင်းကောင်း ပညာရည် ဝလာမှပဲ စောစောက ငါ ပြောခဲ့တဲ့ စာပေးစာယူအလုပ်ကို လုပ်ရမယ်၊ ဒီကမှ တဖြည်းဖြည်း အလုပ်တိုးပြီး အနယ်နယ်ကို ငါ့ကိုယ်စားလှယ်အဖြစ် လှည့်ရမယ်၊ မင်းအလုပ်ကို ရိုရိုသေသေလုပ်ရင် မြို့ကြီးတစ်မြို့မှာ မင်းအဖို့ အလုပ်တိုက်တစ်ခု ဖွင့်ပေးမယ်'

'ဟုတ်ကဲ့ ကျွန်တော် ကြားပါပြီ'

'ဒါဖြင့် မနက်ဖြန် မင်းသွားရလိမ့်မယ်၊ ကဲ မင်း လုပ်စရာ ရှိတာတွေလုပ်၊ ပြင်စရာရှိတာတွေ ပြင်ဆင်ပေတော့'

ဟု ပြောလိုက်သည့်အတွက် ဝေလင်းလည်း အပြင်သို့ ထွက်ခဲ့လေ၏။ အပြင်သို့ ရောက်သောအခါတွင် ဘစိန်ကို သတိရကာ အိမ်အောက်သို့ လျှင်မြန်စွာ ဆင်းပြေးလေ၏။

ဘစိန်မှာ ကားပေါ်မှ လိမ့်ကျသောကြောင့် အဝတ်အစား ဖရိုဖရဲနှင့် မျက်နှာတစ်ခြမ်းလည်း ဖုန်တွေပေလျက်ရှိကာ ကိုရန်ပနှင့် စကားပြောနေသည်ကို တွေ့ရလေသည်။

'ဟေ့ ဘစိန် မင်းကား ဘာဖြစ်သလဲ၊ မတော်တဆ တိုက်မိသလား'



www.burmeseclassic.com

www.burmeseclassic.com



'မတော်တဆပေါ့ကွ၊ တမင်ဝင်ပြီး တိုက်မလား'

'မင်းကလည်း ကားမောင်းမှုဖြင့် အရမ်းကြီးပဲ'

ဟုဆိုကာ ကိုရန်ပဘက်သို့ လှည့်၍

'ခင်ဗျားဦးလေးဆီ သွားလိုက်အုံး' ဟု အနားက ထွက်ခွါစေပြီး နောက်. .

'မင်း နုနုနဲ့ တွေ့ပြီးပြီလား'

'အေး တွေ့ပြီးလို့ မင်းနဲ့ တိုင်ပင်တာကို ပြောလိုက်တယ်၊ ဒီအကြောင်းကို ဖေဖေ့ကို သူပြောတဲ့အခါ အစတော့ တယ်ပြီး သဘောကျပုံ မရဘူး၊ နောက်တော့ သဘောတူလိုက်တယ်လို့ ပြောတယ်'

'ဦးလေးကလည်း ငါ့ကို ရန်ကုန်ပို့နေတယ်၊ မင်းလည်း လိုက်ခဲ့'

'ရန်ကုန် ဟုတ်လား၊ သိပ်နေရာကျတာပေါ့ကွာ၊ ထားဝယ်ဆိုရင်တော့ဂျောက်ပဲကွ၊ ငါ့ကြီးကြီးဟာ နေရာတကာ စည်းကမ်းကြီးလွန်းတယ်၊ ဘုရားကိုလည်း တစ်နေ့ ငါးခေါက်လောက် ရှိခိုးမှ ကြိုက်တယ်'

ဝေလင်းမှာကား ထိုစကားကို စိတ်မဝင်စားဘဲ 'ငါတော့ နုနုကို ပြောလိုက်ပြီ' ဟု ဆိုလိုက်လေ၏။

ဘစိန်မှာ ထိုစကားကို နားမဝင်ဘဲ 'ဒီတော့ ငါ့ကြီးကြီးနဲ့ ဘယ်ဖြစ်နိုင်မလဲ၊ ညညဆိုလည်း ဘုရားရှိခိုးပြီး အစောကြီး အိပ်ရတာ' ဟု ပြောပြလေ၏။

'ဒါပေမယ့် သူက ငါ့ကို ကြိုက်တယ်လို့ မပြောသေးဘူး'

'ဘယ်သူကလဲ၊ ငါ့ကြီးကြီးကလား'

'မဟုတ်ဘူး နုနုက'

'နုနု . . ဘာဖြစ်သလဲ'

ဝေလင်းသည် နုနုအား မိမိပြောခဲ့သည့် စကားများကို ပြန်၍ပြော



ပြရာ၊ ဘစိန်မှာ မိမိအား ယောက်ဖတော်ချင်သူ၏ မျက်နှာကိုကြည့်လျက် သက်ပြင်းရှည်ကြီး ချလိုက်မိ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## (၃)

မိုးဦးကျအချိန်အခါသို့ ကူးပြောင်းစဖြစ်သော ရာသီဥတုမှာလည်း လေကလေး မိုးကလေးဆင်ကာ ရွာတော့မည်ကဲ့သို့ လုပ်လိုက်၊ မိုးသား တိမ်သားများ ချက်ချင်း လွင့်စင်သွားလိုက်၊ အတန်ကြာ လေကလေး လှုပ်ရှားလိုက်နှင့် ရှိတတ်သည်နှင့်အညီ ထိုရာသီဥတုမှာ ပျော်စရာတစ်လီ လွမ်းစရာတစ်လှည့်နှင့် ရှိနေပေတော့၏။

ခင်လေးမြင့်သည် ကန့်တိုမင်ရပ်ကွက်ရှိ လှပသော သစ်ပင်ပန်းပင်တို့ဖြင့် ပြည့်နှက်လျက်ရှိသော မိမိနေထိုင်သည့် အိမ်ခြံဝင်းကြီးထဲတွင် လမ်းလျှောက်ကာ ပန်းပွင့်ကလေးများကို ကြည့်ရှုရင်း ပျောက်သွားလိုက် ပေါ်လာလိုက်နှင့် တစ်ချက် တစ်ချက် ဝှေ့ယမ်းတိုက်ခတ်နေသော လေရူးကလေး၏ အေးမြသော အရသာကို ခံစား၍ နေလေ၏။

ခင်လေးမြင့်မှာ ပျော်ရွှင်ကြည်နူးလျက် ရှိပေ၏။ ထိုသို့ ပျော်ရွှင်ခြင်းသည်ကား မိမိနှင့် လက်ထပ်ရန် စေ့စပ်ထားပြီးဖြစ်သော ချစ်ထွေးနှင့် ယနေ့ညနေတွင် ၎င်း၏အလုပ်တိုက်သို့ သွားရောက်တွေ့ဆုံကာ၊ ထိုမှတစ်ဆင့်ကားနှင့် လေညှင်းခံထွက်ရန် စီမံထားခြင်းကြောင့်၊ ထိုအရေးကို မျှော်ခေါ်



တွေးတော၍ ပျော်ရွှင်နေခြင်း မဟုတ်ပေ။ သာယာလှပသော ပန်းပွင့်ကလေးများကိုလည်းကောင်း၊ အိမ်တစ်ဖက်ရှိ ရေကန်ကလေးထဲတွင် စိုက်ထားသော ကြာပင် ကြာရွက်များကိုလည်းကောင်း၊ ငှက်ကလေးများ၏ သာယာသော အသံကြောင့်လည်းကောင်း၊ ထိုအရာများကို တွေ့မြင်ကြားသိနေရသော ကြောင့်လည်း မဟုတ်ပေ။ သို့ရာတွင် ထိုသို့သာယာလှသော ရာသီဥတုသည် ငယ်ရွယ်သူတို့၏ စိတ်နှလုံးကို တစ်မျိုးတစ်ဖုံ လှည့်စား ဖြားယောင်းတတ်သည့်အလျောက် ထိုနေ့အဖို့တွင် မိမိမမျှော်လင့်သော ရွှင်လန်းဝမ်းမြောက်ဖွယ်ရာ အကြောင်းတစ်ခုကို တွေ့ကြုံရမည်ကဲ့သို့ ထင်မြင်နေခြင်းအားဖြင့် ပျော်ရွှင်လျက်ရှိခြင်းပင် ဖြစ်ပေတော့၏။

ထိုအခိုက်တွင် ပြင်းထန်စွာ တိုက်ခတ်လာသော လေရူးလေပွေကလေးသည် မြက်ခင်းပေါ်တွင် ကြွေကျနေသော သစ်ရွက်အချို့တို့ကို ချာလပတ်လည်ကာ ပျံတက်၍သွားအောင် ဝှေ့ပစ်လိုက်ကြရင်း အိမ်တွင်းသို့ပါဝင်၍ မွှေနှောက်သွားလေ၏။ ခဏမျှအကြာတွင် အိမ်ထဲမှ အော်ဟစ်မြည်တွန်လိုက်သော ဒေါ်မြခင်၏ အသံနှင့်တကွ စာရေးစားပွဲမှ စာရေးစက္ကူများသည် အိမ်ဘေးဘက်ရှိ ပြတင်းပေါက်တစ်ခုမှ ထွက်ပေါ်လာလေ၏။

ထို့နောက် 'တယ် . . . . . ဒီမိကြော့ဟာ ခိုင်းရင် ခိုင်းသလို တံခါးတွေကို လုံအောင်ပိတ်ထားတာ မဟုတ်ဘူး' ဟူသော အသံနှင့်အတူ ဒေါ်မြခင်၏ မျက်နှာသည် ထိုပြတင်းပေါက်မှ ပေါ်ထွက်လာလေ၏။

'ဟဲ့ မခင်လေး ကောက်လိုက်စမ်းပါ၊ အဲဒီစာရွက်တွေ လေတိုက်လို့ လွင့်သွားတယ်' ဟု ပြောလိုက်သည့်အတွက် ခင်လေးမြင့်ကလည်း မြက်ခင်းပေါ်တွင် ကျနေသော စာရွက်များကို တစ်ခုစီ လိုက်လံကောက်ယူပြီး ဒေါ်မြခင် လက်ထဲရောက်အောင် သွား၍ပေးလိုက်လေ၏။

ထိုသို့ ပေးလိုက်ပြီး ဒေါ်မြခင်လည်း စာရွက်များကိုယူကာ ပြတင်းပေါက်ကို ပိတ်လိုက်သဖြင့် ခင်လေးလည်း ပြန်၍လှည့်လာရာတွင် စာရွက်

www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ရွက် ကျန်၍နေသည်ကို တွေ့ရလေ၏။ စာရွက်ကလေးမှာ အရှိန်ပြေ၍လာသော လေကလေး၏ လိုမ့်၍ကန်နေခြင်းကို ခံနေရသကဲ့သို့ မှောက်ချီလှန်ချီနှင့် လိမ့်၍လိမ့်၍ သွားနေလေရာ ဒိုးဖြူသည် ထိုစာရွက်ကလေးကို မြင်ရသဖြင့် ငှက်ကလေးတစ်ကောင် မှတ်ထင်ကာ ဖမ်းဆီးကိုက်ချီရန် အိမ်ထဲမှ ပြေးထွက်လာလေ၏။

ဒိုးဖြူသည် စာရွက်ကလေးကို တစ်ခါတည်းပြေး၍ မဟပ်ဘဲ ကျော်လွန်ခုန်လွှား၍ပြေးကာ ရုတ်တရက်ရပ်၍ ပြန်လှည့်ပြေးလာပြီး ရှေ့ခြေနှစ်ချောင်းကို ဆန့်ထိုးလျှက် ကိုယ်ကလေးကို ရှေ့သို့စိုက်ပြီး ပျော်ရွှင်သော အမူအရာဖြင့် တဝုတ်ဝုတ် လုပ်နေလေ၏။ ထိုအခိုက်တွင် လေတစ်ချက်တိုက်လိုက်ပြန်ရာ စာရွက်ကလေးသည် လေထဲ၌ ဝဲပျံ၍ ပါသွားသောကြောင့် ဒိုးဖြူသည် ခုန်၍ဟပ်လိုက်သော်လည်း ၎င်း၏အရပ်အမောင်းမှာ တစ်တောင်မျှပင် မရှိသဖြင့် မမိဘဲ ရှိလိုက်လေ၏။

ခင်လေးမြင့်သည် စာရွက်ကလေးကိုယူရန် လျှင်မြန်စွာ ပြေးသွားရာ ထိုစာရွက်ကလေးမှာ ကန်ထဲသို့ လွင့်သွားလေ၏။ ခင်လေးမြင့်မှာ စာရွက်ကလေးကို မရတော့ဘူးဟု ထင်လိုက်မိရာ ဝဲပျံနေသော စာရွက်ကလေးသည် ရေထဲသို့ မကျဘဲ ကြာရွက်တစ်ခုပေါ်တွင် တင်နေသည်ကို တွေ့ရမှ စိတ်သက်သာသွားပြီးလျှင် ကန်ဘောင်တွင်ထိုင်၍ ရေထဲသို့ ခြေတစ်ဘက်ဆင်းလျက် လှမ်းပြီးဆွဲယူလိုက်လေ၏။

ခင်လေးမြင့်သည် စာရွက်ကလေးကို ရသဖြင့် စောစောက လွင့်လာသည့် စာရွက်များတွင် အပါအဝင်ဖြစ်သည့် စာရွက်ကလေးလားသို့မဟုတ် အသုံးမကျသော စာရွက်ကလေးလားဟု သိရှိရန် အသေအချာကြည့်လိုက်ရာ စာတစ်စောင် ဖြစ်နေသည်ကို တွေ့ရလေ၏။

'ရှိသေလေးမြတ်စွာ ကြောက်အားနှင့် အသနားခံပါသည်။ ဤစာကို ရေးသူမှာ ကယ်ဆယ်မည့်လူ မပေါ်လာလျှင် မရဏာသေဘေးနှင့်. . '



ခင်လေးမြင့်သည် ထိုမျှဖတ်လိုက်ရရုံနှင့် သနားကရုဏာသက်၍သွားသော်လည်း သူတစ်ပါး၏စာ ဖြစ်သောကြောင့် ဆက်လက်ဖတ်ရှုရန် မသင့်တော်ဟု နှလုံးပြုကာ ထိုစာကို မဖတ်တော့ဘဲ ဟိုဟိုဒီဒီ ကြည့်လိုက်လေ၏။

ထိုသို့ ကြည့်လိုက်ရာတွင် ခြံထဲရှိ အရိပ်ကောင်းလှသော ခရေပင်ကြီးအောက်၌ စာတစ်စောင် ထိုင်၍ရေးနေသော ဦးလေး ဦးကျော်ဟန်ကို မြင်မိလေရာ လူတစ်ယောက်၏ အသက်အတွက် ဤမျှအရေးကြီးသော စာတစ်စောင်ကို မဖတ်မိဘဲ ရှိနေဟန်တူသည်ဟု တွေးမိကာ ဦးကျော်ဟန် အနီးသို့ လျှင်မြန်စွာ လျှောက်ပြေးသွားလေ၏။

"ဦးလေးကျော်. . "

ဦးကျော်ဟန်ကား ပညာဝန်ဘဝမှ အငြိမ်းစား၍နေသူတစ်ဦး ဖြစ်လေရာ အားလပ်သော အချိန်အခါများတွင် သတင်းစာ ဂျာနယ်များ၌ စာပေနှင့် ပတ်သက်သော ဆောင်းပါးများ ရေးသားပေးပို့လေ့ရှိသည့်အတိုင်း အိမ်ထဲတွင် အနှောင့်အယှက် မခံလို၍ ထိုသစ်ပင်အောက်တွင် ဆောင်းပါး ရေးနေခြင်းဖြစ်ရာ ခင်လေးမြင့် ရောက်လာခြင်းသည် မိမိအား အနှောင့်အယှက်ပေးသကဲ့သို့ နှလုံးပြုလိုက်လေ၏။

'ဘာလာလုပ်တာလဲကွယ်. . . ဦးလေး စာရေးနေတာ မမြင်ဘူးလား'

'ဟောဒီမှာ ဦးလေးကို ပေးတဲ့စာတစ်စောင်၊ လေတိုက်လို့ အိမ်ထဲကလွင့်လာတယ်၊ ကျွန်မ အစလောက်ပဲ ဖတ်ကြည့်ရသေးတယ်၊ လူတစ်ယောက်ရဲ့ ဒုက္ခ. . .'

ထိုမျှ ကြားလိုက်ရရုံဖြင့်ပင် ဦးကျော်ဟန်သည် ထိုစာ၏ အကြောင်းကိုသိရှိသည့်အလျှောက် 'အလကားစာပါ၊ လိမ်ပြီးတော့ ပိုက်ဆံတောင်းတာ၊ အခုတစ်လော ဒီလိုပဲ စာတိုက်ကနေလာပြီးတော့ လူတစ်ယောက်မှာ ရောဂါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သေရတော့မလိုလို ဖြစ်နေပါတယ်၊ ဆေးဖိုးဝါးခလည်း မရှိ၊ ဓါတ်စာမှလည်း ဝယ်မစားနိုင်၊ ရှိသမျှကိုလည်း ရောင်းချပြီး ကုန်သွားလို့ လူမမာအိပ်တဲ့ ဖျာကိုတောင်ရောင်းပြီး သံမံတလင်းပေါ်မှာ အိပ်ရတော့မယ့် အခြေအနေမျိုး ရောက်ပါပြီလို့ . . လိပ်တဲ့စာတွေ ပြည့်လို့ပဲ' ဟု ဆိုလေ၏။

'ဒီစာကတော့ တကယ်နဲ့ တူပါတယ်'

'အို. . . ဒီလိုစာမျိုးတွေ ရေးပေးပြီး အသက်မွေးနေတဲ့ လူတွေပြည့်နေတာပဲ၊ ဖတ်လိုက်ရင် တကယ်ဖြစ်နေသလား အောက်မေ့ရတယ်၊ နောက်ပြီး တောင်းလိုက်ရင်လည်း တစ်ဆယ်၊ တစ်ဆယ့်ငါးကျပ် လုံးကန်ခဲကနဲ မဟုတ်ဘဲ ဓာတ်စာနဲ့ ဆေးဘိုး ခုနစ်ကျပ်တစ်မတ်နဲ့တစ်ပြား၊ သုံးဆယ့်လေးကျပ် တပြားရော့ ကုန်မယ်၊ ဘာညာနဲ့ တကယ့်ကို ယုံလောက်အောင် ရေးတာပဲ၊ သွားပါကွယ် ဦးလေးကို အနှောင့်အယှက် ပေးမနေပါနဲ့' ဟုဆိုပြီး ခင်လေးမြင့်အားလှည့်၍ မကြည့်တော့ဘဲ မိမိစာကို အာရုံစိုက်၍ နေလိုက်လေ၏။

သို့ဖြစ်၍ ခင်လေးမြင့်မှာ ဆက်လက်ပြောဆို၍ ရတော့မည် မဟုတ်သည်ကို သိရှိကာ စိတ်ထဲတွင် များစွာမကောင်းဘဲ လှည့်ထွက်၍ လာခဲ့လေ၏။ ခင်လေးမြင့်သည် ထိုသို့လျှောက်လာရင်း စာကို သေချာစွာကြည့်ရာ ရေးလိုက်သူမှာ မိန်းမတစ်ယောက် ဖြစ်နေပြီး အစာမစားရ ဆေးမသောက်ရသည်မှာ လေးရက်မျှ ရှိရာပြီကို သိရှိရသောကြောင့် များစွာ ကရုဏာသက်မိလေ၏။ သို့ရာတွင် မိမိဦးလေးကား ပိပိပြောစကားများကို နားမဝင်သောကြောင့် မည်သည့်နည်းနှင့် မိမိကယ်ဆယ်ရပါမည်နည်းဟု အကြံထုတ်ရ၏။

ထိုသို့ အကြံထုတ်ရာတွင် မိမိ၏ လက်ထဲတွင်ကား ပေးစရာ ကမ်းစရာ တစ်ပြားတစ်ချပ်မျှ မရှိ၊ သို့သော် မိမိ၏ လက်ဝတ်လက်စားများ ရှိနေသည်ကို ပြေး၍ မြင်လေ၏။ ထိုလက်ဝတ်လက်စား တစ်ခုခုကို ပေါင်နှံလျှင် ထိုမိန်းမလိုသော ငွေကို ပေးနိုင်ပေလိမ့်မည်။ ထို့ပြင် စာတိုက်မှနေ၍ ပို့လျှင် အနည်းဆုံးတစ်ရက် ကြာနေချေတော့မည်။ မိမိကိုယ်တိုင် တိတ်တဆိတ် သွားရောက်ပေးမည်ဟု နှလုံးပြုကာ ထိုမိန်းမ၏ လိပ်စာကို ပြန်၍ ကြည့်လိုက်ရာ၊ မအေးမိ၊ အိမ်နံပါတ် (၆၉)၊ အလယ်ထပ် (၁၂၃) လမ်း၊ ရန်ကုန်ဟု တွေ့ရှိလိုက်ရသဖြင့် အလိုလို စိတ်ထဲ၌ ကျေနပ်ခြင်း ဖြစ်မိ၏။



ထို့နောက် ခင်လေးမြင့်သည် ခြံထဲတွင် ပန်းပင်တူးဆွနေသော သက်ပြင်းကို တွေ့ရသဖြင့် အရေးကြီးသော စကားတစ်ခုကို မေးမြန်းရန် အနားသို့ သွားရောက်လေ၏။

'မမ ဟောဒီပန်းပင်ကလေး ကြည့်စမ်း'

ခင်လေးမြင့်သည် အခြားသော အခါများ၌ဆိုလျှင် သက်ပြင်းနှင့် ပန်းပင်အကြောင်း ပြောဆိုရခြင်းကို များစွာလိုလား နှစ်သက်ခဲ့မိ၏။ ယခုမူ ထို့ထက် အရေးတကြီး စိတ်ဝင်စားနေသော အရာရှိနေရကား သက်ပြင်း၏ စကားကို နားမထောင်နိုင်ဘဲ 'အပေါင်ဆိုင်မှာ ပစ္စည်းတွေပေါင်တာ ဘယ်လိုပေါင်သလဲ' ဟု မေးလိုက်လေ၏။

သက်ပြင်းမှာ ထိုအမေးကို ကြားရလျှင် မျက်လုံးပြူး၍ သွားလေ၏။ မကြာမီက မီးပူတစ်ခု ပျောက်ရာတွင် သက်ပြင်းမှာ မသင်္ကာခြင်း ခံခဲ့ရ၍ အမျိုးမျိုး စစ်ဆေးမေးမြန်းခြင်း ခံခဲ့ရ၏။ ထို့နောက်မှ တစ်စုံတစ်ယောက် ခိုးယူသွားခြင်း ဖြစ်မည်ဟု ယူဆ၍ သက်ပြင်းအပေါ်တွင် မသင်္ကာခြင်း ကင်းရှင်းသွားသဖြင့် အမှုပိတ်သွားပြီဟု စိတ်ချနေခဲ့လေ၏။ ယခုတစ်ဖန် ဤသို့ မေးခံရပြန်သောအခါ စိတ်ထဲတွင် မသိုးမသန့် ရှိမိလေ၏။

'တခြားမဟုတ်ပါဘူး၊ စာအုပ်တစ်အုပ် ဖတ်နေတာ အပေါင်ဆိုင်အကြောင်းပါလို့ သိချင်လို့ပါ'

ထိုအခါမှ သက်ပြင်းမှာ စိတ်အေးသွားပြီး 'ဦးလေးကြီး'ထံ၌ ရန်သူမျိုးငါးပါး စိတ်ချရန် အပ်နှံပုံ အပ်နှံနည်း နိသျှည်းတို့ကို ကျမ်းတစ်စောင်တစ်ဖွဲ့ ရေးထုတ်နိုင်လောက်အောင် အကျယ်တဝင့် ပြောပြလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့သည်ကား ဝေလင်းနှင့် ဘစိန်တို့ ရန်ကုန်မြို့သို့ ရောက်ရှိနေ
ကြသည်မှာ ရက်သတ္တပတ် တစ်ပတ် ရှိခဲ့ပြီ ဖြစ်ပေ၏။ သူတို့သည် ပထ
၌ ဟော်တယ်တွင် တည်းခိုစားသောက်၍ နေခဲ့ကြရာ လွန်စွာအကုန်အကျ
များလှသည်ကို တွေ့ရသောကြောင့် ပါဘာနီကုန်းတွင် အိမ်ခန်းတစ်ခု ငှား၍
အဟောင်းဆိုင်မှ အိမ်သုံးပစ္စည်းအချို့ကို ဝယ်ယူပြီးလျှင် နေရာတကျ နေထို
ကြလေ၏။

ဘစိန်မှာ ဟိုတယ်ကြီးများတွင် စားသောက်ရသော်လည်း အရက်
မပါသည့် ထမင်းမှာ လည်ချောင်းတွင် မျို၍မကျသကဲ့သို့ရှိပြီး 'သူငယ်ချင်
ရယ်၊ ငါ့အတွက် တစ်ကျပ်ဖိုး ငါးမတ်ဖိုးသုံးရင် တစ်ဝက်စားပြီး တစ်ဝက်
သောက်ပါရစေ သူငယ်ချင်းရာ၊ ငါ မသောက်ရလို့ လေတကြွတ်ကြွတ်
ဖြစ်နေပြီ' ဟု ဆိုလေ၏။

ဘစိန်ပြောသည့် စကားသံနှင့် ရှုံ့မဲ့သော မျက်နှာကလေးမှာ
သာမာန် စိတ်တင်းထားနိုင်သူကိုပင်လျှင် ညွှတ်ပျော့၍ လာစေနိုင်မည် ဖြ
သော်လည်း ဝေလင်းသည် စိတ်ထဲ၌ မကောင်းစေကာမူ တင်းမာမြဲ တင်းမာ
၍ထားခဲ့ပေ၏။ သို့ဖြစ်ရကား (၂)ရက် (၃)ရက်လောက် ကြာသောအခါ
ဘစိန်ကို ကြည့်ရသည်မှာ အရက်မသောက်ဘဲ နေရခြင်းကို နေသားကျလာ
သကဲ့သို့ မျက်နှာအနည်းငယ် ကြည်လင်လာသည်ကို တွေ့ရရုံမျှမက ဤသို့
နေရသည့် ဘဝကြီးသည် ပျော်စရာ အကောင်းဆုံး ဖြစ်သကဲ့သို့ တစ်ချက်တ
ချက် ပြုံးရွှင်နေသည်ကို တွေ့ရလေ၏။

ခုနစ်ရက်မြောက်ခဲ့သော ဤနေ့ဤရက်တွင် ဝေလင်းသည် ကု
သည်လမ်းရှိ မိမိဦးလေး၏ အလုပ်တိုက်သို့ ရောက်ရှိသွားကာ ကိုစံဖေနှ
တွေ့ဆုံလေ၏။

'သြော် . . . ဦးသာဒင်ရဲ့တူ မောင်ဝေလင်းလား၊ တွေ့ရတာ
ဝမ်းသာပါတယ်၊ ဘယ်တုန်းက ရောက်သလဲ'



'ဟုတ်ကဲ့ ကျွန်တော်တို့ရောက်တာ ခုနစ်ရက် ရှိပါပြီ'

'သြော် ဒါဖြင့် ခုံးမျက်စဆိုတဲ့ ရုပ်ရှင် ကြည့်ပြီးပြီလား'

'မကြည့်ရသေးပါဘူး'

'ဟာ အင်မတန်ကောင်းတာပဲ၊ ခင်ခင်မြဆိုတဲ့ မင်းသမီးကို သိရဲ့
လား၊ သိမယ်မထင်ဘူး၊ ဒါပေမယ့် အို . . ဒီကားမှာတော့ သူ့အမူအယာ
သိပ်ကောင်းတာပဲ၊ အရင်တစ်ကားထက်တောင် စွံသေးတယ်၊ ညွှန့်ညွှန့်ဆိုတဲ့
မင်းသမီးက ဒီကားကို သူနဲ့ရိုက်ဖို့ ပြောထားပြီးမှ အခုလို လုပ်ရမလား၊
ဘာလားနဲ့ အတော့်ကို ဒေါပွနေလို့ နောက်တစ်ကား သူနဲ့ ရိုက်ပါ့မယ်လို့
တန်ထရိုက်စာချုပ် ချုပ်လိုက်ရတယ်'

ဝေလင်းမှာ ကိုစံဖေပြောသည့် စကားများကို တစ်ခွန်းမှ နား
မလည်၊ ရုပ်ရှင်မင်းသမီး ဇာတ်မင်းသမီး ဆိုသူတို့ကို မိမိဘာမျှ မသိ၊ ထို
အလုပ်မှာ ဘစိန်သာလျှင် နားလည်၍ ကောလိပ်တွင် ရှိကြစဉ်က ထိုမင်း
သမီးတွေနောက်သို့ တကောက်ကောက်လိုက်ကာ အချိန်ဖြုန်းနေခဲ့သည်ကို
သိရလေ၏။ ထို့ပြင် ယခုလာခြင်းမှာ မင်းသမီးအကြောင်း၊ ရုပ်ရှင်အကြောင်း
ဝေဖန် နှီးနှောရန် လာရောက်ခြင်း မဟုတ်ရကား မိမိ၏ အရေးကြီးသော
စကားကိုသာ ပြောဆိုရန် စိတ်ထဲတွင် ဝင်စားလျက် ရှိလေ၏။

'ကျွန်တော် ပြောချင်တာက. . . .'

ဝေလင်းမှာ စကားကို မစရမီ ကိုစံဖေက ဆက်လက်၍. . .

'နောက်တစ်ကားကို ဖြင်ဦးလွင်မှာလာပြီး ရိုက်ရင်ကောင်းမလားလို့
စိတ်ကူးနေတယ်၊ ရန်ကုန်မှာလည်း မိုးကျတော့မယ်၊ နေမရရင် ရိုက်လို့ မဖြစ်
ဘူး၊ ဒီအထဲ ကုမ္ပဏီတစ်ခုကလည်း ရှယ်ယာဝင်ပါလို့ ပြောနေတယ်၊ ရှယ်ယာ
သိပ်မလိုပါဘူး၊ သုံးလေးဦး တစ်ယောက်ငါးထောင်စီထည့်၊ နယ်က ဘွတ်ကင်
မန်းနီး ရောက်လာတာနဲ့ လုပ်လိုက်ရင် ကောင်းကောင်း ဖြစ်နိုင်မှာပဲ၊ ဒါပေ
မယ့် ဘွတ်ကင်မန်းနီးခေါ်ခေါ်ပြီး အလုပ်မစဘဲ ကုမ္ပဏီတွေ ပျက်ပျက်သွား

www.burmeseclassic.com

www.burmeseclassic.com





လို့ ကန်ထရိုက်သမားတွေကလည်း လန့်နေကြပြီ'

'ဟုတ်ကဲ့ ကျွန်တော့်ဦးလေးက . . . .'

'ဒါတော့ ခဲမှန်ဖူးတဲ့ စာသူငယ်လို တစ်ခါသေဖူး ပျဉ်ဘိုးနားလည်

ကြကုန်တာပေါ့၊ လိမ်တဲ့လူတွေကလည်း လိမ်နေကြတာကိုး'

ဝေလင်းမှာ သည်းခံ၍ နားထောင် မနေနိုင်တော့ပဲ

'ဒီမှာ၊ ဦးလေးက ရန်ကုန်တိုက်ခွဲက ဝင်ငွေနည်းပြီး အမြတ်မရှိတာ

နှစ်နှစ်ရှိပြီ၊ အဲဒါစုံစမ်းရအောင် လွှတ်လိုက်တယ်' ဟု လျှင်မြန်စွာ ပြောလိုက်

လေ၏။

ထိုအခါမှပင် ကိုစံဖေလည်း မျက်နှာပြောင်း၍သွားကာ 'ဪ

ဒီအလုပ်ကို တိုင်ပင်မလို့လား' ဟု ဆိုပြီးမှ အသံထွက်အောင် ရယ်မောလေ

၏။

'ဟုတ်တယ် အမြတ်အားနည်းနေတယ်လို့ ဆိုတယ်'

'ဟာ သိပ်လောဘကြီးတိုင်းလည်း ဘယ်ဖြစ်မလဲ ၊ အခါ

မကောင်းဘဲ၊ အခုလောက် မြတ်တာကို မောင်ရင့်ဦးလေးက ကျုပ်ကို ကျေး

တင်ဖို့ ကောင်းသေးတယ်၊ ကျုပ်လို အမြတ်ပြတဲ့ နှစ်ချုပ်စာရင်းမျိုး ပေးနိုင်

လူ ပြစမ်းပါ၊ ဒီထက်ကြီးကျယ်တဲ့ လုပ်ငန်းကြီးတွေတောင် ရပ်ထားရသေ

တယ်၊ မောင်ရင် ဒီအလုပ်လုပ်တာ အတော်ကြာပြီလား'

နောက်ဆုံးမေးခွန်းကလေးမှာ ဝေလင်းအား များစွာ စိတ်မချ

သာခြင်းကို ဖြစ်စေလေတော့၏။ အကယ်၍သာ မိမိသည် ဤလုပ်ငန်းတွ

အချိန်ရှိစဉ်က စိတ်ဝင်စားခဲ့လျက် အချိန်ကို မဖြုန်းတီးဘဲ နေခဲ့မည်ဆိုလျှ

ကိုစံဖေနှင့် ကျကျနန ပြောဆိုနိုင်လိမ့်မည်ဟု တွေးမိလေ၏။ ယခုမူကာ

မိမိမှာ ကိုစံဖေ၏ အထင်သေးခြင်းကို ခံရတော့ပေမည်ဟု သိရှိကာ 'မကြ

သေးပါဘူး' ဟု ဖြေဆိုလိုက်လေ၏။

'အို ဒီလိုဆိုရင်လည်း အကျယ်တဝင့် ပြောနေလို့ နားလည်





မဟုတ်ဘူးလေ၊ နားလည်နိုင်ရုံ ပြောပြပါဦးမယ်'

လုပ်ငန်းနှင့် ပက်သက်သည့် ကိုစံဖေ ပြောဆိုသည့် အခေါ်အဝေါ် အသုံးအနှုန်းများမှာ အဘိဓာန်စာအုပ်များတွင် မပါဝင်၊ မိမိနားမလည်သည့် စကားများ ဖြစ်လေရကား ဆယ်မိနစ်ခန့်မျှ နားထောင်မိသောအခါ ဝေလင်းမှာ ကိုစံဖေ အကျိုးအကြောင်း ပြောပြနေသည့် လက်ဖက်ထက် မိမိကိုယ်မှာ တွန့်လိန်၍ နေလေပြီလောဟု ထင်လိုက်မိလေ၏။ ကိုစံဖေသည် စကားကို ခေတ္တရပ်၍ ဝေလင်း၏မျက်နှာကို ကြည့်ရှုအကဲခတ်နေပြီးနောက် လက်ဖက် အကြောင်း အခန်း-၂ ဆက်မည်ပြုသောအခါ ဝေလင်းမှာ အောင့်အီး နားထောင်၍ မနေနိုင်တော့ဘဲ မိမိ၏ လက်ပတ်နာရီကို လှမ်းကြည့်ကာ တစ်ဦး တစ်ယောက်နှင့် အချိန်းအချက် ရှိထားသည်ကို သွားရန်ရှိသကဲ့သို့ ထိုင်ရာမှ ထလိုက်လေ၏။

'ကောင်းပြီ၊ ကောင်းပြီ နောက်လည်း ဝင်လာတာပေါ့၊ အခု ဘယ်မှာတည်းလဲ'

'ပါတာနီကုံးမှာ အိမ်တစ်ခန်း ငှားထားတယ်'

'ပါတာနီကုံး ဟုတ်လား၊ ဒါလောက် ချောင်ကျတဲ့နေရာမှာများ သွားပြီးနေတာကိုး၊ သူဌေးတူ တစ်ယောက်လုံး လုပ်နေပြီး ဟော်တယ်မှာပဲ တည်းရောပေါ့'

ဝေလင်းသည် ဘာမှ ပြန်၍မပြောဘဲ ကိုစံဖေထံမှ ထွက်လာခဲ့လေ၏။ လမ်းတွင် ကိုစံဖေအကြောင်းကိုသာ တွေးတောလာလျက် 'ဒီလူဟာ ရုပ်ရှင်အကြောင်းတွေလည်းပြော၊ ဘာတွေပြောနဲ့ တယ်တော့ သက်ာစရာ မရှိဘူး၊ အလကားလေအိုးကြီး၊ လူလိမ်လူကောက်ကြီးများ ဖြစ်နေရော့ သလား၊ ငါ မပြန်ခင်တော့ ဒီလူ့အကြောင်း အကုန်လုံးပေါ်အောင် ကြိုးစားမယ်' ဟု မိမိ၏ စိတ်ထဲတွင် တေးမှတ်ထားလိုက်လေ၏။

ဝေလင်းမှာ မိမိ၏နေအိမ်သို့ ရောက်သည့်တိုင်အောင် ကိုစံဖေ

www.burmeseclassic.com

www.burmeseclassic.com



အပေါ်တွင် မကျေမနပ်ဖြစ်၍ လာခဲ့လေ၏။ လှေခါးမှတက်၍ အပေါ်ထပ်သို့ ရောက်သောအခါ တံခါးကို သော့ခတ်ထားသည်ကို တွေ့ရသောကြောင့် ဘစိန်ထွက်၍ လည်နေခြင်းကို ဒေါသဖြစ်မိလေ၏။ သို့ရာတွင် သော့ တစ်ယောက် တစ်ချောင်းစီ ရှိကြလေရာ ဝေလင်းသည် ဖြုန်းဖြုန်းဒိုင်းဒိုင်းနှင့် သော့ဖွင့်ပြီး အိမ်ထဲသို့ ဝင်ရောက်လျှက် အဝတ်အစားများကို ချွတ်လဲပြီး စွပ်ကျယ်အကျႌ ပိတ်ဘောင်းဘီဖြင့် အတွင်းခန်းကြမ်းပြင်၌ ခင်းထားသော အိပ်ရာပေါ်တွင် လဲလျောင်း၍ နေလေ၏။

ထိုခဏတွင်ပင် တံခါးခေါက်သံ ကြားရလေရာ ယခုမှ ဘစိန် ရောက်လာပြီဟု စိတ်ဆိုးဆိုးနှင့် အိပ်ယာမှ ထ၍ တံခါးကို ဖွင့်ပေးလိုက်ရာ ဘစိန် မဟုတ်သည်ကို တွေ့ရလေ၏။ တံခါးဝတွင် ရပ်နေသူမှာ လွန်စွာ ချောမောသော မိန်းမပျိုတစ်ယောက် ဖြစ်နေလေ၏။

ဝေလင်းမှာ ယောက်ျားမိတ်ဆွေတစ်ယောက် တွေ့ရလိမ့်မည်ဟု မျှော်လင့်ခြင်းဖြင့် မိမိ၏ကြည့်ရှု အဆင်မပြေ မယဉ်ကျေးသော အဝတ်အစားဖြင့် တံခါးကို ဖွင့်ပေးလိုက်ရာတွင် မိန်းမပျိုကလေး ဖြစ်နေခြင်းကို တွေ့ရလေ၏။ မိန်းမပျိုကလေးမှာလည်း သာမန်မိန်းကလေး မဟုတ်ဘဲ အတော်ပင် ရုပ်ရည်ချောမောလေရာ၊ သာ၍ပင် ခက်နေပေတော့၏။ ဝေလင်းမှာ ပြင်ဦးလွင်တွင် ကျန်ရစ်ခဲ့သော မစိန်းနုအပေါ်တွင် မေတ္တာရှိမိသည့်နေ့မှစ၍ မည်သည့်မိန်းကလေးကိုမျှ ၎င်း၏မျက်စိထဲတွင် ကြည့်၍မမြင်၊ မစိန်းနုလောက် လှသည်ဟု မထင်ခဲ့ချေ။ လောကကြီးတွင် မိန်းကလေး နှစ်မျိုးသာရှိ၍ တစ်မျိုးမှာ မစိန်းနုတစ်ယောက်တည်းဖြစ်ပြီး ကျန်တစ်မျိုးမှာ အခြား မိန်းကလေးများ ဖြစ်သည်ဟု ထင်မြင်ခဲ့လေ၏။ ယခုမူကား မိမိမြင်ရသော မိန်းကလေးမှာ ထိုအမျိုးအစားထက် ချောမောလှပသည်ကို သိရှိရလေ၏။ ထိုမိန်းမပျို၏ ကိုယ်ကာယမှာလည်း သေးသွယ် ကျော့ရှင်းလျက် ဆင်ယင်ထားသည့် အဝတ်အစားတို့မှာ အသားအရေနှင့် အလွန်လိုက်လျော၍ ကြည့်ရှုကောင်း



လှပေ၏။

ဝေလင်းမှာ ထူးထူးခြားခြား တွေ့ရခြင်းကို အံ့သြနေသည့်အထဲက ထိုမိန်းမပျိုသည် မိမိအား မယုံကြည်နိုင်သည့် မျက်လုံးမျိုးဖြင့် စိုက်ကြည့်နေသည်ကို တွေ့ရပြန်သောကြောင့် ဝေလင်း၏ မျက်နှာမှာ ရှက်သလို ကြောက်သလိုလို ဖြစ်၍နေလျက်၊ ကိုယ်မှာလည်း ဂျပိုးတက်သလိုလို တွန့်လိမ်လျက် ရှိနေလေ၏။

မိန်းမပျိုကလေးသည် 'ဟိုက်. . . ' ဟု ထိတ်လန့်စွာ အော်လိုက်ရာ ဝေလင်းမှာ အနေရခက်သွားလေ၏။

'ရှင်. . . ရှင်. . ကိုဝေလင်း မဟုတ်လား'

ဝေလင်းမှာ အဝတ်မပြည့်မစုံနှင့် အနေရ ခက်နေရသည့်အထဲက ထိုမိန်းကလေးသည် မိမိအား သိရှိနေပုံ ရနေလေရာ မိမိမှာလည်း ၎င်းနှင့် ဘယ်နေရာတွင် တွေ့ခဲ့ရသည်ကို မမှတ်မိ၊ ရန်ကုန်ရောက်မှလည်း မည်သည့် မိန်းကလေးနှင့်မျှ မတွေ့ရသေးသည့်အတွက် အကြံအိုက် မျက်လုံးပြူးကာ နဖူးမှ ချွေးများ ယိုစီး၍ ကျလာလေ၏။ ဝေလင်းမှာ ထိုမိန်းကလေးကို နာမည်မေ့နေသည့် အဖြစ်မျိုးနှင့် မဟုတ်ဘဲ လုံးလုံး သူစိမ်းတစ်ယောက် အနေဖြင့် ကြည့်နေလေ၏။

'ကိုဝေလင်း. . . ရှင် ကျွန်မကို မမှတ်မိဘူးလား၊ ခင်လေးမြင့်လေ' ဟုဆိုပြီးလျှင် 'ပြင်ဦးလွင်ကို ကျွန်မတို့ အလည်လာတုန်းက ရေနစ်လို့ ကယ်ဖူးတာ မေ့နေပြီလား. . . '

ထိုအခါမှ အဖြစ်အပျက်ကို ပြန်၍ သတိရကာ 'ဪ. . . မခင်လေး. . ဟုတ်ပါရဲ့၊ ရုတ်တရက်ကြောင်ပြီး ကြည့်နေမိတာ၊ လူချင်းကွဲနေတာ လေးငါးခြောက်နှစ်ကြာတော့ ရုပ်တောင် မဖမ်းမိတော့ဘူး၊ သတိတော့ အမြဲရပါတယ်၊ ဟိုတုန်းက ရုပ်မျိုးမဟုတ်ဘဲ၊ အရင်က ပိန်ပိန်ကပ်ကပ် မဲ့ခြောက်တွေ အထပ်ထပ်နဲ့. . . ' ဟု ဆိုရာက မိမိပြောသည့် စကားမှားသည်

www.burmeseclassic.com

www.burmeseclassic.com



ခင်လေးမြင့်အပေါ်၌ နက်နဲထိခိုက်သွားခြင်းကို ဂရုပြုမိက စကားအဆုံး မသတ်ဘဲ ရပ်၍ထားလိုက်လေ၏။

ထို့နောက် ဝေလင်းသည် အိမ်တွင်းသို့ ကမန်းကတန်း ပြန်ပြေ လျက် ရှပ်အင်္ကျီနှင့် လုံချည်ကို အလျင်အမြန် လဲလှယ်ဝတ်ဆင်၍ ထွက်လာ ပြီးမှ ခင်းလေးမြင့်အား ကောင်းစွာ ညှိခံနိုင်လေတော့၏။

ခင်လေးမြင့်သည် ဝေလင်း ထိုးပေးသော ကုလားထိုင်ပေါ်တွင် ထိုင်ရင်း အိမ်ခန်းကို ဟိုဟိုဒီဒီ ကြည့်ရှုအကဲခတ်လေရာ၊ အိမ်နံရံ တစ်ဘက် တွင် စီတန်းချိတ်ဆွဲ၍ထားသော မစိန်းနု၏ ဓာတ်ပုံများကို တွေ့ရသော ကြောင့် မျက်နှာပျက်၍ မသွားစေရန် မနည်းပင် ကြိုးဆည်လိုက်ရလေ၏။ ခင်လေးမြင့်မှာ ချစ်ထွေးနှင့် လက်ထပ်ရန် စေ့စပ်ပြီးသားဖြစ်လျက် ချစ်ထွေး ကိုလည်း နှစ်သက်ခြင်း မကင်းစေကာမူ လွန်ခဲ့သည့် ခုနှစ်နှစ်က အဖြစ် အပျက်ကလေးကို မမေ့နိုင်သေးဘဲရှိကာ ယခုဝေလင်းနှင့် ပြန်၍တွေ့လိုက်ရ သောအခါတွင် အနာဟောင်းကလေးမှာ ပြန်၍ထလာလေတော့၏။

အကယ်၍သာ မိမိသည် ချစ်ထွေးနှင့် လက်ထပ်ရန် ကတိပေးခြင်း မပြုလိုက်မိကလေးတွင်၊ ဝေလင်းနှင့် တွေ့လိုက်လျှင် မိမိ၏ဘဝကြီးမှာ တစ်မျိုးတစ်မည် ပြောင်းလဲသွားပေလိမ့်မည်ဟု တွေးလိုက်မိ၏။ ယခုမူ ကား. . အတွေ့နောက်ကျနေပြီ ဖြစ်လေရာ၊ အလာကောင်းသော်လည်း အရောက်နှောင်းနေလေပြီ၊ စိတ်ထဲတွင် မချိမဆန့် ဖြစ်သွားလေ၏။ ထို့နောက်မှ ခင်လေးမြင့်သည် ပုံများကို ထပ်မံ ကြည့်လိုက်မိပြန်သောကြောင့် စောစောက တွေ့၍လည်း ထူးလှမည် မဟုတ်ပေ၊ (၇) နှစ်မျှ ကြာမြင့်စွာ ကွဲကွာနေရသည့် အတောအတွင်း၌ အဘယ်ယောကျ်ားသည် အခြားမိန်း ကလေးတစ်ယောက်၏ ဝိုင်းစက်သော မျက်လုံးနှစ်လုံး၏ ညှို့ငင်ခြင်းကို မခံရ ဘဲ ရှိနိုင်ပေမည်နည်းဟု တွေးမိကာ၊ မိမိသည် ချစ်ထွေးနှင့် လက်ထပ်ရန် စေ့စပ်ထားမိခြင်းပင်လျှင် ယခုအဖြစ်မျိုး ယခုလို တွေ့ရခြင်းမျိုး၌ ပို၍ စိတ်



သက်သာစရာ ဖြစ်ပေသေးတော့သည်ဟု နှလုံးပြုလိုက်ရလေ၏။

'ကိုဝေလင်း ကျွန်မကို တွေ့ရတာ အံ့အားသင့်နေမှာပဲ၊ ကျွန်မ လာရင်းက ဒီကိုလာတာ မဟုတ်ဘူး။ (၁၂၃) လမ်းကို လာခဲ့တာ၊ လမ်းထိပ်က ကုလားတစ်ယောက်က ဒီလမ်းပဲဆိုလို့ ဝင်လာတာ'

'ဒါ (၁၂၃) လမ်း ဟုတ်သားပဲ'

'ဪ. . ဟုတ်လား၊ နို့ နံပါတ် (၂၆၉) ဆိုတာကော'

'ဒီအိမ် (၂၆၉) ပေါ့'

'ဟင် ဒါဖြင့် မအေးမိဆိုတာ ဘယ်သူများပါလိမ့်'

ဝေလင်းမှာ ထိုအမေးကို မဖြေနိုင်ဘဲ. . . 'မဘယ်သူ' ဟု မေးလေ ၏။

'မအေးမိတဲ့ ဒီမှာပဲ နေတယ်'

'မကြားဘူးပါကလား'

ခင်လေးမြင့်သည် လက်ကိုင်အိတ်ထဲမှ စာတစ်စောင် ထုတ်ယူလိုက် ပြီးလျှင်၊ 'ဒီအိမ်နံပါတ်နဲ့ လာတာပဲ၊ ကျွန်မ ဦးလေးဆီ ပို့လိုက်တာ၊ ကျွန်မ ဦးလေး ဦးကျော်ဟန်ကို မှတ်မိရဲ့လား၊ ဒီမနက်ပဲ စာရောက်လာတာ' ဟု ဆို၍ ပေးလိုက်၏။

ဝေလင်းသည် ခင်လေးမြင့် ပြသည့်စာကိုယူ၍ ကြည့်လိုက်ရာ စာထဲမှ လက်ရေးများကို မြင်လိုက်ရသည်နှင့် ခွက်ထိုးခွက်လှန် ရယ်မိလေ တော့၏။

ခင်လေးမြင့်မှာ များစွာအံ့အားသင့်လျက်၊ ဝေလင်း ဘာကြောင့် ဤကဲ့သို့ ရယ်နေသနည်း . . . ဟူသော ပြဿနာကို သဲလွန်စရှာ၍ မရသကဲ့ သို့ ကြောင်ပြီး ကြည့်နေလေ၏။

'ခွေးမသား ဒါ ဘစိန်လက်ရာပဲ'

'ရှင် ဘစိန် ဟုတ်လား. . .'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ဒီကနဲ့ အတူတူနေတဲ့ကောင်ပဲ၊ ပြင်ဦးလွင်က လိုက်လာတာ၊ ကျုပ်နဲ့ စေ့စပ်ထားတဲ့ မိန်းကလေးရဲ့မောင် တော်တာပေါ့'

'ဩော်. .'

ခင်လေးမြင့်သည် စိတ်မသက်သာသော အသံကို ပြုလေ၏။

ခင်လေးမြင့်၏ စိတ်မသက်သာခြင်းမှာ ဘစိန်ဆိုသူသည် ဝေလင်းနှင့် အတူတူနေသည်ကို သိရခြင်းကြောင့် မဟုတ်ဘဲ၊ ဘစိန်၏ နှမနှင့် ဝေလင်းတို့ စေ့စပ်ထားသည်ဟု ကြားရခြင်းကြောင့် ဖြစ်လေ၏။ အမှန်အားဖြင့် ဂုဏ်မနေနှင့် ပြည့်စုံသူတစ်ယောက်ကို လက်ထပ်ရန် စေ့စပ်ထားသည့် မိန်းကလေးတစ်ယောက်သည် မိမိ၏ အသိအကျွမ်းဖြစ်သူ ယောကျ်ားပျိုတစ်ယောက် အခြားမိန်းကလေး တစ်ယောက်နှင့် စေ့စပ်ထားခြင်းကို သိရှိ၍ စိတ်မသက်သာခြင်း ဖြစ်နေစရာ မရှိပေ။ သို့ရာတွင် မိန်းမတို့ မည်သည်မှာ အတွေးရ ခက်သူများ ဖြစ်ရကား ယင်းသို့ တွေးခြင်းကို အံ့ဩရန် မရှိပေ။

'ဘစိန်ကို ပြင်ဦးလွင်က တမင်ခေါ်လာရတာ၊ ဟိုမှာ ထင်ရာတွေ လျှောက်လုပ်လွန်းလို့ ကျုပ်က သူ့ကို ထိန်းလာရတာ၊ သူ့ကို သုံးစွဲဖို့ တပြားမှ မပေးရဘူးလို့ စည်းကမ်းချက်နဲ့ ခေါ်လာတာ ဖြစ်တဲ့အတွက် သူလည်း ပိုက်ဆံရတဲ့နည်းကို ကြံတာပဲနဲ့ တူတယ်၊ ဒါကြောင့် တစ်ရက်နှစ်ရက်က သူ ပြုံးစိပြုံးစိ ဖြစ်နေတာကိုး၊ ဒါကို မရိပ်မိဘူး၊ အခြားဘာပဲဖြစ်ဖြစ် သူရှုပ်မယ်ကြံရင် အမြဲသိတယ်၊ ဒီတစ်ခါတော့ အရှုံးပေးလိုက်ရပြီ'

ခင်လေးမြင့်မှာ ဝေလင်း ရယ်မောသည်ကို ရောနှော၍ ရယ်မောမိလေ၏။ သို့ရာတွင် ခင်လေးမြင့်၏ ရယ်သံမှာ များစွာ စိတ်ပါလက်ပါ မရှိလှဘဲ၊ မိမိ၏ ကြီးစွာသော မျှော်လင့်ချက်ထားခြင်းမှာ လွဲချော်နေပြီကို သိရခြင်းအားဖြင့် စိတ်မချမ်းမသာ ရှိနေလေ၏။

'ဒီလိုမှန်းမှ မသိဘဲကိုး၊ ကျွန်မလည်း မိန်းမတစ်ယောက် တကယ်ပဲ သေလုမျောပါး ဖြစ်နေတယ်ထင်ပြီး စိန်ရင်ထိုးကလေးကိုတောင် ပေါင်ပြီး



ငွေရှာလာခဲ့ရတာ'

ထိုစကားကို ကြားရ၍ ဝေလင်းမှာ ရယ်လည်းရယ်ချင်၊ စိတ်ထဲ၌လည်း ထိခိုက်၍ သွားလေရာ ရယ်ချင်စိတ်ကို မြိုသိပ်ထားလိုက်ရပြီး 'ဒီငွေတွေတော့ ဘစိန်ကို မပေးခဲ့ပါနဲ့' ဟု ပြောလိုက်လေ၏။

'ဒါတော့ စိတ်ချပါ၊ မပေးပါဘူး'

နှစ်ယောက်သား စကားမပြောဘဲ ခေတ္တမျှ ငြိမ်သက်နေပြီးမှ "အခုလို တွေ့ရတာ သိပ်ဆန်းတာပဲနော်၊ ကိုဝေလင်းရဲ့ ဦးလေးရော မာရဲ့လား"ဟု မေးလိုက်လေ၏။

'မာပါတယ် . . . သူ လွှတ်လိုက်လို့ ဒီကို လာတာပဲ၊ မခင်လေးတို့ ဦးလေးကော. . . .'

'သူလည်း မာပါတယ်၊ ဩော် ဦးလေးအကြောင်း ပြောလို့ ကျွန်မ သွားစရာရှိနေတာ အခုမှပဲ သတိရတယ်' ဟုဆို၍ ထိုင်ရာမှ ထလေ၏။

'လိုက်ပို့ပါမယ်လေ၊ ထရော်လီလမ်းထိပ်အထိ'

'အို နေပါစေ၊ နေလည်း သာပါတယ်၊ ကျွန်မ လမ်းလျှောက်သွားပါ့မယ်'

ဝေလင်းမှာ မိမိလိုက်လံပို့သရင်း စကားပြောချင်ရာ ပြောနိုင်ခွင့်ပေါ်ပေါက်နေသည်ကို တွေ့ရသော်လည်း စာတိုက်သိမ်းမည့်အချိန်မှာ နီးကပ်နေပြီကို သိရှိရ၍ မစိန်းနုထံ စာရေးရန်ရှိနေသော ထိုအရေးက ပို၍ အရေးကြီးသည်ဟု ယူဆကာ လိုက်ပို့မည့် စကားကို နောက်ထပ်မပြောတော့ဘဲ နေလိုက်လေ၏။

'ကဲ. . . သွားလိုက်ပါအုံးမယ်၊ နောက်တော့ တွေ့ကြသေးတာပေါ့'

'ကောင်းပါပြီ'

ဝေလင်းသည် နှုတ်ဆက်၍သွားသော ခင်လေးမြင့်၏ ကျောပြင်ပျံခြင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိလှသည့် မျက်နှာကလေးကို တရေးရေးသာလျှင် မြင်ယောင်လျက် ကျန်ရစ်ခဲ့လေ၏။

□□□

(၄)

ဝေလင်းသည် မစိန်းနုထံပေးရန် စာကိုရေး၍ ပြီးသောအခါ ပြန်၍ ဖတ်လေ၏။ ထို့နောက် တံဆိပ်ခေါင်းကပ်ပြီး စားပွဲပေါ်တွင် လိပ်စာရေးနေစဉ် အပြင်မှ တံခါးဖွင့်သံကို ကြားရရာ ဘစိန်ဝင်၍ လာလေ၏။

'ဟေ့ ဝေလင်း . . . ငါ့စာ မလာဘူးလား'

ဝေလင်းသည် ဘာမှပြန်၍ မဖြေသေးဘဲ ဘစိန်၏ မျက်နှာကို စိုက်၍ ကြည့်လိုက်လေ၏။ ဘစိန်မှာ အရက်နှင့် မတွေ့ရသည်မှာ အတော်ကြာသွားပြီဖြစ်၍ အသားအရေ ကောင်းမွန်လျက် မျက်လုံးများ သန့်ရှင်းကြည်လင်စ ပြုလာသည်ကို တွေ့ရလေ၏။ ပြောင်တင်းတင်းရှိနေသော မျက်နှာပေါ်ရှိ ခြောက်ကပ်ကပ်နေသော မွေးညှင်းတို့မှာ စိုပြေကာ ကျက်သရေ ရှိလာသည်ကို မြင်ရလေ၏။

'မင်း . . စာမလာဘူးလား၊ စာမလာဘူးလားနဲ့၊ ဘယ်က လာစရာရှိလို့လဲ'

'လူပဲကွာ. . . သူ့ကိစ္စနဲ့သူ ရှိကြတာပေါ့'

ထိုအခါမှ ဝေလင်းသည် တည်ကြည်သော မျက်နှာဖြင့် မင့်စာ

www.burmeseclassic.com

www.burmeseclassic.com



တော့ မလာဘူး၊ ဒါပေမယ့် ပြန်စာဆိုတာ သည်းခံပြီး စောင့်မှပေါ့၊ ကနေ့ပဲ စာရ၊ ကနေ့ပဲ စာပြန်နိုင်ကြပါ့မလား၊ စဉ်းစားကြည့်ဦးမှပေါ့' ဟု ဆိုလိုက်လေ၏။

ဘစိန်မှာ အံ့အားသင့်သွားလျက် ကြည်လင်သန့်ရှင်းနေသော မျက်နှာမှာ အနည်းငယ် မဲမှောင်သွားကာ 'မင်းပြောတာ ဘာဆိုလိုချင်တာလဲ' ဟု မေးလေ၏။

'မင်းလုပ်တာ မင်းပြန်တွေးကြည့်လိုက်ရင် ဘယ်လောက်ရှက်စရာကောင်းသလဲ၊ မောင်မစ္စကကို အားကျပြီး ယောကျ်ားစင်စစ်က မင့်ကိုမင်း မအေးမိလို့မဲ့တာ အံ့ပါရဲ့၊ မင်းမှာ အဆုတ်နာရောဂါ ရှိနေတဲ့အပြင် အိမ်လခတွေလည်း မပေးနိုင်လို့ လူတကာ လျှောက်တောင်းနေရသလား၊ မင့်လင်ရှာနိုင်းပါလား'

ဘစိန်မှာ မျက်လုံးပြူး၍ သွားပြီးမှ ရှက်ကိုးရှက်ကန်းဖြင့် ပြုံးကာ 'မင်းဘယ်သူ ပြောလို့ သိတာလဲ' ဟု မေးလိုက်လေ၏။

'အခုပဲ မိန်းမတစ်ယောက် ရောက်လာတယ်၊ မင့်စာကိုရလို့ တကယ်သနားပြီး မင်းကို ပေးရအောင် သူ့မှာရှိတဲ့ ပစ္စည်းကလေး ပေါင်လာတယ်'.

ဘစိန်မှာ ဝမ်းသာအားရဖြစ်ကာ 'ဘယ်မလဲ အဲဒါ'

'ဘာ ဘယ်မလဲ လဲ. . . .'

'ဟိုမိန်းမ ယူလာတဲ့ငွေလေ၊ ငါ့ပေးဖို့ ယူလာတာ ငါ့ငွေပေါ့၊ ကဲ ဝဲဆိတ်ကျေးဇူးပြုပြီး လက်ပေါ် တင်ဆက်တော်မူစမ်း'

'ဟကောင်၊ ဘယ် ငါ့ဆီမှာ ရှိမလဲ၊ ဒီစာက မင်းရေးတာမှန်း ငါသိတော့ ပြန်ပြီး ယူသွားခိုင်းလိုက်တာပေါ့'

ဘစိန်မှာ စိတ်ပျက်သွားကာ. . 'သိပ်ခက်တဲ့ အကောင်ပဲကိုကွာ မင်းငါ့ကို တစ်ပြားတစ်ချပ်မှ မပေးရင်လည်း ရပါတယ်၊ သူများပေးတာ တား



ဖြစ်တာ ဘာကောင်းသလဲကွ၊ ဒါ မိတ်ဆွေလို့ ခေါ်မလား' ဟု ဆိုလေ၏။

'နေပါအုံး၊ မင်းဒီလို အကြံမျိုး ဘယ်က ရသလဲ'

'ဘယ်ကရရမှာလဲ၊ ဒီလိုစာမျိုးတွေ ဖေဖေ့ဆီ မကြာခဏ ရောက်နေတာ ငါ သိတာပေါ့၊ အိပ်မက်တို့ ဘာတို့ဆိုတဲ့ စာတွေလည်း အမြဲလိုလာနေတာပဲ'

'အခု ခင်လေးကို မင်းသိလို့ ဒီစာ ပေးလိုက်တာလား'

'မသိပေါင်၊ သူ့ဆီလည်း မပေးပါဘူး၊ ရန်ကုန်လမ်းညွှန်စာအုပ်ထဲမှာ ကေ-ကစတဲ့ နာမည်ပါရှိတဲ့ လူတွေဆီ ပို့တာပဲ၊ အဲဒီတော့ သူ့ဦးလေးတို့ အကောင်တစ်ယောက်ယောက် နာမည်ဟာ ကေနဲ့စလို့ သူရတာပဲ ဖြစ်မှာပေါ့'

'ဘာဖြစ်လို့ ကေနဲ့စတာမှ ရေးပို့ရတာလဲ'

'ဘာရယ်လို့ ဘယ်ဟုတ်မလဲ၊ စာအုပ်ကို လှန်လိုက်လို့ ကေနဲ့စတဲ့ နာမည်တွေပါတဲ့ စာမျက်နှာကို လှန်မိတာနဲ့ လျှောက်ရေးတာပဲ. . . .'

'နို့ ဒီစာတွေ ထည့်ဖို့ ခေါင်းဖိုး မင်းဘယ်က ရလဲ'

ဘစိန်သည် တံခါးဆီသို့ တဖြည်းဖြည်း ဆုတ်ရင်း 'ရွှေကလစ်နဲ့ ဖောင်တိန်တစ်ချောင်း ပေါင်တာပေါ့' ဟု ဖြေလေ၏။

'မင်းဘယ်တုန်းက ရွှေကလစ်နဲ့ ဖောင်တိန် ရှိလို့လဲ'

'ငါ့မှာ မရှိပေမယ့် မင့်မှာရှိတယ် မဟုတ်လား၊ အဲဒါပေါ့' ဟု ဆိုသံကြားလိုက်ရပြီးနောက် ဘစိန်သည် အခန်းထဲမှ ပျောက်သွားကာ လှေခါးမှ တဒိုင်းဒိုင်း ဆင်းပြေးသော ခြေသံများကိုသာ ကြားရလေ၏။

ဘစိန်သည် ဝေလင်းလိုက်၍လာမည် မဟုတ်ဟု စိတ်ချရသည့်နေရာသို့ ရောက်ရှိမှ ပြေးလာသော ခြေလှမ်းများကို နှေးသွားစေလျက် ခပ်မှန်မှန်လျှောက်ရင်း မည်သည့်နေရာသို့ သွားရမည်နည်းဟု အကြံယူကာ မိမိအိတ်ထဲတွင် ရှိနေသည့် ဖောင်တိန်ကိုပေါင်၍ ရသည့်ငွေအနက် တံဆိပ်ခေါင်းဖိုးနှုတ်ပြီး ကျန်သည့်ငွေကို ထုတ်၍ကြည့်လေ၏။ ငွေမှာ တစ်ကျပ်တစ်

www.burmeseclassic.com

www.burmeseclassic.com



ကျပ် ကိုးပဲခြောက်ပိုင် ရှိလေ၏။ လွန်ခဲ့သော နှစ်ရက်ကဆိုလျှင် မိမိချမ်းသာ ကြွယ်ဝခြင်းမှာ ထို့ထက်များလေရာ၊ တစ်ဆယ့်လေးငါးစောင်အတွက် တံဆိ ခေါင်းဖိုး ကုန်ကျသွားခြင်းကို နှမြောသလိုလို ရှိမိလေ၏။ သို့ရာတွင် ဘယ အလုပ်မျိုးမဆို မရင်းဘဲနှင့် အမြတ်မရှိနိုင်ဟု တွေးမိခြင်းဖြင့် ကုန်ကျသော ခေါင်းဘိုးအတွက် မနှမြောနိုင်ဘဲ ရှိလေတော့ကာ မိမိ၏ ချမ်းသာ ကြွယ သည့် တဆယ့်တစ်ကျပ်ကျော်မျှသော အသပြာကို အိတ်ထဲသို့ ပြန်၍ ထည့ သွင်းလိုက်ပြီးလျှင် စဉ်းစားရင်း ဆက်လျှောက်သွားလေ၏။

ထိုငွေမှာ နှစ်ရက်တိတိ မသုံးစွဲဘဲ စိတ်ကို အမျိုးမျိုး ချုံးနှိမ်ထား သောငွေ ဖြစ်လေ၏။ အကြောင်းကိုဆိုသော်၊ ထိုမျှငွေလောက်နှင့် ဘစိန်မှ မိမိပျော်ရွှင်ချင်သလောက် မပျော်လောက်သေး၊ မိမိပစ်ထားသော ငါးစ များမှ ဟိုက ဒီက ရောက်လာသည့် ငွေများ စုပေါင်းမိမှ ကျကျနနကြီး သုံးစွဲရန် စိတ်ပိုင်းဖြတ်ထားခဲ့ခြင်း ဖြစ်ပေ၏။ သို့ရာတွင် မိမိပစ်ထားသော ငါးစာများမှာ ငါးမိဖို့ရန် အကြောင်းမမြင်၊ မိပြီးဖြစ်သည့် ငါးကလေ တစ်ကောင်ကိုပင် ဝေလင်း လွှတ်ပစ်လိုက်ပြီ ဖြစ်ရကား ကြာကြာနေလျှင် ခေါင်းဘိုးနှင့် ရှိသမျှငွေလေး ကုန်ချေတော့မည်ဟု တွေးမိကာ ယနေ့ပင် သုံးစွဲပစ်ရန် ဆုံးဖြတ်လိုက်လေ၏။

သို့ဖြစ်၍ ဘစိန်သည် မြို့ထဲသို့သွားရန် ထရော်လီဘတ်စ်ကားကို စောင့်နေခိုက်၊ အချိန်လွန်၍ ဈေးလျှော့ချပြီး ရောင်းနေသော 'နှစ်ပြား နှစ်ကြား' ဟု အော်ဟစ်နေသည့် သတင်းစာရောင်းသာ သူငယ်ကလေး၏ အသံကို ကြားရသောကြောင့် သတင်းစာကို ယူကြည့်လိုစိတ် ပေါ်ပေါ် လာပြီး သူငယ်ကလေးကို ခေါ်၍ သတင်းစာတစ်စောင် ဝယ်ယူလိုက်လေ၏။ ထိုအခိုက်တွင် ထရော်လီဘတ်စ်ကား ရောက်လာသောကြောင့် ဘစိန်မှ ကားပေါ်ကျမှ ဖတ်မည်ဟု နှလုံးပြုလျက် သတင်းစာကို ဂျိုင်းကြားညှပ်ကာ တက်သွားလေ၏။



"စကြာ"သတင်းစာမှာ ဦးဘိုးစ ပိုင်ဆိုင်သည့် သတင်းစာ တစ်စောင် ဖြစ်၏။ အယ်ဒီတာမှာ ချစ်ထွေး ဖြစ်၏။ ထိုသတင်းစာ၌ ပါရှိ သည့် စာများမှာ သတင်းစာ၏ အမည်နှင့် ပီသစွာ လူတကာကို ခွပ်ထား သော သတင်းများ ဆောင်းပါးများသာလျှင် များလေရကား တန်းမြင့်သတင်း စာတစ်စောင် မဟုတ်သော်လည်း အရပ်ကြိုက် သတင်းစာတစ်စောင် ဖြစ် လေ၏။ သို့ရာတွင် ချစ်ထွေး၏အကြောင်းကို သိကြသော လူများမှာကား ထိုသတင်းစာ၌ ပါရှိသည့်အရာများမှာ ချစ်ထွေး၏ လက်ရာများ မဟုတ် သည်ကို သိကြလေ၏။ အကြောင်းမူကား ချစ်ထွေးသည် သတ္တိရှိသူ တစ်ယောက် မဟုတ်ပေ။ လူတစ်ဦး မကောင်းမှု ပြုလုပ်သည်ကို အမှန် အတိုင်း သိရသော်လည်း မထည့်ဝံ့ပေ။ မမှန်သော အကြောင်းတို့ကိုကား ပြောဖွယ်ရာ မရှိတော့ချေ။ အထူးသဖြင့် လက်ထောက်အယ်ဒီတာ စောမောင် သာ မရှိပါက သတင်းစာမှာ ယခုအခြေအနေသို့ ရောက်လာဖို့ရန် ဘယ် အခါမှ မျှော်လင့်ရလိမ့်မည် မဟုတ်ပေ။

ဘစိန်သည် သတင်းစာထဲ၌ စိတ်ဝင်စားကာ တစ်ရွက်ပြီး တစ်ရွက် နှစ်ခြိုက်အားရစွာ ဖတ်ရှုလာခဲ့ရာ မှန်တာရေး သစ္စာဟူသော စာပိုဒ်ကို အာရုံ စိုက်ကာ အထပ်ထပ် ဖတ်မိလေ၏။

"ယခုအခါတွင် ပြင်ဦးလွင်၌ အရွယ်ကောင်းသော လူငယ်တစ်စုသည် လူကြီးများ ကိုပင် ရိုသေလေးစားခြင်း မရှိဘဲ အမြဲမူးယစ် သောက်စား ရမ်းကား၍ နေကြသည်ဟု သိရလေ သည်။ တစ်ယောက်မှာ ချောမောလှပသော နှမဖို့ တစ်ယောက်ရှိကာ အိမ်တွင် ၎င်း၏ မိတ်ဆွေ အပေါင်းအသင်းများနှင့် တရှုံးရှုံး ဖြစ်နေလျက် နှမ ကိုဘမ်းပြ၍ အရက်သောက်ရလျှင် ကျေနပ်နေလေ

www.burmeseclassic.com

www.burmeseclassic.com



တော့၏။ ယခုအခါမှာတား လူကြီးမိဘတို့က အိမ်မှ နှင်ထုတ်လိုက်ပြီ ဖြစ်လေရာ ပြင်ဦးလွင်တွင် လူငယ် ဆိုးသွမ်းသူများ လျော့နည်းသွားလိမ့်ဟု မျှော်လင့်ရပေသည်။”

ဘစိန်သည် ထိုစာကို ဖတ်ရသည်နှင့် တစ်ပြိုင်နက် ထောင်းကနဲ ဒေါသထွက်ကာ တစ်ကိုယ်လုံး တုန်ရီ၍ နေလေတော့၏။ ဤကဲ့သို့ ရေးသားသော သတင်းမျိုးကို ဘစိန်သည် မည်သည့်အခြားသတင်းစာတွင်မှ မတွေ့ဘူး မဖတ်ဘူးရလေရာ အယ်ဒီတာမှာ ဘယ်ကဲ့သို့သော လူစားနည်းဟု အစဉ်းစားရ ခက်နေလေ၏။ ထို့နောက်မှ အယ်ဒီတာ ဘယ်လိုလူစားနည်းဟု မိမိစစ်ဆေးနေဖို့မလို ထိုသတင်းမှာ မိမိအကြောင်းကို မဟုတ်မမှန် ရေးထားလေရာ ဘယ်နည်းနဲ့မှ မိမိခံနေစရာ မဟုတ်ဟု အောက်မေ့လျှက် အမြန်ဆုံးနည်းဖြင့် အယ်ဒီတာအား တရားစွဲဆိုခြင်း ပြုလုပ်ရန်မှာ မိမိ၌ ငွေမရှိသည်ကို သိရသောအခါ အယ်ဒီတာအား လျှင်မြန်စွာ သွားရောက် တွေ့ဆုံ၍ ထိုသတင်းကို ပြင်ဆင်ချက်နှင့်တကွ တောင်းပန်စာကို အမြန်ဆုံး ထည့်သွင်းရန် သွားရောက်ပြောကြားဖို့ နှလုံးပြုလိုက်၏။

ထိုသို့ဆုံးဖြတ် စိတ်ကူးမိသည်နှင့် တစ်ပြိုင်နက် ဘတ်စ်ကားကို ရပ်ရန် ခေါင်းလောင်းကြိုးကို ဆွဲလှုပ်လိုက်၏။ ထို့နောက် ဘစိန်သည် ဘတ်စ်ကားပေါ်မှ ဆင်းလိုက်ရာ အဆောင်သင့်ပင် ဆူးလေဘုရား ပန်းခြံအနီးသို့ ရောက်ရှိနေသောကြောင့် သတင်းစာတိုက်ရှိရာ ဘားလမ်းထဲသို့ ဝေးဝေးလံလံ သွားနေစရာ မလိုသည်ကို တွေ့ရလေ၏။

ဘစိန်သည် သတင်းစာတိုက်ပေါ်သို့ ရောက်ရှိပြီးလျှင် မည်သည့်အခန်းထဲသို့ ဝင်ရပါမည်နည်းဟု ဝေကြောင်၍ ကြည့်နေစဉ် လူကလေးတစ်ထွာလောက်နှင့် ခေါင်းပေါင်းပေါင်းထားသော သူငယ်ကလေးတစ်ယောက်ကို မြင်ရ၍ ‘ဟေ့ ငါ အယ်ဒီတာနဲ့ တွေ့ချင်တယ်’ ဟု ဆိုလိုက်လေ



၏။

‘ဦးချစ်ထွေးလား. . .’

‘မဟုတ်ပါဘူး ငါ့နာမည် ဘစိန်. .’

‘မဟုတ်ဘူး. . . အယ်ဒီတာ . . . ဦးချစ်ထွေးလား မေးတာ’

‘သူ့နာမည် ငါ မသိဘူး’

‘ဦးချစ်ထွေးဆိုတာ အယ်ဒီတာပဲ၊ တွေ့ချင်ရင် ဟောဒီစာရွက်ကလေးပေါ်မှာ ခင်ဗျားနာမည်နဲ့ ဘာကြောင့် တွေ့ချင်တယ်ဆိုတာ ရေးထည့်ပါ’

ဘစိန်သည် စည်းစနစ်ကြီးသည့် အလုပ်မျိုးကို များစွာစက်ဆုပ်တတ်ပေ၏။ သို့ရာတွင် ထိုနည်းနှင့် မတွေ့လျှင် တွေ့ခွင့်ရမည် မဟုတ်သည်ကို သိရ၍ သူငယ်ကလေးပေးသည့် စာရွက်တွင် မိမိ၏နာမည်ကို ရေးထည့်လိုက်ပြီး တွေ့လိုသည့် အကြောင်းကိုမူ မရေးဘဲ ‘ရော့ အဲဒါပေးချေ’ ဟု ဆိုလိုက်လေ၏။ ဘစိန်သည် မိမိလာရောက်ခြင်း အကြောင်းကိုရေးလျှင် အယ်ဒီတာ အတွေ့ခံမည် မဟုတ်ဟု စဉ်းစားမိခြင်းကြောင့် မရေးဘဲ ထားလိုက်ခြင်း ဖြစ်သည်။

သူငယ်ကလေးသည် စာရွက်ကို ကြည့်ကာ ‘အလုပ်အကြောင်းလည်း မပါပါလား’ ဟု ဆိုလိုက်လေ၏။

ဘစိန်မှာ မိမိထက် အဆပေါင်းများစွာ အသက်ငယ်သော ကလေးတစ်ယောက်က မိမိအား မစေ့စပ် မသေချာသူ တစ်ယောက်၏ အဖြစ်မျိုးကို ရောက်အောင် ပြောခြင်းကို ဒေါသဖြစ်ကာ ‘မင်းဘာမှမေးမနေနဲ့၊ သွားမလား မသွားဘူးလား’ ဟုဆိုကာ သူငယ်ကလေး၏ နားရွက်ကို ဆွဲ၍လိမ်လိုက်လေ၏။ သူငယ်ကလေးသည် နောက်ထပ် တစ်စုံတစ်ရာ ပြောလိုက်လျှင် ခွေးရူးအကိုက်မခံရဘဲ နားရွက်ပြတ်မည်ကို သိရှိ၍ ‘ပေးပါ့မယ်. . . ပေးပါ့မယ်’ ဟု ဆိုလိုက်မှ ဘစိန်သည် နားရွက်ကို လွှတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ကလေးသည် ဆင်နားရွက် မှန်တံခါးအထက်တွင် 'အယ်ဒီတာ' ဟု ဆိုင်းဘုတ်သေးသေးလေး ဆွဲထားသည့် အခန်းထဲသို့ ဝင်၍ သွားလေ၏။

ချစ်ထွေးသည် ဝင်လာသော သူငယ်ကလေးကို ကြည့်ကာ 'ဘာလဲ' ဟု မေးလိုက်လေ၏။

သူငယ်ကလေးက လက်ထဲက စာရွက်ကလေးကို လှမ်း၍ပေးရင်း 'လူတစ်ယောက်က တွေ့ချင်လို့ စောင့်နေပါတယ်' ဟု ပြောပြလေ၏။

ထို့နောက် ချစ်ထွေးသည် စာရွက်ကလေးကို ယူ၍ ဖတ်ကြည့်ပြီးလျှင် 'ဘာကြောင့်တွေ့ချင်တယ်ဆိုတာလည်း မပါပါလား၊ ပြန်ပြီးရေးခိုင်းလိုက်ဦး' ဟု ဆိုလိုက်၏။ သူငယ်ကလေးသည် ကြောက်ရွံ့သော အမူအရာနှင့် မျက်လုံးပြူးသွားလေ၏။

'ဘာ မင်း ငါ့ကို မျက်လုံးပြူးပြတာလဲ'

'ကျွန်တော် မသွားရဲဘူး ကြောက်တယ်၊ အဲဒါ ရေးထည့်လို့ ပြောပြီးပြီ၊ အဲဒီလို ပြောတဲ့အတွက် ကျွန်တော့်နားရွက်ကို ဆွဲလိမ်တယ်. . .'

'ဘာလုပ်တယ်'

'နားရွက်ဆွဲလိမ်တယ်'

'နားရွက်ဆွဲလိမ်တယ်' ဟု ချစ်ထွေးသည် မေးရင်း မျက်လုံးပြူးသွား၏။

'ဟုတ်ကဲ့'

ချစ်ထွေးမှာ ထိုသို့ကြားလိုက်ရသဖြင့် ထိတ်လန့်၍သွားလေ၏။ ငယ်ရွယ်လှသော ကလေးကိုပင် နားရွက်ဆွဲလိမ်သည်ဟု ဆိုလျှင် အကယ်၍ မိမိနှင့်တွေ့က ဇက်ကိုလိမ်၍ ချိုးလေမလားဟု ကြောက်ရွံ့သွားလေ၏။

'ပြောလိုက် အလုပ်များနေတယ် မအားဘူးလို့'

'အလုပ်များနေတယ် မတွေ့အားဘူး၊ ဟုတ်ကဲ့. . . ဟုတ်ကဲ့' ဟု



ဆိုကာ သူငယ်ကလေးသည် ပြန်၍ ထွက်သွားလေသည်။

ချစ်ထွေးမှာ မိမိအတွေ့မခံလိုသော ထိုလူသည် ဇွတ်အတင်း တံခါးဖွင့်၍ ဝင်လာလေမလားဟု တထိတ်ထိတ်နှင့် ရှိနေလေ၏။ သို့ရာတွင် ထိုလူဝင်လာသည်ကို မတွေ့ရဘဲ အပြင်ဘက်တွင် ရန်ဖြစ်သကဲ့သို့ ဆူညံဆူညံ စကားပြောနေသံကို ကြားရလေရာ သတင်းစာတွင် ပါသည့်သတင်း တစ်ခုခုကြောင့် ဖြစ်မည်ဟု တွေးရင်းတွေးရင်း ကြောက်အားပို၍ လာလေ၏။

အနည်းငယ်မျှ ကြာသောအခါ ဆူညံသောအသံ ငြိမ်သက်ကွယ်ပျောက်သွားလေ၏။ ထိုအခါမှ ချစ်ထွေးသည် စိတ်အေးသလိုလိုရှိကာ ခေါင်းလောင်းကိုနှိပ်၍ သူငယ်ကလေးတစ်ယောက်ကို ခေါ်လိုက်ပြီး 'ဟိုလူ သွားပြီလား' ဟုမေးလိုက်လေ၏။

'မသွားသေးဘူး။ ထွက်လာရင်တွေ့ရအောင် စောင့်နေပါတယ်' ဟူသော အဖြေကို ကြားသည်တွင် ချစ်ထွေးမှာ ကြက်သီးမွေးညင်း ထသွားလေ၏။

အချိန်နာရီသည် တဖြည်းဖြည်း ညနေဘက်သို့ ရောက်လာ၏။ ချစ်ထွေးမှာ ထိုသူဝံ့ကောင်းကောင်းနှင့် စောင့်နေသေးသည်ဟု သိရလျှက်ရှိသောကြောင့် အခါမရွေး ဝင်ရောက်လာမည်ကို ထိတ်လန့်နေမိ၏။

ထိုအခိုက်တွင် ဘာမှအကြောင်းမကြားဘဲ အခန်းတံခါးကို တွန်းဖွင့်၍ တစ်စုံတစ်ယောက် ဝင်လာသည်ကို တွေ့ရသောကြောင့် လိပ်ပြာလွင့်မတတ် လန့်ဖြန့်ကာ နောက်ဖေးမှ ဆင်းနိုင်သော မလွယ်ပေါက်မှ ထွက်ပြေးရန် ထိုင်ရာမှထ၍ ပြေးမည်အပြုတွင် ခင်လေးမြင့် ဖြစ်နေသည်ကို တွေ့ရမှ စိတ်ချမ်းသာသွားပြီး မိမိ၏ ကြောက်ကြောက်ရွံ့ရွံ့နှင့် ကိုရိုးကားယား ဖြစ်နေသည့် အမူအရာကို ပြင်၍ အတော်ပင် ဣန္ဒြေဆည်လိုက်ရလေ၏။

ချစ်ထွေးသည် ခင်လေးမြင့် ရောက်လာသည့်အတွက် မိမိမနှစ်မြို့သော လူတစ်ယောက် အနီးအနားၗ ရှိနေသည်ဟူသော စိတ်မချမ်းမသာယာ

www.burmeseclassic.com

www.burmeseclassic.com



စရာကြီးတစ်ခုမှ သက်သာစေရန် လာရောက်ကယ်တင်ခြင်း ဖြစ်သည်ဟု နှလုံးပြုလျက် လျင်မြန်စွာ သွားကြရန် စိတ်ပိုင်းဖြတ်ပြီး လက်ထောက် အယ်ဒီတာကို ခေါ်ယူ၍ အပြင်သို့သွားမည့်အကြောင်း ပြောပြမှာကြားလေ၏။ စောမောင်သည် ဖျတ်လတ်သော သတင်းစာဆရာတစ်ယောက် ဖြစ်သည်နှင့်အညီ ချစ်ထွေး၏လက်ထပ်ရန် ဇွစစပ်ထားသည့် သတင်းကို ကြားနှင့်ထားသောကြောင့် မိမိတွေ့နေရသည့် မိန်းမပျိုပင် ချစ်ထွေး၏ ဇနီးလောင်း ဖြစ်မည်ဟု စဉ်းစားမိကာ ခင်လေးမြင့်၏ မျက်နှာကို သေချာစွာ စိုက်ကြည့်လျက် အတော်ပင် ချောမောသော မိန်းမတစ်ဦး ဖြစ်သည်ကို အသိအမှတ် ပြုလိုက်မိလေ၏။

ထို့နောက် စောမောင် ထွက်သွားသည်နှင့် တစ်ပြိုင်နက် ချစ်ထွေးသည် ခင်လေးမြင့်အား နောက်ဖေးဘက်မှ ဆင်းရသော လှေခါးမှနေ၍ ထွက်သွားရန် မလွယ်တံခါးမှ ခေါ်၍သွားလေ၏။ ထိုလှေခါးမှ အောက်ထပ်သို့ရောက်လျှင် ထိုမှထွက်လျှင် စာစီခန်းကိုဖြတ်ပြီး တိုက်ရှေ့သို့ ရောက်နိုင်လေ၏။

ထိုအခိုက်မှာပင် ဘစိန်သည် စောင့်စားနေရသည်ကို ညည်းငွေ့၍ လာသည့်အတွက် နောက်တစ်ကြိမ်မှပင် လာ၍တွေ့တော့မည်ဟု နှလုံးပြုလျက် တိုက်ပေါ်မှ ဆင်းသက်ခဲ့လေတော့၏။

ထိုသို့ ဆင်းလာခဲ့၍ အောက်သို့ရောက်ရှိပြီး တိုက်ရှေ့သို့ ထွက်လိုက်သောအခါ သံမံတလင်း ပလက်ဖောင်းပေါ်တွင် ရပ်၍ကားစောင့်နေသော ယောကျ်ားပျိုတစ်ယောက်နှင့် မိန်းမပျိုတစ်ယောက်တို့ကို တွေ့ရှိရလေ၏။ ထိုနှစ်ယောက်တို့မှာ ၎င်းတို့၏ ကိုယ်ပိုင်ကား ရောက်မလာသေးသဖြင့် စောင့်နေကြဟန် တူလေ၏။

တိုက်ထဲမှ လူတစ်ယောက်သည် ထိုယောကျ်ားနှင့် မိန်းမပျိုတို့၏ အနီးသို့ ကပ်သွားကာ 'ဒီအချိန် မဆင်းသေးဘူး မှတ်လို့၊ ဦးချစ်ထွေးရဲ့ကား





မလာသေးဘူးနဲ့တူတယ်၊ တက္ကစီတစ်စီး ခေါ်ပေးရမလား' ဟု မေးသံကြားရလေ၏။

ချစ်ထွေးမှာ တက္ကစီကိုစောင့်၍နေလျှင် မိမိအားတွေ့လိုသူ ရောက်လာမည် စိုးရိမ်လျက် ထိုနေရာမှ မြန်စွာခွာလိုသောကြောင့် 'နေပါစေ၊ လမ်းလျှောက်သွားမယ်၊ တွေ့တဲ့နေရာကျမှပဲ ခေါ်သွားမယ်' ဟု ဆိုကာ ထွက်သွားကြလေ၏။

ဘစိန်သည် 'ဦးချစ်ထွေး' ဟူ၍ နာမည်တပ်ပြီး ပြောလိုက်သည့် စကားကို ကြားရသောကြောင့် မိမိတွေ့လိုသော အယ်ဒီတာမှာ ထိုသူပင် ဖြစ်မည်ဟု သိရှိကာ ၎င်းတို့နောက်သို့ လိုက်သွားလေ၏။ သို့ရာတွင် ဘစိန်သည် ရိပ်မိမည်စိုးသဖြင့် တစ်နေရာရာ၌ ရပ်သည့်အခါ မိရမည်ဟု ဖြည်းဖြည်းနှင့်မှန်မှန် နောက်က လိုက်လေ၏။

သို့ရာတွင် ချစ်ထွေးသည် မိမိကိုယ်ကို များစွာ စိတ်မချလှသဖြင့် နောက်သို့ မကြာခဏ လှည့်ကြည့်မိလေရာ မိမိတို့ သွားရာနောက်သို့ လူတစ်ယောက် လိုက်၍နေသည်ကို မြင်ရသဖြင့် ထိတ်လန့်သွားပြီးလျှင် တက္ကစီတစ်စီးကို လှမ်း၍ ခေါ်လိုက်လေ၏။

ထိုသို့ ခေါ်လိုက်သည်ကို တွေ့ရလျှင် ဘစိန်မှာ မိမိအမြန်မအုပ်လျှင် လွတ်၍သွားတော့မည်ဟု စဉ်းစားမိခါ အနီးသို့ ပြေးသွားလေ၏။

'ခင်ဗျား စကြာသတင်းစာ အယ်ဒီတာ မဟုတ်လား'

ချစ်ထွေးမှာ အဖြေကို မပေးနိုင်ဘဲ မျက်ဖြူလန်လုမတတ် ဖြစ်သွားလေ၏။ ထိုခဏတွင် စောမောင်အား လူလိုက်၍ ရိုက်ဖူးသည်ကို တွေးမိလျက် မိမိ၏ခေါင်းကို စမ်းသပ်ကြည့်ရာ စောမောင်ကဲ့သို့ ဦးထုပ်မဆောင်းထားမိသည်ကို စဉ်းစားမိကာ အသက်ထားစရာ မရှိဘဲ ဖြစ်သွားလေ၏။ ထိုအခိုက်တွင် တက္ကစီကားသည် အနီးသို့ရောက်၍လာလေရာ ချစ်ထွေးမှ ခင်လေးမြင့်ကိုပင် သတိမရနိုင်တော့ဘဲ ဘစိန်ကို တစ်ချက်မျှ ကြည့်ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



ကြောက်အားလန့်အားနှင့် ကားပေါ်သို့ ပြေးတက်ပြီး ဒရိုက်ဘာအား အမြန်ဆုံးမောင်း၍ ပြေးခိုင်းလေရာ ဘစိန်နှင့် ခင်လေးမြင့်တို့မှာ အံ့အားသင့်လျက်ရှိပြီး ကျန်ရစ်ကြလေ၏။

ထိုကဲ့သို့ အံ့အားသင့်ပြီး ကြည့်နေမိရာက ဘစိန်သည် ဦးစွာသတိရပြီး ချစ်ထွေး ပါသွားသော တက္ကစီနောက်သို့ အတင်းလိုက်လေ၏။ သို့ရာတွင် ကားမှာ ကိုက် (၂၀) မျှ ဝေးနေပြီ ဖြစ်ရကား နောက်ဆက်၍ လိုက်တိုင်းလိုက်တိုင်း ဝေးသထက် ဝေးသွားသောကြောင့် ဘစိန်မှာ စိတ်လျှော့လိုက်ရလေ၏။ သို့သော် ဘစိန်သည် စိတ်သာလျှော့၍ အကြံကိုကားမလျှော့ချေ၊ ချစ်ထွေးနှင့် မတွေ့မနေရဟူသော စိတ်ကိုထားရှိရကား စကြာသတင်းစာတိုက်ဘက်သို့ ပြန်၍ လှည့်ခဲ့လေ၏။

ထိုအခါမှ ခင်လေးမြင့်လည်း မိမိတစ်ယောက်တည်း ကျန်ရှိနေသည်ကို သတိရ၍ မိန်းမသားတစ်ယောက်တည်းကို အကူအညီကင်းမဲ့စွာ ပစ်ထားခဲ့ပြီး ကိုယ်လွတ်ရုန်းထွက်ပြေးသော ချစ်ထွေးအပေါ်တွင် ဒေါသလည်းဖြစ်၊ စိတ်လည်း များစွာနာမိကာ မော်တော်ကား တစ်စီးကို ခေါ်ပြီးလျှင် ကားပေါ်သို့ တက်ရောက်၍ မောင်းနှင်ရန် အမိန့်ပေးလိုက်လေ၏။

□

ဘစိန်သည် စကြာသတင်းစာတိုက်ရှေ့တွင် ခေါင်းပေါင်းနှင့် သူငယ်လေးတစ်ယောက် ခွေးခြေတစ်ခုအပေါ်တွင် ထိုင်နေသည်ကို တွေ့ရလေ၏။ ထိုသူငယ်ကလေးမှာ စောစောက တိုက်ပေါ်တွင် မိမိတွေ့ခဲ့ရသော သူငယ်ကလေးနဲ့ အလျှင်းမတူဘဲ နှစ်သက်စဖွယ်ကောင်းသော မျက်နှာအမူအရာ ရှိသည်ကို တွေ့ရလေ၏။

'ဟေ့ သူငယ်. . . .'

'ခင်ဗျာ. . .'



'မင်းတို့ အယ်ဒီတာ ကိုချစ်ထွေး နေတဲ့အိမ်ကို သိချင်တယ်'

သူငယ်ကလေးသည် ခေါင်းကို ခါပြလိုက်ပြီးနောက် နှစ်သက်စဖွယ်ကောင်းသော အမူအရာမှာ ပြောင်းလဲသွားပြီးလျှင် တည်ကြည်သော မျက်နှာဖြင့် "ကျွန်တော်တို့ ဒီလို အိမ်လိပ်စာတွေကို ပြောခွင့်မရှိဘူး" ဟု ပြောပြလေ၏။

ဘစိန်သည် ထိုသူငယ်ကလေး၏ နားရွက်ကို လှမ်းကြည့်လိုက်လေ၏။ ထိုနားရွက်မှာ အတော်ပင် ထူသည်ကို တွေ့ရလေရာ လိမ်ဆွဲ၍နာမှ နာပါ့မလားဟု သံသယ ရှိသွားလေ၏။ သို့ဖြစ်၍ မိမိ၏ ရုံပုံငွေထဲမှ ယုတ်လျော့သွားမည်ကို မလိုလားသော်လည်း မလွှဲမကင်းသာသော အခြေအနေသို့ ရောက်ရှိသွားသည်ကို တွေ့ရသောကြောင့် အိတ်ထဲသို့ ပိုက်ဆံနှိုက်လိုက်လေ၏။

'ဟေ့ သူငယ် ဒါဘာလဲ. . .'

'မတ်စေ့. . . .'

'မင်းတို့ အယ်ဒီတာအိမ် ဘယ်မှာလဲ'

မတ်စေ့ကလေးသည် ဘစိန်လက်ဝါးပေါ်မှ သူငယ်ကလေး၏ လက်ထဲသို့ ပါသွားပြီး ၎င်း၏ အိတ်ထဲသို့ လျှင်မြန်စွာ ဝင်ရောက်သွားလေ၏။

'ကျွန်တော် ပြောတယ်လို့ ဘယ်သူမှ မသိပါစေနဲ့၊ စည်းကမ်းဥပဒေနဲ့ဆန့်ကျင်နေတယ်၊ သူတို့နေတာ ပြည်လမ်းမှာ' ဟု ဆိုကာ ဘစိန်အနားနားသို့ကပ်၍ အိမ်လိပ်စာကို ပြောလိုက်လေ၏။

□

ထိုအချိန်တွင် ဝေလင်းမှာ ကျဉ်းမြောင်းလှသော မိမိအခန်းလေးထဲတွင် ခေါက်တုန့်ခေါက်ပြန် လျှောက်လျက်ရှိကာ နံရံတွင် ချိတ်ဆွဲထားသော မိန်းနှ၏ ဓာတ်ပုံများကို တစ်ချက်တစ်ချက် စိုက်ကြည့်လိုက်မိပြီး အတော်ကို

www.burmeseclassic.com

www.burmeseclassic.com



မြင်ရသော ခွေးကလေးသည် အမြီးကုပ်၍ ခေါင်းငုံ့လျှိုသွားသကဲ့သို့ ထိုပုံများကို ကြည့်မိတိုင်း မိမိ၏ မျက်နှာကို မပြရဲဘဲ ငုံ့၍ငုံ့၍ သွားမိလေတော့၏။ အကြောင်းမူကား ဓာတ်ပုံကားများသည် မစိန်းနု ကိုယ်ယောင်အမျိုးမျိုးခွဲလျက် မိမိအား မနှစ်သက်သော မျက်နှာနှင့် စိုက်၍ကြည့်ကာ 'ကိုကိုကြီးကို အမြဲကြည့်ထားဖို့ ရှင့်ကို မျက်နှာလွှဲလိုက်တာ၊ ရှင်သူ့ကို မိအောင်ဆွဲမထားနိုင်ဘူး၊ ရှင်ဘာမှ အဖြစ်ရှိတဲ့ လူတစ်ယောက် မဟုတ်ဘူး၊ အခုကိုကိုကြီး အရက်ဆိုင်ထဲ ရောက်နေတယ်ဆိုရင် ရှင် ဘာပြောမလဲ' ဟု လက်ညှိုးတငေါက်ငေါက်နှင့် စွပ်စွဲပြောဆိုနေသည်ဟု ဝေလင်း၏စိတ်တွင် ထင်မြင်မိပေတော့သည်။

ထိုသို့ တွေးမိခြင်းသည် ဝေလင်းအား အခန်းထဲတွင် နေရခြင်းကို အနေကျပ်၍ လာစေလျက်ရှိကာ အိမ်ရှေ့ပြတင်းပေါက်သို့ ထွက်၍ လမ်းပေါ်သို့မျှော်၍ ကြည့်နေလိုက်မိလေ၏။ သို့ရာတွင် ဝေလင်းသည် လမ်းပေါ်ရှိ အရာများကို တစ်ခုမှ မမြင်ရဘဲ မိမိ၏ ဖောင်တိန်ကို ပေါင်နှံ၍ ရရှိသောငွေဖြင့် ရက်ပေါင်းအတန်ကြာစွာ တော်ပြတ်ခြောက်သွေ့နေသော အာခေါင်ကို ပယင်းရောင်အဆင်းရှိသော ရေကြည်ဖြင့် အငတ်ပြေစေလျက် ရှိနေမည့် ဘစိန်၏ မျက်နှာကို တွေး၍ မြင်နေမိလေ၏။ ထို့နောက်မှ ထိုသို့မြင်ယောင်ခြင်းသည် မျက်စိရှေ့မှာတင် လွင့်စင်ကွယ်ပျောက်သွားကာ လမ်းပေါ်မှာရှိသည့်အရာများသည် ထင်ရှားပေါ်ပေါက်၍ လာကြလေတော့၏။

ဝေလင်းသည် လမ်းပေါ်မှ လျှောက်၍ မိမိအိမ်ဘက်ဆီသို့ လာနေသော မိမိတွေ့မြင်ဘူးသည် သဏ္ဌာန်တစ်ခုကို တွေ့မြင်ရလေ၏။ ထိုသို့မြင်လိုက်ရသည်တွင် ဝေလင်း၏စိတ်တွင် 'ဘစိန်နဲ့တော့ တူတာပဲ၊ ဒါပေမယ့် မဟုတ်နိုင်ပါဘူး၊ ဒီအကောင် လက်ထဲမှာ ပိုက်ဆံရှိနေရင် အရက်ဆိုင်ကို ရောက်နေမှာပဲ' ဟု အောက်မေ့မိလေ၏။ သို့ရာတွင် ထိုသဏ္ဌာန်သည် အိမ်ဆီသို့ တည့်တည့်လာနေပြီး အိမ်ပေါ်သို့တက်ရန် ဝင်လာနေသည်ကို အထင်



အရှား တွေ့ရလေ၏။

ထို့နောက် လှေကားပေါ်မှ တက်လာသော ခြေသံများသည် မိမိ၏ အခန်းတံခါးအပြင်ဘက်တွင် ရပ်သွားပြီး တံခါးခေါက်သံ ပေါ်လာသောကြောင့် ဝေလင်းသည် အိမ်ထဲသို့ ပြန်ဝင်လာ၍ တံခါးကို ဖွင့်ပေးလိုက်ရာတွင် ဘစိန် ဖြစ်နေသည်ကို တွေ့ရလေ၏။

'မင်းသိပ်တော်တဲ့ အကောင်ပဲကွာ' ဟု ဝေလင်းသည် ဆီး၍ ဆူလိုက်လေ၏။

'ငါ ဘာလုပ်လို့လဲ သူငယ်ချင်းရ' ဟု ဘစိန်သည် အပြစ်ကင်းစင်သူ၏မျက်နှာထားမျိုးဖြင့် ပြန်၍ ပြောလိုက်လေ၏။

'မင်းအူကြောင်ကြောင် လုပ်မနေပါနဲ့ကွာ. . . လာစမ်း . . . မင်းပါးစပ်ဟစမ်း' ဟု ဝေလင်းကပြောကာ ဘစိန်၏ ပါးစပ်အနားသို့ မိမိ၏ နှာခေါင်းကို ကပ်လိုက်သဖြင့် ဘစိန်က 'ဟား' ဟု ခံတွင်းအနံ့ကို အစစ်ခံပြီးလျှင် 'ကဲ ယုံပြီလား' ဟု မေးလိုက်လေ၏။

ဝေလင်းသည် ဘစိန် အရက်သောက်၍ မလာကြောင်းကို သေချာသွားသော်လည်း မကျေနပ်နိုင်သေးဘဲ 'မင်းဘယ်လျှောက်သွားနေတာလဲကွ၊ ဒီအကြောင်းတွေ သူသိသွားရင် မခက်ဘူးလား' ဟု ပြောဆိုလျက် မစိန်းနု၏ ဓာတ်ပုံများကို လက်ညှိုးထိုးပြလေ၏။

ဘစိန်သည် ဝေလင်း၏ လက်ညှိုးညွှန်ရာကို လိုက်၍ ကြည့်လိုက်သော်လည်း မျက်နှာတွင်မူကား အရေးမစိုက်သော အမူအရာကို ပြလျက်ရှိပေ၏။ ဤကမ္ဘာတွင် နမ၏ ဓာတ်ပုံကို မြင်ရ၍ ကြောက်ရွံ့ရှိသေမိသောယောင်ဟူ၍ ရှာတွေ့နိုင်ရန် ခဲယဉ်းလှပေ၏။ ထို့နောက်မှာ ဘစိန်သည် ဝေလင်း၏စကားကို ဘေးသို့ဖယ်လိုက်ပြီးလျှင် 'မင်းမို့ ငါ့ကို အရက်သွားပြီး သောက်နေလိမ့်မယ်လို့ ထင်မှ ထင်ပလေကွာ' ဟု ဆိုလိုက်လေ၏။

'ဒါဖြင့် ငါ့ဖောင်တိန်ပေါင်တဲ့ ပိုက်ဆံကော'

www.burmeseclassic.com

www.burmeseclassic.com



'ဒါကို မေးမနေပါနဲ့၊ ဒီပိုက်ဆံကုန်သွားလို့ မသောက်ရတာ မဟု
ဘူး၊ တလောက လူမျိုးတစ်ရာ့တစ်ပါးထဲမှာ ဝွစာတစ်ယောက်နဲ့ တွေ့ရ
ငါ အတော်စိတ်ရှုပ်သွားတယ်'

'ဘယ်သူနဲ့ တွေ့ပြန်သလဲ. .'

'အသိထဲက မဟုတ်ပါဘူး၊ မင်းလည်း သိချင်မှ သိမှာ၊ စကြ
သတင်းစာ အယ်ဒီတာပေါ့'

'နာမည်က ဘယ်သူတဲ့လဲ. .'

'ချစ်ထွေးတဲ့၊ ဒီနာမည်မျိုးနဲ့လူ အယ်ဒီတာခန့်တာ အံ့ အံ့ပါရဲ့
အယ်ဒီတာ အခေါ်ခံထိုက်တဲ့ နာမည်မျိုး မဟုတ်ဘူး'

'အဲဒါက ထားလိုက်ပါအုံး၊ ဘာဖြစ်ကြလို့တုန်း ဒီလူနဲ့'

ထိုအခါမှ ဘစိန်သည် ထရောလီဘတ်စ်ကားပေါ်တွင် မိမိဖတ်
ရသည့် သတင်းနှင့်ပတ်သက်၍ ချစ်ထွေးနှင့် တွေ့ဆုံရပုံ အလုံးစုံတို့ကို ပြ
ပြောင်းပြောပြကာ "ဒီအကောင်ကို ငါ မတွေ့ရသမျှ မနေဘူး၊ သတင်းစာထဲ
ကနေ တောင်းပန်ဝန်ချပြီး သတင်းကို ပြန်ရုပ်သိမ်းခိုင်းမယ်၊ ဒါကြောင့် င
မင်းနဲ့ ကြာကြာစကားမပြောနိုင်ဘူး၊ သူ့အိမ်ကို လိုက်မယ်" ဟု ဆိုလေ၏

'သူ့အိမ်က ဘယ်မှာလဲ'

'ပြည်လမ်းမှာ' ဟုဆိုကာ ဘစိန်သည် လှည့်၍ ထွက်မည်လုပ်လိုက်
ရာ၊ ဝေလင်းက ဂုတ်ကိုဆွဲလိုက်ပြီး. . .။

'ဒါမျိုးနဲ့ ငါ့ကို တစ်ပတ်ရိုက်ပြီး ထွက်အုံးမလို့လား၊ ဘာရမယ်'
ဟု ဆိုလိုက်လေ၏။

'တကယ့်ကိုပါကွ၊ ငါ မင့်ကို လိမ်ချင်မှ ပြန်တောင်မပြောဘူး'

'ဒါဖြင့် မင့်ချည်းပဲတော့ ငါ သွားခွင့်မပေးဘူး၊ ငါက မပေးချင်လို့
မဟုတ်ပါဘူး၊ ဒါမင့်နှမအလိုအတိုင်းပဲ၊ ဒီတော့ ငါပါ လိုက်မယ်၊ မင်းချည်း
ဆိုရင် အေးအေးနဲ့ ပြီးရမယ့်ကိစ္စဟာ စကားပြောမတည့်တာနဲ့ အကုန်လုံးဒု



များကုန်မယ်'

'ဒီလိုဆိုရင်လည်း အဖော်ရတာပေါ့ မောင်' ဟု ဘစိန်က ပြောလိုက်
သည့်အတွက် ဝေလင်းသည် ဘစိန်နှင့်အတူ အိမ်ပေါ်မှ ဆင်း၍လိုက်သွား
လေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

(၅)

ခင်လေးမြင့်သည် ညနေခြောက်နာရီလောက်ကျမှ အိမ်သို့ ပြန်ရောက်၍လာလေ၏။ မျက်နှာမှာ သာယာရွှင်လန်းခြင်း မရှိဘဲ၊ ဝမ်းနည်းခြင်း၊ ရှက်ခြင်း၊ ဒေါသထွက်ခြင်း စသည်တို့ဖြင့် ရောပြွန်းလျက် ရှိလေတော့၏။

ဒေါ်မြခင်သည် အိမ်ထဲသို့ ဝင်၍လာသော ခင်လေးအား အိမ်ရှေ့ခန်းတွင် တွေ့ရှိရ၍ 'ညည်းနဲ့အေ၊ သွားလိုက်တာ ကြာလှချည့်လား၊ ဒီအချိန်လောက်ကျမှပဲ ပြန်လာရသလား၊ ကဲ . . ကဲ ပြောနေလို့ မဖြစ်သေးဘူး၊ အဝတ်အစား ကောင်းကောင်းမွန်မွန် မြန်မြန်ဆန်ဆန် လဲပြီးဝတ်စမ်း၊ ကိုဘိုးစနဲ့ အပါတို့ လာကြလိမ့်မယ်၊ ထမင်းစား ဖိတ်ထားတယ်' ဟု ပြောလိုက်လေ၏။ ခင်လေးမြင့်အဖို့မှာ ထိုစကားသည် သတင်း အသစ်အဆန်း ဖြစ်သဖြင့် အံ့အားသင့်စွာ စိုက်ကြည့်နေမိလေ၏။

'ဩော် ဟုတ်လား'

'ညည်းကို အပါ မပြောဘူးလား'



ခင်လေးမြင့်သည် ခေါင်းခါပြလေ၏။

'ဘယ့်နှယ် မပြောပြဘူး၊ ဒါဖြင့် သူကိုယ်တိုင်လည်း မသိသေးလို့လား မပြောတတ်ဘူး၊ နေ့လည်ကမှ ညည်းဦးလေးက ကိုဘိုးစကို အကြောင်းကြားလိုက်တယ်၊ တခြားနေ့တွေ မအားလို့ ဒီနေ့ပဲ စီမံလိုက်ရတယ်၊ ဝတ်လုံတော်ရ ဦးဘသောင်း၊ အတွင်းဝန် ဦးကျော်ဝင်းတို့လည်း လာကြလိမ့်မယ်'

'ဘာလုပ်မလို့လဲ. . . .'

'ညည်းတို့လက်ထပ်ဖို့အတွက် လူကြီးစုံရာရှေ့မှာ ပြောဆိုပြီး ရက်တန့်သတ်လိုက်ကြမလို့'

'ဒါပေမယ့် ကျွန်မ ကိုချစ်ထွေးကို လက်မထပ်တော့ဘူး'

ဒေါ်မြခင်မှာ အလွန်တရာ အံ့အားသင့်သွားလျက် မျက်လုံးမျက်ခန်းပြူးပြီး 'ဘာပြုတယ်' ဟု မေးလိုက်လေ၏။

'ကျွန်မသူ့ကို ဖြတ်လိုက်ပြီလို့ စာရေးပေးခဲ့ပြီးပြီ' ဟုဆိုကာ ခင်လေးသည် အကျိုးအကြောင်းကို ရှင်းလင်းပြောဆိုမနေတော့ဘဲ ထိုနေရာမှ ထွက်ခွာ၍သွားကာ အိမ်ပေါ်ရှိ မိမိအခန်းသို့ တက်ရောက်၍သွားလေ၏။

ဒေါ်မြခင်သည် ဒေါသဖြစ်ကာ 'ဟဲ့ကောင်မ နေစမ်းပါအုံး၊ ငါမေးတာ ဖြေစမ်းပါအုံး၊ ညည်းဘာတွေ လုပ်လာတာလဲ' ဟုဆိုကာ ခင်လေး၏နောက်က တကောက်ကောက်လိုက်၍ သွားသော်လည်း ခင်လေးသည် အခန်းထဲသို့ဝင်၍ တံခါးပိတ်လိုက်သည့်အတွက် ဘာမျှ မတတ်နိုင်ဘဲ ရှိတော့ာ အပြင်မှ တံခါးကိုပုတ်၍ ဖွင့်ခိုင်းရာတွင် 'မဖွင့်ဘူး ဒေါ်ဒေါ်၊ ကျွန်မဘာကိုမှလည်း ပြောပြမနေချင်တော့ဘူး၊ သူ့ကိုတော့ ဘယ်နည်းနဲ့မှ မယူနိုင်ဘူး' ဟု ဆိုနေသောကြောင့် စိတ်လျှော့လိုက်ကာ ဦးကျော်ဟန်အား အကျိုးအကြောင်း ပြောပြရန် လျှင်မြန်စွာ ထွက်ခဲ့ရလေ၏။

ဦးကျော်ဟန် ဒေါ်မြခင်နှင့်တကွ အိမ်သူအိမ်သား အားလုံးတို့မှာ ဦးတစ်လုံး အိမ်ပေါ်သို့ကျလာပြီး အိမ်ခေါင်မိုးကို ဖောက်ထွင်း၍ အိမ်ရှေ့

www.burmeseclassic.com

www.burmeseclassic.com



ညှိခန်းအလယ်တည့်တည့်တွင် ကျရောက်ပေါက်ကွဲခဲ့လျှင် ယခုလော
ထိတ်လန့်သွားကြမည် မဟုတ်ချေ။ ယခုမူကား ထိတ်လန့်ခြင်းသာမက အ
အခဲတွေ့ကြုံရမည့် အခင်းတို့ကိုပါ မျှော်ခေါ်တွေးမြင်ပြီး ပူပန်ခြင်း ကြီး
ဖြစ်မိကြလေ၏။

သို့အားဖြင့် မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို အကျိုး
ကြောင်းကိုသိရန် မည်သို့မေးမြန်းရပါမည်နည်းဟု တိုင်ပင်ကာ အကြံထု
နေစဉ်မှာပင် ဦးဘိုးစသည် နောက်ဆုံးပေါ် ကားသစ်ကြီးစီး၍ ရောက်ရှိ
လေ၏။

ဦးဘိုးစမှာ ထိုသတင်းကို ကြားသိလိုက်ရသည်နှင့် တစ်ပြိုင်န
အသက်မရှူနိုင်လောက်အောင် ရှိသွားလေ၏။

ထို့နောက် ဦးဘိုးစလည်း ၎င်းတို့၏ ဆွေးနွေးတိုင်ပင်ရာတွင်
ရောက်ပါဝင်ကာ ပူပန်သောကမကင်းသော အမှုအရာများကို ပြလေ
မိမိအိမ်မှ ထွက်လာစဉ်က ချစ်ထွေး ပြန်မရောက်သေးသည့်အတွက် ဘာ
မသိခဲ့ရသေး။ ခေါ်လည်း မခေါ်ခဲ့ရ။

ချစ်ထွေးသည် ခင်လေးမြင့်၏စာကို ရရှိဦးမည် မဟုတ်သေ
ကြောင့် ထိုအကြောင်းကို မသိရသေးသဖြင့် လိုက်လာလေမည်ဖြစ်ရာ
သားအား ထိုသတင်း မည်သို့ပြုလုပ် နားဖောက်ရပါမည်နည်းဟု ဦးဘိုးစ
အကြံအိုက်၍ နေလေတော့၏။

ထိုမျှမကသေး ဆက်လက်တွေးတောစရာများ ပေါ်လာပြန်
၏။ ဤကိစ္စတွင် အရပ်ထဲမှ ဂုဏ်သရေရှိ လူကြီးများကို ဖိတ်ကြားထား
မကြာမီထိုလူတို့ ရောက်လာကြလိမ့်မည်။ထိုသို့ ရောက်၍လာကြရာတွ
သူတို့သမီးလောင်းက ဘာကြောင့် အတွေ့မခံသည်ကို ရှင်းလင်းပြောပြ
လိုလေရာ မည်သို့ ပြောဆိုရှင်းလင်းရပါမည်နည်းဟု အရေးကြီးလှသ
ပြဿနာကြီးနှင့်လည်း ရင်ဆိုင်တွေ့နေရလေ၏။



'ထမင်းမစားဘူးတဲ့ ဆင်းကို မလာဘူး ပြောတယ်' ဟု ဒေါ်မြခင်က ဆိုသဖြင့် ဦးကျော်ဟန်က 'ဒီလိုဆိုရင်လည်း ညှိသည်တွေလာရင် နေမကောင်းဘူး ခေါင်းကိုက်နေတယ်လို့ ပြောလိုက်တာပေါ့' ဟု ဆိုလိုက်သောကြောင့် ဒေါ်မြခင်က 'ရှင် အေးအေးနေစမ်းပါ' ဟု ပြောလိုက်သောကြောင့် ဦးကျော်ဟန်မှာ ငြိမ်သက်၍ နေလိုက်ရလေ၏။

'နေဦး နေဦး၊ ငါ သွားအကျိုးအကြောင်း ပြောပြီးတော့ ခေါ်ခဲ့မယ်' ဟု ဦးဘိုးစက မိမိနှမဖြစ်သူအား ပြောပြကာ ခင်လေးမြင့်အားခေါ်ရန် အိမ်ပေါ်သို့ တက်သွားလေ၏။

'ကိုရင်သွားလည်း အလကားပဲ သွားမနေနဲ့၊ သူ့အခန်းကို တံခါးပိတ်ထားတာ' ဟု ဒေါ်မြခင်က ပြောပြလိုက်သည့်တိုင်အောင် ဦးဘိုးစလည်း ဆက်လက်၍ တက်သွားလေ၏။

ဦးဘိုးစ ပျောက်ကွယ်သွားပြီးနောက် ငြိမ်သက်လျက် ရှိကြလေ၏။ အောက်ထပ်ရှိ အခန်းတွင်းမှာမူ ရင်တဖိုဖိုနှင့် တိတ်ဆိတ်ငြိမ်သက်လျက် ရှိကြလေ၏။ ဒေါ်မြခင်မှာ ကုလားထိုင်ပေါ်တွင် အသက်မရှူနိုင်ပဲ ထိုင်ကာ တစ်ကိုယ်လုံး တင်းမာလျက် ရှိလေ၏။ ဒိုးဖြူမှာကား ကြမ်းပြင်ပေါ်တွင် ငြိမ်လျက် အိပ်နေလေ၏။ ဦးကျော်ဟန်မှာ စိတ်အိုက်ခြင်းကို မခံနိုင်သကဲ့သို့ ပြတင်းပေါက်ဆီသို့ ထသွားကာ ပြတင်းပေါက်ကို ဖွင့်ပြီး ခြံကြီးထဲသို့ စိုက်၍ ကြည့်နေလေ၏။

ခြံထဲရှိ သစ်ပင်ပန်းမန်တို့မှာ တဖိတ်ဖိတ် တောက်ပြောင်လျက် ရှိသော ကြယ်များ၏ အရောင်အောက်တွင် ငြိမ်သက်အေးချမ်းစွာ အိပ်ပျော်နေသကဲ့သို့ ရှိကြလေ၏။

ထို့နောက် အိမ်ကြီးပေါ်မှ ဆင်းလာသော ခြေသံများကို ကြားပြီးလျှင် ဦးဘိုးစမှာ အသက်ရှူ မမှန်တော့ဘဲ မျက်နှာနီရဲ၍ လာသည်ကို တွေ့ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကလေးမဟာ စိတ်များပဲ နောက်နေရော့သလား မသိဘူး၊ ညှော် သည်တွေ လာရင်သာ တစ်ခုခုအကြောင်းရှာပြီး ပြောမှ' ဟု ဦးဘိုးစက ပြောပြပြီးလျှင် 'ခေါင်းကိုက်နေတယ်လို့ ပြောပြကြစို့' ဟု ဆိုလေ၏။

'အဲဒါပဲ အကောင်းဆုံးပါပဲ'

ဒေါ်မြခင်က ပြောလိုက်သည့်အတွက် ဦးကျော်ဟန်သည် မိမိဇနီး အားမျက်စောင်းထိုး ကြည့်မိလျက် မိမိပြောစဉ်ကမူ ဟန့်တား မာန်မဲပြီး၊ ယခု ဦးဘိုးစ ပြောရာတွင် အကောင်းဆုံးဟူ၍ ထိုအကြံကိုပင် ထောက်ခံ နေသောကြောင့် မကျေမနပ် ဖြစ်မိလေ၏။

ထိုအချိန်တွင် ပြည်လမ်းရှိ ဦးဘိုးစ၏ တိုက်ကြီးရှေ့သို့ တက္ကစီ ကားတစီး ဆိုက်ရပ်လိုက်ပြီးလျှင် ကားပေါ်မှ လူတစ်ယောက် ဆင်းလာကာ 'ဘစိန် မင်း ကားထဲမှာပဲ နေရစ်ခဲ့၊ ငါကိုယ်တိုင်သွားပြီး ရင်ဆိုင်မယ်' ဟု ဆိုလေ၏။

ဘစိန်မှာ မိမိနှင့်ဆိုင်သော အလုပ်တွင် အဘယ့်ကြောင့် ဝေလင်း က ဝင်၍တွင်ကျယ်နေပါသနည်းဟု ဝေခွဲမရသကဲ့သို့ ကြည့်နေပြီးမှ 'ငါ့ကိစ္စ၊ ငါပြောပါရစေကွာ၊ မင်းနဲ့ ဖြစ်မလား' ဟု ဆိုလိုက်လေ၏။

'မင်းက ငါ့ကို အထင်သေးနေတာလား၊ မင်းဆိုရင် လိပ်ပတ်လည် အောင် ပြောတတ်မှာ မဟုတ်လို့ ငါ ပြောမလို့ပါ' ဟုဆိုကာ အိမ်ဝင်းထဲသို့ ဝင်သွားသောကြောင့် ဘစိန်မှာ ကားထဲတွင်ပင် နေရစ်ခဲ့ရလေ၏။

ခေတ္တမျှကြာသောအခါ ဝေလင်း ပြန်၍ရောက်လာသည်ကို ဘစိန် တွေ့ရလေသည်။ 'မင်းအထဲမှ မရောက်သေးဘူး ပြန်လာတယ်၊ ဒီလို အဖြစ် မရှိဘဲနဲ့လဲကွာ မင်း နေရစ်ခဲ့ပါ၊ ငါ သွားပါ့မယ်' ဟု ဆီး၍ ဆိုလိုက်လေ၏။

'မင်း အေးအေးနေပါကွာ၊ ငါ ဒီလူ့နာမည်မေ့လို့. .'

'ချစ်ထွေးတဲ့ကွာ၊ ဒါပေမယ့်. . . .'

'တော်ပြီ၊ တော်ပြီ ဒါပေမယ့် လုပ်မနေနဲ့'



ဝေလင်းသည် လျှင်မြန်စွာ ပြန်၍လှည့်သွားပြီးနောက် အိမ်ထဲသို့ တောက်လျှောက် ဝင်ရောက်၍ သွားလေ၏။

'ဘယ်သူ့ကို တွေ့ချင်လို့ပါသလဲ'

အစေခံတစ်ယောက်က ဆီး၍ မေးလေ၏။

'ကိုချစ်ထွေးကို တွေ့ချင်လို့ပါ'

'အခုလေးပဲ ထွက်သွားတယ် မတွေ့လိုက်ဘူးလား'

'ဟင့်အင်း မတွေ့ပါလား၊ အခုပဲ ကျုပ်လည်း အိမ်ထဲဝင်လာတာ'

'ဒါဖြင့် ဘယ်နေရာမှာ လွဲသွားပါလိမ့်မလဲ မသိဘူး၊ အပြင်မှာ ကြည့်ပါအုံး'

ဝေလင်းသည် အပြင်သို့ ပြန်၍ထွက်ခဲ့ရာ ဘစိန်ထံသို့သာလျှင် ပြန်လည်ရောက်ရှိ၍ ချစ်ထွေးကိုကား မတွေ့ရဘဲ ရှိလေ၏။ သို့ရာတွင် ဘစိန်သည် သတင်းကောင်းတစ်ခု ရရှိသော အမူအရာမျိုးဖြင့် 'မင်းမတွေ့ခဲ့ ဘူး မဟုတ်လား' ဟု မေးလိုက်လေ၏။ ဝေလင်းမှာ ပြန်၍မပြောနိုင်ဘဲ ရှိနေလေ၏။

'အခုလေးပဲ လူတစ်ယောက် ထွက်လာပြီးတော့ ငါ့ကားပေါ်ကို တက်မလို့ လုပ်လိုက်တယ်'

'ချစ်ထွေးပဲလား'

'အစစ်ပေါ့ ကားထဲဝင်မယ် လုပ်ပြီးတော့မှ သူလည်း ငါ့ကိုမြင်ပြီး ငါမှန်း သိတာနဲ့ တခါတည်း လစ်ပြေးတော့တာပဲ' ဟု ဘစိန်က ပြောပြီးလျှင် 'ဟော ဟော ဟိုမှာ လစ်ပြေးပြီ၊ လာ လာ ကားပေါ်တက်' ဟု ဆွဲခေါ်လိုက် လေ၏။

ခပ်လှမ်းလှမ်း၌ ရောက်ရှိနေသော ချစ်ထွေးသည် အလွတ်မောင်း လာသော တက္ကစီကားတစ်စီးကို လက်ပြ၍ ရပ်ပြီးလျှင် လျှင်မြန်စွာ မောင်း နှင်ခိုင်း၍ ထွက်ပြေးလေရာ ယို့အခြင်းအရာကို မြင်လိုက်ရသော ဝေလင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့၏ ကိစ္စသည် ရိုးရိုးတန်းတန်း မဟုတ်ဘဲသကဲ့သို့ စိတ်ထဲတွင် မှတ်ထင်လိုက်မိ၏။ ထိုအထဲ ဘစိန်က ကားပေါ်သို့ အရေးတကြီး ဆွဲတင်လိုက်ပြန်ရာသာ၍စိတ်လှုပ်ရှားသွားပြီးလျှင် မိမိတို့၏ ကားကိုလည်း အလျှင်အမြန်မောင်း၍ လိုက်ခိုင်းရလေ၏။

လူစိမ်းတစ်ယောက်အား သွားရောက်တွေ့ဆုံကာ မှားယွင်းနေသော အကြောင်းအရာတစ်ခုကို ပြုပြင်ခိုင်းရန်အလုပ်မှာ အလုပ်တစ်မျိုးဖြစ်၍ ကျယ်ဝန်းသော လမ်းမကြီးပေါ်တွင် ကားတစ်စီးနှင့်တစ်စီး အပြေးအလွှားလိုက်နေကြသည့် ကိစ္စမှာ တစ်မျိုးဖြစ်၏။ ထိုကိစ္စမှာ လူဆိုးကိုဖမ်းရန် ၎င်းနောက်မှ စုံထောက်များ ထပ်ကြပ်မကွာ လိုက်နေသည်နှင့် မခြားတော့ပေ။ သို့ရာတွင် မမိ မိအောင် လိုက်မည်ဟူသော ဇောသည်ကား ထက်သန်၍နေရကား ထိုအကြောင်းကို ခွဲခြား၍ မစဉ်းစားနိုင်ကြချေ။

ချစ်ထွေးမှာကား အိမ်ကထွက်၍ ကားပေါ်သို့ တက်မည်အလုပ်တွင် ဘစိန်နှင့် ရင်ဆိုင်တိုးခြင်းကြောင့် လန့်ဖြန့်၍သွားကာ မိမိနှင့် မသိသူတစ်ဦးသည် မိမိအား လိုက်၍နေလျက် ရှိသေးသည်ဟူသော အတွေးဖြင့်ထိတ်လန့်မိသော်လည်း ကားပေါ်သို့ရောက်၍ လွတ်လာမိသောအခါ မိမိနောက်သို့ လိုက်၍လာလိမ့်မည်ဟု လုံးဝ မထင်မြင်ဘဲ ရှိနေ၏။ သို့ဖြစ်ခြင်းကြောင့် မော်တော်ကားသည် ကန်တိုမင်သို့ရောက်၍ ထိုအရပ်ထဲသို့ ကွေ့မောင်းလျက် နယူးလင်းလမ်းရှိ ဦးကျော်ဟန်၏ အိမ်ရှေ့၌ ရပ်လိုက်မိသောအခါ နောက်သို့ လှည့်၍မျှ မကြည့်တော့ဘဲ ကားပေါ်မှဆင်း၍ ပိုက်ဆံပေးပြီးအိမ်ရှေ့တံခါးရှိ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်လေ၏။

ထိုသို့ ချစ်ထွေးသည် တံခါးဖွင့်ပေးရန် စောင့်စားနေခိုက် အိမ်ထဲသို့ဝင်သော လမ်းပေါ်သို့ ကျောက်စလစ်ခဲလေးများကို နင်း၍လာသော အသံကိုကြားရသဖြင့် လှည့်ကြည့်လိုက်ရာ တက္ကစီတစ်စီး ဖြစ်နေသည်ကို တွေ့ရလေ၏။ ထိုသို့ တွေ့ရခြင်းအားဖြင့် အနည်းငယ် စိတ်ခြောက်ခြားသွားသော်



...ည်း ညစာစားရန်အတွက် ဖိတ်ကြားထားသော ဧည့်သည်များထဲက ...စ်ယောက်ယောက် ဖြစ်ကောင်း ဖြစ်မည်ဟု တွေးတောမျှော်မြင်မိလေ၏။

သို့ရာတွင် ကားရပ်လိုက်ပြီး တံခါးတစ်ဘက်မှ ဝေလင်း ဖွင့်...ွက်လာလျက် တံခါးတစ်ဘက်မှ ဘစိန် ထွက်လာသည်ကို တွေ့ရသောအခါ ...သက်ထားစရာ မရှိလှအောင် မျက်လုံးပြူး၍ သွားလေတော့၏။ ချစ်ထွေး...ာ ဝေလင်းကို တစ်ခါမှ မတွေ့ဘူးသော်လည်း ၎င်းကို ယခုတွေ့လိုက်ရာတွင် ...င်းကြောင့် ပို၍ကြောက်ရွံ့မိလေ၏။ အကြောင်းမူကား ဝေလင်းမှာ ...ာလိပ်ဆယ့်တစ်ယောက်အသင်းတွင် ပါဝင်ကစားခဲ့သော ဘောလုံးသမား ...စ်ခဲ့သည့်အလျောက် ကိုယ်လုံးကိုယ်ထည်မှာ ဘစိန်ထက် ထွားကြိုင်းသန်မာ ...သာကြောင့် ဖြစ်သည်။ အကယ်၍သာ ချစ်ထွေးသာလျှင် ဝေလင်း၏ ရည်...ယ်ချက်ကို သိမည်ဆိုလျှင် ဤသို့ကြောက်ရွံ့မိလိမ့်မည် မဟုတ်ပေ။

ဝေလင်းမှာ ရန်ရှာလို၍ လိုက်လာခြင်း မဟုတ်ဘဲ ဘစိန်နှင့်...ိုလျှင် လိုရာခရီးကိုမရောက်ဘဲ စကားများ ရန်ဖြစ်နေမည်ကို တွေးမိသော...ကြောင့် အေးရာအေးကြောင်း ရည်ရွယ်လျက် ကြားဝင်စေ့စပ်ရန် လာခဲ့ခြင်း ...စ်ပေ၏။ သူသည် သန့်ရှင်းသောစိတ်ဖြင့် ရဲတင်းစွာ ရှေ့မှနေ၍ လာခဲ့လေ...၏။ ချစ်ထွေးမှာ မိမိပို၍ ကြောက်ရွံ့မိသူက ရှေ့မှလာနေသည်ကို တွေ့ရ...လေရာ လူချင်းယှဉ်ကြမည်ဆိုလျှင် မိမိမှာ အရေးနိမ့်ဖွယ်ရာမှ ဖြစ်ရကား ...မိက လက်ဦးလျှင် ခံနိုင်သလောက် ခံနိုင်လိမ့်မည်ဟု နှလုံးပြုကာ အိမ်တံခါးလည်းအဖွင့် ဝေလင်းအနီးသို့ အရောက်တွင် လက်ထဲ၌ ပါလာသော ...တ်ကောက်ဖြင့် ဝေလင်း၏ခေါင်းကို ခေါက်လိုက်လေ၏။

ချစ်ထွေးမှာ အယ်ဒီတာအဖြစ်ကို ခံယူရသည့်နေ့မှစ၍ အသက်...ားရန်ကို ကာကွယ်ရန်အတွက် အပြင်သို့ထွက်သည့်အခါတိုင်း တုတ်...ောက်တစ်ချောင်း အမြဲလက်ကိုင်ထားလျက်ရှိရာ ယခုအကြိမ်သည် ...ုတ်ကောက်ကို ပထမဦးဆုံး အသုံးချခြင်း ဖြစ်ပေ၏။ သို့ရာတွင် ခြောက်

www.burmeseclassic.com

www.burmeseclassic.com



ကန်ကန်၍ ရိုက်နှက်လိုက်မိခြင်း ဖြစ်ရကား အရှိန်မှာ အလွန်မြင့်၍သွားသဖြင့် ဝေလင်းမှာ ကားယားကြီး ထိုးစိုက်ကျလျက် နောက်မှပြေးလာသော ဘစိန်က ဝင်တိုက်မိပြီး နှစ်ယောက်သား ထပ်၍လဲကျလေ၏။ ထိုအချိန်တွင် ချစ်ထွေးသည် လျင်မြန်စွာ အိမ်ထဲသို့ ဝင်၍ပြေးပြီး တံခါးကို ပြန်၍ ပိတ်လိုက်လေ၏။

ဝေလင်းသည် အရိုက်ခံရသဖြင့် မူးမိုက်ပြီး လဲကျသွားလေရာ ကုန်း၍ထသောအခါတွင် တစ်ကမ္ဘာလုံး၌ တစ်ခုတည်းသော ရည်ရွယ်ချက်သာလျှင် ခေါင်းထဲ၌ ဖြစ်ပေါ်မိလေ၏။ လွန်ခဲ့သည့်အခါက ဝေလင်းသည် လေလွင့်တေပေနေခြင်းကို စွန့်ပယ်ရန် ဆုံးဖြတ်လိုက်၏။ လက်ဖက်ခြောက်သူဌေးကြီး အဖြစ်သို့ ရောက်ရှိနိုင်ရန် အဓိဋ္ဌာန်ပြုမိ၏။ ကိုစံဖေအား ဘူးပေါ်သလို ပေါ်စေရန် ပြုလုပ်မည်ဟု နှလုံးပြုခဲ့၏။ မစိန်းနုနှင့် လက်ထပ်ပေါင်းသင်းနိုင်ရန်ကိုလည်း ရည်ရွယ်မိ၏။ ယခုမူ ထိုအကြံအားလုံးတို့သည် ချစ်ထွေး၏ တုတ်တစ်ချက် အရိုက်ခံရခြင်းဖြင့် ဦးနှောက်အတွင်းမှ လွင့်စင် ပြေကျကာ ချစ်ထွေး၏ အသွေးအသားကို သောက်လိုသော စိတ်သာလျှင် ဖြစ်မိ၏။ သို့ဖြစ်၍ အတင်းဝင်ပြီး လိုက်မည်ပြုရာတွင် တံခါးပိတ်ထားသည်ကို တွေ့ရသောကြောင့် ကိုယ်စောင်းတိုက်၍ တွန်းဖွင့်လေ၏။

'ဟေ့ ဝေလင်း ဘယ်လို လုပ်နေတာလဲ'

'မင်း အသာနေစမ်း၊ ကားထဲမှာ အေးအေးသွားပြီး ထိုင်နေချေ၊ ဒီကိစ္စကို ငါနဲ့ပဲ ပြီးရမယ်'

တင်းမာစွာ ပြောလိုက်သော ဝေလင်း၏စကားသည် ဘစိန်အား နောက်ထပ် မဟာရဲလောက်အောင် ရှိစေလေ၏။ ဝေလင်းမှာ မွန်ထူ၍နေရကား ချစ်ထွေးကိုမှ လက်စားမချေရလျှင် အနီးတွင် ရှိနေသူကို ကိုက်စားပစ်ချင်လိုစိတ်မျိုး ဖြစ်ပွားနေလေတော့၏။

ထိုသို့ရှိရာတွင် အစေခံသက်ပြင်းသည် အပြင်ဘက်မှ တဝုန်းဝုန်း



လုပ်နေသည့်အတွက် အပြင်မှလူကို မောင်းမဲ့နှင်ထုတ်မည်ဟူသော အကြံဖြင့် တံခါးကို ဖွင့်လိုက်လေ၏။ ထိုသို့ဖွင့်ရာတွင် လူကိုမတွေ့ရဘဲ လေမုန်တိုင်း တိုက်ခတ်ဝင်ရောက်သကဲ့သို့ တွေ့လိုက်ရလေ၏။ အကြောင်းမူကား ဝေလင်းသည် တံခါးပွင့်လာသည်ကို တွေ့ရသည်နှင့်တစ်ပြိုင်နက် အပြင်းအထန် ကန်ကြောက်ဝင်ပြေးလေရာ သက်ပြင်းမှာ ဘေးသို့အနည်းငယ် တိမ်းရှောင်ပေးလိုက်မိသည့်အတွက်ကြောင့်သာ လူမုန်တိုင်း၏ ထိခိုက်ခြင်းမှ သက်သာရာရသွားလေ၏။

'ဟေ့. . . ဟေ့'

သက်ပြင်းသည် ရပ်ရန်တားမြစ်လိုက်သော်လည်း ဝေလင်းသည် အရေးစိုက်၍မနေဘဲ ညှော်ခံသည့် အခန်းထဲသို့ တရှိန်ထိုး ဝင်ပြေးလေတော့၏။

အခန်းထဲ၌ကား ယောကျ်ား မိန်းမများ အတော်ကလေး များပြားစွာ ရှိနေကြလေ၏။ ဝတ်လုံဦးဘသောင်းနှင့် ဦးဘိုးစတို့မှာ နိုင်ငံရေး ဆွေးနွေးနေကြလေ၏။ ဦးကျော်ဝင်းနှင့် ဦးကျော်ဟန်တို့သည် မိုးလေဝသစကားကို ပြောနေကြပြီး ဒေါ်မြခင်နှင့် ညှော်သည်တစ်ဦးတို့၏ ဇနီးနှင့်တူသူမှာ၊ တိတ်တိတ်ပုန်း လင်ငယ်နေနေသော မြို့အုပ်ကတော် တစ်ယောက်အကြောင်းကို ပြောဆိုနေကြလေ၏။ ချစ်ထွေးမှာမူ ပစ်ပယ်၍ ထားခံရသော သူတစ်ယောက်ကဲ့သို့ ပြတင်းပေါက်တွင် တစ်ယောက်တည်းသွား၍ ရပ်နေရာ တုန်ရီလှုပ်ရှားနေသည့်စိတ်ကို ငြိမ်သက်စေရန် ကြိုးစား၍ နေရလေတော့၏။

အပြင်ဘက်မှဆောင့်ကန် တိုက်ခတ်၍ဝင်လာသော လူမုန်တိုင်းသည် ထိုအခန်းထဲသို့ ရောက်လာလေ၏။ ချစ်ထွေးသည် အခြားသူများနှင့် အတူ အခန်းဝသို့ ကြည့်လိုက်ရာ ရှုးရှုးရှဲရှဲနှင့် ဝင်လာသော ဝေလင်းကို တွေ့ရသည်တွင် မဆိုင်းမတွ လွတ်ပေါက်ကို ရှာလေ၏။ ထိုနေ့အဖို့ ချစ်ထွေးမှာ မိမိ၏နောက်သို့ လိုက်နေသော ရန်သူထံမှ ကင်းလွတ်ရန် ခြေခံ့ရသည်

www.burmeseclassic.com

www.burmeseclassic.com



မှာ ယခုပါနှင့်ဆိုလျှင် (၄) ကြိမ်ရှိပြီ ဖြစ်၏။ သို့ရာတွင် ထိုလေးကြိမ်နှင့် ယခုအကြိမ် နှိုင်းစာလိုက်သောအခါ ယခင်က ပြေးခဲ့ခြင်းတို့သည် ခွေးပြေးသလောက်မှ မမြန်ဟု ထင်မြင်စရာ ရှိပေ၏။ ယခု ချစ်ထွေးသည် ပြတင်းပေါက်မှ ခုန်လွှားထွက်ပြေးသည်မှာ ယခင်စံချိန်များကို ချိုးကာ အမြောက်နှင့် ပစ်လိုက်သလားဟု ထင်မှတ်စရာရှိလျက် ဝေလင်းသည်လည်း ၎င်းကဲ့သို့ လျှင်မြန်စွာ လိုက်ပါသွားလေ၏။

❑

နုနယ်ပျိုရွယ်သော သူတို့အား ပြုပြင်ရသည့် အလုပ်သည် အလွန်အဖိုးထိုက်တန်၍ နုနယ်သော ကြွေထည်ကို ကိုင်တွယ်ရသကဲ့သို့ များစွာစဉ်းစား ဂရုထား၍ လုပ်ရန်လိုလေသည်။ တစ်ခါတစ်ရံတွင် လွန်စွာစည်းကမ်းသေဝပ်၍ သိမ်မွေ့လှသော သူတို့ပင်လျှင် အခက်အခဲကြီးတစ်ခုကို ပေးတတ်လေရာ ၎င်းတို့အား ကိုယ်ချင်းစာနာစွာ ပြုစုရန်နှင့် ၎င်းတို့၏ မာတ်ကြောကိုသိကာ ချော့မော့ဖျောင်းဖျ၍ ပရိယာယ်ကို သုံးတတ်ရန် လိုပေသည်။

ဒေါ်မြခင်သည် ထိုသို့ ချော့မော့ဖျောင်းဖျတတ်ခြင်းမရှိ၊ ခင်လေးမြင့်က ချစ်ထွေးအား ဖြတ်လိုက်ပြီဟု ပြောဆိုရာတွင် အေးချမ်းငြိမ်သက်စွာဖြင့် စေ့စပ်ခြင်းပြုနိုင်သော မိမိ၏ခင်ပွန်းဖြစ်သူ ဦးကျော်ဟန်အား ထိုကိစ္စတွင် ဝင်ရောက်ဆောင်ရွက်ခွင့် မပေးခဲ့ချေ။ မိမိ၏ သဘောအတိုင်း နိုင်လိုမင်းထက် ပြောဆိုပြုမူခြင်းအားဖြင့် ခင်လေးမြင့်၏ စိတ်ကို ပို၍ခက်ထန်လာစေရန် ဖန်တီးလျက်ရှိလေ၏။ ထိုသို့ ခင်လေးမြင့်၏ ဆုံးဖြတ်ချက်သည် ပို၍ခိုင်မာလာလေရာ အိမ်အောက်တွင် ဝေလင်းနှင့် ချစ်ထွေးတို့ သေရေးရှင်ရေး ဇာတ်ခင်းနေသည့် အချိန်၌ မိမိ၏ အခန်းအတွင်းရှိ ကုတင်ပေါ်၌ ထိုင်ကာ မိမိရှေ့ရေးအတွက် မည်သို့ပြုလုပ်ရန်ကို အကြံထုတ်၍ နေမိလေ၏။

ခင်လေးမြင့်မှာ ယခုအခြေအနေတိုင်းဆိုလျှင် ဤအိမ်တွင် ကြာ



ရှည်လေးမြင့်စွာ နေထိုင်၍ ဖြစ်နိုင်တော့မည် မဟုတ်သည်ကို စဉ်းစားနေမိလေ၏။ ယခုတညတွင်သာ မိမိသည် အခန်းတံခါးကို အတင်းပိတ်၍ ထားလိုက်သည့်အတွက် အပြောအဆိုများကို မကြားရသော်လည်း နောက်နေ့နောက်နေ့များတွင် ဆူပူမြည်တွန်တောက်တီးခြင်း၊ စိတ်မချမ်းသာစရာ ဖန်တီးခြင်းတို့ကို နေ့နှင့်အမျှ ကာလအပိုင်းအခြား မရှိဘဲ ခံစားနေရတော့မည်မှာ မလွဲပင်ဖြစ်သည်ကို သိရှိနားလည်မိတော့လေ၏။ ထိုသို့ ဆူပူညှင်းဆဲခြင်းတို့မှာ ချစ်ထွေးအား ယူမှသာလျှင် အေးတော့မည် ဖြစ်၏။ သို့သော် ယခုအချိန်အခါတွင်ကား ချစ်ထွေးအား လက်ထပ်ဖို့ရန်ကို စိတ်ကူးမျှပင် မဆည့်ဆိုတော့သည် ဖြစ်လေ၏။ ခင်လေးမြင့်သည် မိမိအား ချစ်ထွေးက လမ်းလယ်ခေါင်တွင် ပစ်ထားရစ်ကာ ယောကျ်ား မပီသသော အမူအယာမျိုးဖြင့် ထွက်ပြေးခြင်းကို မည်သည့်နည်းနှင့်မျှ ခွင့်မလွှတ်နိုင်ဘဲ ရှိလေ၏။

အမှန်အားဖြင့် မိမိသည် ချစ်ထွေးအား မေတ္တာရှိ၍ လက်ထပ်ရန် ကတိပေးခဲ့ခြင်း မဟုတ်ပေ။ ဝေလင်းကိုသာ မိမိက မေတ္တာရှိမိသော်လည်း မျှော်လင့်ခြင်း ကင်းမဲ့ခြင်းကြောင့်သာလျှင် ချစ်ထွေး၏ မေတ္တာကို လက်ခံလိုက်မိခြင်း ဖြစ်၏။ ထို့အပြင် ဝေလင်းအား တွေးလိုက်ပြန်သောအခါ ဝေလင်းသည် မိမိအပေါ်မှာ မေတ္တာမရှိဘဲ ပြင်ဦးလွင်တွင် ကျန်ရစ်သူကလေးအပေါ်၌သာ ချစ်ကြိုက်လျက်ရှိနေသဖြင့် မိမိအား ဤအခက်အခဲမှ ကယ်တင်နိုင်လိမ့်မည် မဟုတ်ဟု တွေးမိလေ၏။

သို့ဖြစ်ရကား မိမိသည် မည်သူ့ကိုမျှ အားကိုး၍မနေတော့ဘဲ မိမိတစ်ကိုယ်တည်းသာလျှင် လွတ်ရာသို့ ပြေးတော့မည်ဟု နှလုံးပြုလိုက်မိ၏။ သို့ဖြင့် နေ့လည်က မအေးမိအတွက် ရည်ရွယ်၍ မိမိပေါင်နှံ ရရှိထားသော ငွေများကို ထုတ်၍ ကြည့်လေ၏။ ခင်လေးမြင့်သည် ထိုငွေများကို ရေတွက်ကြည့်ပြီးသော် အတော်ပင်အားရ ကျေနပ်၍သွားလေ၏။ ထိုငွေသည် မိမိအား အတော်အတန် ခရီးရောက်အောင် ပို့ဆောင်နိုင်လိမ့်မည်ဟု တွေးချက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိလေ၏။ အကယ်၍ ထိုငွေကုန်သွားပြန်လျှင်လည်း မိမိတွင် လက်ဝတ်လက်စားများ ရှိသေးသဖြင့် နောက်ထပ်စဉ်းစား၍ မနေတော့ဘဲ မိမိ၏အကြံကို ယခုညဥ့်တွင်းချင်းပင် အောင်မြင်အောင် ပြုလုပ်ရန် ဆုံးဖြတ်လိုက်လေ၏။

ထိုသို့ ဆုံးဖြတ်မိသည့်တိုင် အိမ်မှပြေးရန် နည်းလမ်းကို စဉ်းစားရာတွင် ရုပ်ရှင်ဇာတ်ကားများ၌ ပြုလုပ်ပုံကို တွေးမိလျက် စာကလေးတစ်စောင်ရေး၍ ခေါင်းအုံးတွင် ချိတ်နှင့်တွယ်ထားလိုက်ပြီး အရေးတကြီး လိုအပ်သောအဝတ်အစားများကို လက်ဆွဲသားရေသေတ္တာ တစ်ခုထဲတွင် ထည့်သွင်းပြီးနောက် တကာယ်စွန့်စားထွက်ခွာပြေးဖို့ လမ်းစကို ကြည့်ရှုရန် အခန်းဘေးဘက် ပြတင်းပေါက်ကို ဖွင့်လိုက်လေ၏။

ထိုသို့ ဖွင့်ရာတွင် ဆူဆူညံညံ အသံများသည် ခြံထဲမှ ပျံ့ဝဲ၍ ထွက်လာသည်ကို ကြားရသဖြင့် အံ့အားသင့်ကာ အသံလာရာသို့ ကြည့်နေမိလေ၏။ ခင်လေးမြင့်မှာ ဤအသက်အရွယ်သို့ ရောက်သည့်တိုင်အောင် ဤအရပ်ဤနေရာတွင် ဆူဆူညံညံ ဟူ၍ တစ်ခါမျှ ဖြစ်ဘူးသည်ကို မတွေ့ရသောကြောင့် အထူးစိတ်ဝင်စားစွာဖြင့် မဲမဲနှင့် မှောင်မှောင်သာ မြင်ရသောလူသဏ္ဍာန်များသည် မြက်ခင်းပေါ်တွင် အပြေးအလွှား ဖြစ်နေကြသည်ကိုတွေ့ရသည့်အပြင် ဦးဘိုးစ၏ ကျယ်လောင်ကျယ်လောင် အသံနှင့် တစ်ဦးတစ်ယောက်အား ပုလိပ်ကို သွား၍ခေါ်ခိုင်းသည်ကို ကြားရလေ၏။

ခင်လေးမြင့်သည် ထိုသို့ တွေ့မြင်နေရခြင်းဖြင့် မိမိ၏ ဒုက္ခတို့ကိုပင် မေ့ပျောက်၍သွားကာ ပို၍စူးစိုက်စွာ ကြည့်နေရာ တစ်ခါတစ်ရံ မိမိရပ်ကြည့်နေသော ပြကင်းပေါက်အောက်ရှိ ပန်းနွယ်များတက်နိုင်ရန် ပြုလုပ်ထားသော ပေါင်းကူးပန်းစင်ကလေးဖြင့် ကွယ်၍ကွယ်၍ နေသည်ကို တွေ့ရလေ၏။ တစ်ခါတစ်ရံလည်း ထိုပန်းစင်အောက်သို့ လူသဏ္ဍာန်များရောက်လာပြီးပြန်လည်ပျောက်ကွယ်သွားသည်ကို တွေ့ရလေ၏။ သို့ဖြစ်ရာ မည်ကဲ့သို့အရေးတော်ပုံ ဆိုက်၍နေကြလေရော့သနည်းဟု ဝေခွဲမရ ရှိလေ၏။အသံများသည် တဖြည်းဖြည်း ကျယ်လာသည်သာမက ပြေးလွှားနေကြသည်မှာပြေးသည်ဟုပင်မထင် ခုန်ပေါက်နေကြသလားဟု အောက်မေ့ရ၏။ ထိုခဏတွင်ပင် ကြီးမားသော အသံကြီးဖြင့် ဘွမ်းကနဲ ရေထဲသို့ လိမ့်ကျသွားသည်ကိုကြားရလေရာ ခင်လေးမြင့်၏ စိတ်ထဲတွင် ဦးဘိုးစကြီး ဖြစ်ပါစေဟု ဆုတောင်းမိရှာလေ၏။



ထိုသို့ ဆုတောင်းမိသည့်အတိုင်း 'ဦးဘိုးစကြီး ကျသွားပြီ၊ ဦးဘိုးစကြီး ကျသွားပြီ' ဟူသော အသံများကို ကြားရပြီးနောက် လိုက်လံပြေးလွှားခြင်းများ ရပ်၍သွားလေ၏။ ခင်လေးမြင့်မှာ ဝမ်းသာမိကာ ဆယ်၍မရပါစေနှင့်ပင် ထပ်မံ၍ ဆုတောင်းလိုက်မိ၏။ သို့သော် ထိုဆုတောင်းအတိုင်းမအောင်မြင်ဘဲ ရေထဲမှ ဦးဘိုးစကို ဆယ်ယူ၍ ရပြီးလျှင် ၎င်းတို့ လိုက်လံနေသူကိုလည်း ဘယ်နေရာတွင်မှ မမြင်ရတော့သောကြောင့် ဦးဘိုးစကိုသာစစ်ပွဲတွင် ဒဏ်ရာရသူကို တွဲထူလာကြသကဲ့သို့ အိမ်ထဲသို့ ဆွဲယူသွားကြလေ၏။

BURMESE CLASSIC .com

ထိုအခါ ခင်လေးမြင့်သည် တစ်နည်းအားဖြင့် ဝမ်းသာမိလေ၏။ အကြောင်းသော်ကား အိမ်တွင်းရှိ လူအားလုံးမှာ ဦးဘိုးစအတွက် အလုပ်များနေကြမည်ဖြစ်ပြီး မိမိထွက်ပြေးသည်ကို ဂရုစိုက်နိုင်ကြလိမ့်မည် မဟုတ်သည်ကို စဉ်းစားမိပြန်၏။ ထို့ပြင်လည်း ပေါင်းကူးပန်းစင်ကလေးသည် ပြတင်းပေါက်မှနေ၍ မိမိဆင်းနိုင်ရန် အဆင့်ကလေးသဖွယ် လာ၍ဖြစ်နေသည်ကိုတွေ့ရ၍ များစွာ အားရဝမ်းသာ ဖြစ်မိလေ၏။

ထိုသို့ စဉ်းစားမိလေသည်နှင့် တစ်ပြိုက်နက် ခင်လေးမြင့်သည် အိပ်ရာခင်းကို ယူ၍ဆွဲဆုတ်ကာ မိမိဆင်းနိုင်ရန်အတွက် ကြိုးလုပ်ပြီးလျှင် ဘုတင်တိုင်တွင် တစ်စကိုချီ၍ ပြတင်းပေါက်မှ ကြိုးတစ်စကို ထုတ်၍ အောက်သို့ချလိုက်လေ၏။

ခင်လေးမြင့်သည် မိမိတစ်သက်တွင် ဤမျှကြီးမားသော ခွန့်စား

www.burmeseclassic.com

www.burmeseclassic.com



ခြင်းမျိုးကို တစ်ခါမှ မပြုဘူးရကား ရင်ထဲတွင် တဒိတ်ဒိတ်ခုန်၍ မပြီးနိုင်
အရဲစွန့်၍သာလျှင် ပြုလုပ်တော့မည်ဟု နှလုံးပြုကာ သားရေအိတ်ကို ပန်း
ပေါ်သို့ ဦးစွာပစ်ချလိုက်ပြီး မိမိမူကား ထိုနောက်မှ ပြတင်းပေါက်ကို ကျေ
ကာ ကြိုးကို ကိုင်၍ ဆင်းခဲ့လေ၏။

ထိုသို့ တဖြည်းဖြည်း လျှောဆင်းလာရာက ပန်းစင်ပေါ်သို့ ခြေ
လိုက်ရာတွင် မဲမှောင်သော လူသဏ္ဍာန်တစ်ခုသည် သေနေရာမှ ထလာသ
သို့ ပန်းစင်ပေါ်တွင်ဝပ်၍ လဲနေရာက လျှင်မြန်စွာ ထလိုက်သည်ကို တွေ့
လေ၏။ ခင်လေးမြင့်မှာ ထိုသို့ တွေ့လိုက်ရခြင်းဖြင့် သရဲသဘက်ကို တွေ့
သကဲ့သို့ အော်လိုက်မည်ပြုမိ၏။ အပြင်မှ ထိုသို့အော်လိုက်ခြင်းအားဖြင့် အိ
ထဲရှိလူများ ထွက်လာကာ မိမိအား တွေ့ရှိသွားမည်ကို တွေးမိကာ ထိုအ
ကို ကြောက်ရွံ့မိသောကြောင့် ငြိမ်သက်၍ တွေတွေကြီး ကြည့်နေမိလေ

မိမိမြင်ရသည့် မဲမဲသဏ္ဍာန်မှာလည်း မိမိအား မြင်ရသဖြင့် ထိ
လန့်သွားသကဲ့သို့ ကြက်သေသေကာ မတုန်မလှုပ် ရှိနေသည်ကို တွေ့ရ
၏။ ထိုသို့ အတန်ကြာ တစ်ယောက်ကို တစ်ယောက် ကြည့်နေပြီးမှ
သဏ္ဍာန်ကြီးက စ၍ စကားပြောသံကို ကြားရလေ၏။

'ခင်. . . ခင်ဗျား. . ဘာ. . ဘာ. . ဘာလုပ်ဖို့ ကျွန်. . ကျွန်တေ

'ကျွန်မ သေတ္တာကလေး ကျသွားလို့ပါ'

'ဪ ကျွန်တော် ကူရှာပေးပါ့မယ်'

ယခုမှ ထိုသူလည်း ကြောက်ရွံ့စရာ မရှိသော မိန်းကလေး
ယောက်၏ အသံဖြစ်သည်ကို သိရှိကာ မီးခြစ်ကို ထုတ်၍ ခြစ်လိုက်လေ

မီးလင်းသွားသည်နှင့်. . . .

'ဟာ. . . ကိုဝေလင်း'

'ဟင်. . . မခင်လေး'

နှစ်ယောက်စလုံးမှာ ဝမ်းသာ၍သွားကြကာ ရုတ်တရက် 



ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ဘဲ ရှိကြလေ၏။

ထို့နောက်မှ ဝေလင်းက 'မခင်လေး ဘာလာလုပ်တာတုံး'

'ကျွန်မ. . ဒီမှာနေတယ်'

'နို့. . . . ဘာလို့ ဒီအပေါ်ကို ပြတင်းပေါက်ကနေ ဆင်းလာရသလဲ'

'အိမ်က ထွက်ပြေးမလို့'

'ဪ ပြေးမလို့လား'

'ဟုတ်ကဲ့၊ ရှင်ကော ဒီမှာ ဘာလာလုပ်နေတာလဲ'

ဝေလင်းမှာ မိမိ၏အကျိုးအကြောင်းကို ပြောပြရန် ရှည်လျားလှသဖြင့် ပြောနေလျှင် မိသွားမည်ကို စိုးရိမ်ကာ အတိုချုပ်ပင် 'လူတစ်ယောက် ကျုပ်ကိုရိုက်ပြီး အိမ်ထဲဝင်ပြေးလို့ သူ့နောက်ကို လိုက်လာတာ၊ ကျုပ်ကို သူတို့ ဝိုင်းလိုက်လို့၊ ဒီအပေါ်တက်ပြီး ပုန်းနေရတယ်' ဟု ဆိုလေ၏။

'ဘယ်သူက ရိုက်တာလဲ'

'ဟိုကောင်. . . ချစ်ထွေးဆိုတာ သူ့နာမည်က'

'ဪ ကျွန်မလည်း သူ့ကြောင့် ပြေးမလို့ပဲ၊ သူ့ကို လက်ထပ်ရမယ်တဲ့'

ဝေလင်းမှာ ရန်ကုန်တွင် ခင်လေးမြင့်နှင့် စတင်တွေ့ရှိရစဉ်က ပြင်ဦးလွင်မှာ တွေ့ရသကဲ့သို့ မဟုတ်ဘဲ၊ စိတ်ထား ပြောင်းလဲခဲ့သော်လည်း ယခုမူ ဤစကားကို ကြားရသောအခါ မိမိ၏ဦးခေါင်းကို တုတ်ကောက်ဖြင့် ရိုက်နှက်သွားသူနှင့်ကား ခင်လေးမြင့် တစ်သက်လုံး မပေါင်းသင်းစေရအောင် ကြိုးစားမည်ဟု နှလုံးပြုလိုက်မိလေ၏။

'ကဲ. . ဒါဖြင့် မခင်လေး အကြံအောင်မြင်အောင် ကျုပ်ဆောင်ကျဉ်းပေးပါ့မယ်၊ ဒါပေမယ့် အိမ်ရှေ့ကနေပြီးတော့ ပြေးလို့ မဖြစ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အစောင့်တစ်ယောက် ထားနေတယ်'

'ပြေးဖို့ အပေါက်ကတော့ ကျွန်မ သိတယ်၊ အိမ်ဘေးဘက် ပန်းခြံ စည်းရိုးအောက်က ခွေးတိုးတဲ့ အပေါက်တစ်ခု ရှိတယ်'

'ကဲ. . . ကျုပ် အောက်ကို ဆင်းနှင့်ပြီး ချီယူမယ်'

ဝေလင်းသည် ဦးစွာဆင်းနှင့်၍ သားရေသေတ္တာကို လှမ်းယူလိုက်ပြီးနောက် လျှော၍ဆင်းချလာသော ခင်လေးမြင့်အား ပွေ့ပိုက်ချီ၍ ချလိုက်လေ၏။

ထို့နောက် နှစ်ယောက်သား ကုန်းလျှိုးပုန်းကွယ်လျက် မြက်ခင်းကို ဖြတ်၍ အသာ အိမ်ဘေးခြံစည်းရိုးမှ ဖျူးဖျူးတစ်ခုကို မြင်ရသောကြောင့် ခင်လေးမြင့်သည် တွေဝေကြည့်ပြီး မကျယ်တကျယ် အသံတစ်ခုကို ပြုလိုက်လေ၏။

'ဒိုးဖြူ . . . မင်းကို မမ မခွဲရက်ပါကလားကွယ်'

'အို. . . ဒါလောက် ကိုယ်ချစ်တာ ဘာလို့ထားခဲ့မတုံး၊ ခေါ်ခဲ့လေ'

ခင်လေးမြင့်မှာ ဝေလင်းသည် မိမိကိုလည်း ကယ်ဆယ်ရသည့်အပြင်၊ သွားရာလာရာတွင် တာဝန်ရှုပ်သည်ဟု မအောက်မေ့ဘဲ ဒိုးဖြူကိုပင် ခေါ်ခွင့်ပြုခြင်းအတွက်၊ ဝေလင်းအား များစွာ နှစ်သက်မိကာ ကျေးဇူးလည်း တင်မိလျက်နှင့် နောက်ကလိုက်၍ သွားလေ၏။

□□□

(၆)

ခင်လေးမြင့်သည် ဝေလင်း၏နောက်သို့ အပြေးအလွှား လိုက်ပါလာခဲ့ရာ ဝေလင်း၏အိမ်သို့ ရောက်ရှိသောအခါ လူပမ်း စိတ်ပမ်း နွမ်းနယ်မောဟိုက်၍ နေလေသောကြောင့် ကုလားထိုင်ပေါ်တွင် ကျောမှီ၍ ထိုင်ရင်းမေ့ကာနဲ့ အိပ်ပျော်၍သွားလေ၏။

ဝေလင်းသည် ဆေးတံကို မီးညှိ၍သောက်ရင်း ခင်လေးမြင့်အား စိုက်ကြည့်ကာ စဉ်းစားနေလေ၏။ ထိုသို့ စဉ်းစားရာတွင် မိမိသည် ခင်လေးမြင့်အား ခေါ်ဆောင်လာခဲ့ခြင်းဖြင့် သေးနုတ်သော တာဝန်ကလေး တစ်ခုကို ထမ်းရွက်လာခဲ့ခြင်း မဟုတ်၊ ဤကိစ္စကို ပေါ့ပေါ့ဆဆနှင့် ပြုလုပ်၍ မဖြစ်၊ မိမိသည် ခင်လေးမြင့်အား သူမနေလိုသည့် အိမ်ကြီးမှ ခေါ်ဆောင်လာခဲ့ရုံမျှဖြင့် တာဝန်ပြီးပြတ်သွားပြီ မဟုတ်သေးဘဲ ရှေ့တွင်ပြုလုပ်စရာများ ရှိနေသည်ကို တွေးမိလာ၏။ သို့ရာတွင် မိန်းကလေးတစ်ယောက်သည် တစ်စုံတစ်ခုကြောင့် အိမ်မှထွက်ပြေးလာသည် ဆိုခြင်းတွင် ထွက်ပြေးရုံသက်သက်မျှသာ ရည်ရွယ်ချက်ထားမည်မဟုတ်၊ ထွက်ပြေးပြီး ရှေ့အဖို့ မည်သို့လုပ်ရန်ကိုပါ

www.burmeseclassic.com

www.burmeseclassic.com



အကြံရှိမည် ဖြစ်၏။ သို့သော် မိမိသည် ထိုအရေးကို စဉ်းစားနေရန်မလို
ယခု မိမိ၏လက်ထဲတွင် ရှိနေသည့်အခါတွင် သူ့ကို စောင့်ရှောက်ရန် ရှိသည်
ဝတ္တရားကိုသာ ကျေပွန်ဖို့ရန် အရေးကြီးသည်ဟု နှလုံးပြုမိလေ၏။

ထိုသို့ ဝေလင်းသည် စဉ်းစားရင်း မောပန်းနွမ်းနယ်ခြင်းဖြင့် အိ
ပျော်လျက်ရှိသည့် ခင်လေးမြင့်၏ မျက်နှာကလေးမှာ နေရောင်ကို စောင့်မျှော်
နေသော ကြာပန်းကလေးကဲ့သို့ ရှိသည်ကို တွေ့ရသောကြောင့် ကြည့်မ
နိုင်ဘဲ ရှိနေလေတော့၏။ မိမိတို့ နေထိုင်သည့် အိမ်ကလေးမှာ မိမိတို့ နေ
ဖြစ်ရုံမျှသာ ပြုလုပ်ထားရကား၊ သာယာခြင်း ကင်းမဲ့နေခဲ့သော်လည်း၊ ယခု
အခန်းထဲ၌ ခင်လေးမြင့် ရှိနေခြင်းအားဖြင့် အလိုလို စိုပြေသာယာလာသ
သို့ အောက်မေ့ရလေ၏။ သို့ရာတွင် ဝေလင်းသည် နံရံတွင်ချိတ်ဆွဲထားသော
မစိန်းနု၏ ဓာတ်ပုံများကို ကြည့်မိရာတွင် ထိုသို့ ထင်မြင်ချက်များသည်
ဝေလင်း၏ ဦးနှောက်ထဲတွင် မနေရဲကြသကဲ့သို့ လွင့်စင်ပျောက်ပြေးကြလေ
၏။ မစိန်းနု၏ မျက်လုံးများသည် မိမိ၏စိတ်ကူးကို ရိပ်မိသည့်အလား မနှ
သက်သည့် အမူအယာများ ပြနေသည်ဟု ထင်မိလေ၏။

ခင်လေးမြင့်မှာ အိမ်မှပြေးလာရာတွင် မြင်းရထားနှင့် မတွေ့
အတော်ပင် ဝေးလံစွာ ခြေလျင်ပြေးခဲ့ရသောကြောင့် မောမောနှင့် အိပ်ပျေ
သွားခဲ့မိရာမှ (၅) မိနစ်ခန့်အကြာတွင် အမောပြေပြီး နိုးလာကာ လန့်ဖျ
သော အမူအယာဖြင့် ဟိုဟိုဒီဒီ ကြည့်ရှုပြီး ဝေလင်းအား 'ကျွန်မ ဘယ်
ရောက်လာတာလဲ' ဟု မေးလိုက်လေ၏။

"ဘာမှ လန့်မနေပါနဲ့၊ ဒါ ဒီကအိမ်ပါ" ဟု ဝေလင်းက ပြောပြလို
ပြီးလျှင် "အတော်ကလေး အမောပြေသွားပြီလား" ဟု မေးလိုက်လေ၏

"ဟုတ်ကဲ့ရှင့် . . . . ကျေးဇူးတင်ပါတယ်"

ဝေလင်းသည် မည်သည့်စကားကို ဆက်လက်ပြောရမည် မ
သကဲ့သို့ ငြိမ်သက်ပြီး နေလိုက်မိလေ၏။ ခင်လေးမှာလည်း ထိုညအ



ဆက်လက်၍ မည်သို့ ပြုမူ စီမံရပါမည်နည်းဟု အကြံထုတ်၍နေလေ၏။

ထို့နောက်မှ ဝေလင်းသည် ပြောရန် စကားကို စဉ်းစား၍ရသကဲ့သို့ "ဒါထက် မေးတာကိုလည်း စိတ်မရှိပါနဲ့၊ မခင်လေးဟာ ဟိုလူနဲ့ စေ့စပ်ပြီးမှ ဘာပြုလို့ လက်မထပ်ချင်ဘဲ ထွက်ပြေးလာတာလဲ" ဟု မေးလိုက်လေ၏။

ခင်လေးသည် ထိုအမေးကို ဖြေဆိုရန် အကြောင်းပြချက် များစွာ ရှိနေသော်လည်း အားလုံးကို ပြော၍မဖြစ်နိုင်သည်ကို တွေးမိသည့် အလျှောက် "အကြောင်းတွေကတော့ အများကြီးပါပဲ၊ အဲဒီထဲက အကြောင်း တစ်ခုကတော့ ဒီလူဟာ သတ္တိအင်မတန်နည်းပြီး ယောကျ်ားမပီသတဲ့ အချက် ကို တွေ့နေရလို့"

"ဘယ်လိုမပီသတာလဲ"

"ညနေက ကျွန်မနဲ့ သူနဲ့ အတူတူ လမ်းလျှောက်လာကြတုန်း သူ့ နောက်ကို လူတစ်ယောက် လိုက်လာတာတွေ့လို့ သူ့အသက်ဘေးလောက် သာ သူဂရုစိုက်ပြီး ကျွန်မကို . . . ."

"ဪ. . . ဒီဒင်းဟာ သူ့နောက်ကို ဘစိန် လိုက်တုန်းကနဲ့တူ တယ်၊ ဘစိန်အကြောင်းပြောလို့ အခုမှပဲ သတိရတယ်၊ သူအခုချိန်ထိ ဟိုအိမ် ရှေ့မှာပဲ ရှိနေဦးမလား၊ တခြားသွားပြီး ဘာများ လုပ်နေပါလိမ့်မလဲ မသိဘူး"

"ဟုတ်ပါရဲ့၊ ကျွန်မလည်း အခုမှပဲ ရှင့်မိတ်ဆွေတစ်ယောက်ရှိတယ် ဆိုတာကို သတိရတော့တယ်၊ ဪ. . ကိုဝေလင်းနဲ့ အတူတူ ခင်တို့အိမ်ကို သူလည်း လိုက်လာတာကိုး၊ သူ ကျွန်မတို့ ထွက်လာတာကို မသိလို့ စောင့်နေ တာ ဖြစ်မှာပဲ၊ အခုလောက်စောင့်နေရင်တော့ မီတာခအတော့်ကို တက်နေ တော့မှာပဲ"

"မီတာတက်နေတာထက် ပေးစရာမရှိလို့ ဟိုကနေပြီး ဒီကို ခြေ လျင်ကြိတ်နေရတဲ့အတွက် ဒါလောက် ကြာနေတာလားမှ မသိဘဲ"

ခင်လေးသည် စကားမပြောဘဲ ငြိမ်သက်၍ နေလိုက်လေ၏။ ထို

www.burmeseclassic.com

www.burmeseclassic.com



အချိန်တွင် ခင်လေးမြင့်မှာ အမောပြေပြီ ဖြစ်သော်လည်း ဆာလောင်၍ လာသောကြောင့် "ဒုက္ခပေးတယ်လဲ မအောက်မေ့ပါနဲ့၊ ခင်တော့ဖြင့် ပြေး လွှားရလို့ သိပ်ဆာတာပဲ၊ ဘာများ စားစရာ ရှိသလဲ" ဟု မေးလိုက်လေ၏။

"ခင် ထမင်းမစားရသေးဘူးလား၊ ဒါဖြင့် အပြင်ထွက်ဝယ်ပေးမယ် လေ၊ ဒီကလည်း မစားရသေးဘူး"

"အပြင်တော့ သွားဝယ်မနေပါနဲ့တော့၊ ဘာလေးဖြစ်ဖြစ် အဆာပြေ ဝါးစရာ ကိုက်စရာ တစ်ဖဲ့တစ်စွဲလောက် ရှိရင် တော်ပါပြီ"

"ကော်ဖီတော့ဖြင့် ရနိုင်လိမ့်မယ် ထင်တယ်၊ ညည ဆာရင်သောက်ဖို့ နို့ဆီ၊ သကြားနဲ့ ကော်ဖီမှုန့်တော့ ဝယ်ထားတယ်၊ ခဏကလေး စက်မီးဖို ပေါ်မှာ ရေနွေးတယ်လိုက်ရင် ကော်ဖီ ရမှာပဲ"

ခေတ္တမျှကြာ၍ ဝေလင်းသည် ကော်ဖီဖျော်ပြီး ယူလာရာ ငိုသည်ကို မသိရလေအောင် ကြိတ်၍ရှိုက်နေသည့် အသံကို ကြားရသောကြောင့် အံ့ အားသင့်သွားလျက် တစ်ကိုယ်လုံး တုန်လှုပ်သွားရာတွင် ပန်းကန်ပြားပေါ် တွင်တင်လာသော ဇွန်းတစ်ချောင်းမှာ အောက်သို့ကျသွားလေ၏။ မျက်ရည် ဖြင့် စွတ်စိုနေသော မျက်လုံးများကို ဝေလင်း တွေ့မြင်ရသောကြောင့် . . .

"မခင်လေး ဘာဖြစ်တာလဲ" ဟု မေးလိုက်လေ၏။

ခင်လေးမြင့်သည် ထိုအမေးကို ပြန်၍မဖြေဘဲ ခေါင်းငုံ့သွားသော ကြောင့် ဝေလင်းသည် အနီးသို့ တိုးကပ်သွားပြီးလျှင် ကော်ဖီပန်းကန်ကို ခင်လေးမြင့်၏ဘေးတွင် ချပေးပြီးနောက် "ဘာပြုလို့လဲ၊ အခုမှ ထွက်ပြေးလာ ခဲ့တာများပြီလို့ တွေးမိလို့လား" ဟု မေးလိုက်လေ၏။

ထိုအခါမှ ခင်လေးမြင့်သည် ခေါင်းမော်လျက် ဝေလင်းအား ကြည့် ပြီးနောက် "မဟုတ်ပါဘူး၊ ဦးလေးကျော်ကို သတိရလို့ပါ၊ ခင် သူများတွေကို မုန်းလို့ ထွက်ပြေးခဲ့ရပေမယ့် ဦးလေးကျော်ကိုတော့ ချစ်တာပဲ" ဟု ဆိုလေ၏။

"ကဲ ကဲ ကော်ဖီသောက်လိုက်အုံးလေ၊ သောက်လိုက်အုံး"





ခင်လေးသည် ကော်ဖီကို ယူ၍ သောက်လိုက်၏။

"မခင်လေး ထွက်လာစဉ်က ရှေ့ကို ဘယ်လိုလုပ်ဖို့ စိတ်ကူးသလဲ"

"ခင်တော့ သူတို့က ခင်နဲ့ ကိုချစ်ထွေးကို လက်မထပ်ပါဘူးလို့ ကတိပေးမှ ပြန်သွားဖို့ စိတ်ကူးတာပဲ၊ ဒီအကြောင်းကိုတော့ မပြောခဲ့ရဘူး၊ ကိုချစ်ထွေးကို မချစ်နိုင်လို့ ထွက်ပြေးလာတာကိုပဲ စာကလေး ရေးခဲ့တယ်၊ အခုပြောတဲ့ အကြောင်းကိုတော့ စာရေးပြီး ထည့်လိုက်မယ်လို့ စိတ်ကူးတာပဲ"

"ဒီလိုဆိုရင် စာရေးလို့ မဖြစ်ဘူး၊ စာရေးရင်ပြန်စာ မလာဘဲ သူကိုယ်တိုင် လိုက်လာပြီး ခေါ်သွားကြလိမ့်မယ်၊ သတင်းစာထဲကနေ ကြေငြာ ထည့်လိုက်တာပေါ့၊ သူတို့ ပြန်စာလည်း သတင်းစာထဲက ထည့်မှာပဲ၊ မခင် လေး စိတ်ကိုတော့ မပြောင်းနဲ့"

"အို . . ခင့်စိတ်ကိုတော့ တစ်သက်လုံး မပြောင်းပါဘူး"

"ဒီလိုကြားရတာ သိပ်ဝမ်းသာတာပဲ"

ဝေလင်းသည် နာကျင်ခြင်း မပျောက်သေးသော မိမိ၏ ဦးခေါင်း ကို စမ်းရင်းပြောပြကာ "အခုပြောတဲ့ အကြံကို သဘောတူတယ် မဟုတ်လား" ဟု မေးလိုက်လေ၏။

"ဟုတ်ကဲ့ရှင့် ကြော်ငြာခပေးဖို့ ခင့်မှာ ငွေပါ ပါတယ်" ဟု ခင်လေး က ပြောပြပြီးနောက် "ဒါထက် ကျွန်မသွားဖို့ တော်ပြီထင်တယ်၊ ကော်ဖီ တစ်ခွက် သောက်လိုက်ရတာ တော်တော်ကလေး အားပြည့်လာတယ်၊ ကျွန်မ သွားနိုင်ပါပြီ" ဟု ဆိုလိုက်သည့်အတွက် ဝေလင်းမှာ အံ့အားသင့်၍ သွားလေ ၏။

"သွားမယ် . . . ဟုတ်လား၊ ဘာပြုလို့ သွားရမှာလဲ"

"ကျွန်မ,မသွားလို့ ဖြစ်မလား၊ ဒီညအိပ်ဖို့ နေရာရှာရအုံးမှာပေါ့"

"ဒီမှာ ဘာဖြစ်သလဲ၊ ကျုပ်တို့ကို စိတ်မချလို့လား"

ခင်လေးမြင့်သည် ငြိုး၍ကြည့်နေပြီးမှ "ဒါကြောင့် မဟုတ်ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ အိပ်ရာနေရာ အပြည့်အစုံမှ မရှိဘဲဟာ၊ ကိုဝေလင်းတို့ အိပ်ရင် ကျွန်မ ဘယ်မှာ သွားအိပ်မလဲ၊ ကျွန်မအိပ်ရင် ကိုဝေလင်းတို့က ဘယ်မှာ သွားအိပ်မလဲ၊ တကုတင်ထဲ သုံးယောက်အိပ်လို့တော့ မဖြစ်ဘူးလို့ ထင်တာပဲ"ဟု ပြောလေ၏။

ထိုအခါမှ ဝေလင်းသည် မိမိတို့ တွေ့နေရသည့် အခြေအနေကို တွေး၍ပြုံးမိကာ " ဒီလိုဆိုရင် မခင်လေး ဒီမှာပဲ အိပ်လေ" ဟု ဆိုလိုက်လေ၏။

"နို့. . . . ကိုဝေလင်း ဘယ်မှာသွားအိပ်မလဲ"

"ဒီအတွက် မပူပါနဲ့လေ၊ ယောက်ျားဆိုတာ အိပ်စရာနေရာ မရှားပါဘူး"

"ကိုဝေလင်း မိတ်ဆွေရောက်လာရင် ခင်ဘယ်လို ပြောရမလဲ"

"ဒါတွေအတွက် ခင်ဘာမှမပူပါနဲ့၊ သူ့ကို ကိုဝေလင်း စောင့်ပြီး ခေါ်သွားမှာပါ။ ကဲ. . ခင်၊ စိတ်ချလက်ချ ဒီမှာ အိပ်နေ၊ ကိုဝေလင်း သွားတော့မယ်"

ခင်လေးမြင့်သည် ဝေလင်း ခွဲခွာသွားမည်ကို သိရသောအခါ များစွာ စိတ်မကောင်းသကဲ့သို့ ရှိမိရာ၍. . . .

"ဟုတ်. . . ကဲ့. . . " ဟု တစ်လုံးချင်းဆင့်၍၊ လေးဖင့်စွာ ဆိုလိုက်လေ၏။

ဝေလင်းမှာ ထိုစကားကို ကြားလိုက်ရသည်တွင် စိတ်ထဲတွင် အနည်းငယ် ထိခိုက်၍သွားကာ မခွဲချင် ခွဲချင်ဖြင့် အပြင်သို့ ထွက်ရလေ၏။

အပြင်တွင် အေးမြစွာ တိုက်ခတ်နေသော လေသည် ဝေလင်းအား ကျောရိုးများ စိမ့်၍သွားစေတော့၏။ ဤအချိန်တွင် မိမိ၏ချစ်သူကလေးနှင့်သာ အုံးစက်ရာ နွဲ့ယှက်၍ တွဲဘက်ပြီး ပျော်မွေ့နေရလျှင် လွန်စွာ နွေးထွေးလှပေလိမ့်မည်ဟု နှလုံးပြုမိလေ၏။ သို့ရာတွင် ခင်လေးမြင့်မှာ မိမိ၏ချစ်သူ



မဟုတ်၊ မိမိချစ်သူ မစိန်းနုမှာလည်း ဤနေရာတွင်မရှိ၊ အကယ်၍ရှိသည့်တိုင်အောင် ၄င်း၏အချစ်ကို မိမိ မပိုင်သေးသည့်အတွက် မိမိစိတ်တွင် ရည်မှန်းသကဲ့သို့ တွဲယှက်၍ အိပ်နိုင်ဖို့ရာမှာ ဝေးလှရကား၊ ယခု မိမိခံစားနေရသော အအေးဓာတ်ကို ခုခံနိုင်ရန် နည်းလမ်းမှာ ဘစိန် ရောက်လာသည့်တိုင်အောင်၊ လမ်းပေါ်တွင် ခေါက်တုန့်ခေါက်ပြန် လျှောက်ရန်သာ ဖြစ်သည်ဟု နှလုံးပြုမိပြီး၊ သွေးပူလာအောင် လှုပ်လှုပ်ရှားရှား ပြုလုပ်နေရတော့၏။

အတော်ကလေး အချိန်ကြာမြင့်သွားသောအခါ ခပ်လှမ်းလှမ်းမှ ဒယိမ်းဒယိုင် ခြေမသယ်နိုင် လက်မသယ်နိုင် အမူအယာမျိုးဖြင့် လျှောက်လာသော လူတစ်ယောက်၏ သဏ္ဌာန်ကို တွေ့လိုက်ရလေရာ၊ ဘစိန်ဖြစ်သည်ကို မှန်းဆမိကာ"ခွေးမသား အရေးထဲ မူးလာပြန်ပြီ" ဟု စိတ်ထဲတွင် ထောင်းကနဲ ဒေါသဖြစ်၍သွားလေ၏။

"မင်းသိပ်တော်တဲ့ ကောင်ပဲ" ဟု ဝေလင်းက ဆီး၍ ကြိမ်းလိုက်လေ၏။

"တော်ပါကွာ၊ မင်းကပဲ တန်ပြန်ကြီး" ဟု ဘစိန်က ပြောလျက် စကားမဆက်နိုင်သကဲ့သို့ ရှိလေ၏။

"ဘာ ငါက တော်ရမှာလဲ ၊ ငါ ဘာလုပ်လို့လဲ. . မင်းရောက်လာတယ် မဟုတ်လား"

ဘစိန်မှာ စကားပြန်၍ မပြောနိုင်တော့ဘဲ၊ ဖုတ်ကနဲ ဖင်ထိုင်လဲ၍ ကျသွားသဖြင့် ဝေလင်းမှာ ဘာလုပ်ပြန်တာလဲဟု မေးသော အမူအယာဖြင့် စိုက်ကြည့်နေလိုက်ပြီးမှ"ကိုယ့်ကိုယ်ကိုမှ မဟန်နိုင်အောင် သောက်ရသလားကွ" ဟု ဆိုလိုက်လေ၏။

"ဟေ့ . . ဝေလင်း၊ မင်းက လူကိုချည်း နင်းကန်ကြိမ်းနေတယ်၊ ငါဘာဖြစ်လာတယ်တော့ဖြင့် မသိဘူး၊ မေးစမ်းပါအုံး"

"ကဲ . . . မေး ါပြီတဲ့၊ ဖြေလေ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါ စောင့်လိုက်ရတာ တော်တော်နဲ့ မလာနိုင်တော့ ကားသမားကလည်း ဆူဆူပူပူ လုပ်တာပေါ့၊ ငါလည်း တတ်နိုင်သမျှ ချော့ထားရတာပဲ ဒါပေမယ့် နောက်တော့ တောင်းပန်လို့မရရုံသာမက ပြန်တောင် မပို့နိုင်တော့ဘူးဆိုပြီး ကားခတောင်းတော့ စောင့်ခရော ဘာရောဟာ ငါ့မှာရှိသမျှ ပိုက်ဆံကလေး အကုန်ထုတ်ပေးလိုက်ရတာပေါ့၊ ဒါတောင် ငါးပဲ လိုနေသေးတယ်၊ ကားသမားက ဒီငါးပဲအတွက် နိဗ္ဗာနပစ္စယော လုပ်လိုက်လို့ စိတ်ဖြောင့်ဖြောင့်တန်းတန်းနဲ့ ခြေလျင်ပြန်လာခဲ့ရတယ်၊ လူတစ်ကိုယ်လုံး မလှုပ်ချင်တော့ဘူး" ဟု ဆိုပြီးလျှင် "နို့ မင်းကတော့ လမ်းပေါ်ဆင်းပြီး ဘာလုပ်နေတာလဲ၊ လာကွာ အိမ်ပေါ်သွားကြမယ်၊ ငါ အိပ်ချင်လှပြီ၊ အပေါ်ရောက်ရင် တစ်ခါတည်း ထိုးအိပ်လိုက်တော့မယ်" ဟု ဆိုလေ၏။

"မင်း ဒီညတော့ အိမ်ပေါ်မှာ မအိပ်ရဘူး"

ဘစိန်သည် အံ့အားသင့်စွာ "ဘာပြုလို့လဲကွ" ဟု မေးလေ၏။

"မိန်းကလေးတစ်ယောက် ရှိနေတယ်"

"ဘာကွ"

"လာ မင်း ငါ့နောက် လိုက်ခဲ့၊ လမ်းလျှောက်ရင်း ငါပြောမယ်. . ."

"ဟေ့ ငါမလျှောက်နိုင်တော့ဘူးကွ"

"မလျှောက်နိုင်ပေမယ့် မဖြစ်ဘူး၊ ဒီည အိပ်စရာ နေရာရမယ့် အိမ်ကို ရောက်အောင် လျှောက်ရမှာပဲ"

ဘစိန်သည် ကိုယ်ကို မသယ်ချင့် သယ်ချင်ဖြင့် ကုန်း၍ထလိုက်၏။

"ဒါထက် နေပါအုံး. . . ."

"ဘာတုံး. . . ."

"ငါ ကားခ ဆယ့်သုံးကျပ်ကျော်ကျော် ပေးလိုက်ရတယ်၊ အားလုံး ငါးဆယ့်ငါးကျပ်ပဲ ဆိုပါတော့ကွာ၊ ဒီငွေ ငါစိုက်ပြီး ပေးထားလိုက်ရတယ် ငါ့ရဲ့ပုံငွေလေးတော့ မင်းပြန်ပြီး ပေးမှပဲ ဖြစ်မယ်. . . . "



"ဟြော် ဒါ မင်းပိုက်ဆံလား"

"နို့ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဖောင်တိန်က ငါ့ဟာ ဖြစ်တဲ့အတွက် ငါ မပေးနိုင်ဘူးမောင်၊ ကားကလည်း မင်းငှားတာ"

ဘစိန်မှာ ပါးစပ်ပိတ်သွားပြီး စိတ်အကြီးအကျယ် ပျက်စွာဖြင့် လိုက်ပါ၍ သွားရလေ၏။

❑

ထိုသို့ တစ်ညမျှ ရှုပ်ရှုပ်ထွေးထွေး ဖြစ်ပွားကာ ဒုက္ခအသီးသီး ခံစားကြရပြီးသည့်နောက်တွင် ခင်လေးမြင့်အဖို့ ဝေလင်းတို့ အနီးအနားမှ ခင် လွန်စွာသဘောကောင်းသော မိန်းမကြီးတစ်ဦး၏ အိမ်၌နေထိုင်စရာ ရရှိလေ၏။ အိမ်ရှင်မိန်းမကြီးမှာ သားသမီး မရှိသည့်အလျောက် ခင်လေးမြင့်ကို မဆိုထားဘိ သူမနှင့် အတူပါလာသော ဒိုးဖြူကိုပင် သားသမီးတမျှ ချစ်ခင်လေရကား ခင်လေးမြင့်မှာ များစွာ စိတ်ချမ်းသာခြင်း ဖြစ်မိလေ၏။

ထိုပြင်သူသည် ဒေါ်မြခင်နှင့် နေရစဉ်ကသကဲ့သို့ မဟုတ်ဘဲ မိမိ မခံစားခဲ့ရဘူးသော လွတ်လပ်စွာ နေထိုင်ရေးကို ခံစားရရှိလေရာ ယင်းသို့ သခုမှ တွေ့ရှိရသော လွတ်လပ်ခြင်းကို များစွာနှစ်သက် သဘောကျမိလေ၏။ နေ့တိုင်း နံနက်တိုင်း ဝေလင်းနှင့် ဘစိန်တို့ထံသို့ အလည်သွားရောက်ရခြင်း မှာလည်း လွန်စွာပျော်ရွှင်စရာ ကောင်းသကဲ့သို့ အောက်မေ့မိလေ၏။ သို့ရာ တွင် ခင်လေးမြင့်သည် ထိုအိမ်သို့ ရောက်ရှိနေရသည့်အခါများ၌ များစွာပျော် ရွှင်သည်ဟု ဆိုရစေကာမူ နံရံတွင်ချိတ်ထားသော မစိန်းနု၏ ဓာတ်ပုံများကို မြင်နေရသဖြင့် အလိုလိုနေရင်း မခံချိမခံသာ ဖြစ်မိလေ၏။ ခင်လေးမြင့် သည် ထိုပုံများကို ဆုတ်ဖြဲပစ်ချင်မိသော်လည်း ဘာကြောင့် ထိုသို့ ပြုလုပ်လို သနည်းဟူသော အမေးကိုလည်း အဖြေမပေးနိုင်ဘဲ ရှိ၏။ ထို့ကြောင့် ဆုတ်ဖြဲ သည့် အခွင့်အရေးလည်း မိမိ၌ မရှိသည့်အတွက် အောင့်သက်သက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ပင် နေရရှာလေတော့၏။

ဝေလင်းအဖို့မှာ ယခုကဲ့သို့ နေရခြင်းကို လွန်စွာ ပျော်ပိုက်မိလေ၏။ ထိုသို့ နေရခြင်းမှာ ကာလအပိုင်းအခြားမရှိ အတောမသတ်နေရမည် မဟုတ်ကြောင်းကို ဝေလင်းသည် ကောင်းစွာ စဉ်းစားမိသော်လည်း မိမိ၏ စိတ်ချမ်းသာပျော်ရွှင်နေခြင်းတွင် အနှောင့်အယှက် မဖြစ်စေရအောင် ထိုအကြောင်းကို အနည်းငယ်မျှ စိတ်ကူးထဲသို့ မထည့်သွင်းဘဲ ထားလိုက်လေ၏။

နေ့စဉ် ခင်လေးမြင့် အလည်ရောက်လာခြင်းသည် ဝေလင်း၏ စိတ်တွင် သာယာကြည်လင်ခြင်းကို ဖြစ်စေသည်သာမက မိမိတို့ စွပ်ကျယ်အင်္ကျီများ လက်ကိုင်ပုဝါများကို လျှော်ဖွပ်ပေးသွားခြင်း၊ မိမိတစ်သက်တွင် တစ်ခါမှ မလုပ်ဘူးသော အလုပ်ဖြစ်သည့် လုံချည်မီးပေါက်ကလေးများ ဖာထေးယက်ချုပ်ပေးခြင်း၊ မိမိတို့ မနိုးမီ ရောက်သည့်အခါတွင် ကော်ဖီအသင့်ဖျော်ထားပေးခြင်းစသည့် ကူညီမှုကလေးများမှာ စိတ်တွင် စွဲငြိသာယာကြည်နူးစရာကလေးများ ဖြစ်နေပေ၏။

တစ်နေ့တွင် ဝေလင်းသည် မိမိတို့ စီမံထားချက် တစ်ရပ်ကို တွေးမိသဖြင့် "ဒါထက် သတင်းစာထဲမှာ ထည့်လိုက်တဲ့ ခင့်ကြော်ငြာကို ပြန်စာ မတွေ့ရသေးဘူးနော်" ဟု ပြောလိုက်လေ၏။

"ဟုတ်တယ် မတွေ့ရသေးဘူး၊ ဦးလေးကျော်က သတင်းစာထဲမှာ ပါပြီး သိတဲ့လူတွေ သိကုန်မှာ စိုးလို့လား မသိဘူး"

"ဒေါ်မြခင်က မူလသဘောအတိုင်း မပြောင်းဘူးဆိုပြီး မထည့်တာရင်လဲ ဖြစ်နိုင်တာပဲ၊ ဒီလို သူတို့နဲ့ တင်းနေရင် မခင်လေး ဘာလုပ်မလဲ"

"ခင်တော့ ဘယ်နည်းနဲ့မှ ပြန်မသွားဘူး၊ အလုပ်ထွက်ပြီး ရှာမှာပဲ"

ဝေလင်းသည် ကျေနပ်သွားသည့် မျက်နှာထားဖြင့် "ဘာပဲလုပ်လုပ် ကိုယ်မနှစ်သက်တဲ့လူနဲ့ ပေါင်းသင်းရတဲ့ ဒုက္ခထက်တော့ စိတ်ချမ်းသာစရာရှိမှာပဲ ၊ အချစ်ဆိုတာ စောင့်နိုင်လေ အကျိုးရှိလေပဲ၊ တစ်နေ့တော့ ကိုယ်



တကယ်မေတ္တာရှိတဲ့လူနဲ့ တွေ့ဦးမှာပေါ့" ဟု ပြောလိုက်လေ၏။

ခင်လေးမြင့်မှာ ထိုစကားကို ကြားရ၍ မိမိစိတ်ကို မလုံဘဲ မျက်နှာမသိုးမသန့် ဖြစ်သွားပြီးမှ "ဟုတ်မှာပဲလေ" ဟု ပြောလိုက်လေ၏။

"တခြားကို မကြည့်နဲ့လေ၊ ကိုယ်တွေ့ ဗဟုသုတကို ပြောရရင် ဒီကနဲ့ မစိန်းနုနဲ့ စပြီး တွေ့စဉ်တုန်းက. . ."

ခင်လေးမြင့်သည် စကားကို ဖြတ်၍ "မစိန်းနုအကြောင်းပြောလို့ ကိုဝေလင်းရဲ့ ချစ်တဲ့သူလေးဟာ ဘယ်လိုနေသလဲ" ဟု မေးလိုက်လေ၏။

"ဘယ်လို နေသလဲဆိုတော့။ ဟို. . ဟို. . ဒီအကြောင်း မခင်လေးကို ပြောဘူးတာလဲ များပြီ မဟုတ်လား"

"ဟုတ်ကဲ့"

ခင်လေးသည် ပေါ့ပေါ့ဆဆ အနေဖြင့် ပြန်၍ပြောလိုက်ပြီးနောက် မိမိ၏လက်ထဲရှိ အဝတ်ကလေး ဆက်လက်၍ ချုပ်နေပြီးမှ. . "ဒါထက် ကိုဘစိန်တစ်ယောက်ကော ဒီကနေ့ မမြင်ပါကလား" ဟု မေးလိုက်၏။

ခင်လေးမြင့်သည်ဘစိန်အား များစွာချစ်ခင် နှစ်သက်မိပေ၏။ တွေ့ကြခါစက ဘစိန်သည် ခင်လေးအား ငါးမျက်လုံးကဲ့သို့ ပြူးကြောင်ကြောင် ကြည့်နေလေ့ရှိမိရာ၊ ခင်လေးမှာ ထိုသို့မြင်ရသည်တွင် များစွာ ရယ်ချင်မိလေ၏။ ယခုမူ တွေ့ရဖန်များ၍ ထိုအကြည့် ပပျောက်သွားသောအခါ နှစ်သက်စရာကောင်းသော လူတစ်ယောက် ဖြစ်သည်ဟု ယူဆလာလေ၏။ ခင်လေးမြင့်သည် ဘစိန်၏ ဒုက္ခခံစားနေရခြင်းအား သနားကြင်နာမိ၏။ ဘစိန်မှာ မိမိ၏ အဖြစ်တို့ကို ပြောပြရာ၌ ခင်လေးမြင့်တစ်ယောက်သာလျှင် ဂရုစိုက် နားထောင်မယ့်သူရှိ၍ များစွာ ကျေနပ်နှစ်သက်မိ၏။ သို့ဖြင့် ခင်လေးမြင့်နှင့် ဘစိန်တို့မှာ လွန်စွာ ရင်းနှီးခင်မင်သော အတိုင်ပင်ခံ မိတ်ဆွေများအဖြစ်သို့ ရောက်ရှိနေကြလေ၏။

"ဘစိန်လား သူ ကိုစံဖေဆီ သွားမယ်ဆိုတာပဲ" ဟု ဆိုပြီးမှ "သူ

www.burmeseclassic.com

www.burmeseclassic.com



ခင်လေးမြင့်သည် နာရီကို လှမ်းမျှော်၍ ကြည့်လိုက်ပြီးလျှင် "ခင် အပြင်ထွက်ခွင့်ရတဲ့ အချိန်ဟာ သိပ်မရှိတော့ဘူး၊ အလုပ်တိုက်ကို ပြန်မှပဲ" ဟု ပြောဆိုကာ စားပွဲမှ ထလိုက်၏။

ဝေလင်းနှင့် ဘစိန်တို့လည်း လိုက်ပို့ကြရန် ထကြရင်း "ခင် ဒီနေရာမှာတော့ အသိထဲကလာပြီး တွေ့နိုင်မယ် မဟုတ်ဘူးလို့ ထင်တာပဲ" ဟု ဝေလင်းက ပြောလိုက်ရာ ခင်လေးမြင့်သည် မိမိအား "ခင်" ဟူသော အမည်ဖြင့် စတင်ခေါ်ဝေါ်လိုက်ခြင်းကို စိတ်ထဲတွင် လှုပ်ရှားခြင်း ဖြစ်မိလေ၏။

"ဒါလောက် ရှုပ်တဲ့နေရာမှာတော့ တွေ့ဖို့လည်း ခဲယဉ်းပါတယ်၊ ဒီလိုနေရာတွေကိုလည်း လာလေ့ လာထ မရှိကြပါဘူး"

ခင်လေးမြင့်သည် ပြောပြောဆိုဆို ရှေ့မှနေ ထွက်ခဲ့ရာ ဝေလင်းနှင့် ဘစိန်တို့လည်း အစဉ်အတိုင်း လိုက်ခဲ့ကြလေ၏။

ခင်လေးမြင့် အလုပ်လုပ်သည့် အလုပ်တိုက်ကြီးမှာ ကုမ္ပဏီလီမိတက် အသီးသီး စုပေါင်း၍ လုပ်ကိုင်နေကြသည့် သုံးထပ်တိုက်ကြီး တစ်ခု၏ အလယ်ထပ်တွင် ရှိရကား ထိုတိုက်ရှေ့သို့ ရောက်လာကြရာတွင် ဝေလင်းနှင့် ဘစိန်တို့သည် နှုတ်ဆက်ပြီး ခွဲထွက်သွားကြလေ၏။ ခင်လေးမြင့်သည် ဓာတ်လှေကားဖြင့်တက်ရန် ကြံရွယ်သော်လည်း ဓာတ်လှေကားမှာ ပြန်၍ ဆင်းမလာသေးသောကြောင့် စောင့်စားနေလျှင် လမ်းပေါ်မှ သွားလာနေသူများ တွေ့မြင်သွားမည်ကို စိုးရိမ်မိသဖြင့် ရိုးရိုးလှေကားမှ တက်ရောက်သွားလေ၏။

ခင်လေးမြင့်သည် အလုပ်ခန်းသို့ ရောက်လိုဇောဖြင့် လျှင်မြန်စွာ ပြေးတက်လာရာ ထိုလှေကားမှ ဆင်းလာသော လူတစ်ယောက်နှင့် ရင်ဆိုင်ဝင်၍ တိုးလုနီးပါး ဖြစ်သွားပြီး နီးကပ်မှ နှစ်ယောက်သား ခြေလှမ်းများကို ရပ်လိုက်ကြ၏။ ထို့နောက် တစ်ယောက်ကို တစ်ယောက် တောင်းပန်ရန် မျက်နှာချင်းဆိုင်လိုက်ကြသောအခါ ခင်လေးမြင့်မှာ မျက်နှာအမူအရာ



ပြောင်းလဲခြင်း မရှိသော်လည်း ထိုသူမှာမူ အံ့အားသင့်သကဲ့သို့ ဖြစ်ပြီး ခေတ္တမျှ ငေးကြည့်နေမိလေ၏။

"မမြင်လို့ပါ၊ စိတ်မရှိပါနဲ့"

"တောင်းပန်ဖို့ မလိုပါဘူးရှင်၊ ဘာမှ မဖြစ်ပါဘူး" ခင်လေးမြင့်သည် ထိုသူအား ရှောင်တက်၍ သွားလေ၏။

သို့ရာတွင် ထိုလူကား ဆက်လက်၍ ဆင်းမသွားဘဲ ထိုနေရာတွင်ပင် ခင်လေးမြင့်အား လှည့်၍ကြည့်ပြီးနောက် နောက်ယောင်ခံ၍ တက်လိုက်သွားလေ၏။

အကယ်၍သော စောမောင်သည် မာရီယို ပျော်ပွဲစားရုံကိစ္စနှင့် ပက်သက်၍ ကိုစံဖေနှင့် လာရောက်တွေ့ဆုံပြီး ပြန်ခဲ့ခြင်းမှာ (၂) မိနစ်ခန့် စောနေလျှင်သော်လည်းကောင်း၊ နောက်ကျနေလျှင်သော်လည်းကောင်း၊ ခင်လေးမြင့်အား ဘယ်နည်းနှင့်မျှ ယခုကဲ့သို့ တွေ့ဆုံနိုင်စရာ အကြောင်းမရှိပေ။ ယခုမူ လှေကားအဆင်းအတက်တွင် ခင်လေးမြင့်အား တွေ့ရှိလိုက်ရသည်နှင့် တစ်ပြိုင်နက် မိမိ၏သတင်းစာတိုက်သို့ ရောက်လာဖူးသူကလေး၏ မျက်နှာကို ပြေး၍သတိရမိကာ ချစ်ထွေးနှင့် စေ့စပ်ထားသည့် မိန်းမပျိုမှာ သူပင်ဖြစ်သည်ဟု သိရှိရလေ၏။ ထိုသို့ သိရခြင်းပင် ဝမ်းသာခြင်း၊ အံ့သြခြင်းများ တစ်ပြိုင်တည်း ဖြစ်ပေါ်လာပြီး ဆက်လက်၍ မည်သို့ပြုလုပ်ရပါမည်နည်းဟု ခင်လေးမြင့်၏ နောက်မှ လိုက်လာရင်း လျင်မြန်စွာ စိတ်ကူးထုတ်လေ၏။

ခင်လေးမြင့်ကို ကြည့်ရခြင်းအားဖြင့် သူသည် မိမိအား မှတ်မိပုံမရဟု စောမောင်၏ စိတ်ထဲတွင် ယုံကြည် စိတ်ချမိလေ၏။ သို့ဖြစ်၍ မိမိသည် ခင်လေး၏ အလုပ်ခန်းအတွင်းသို့ ဝင်၍ လိုက်သွားရခြင်းထက် ဦးဘိုးစထံ အမြန်ဆုံးနည်းဖြင့် အကြောင်းကြားကာ မိမိကိုယ်တိုင်မှုကား ဦးဘိုးစ ရောက်လာသည့်တိုင်အောင် အလုပ်တိုက် လှေကားရင်းမှ စောင့်စားရန် စိတ်ပိုင်းဖြတ်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



စာယူ လက်နှိပ်စက်ရိုက်တဲ့ စာရေးမလေးကို ဘာသဘောမကျလို့လဲ မသိဘူး ဒီကရှေ့မှာပဲ အလုပ်က ထုတ်ပစ်လိုက်တယ်၊ ခင်အလုပ်လုပ်မယ် စိတ်ရှ ရင်တော့ ဒီနေရာတော့ လစ်လပ်နေတာပဲ" ဟု ပြောပြလေ၏။

"ဒါပေမယ့် ကျွန်မ အလုပ်လုပ်ဖို့ကတော့ အသေအချာ မဆုံးဖြတ် သေးပါဘူး"

ခင်လေးသည် မိမိ၏ အလုပ် လုပ်ကိုင်ရေးအတွက် လေးနက်စွာ စဉ်းစားနေလိုက်လေ၏။

□

ကိုစံဖေ၏ အကြောင်းကို ပြောနေကြသူများသည်ကား ရန်ကုန် မြို့ကြီး တစ်မြို့လုံးတွင် ခင်လေးမြင့်နှင့် ဘစိန်တို့ နှစ်ယောက်တည်းသာ မဟုတ်ကြသေး။ ကိုစံဖေ၏ လုပ်ကိုင်နေထိုင်ပုံများတွင် စိတ်ဝင်စားနေသူ အခြားတစ်ယောက် ရှိလေ၏။ ၎င်းမှာ ချစ်ထွေး အယ်ဒီတာ အမည်ခံသည့် စကြာသတင်းစာ၏ လက်ရုံးတစ်ဆူ ဖြစ်သော ချစ်ထွေး၏ လက်ထောက် မောင်စောမောင်ပင် ဖြစ်ပေ၏။

ကိုစံဖေ၏ အကြောင်းကို ခင်လေးမြင့်နှင့် ဘစိန်တို့ တိုင်ပင်ကြပြီး နောက်တစ်နေ့တွင် စောမောင်သည် အရေးကြီးသည့် သတင်းတစ်ခုကို ကြား သိလာရသည့် အနေဖြင့် ချစ်ထွေး၏ အခန်းထဲသို့ သုတ်တီးသုတ်ပြာ ဝင်လာ ကာ "ကိုချစ်ထွေး သတင်းတစ်ခုတော့ အတော့်ကို ထူးတာပဲ ၊ သူ့ဖို့ သပ်သပ် အနည်းဆုံး နှစ်ကော်လံလောက်တော့ ချန်ထားမှ ဖြစ်မယ်" ဟု ဆိုလိုက်လေ ၏။

ချစ်ထွေးမှာ သတင်းထူးသည်ဟုဆိုတိုင်း ဝမ်းမသာချေ။ ထိုသတင်း မျိုးကို ထည့်မိပြီး ခြိမ်းခြောက်စာများ ရလေ့ရှိသောကြောင့် ယခု စောင်မောင် ပြောလိုက်သည့် စကားကို ကြားလိုက်ရသည်တွင် ကျောထဲတွင် စိမ့်၍သွား



လေတော့၏။ သို့ဖြင့်၍ များစွာ စိတ်မဝင်စားသော လေသံဖြင့် "ဆိုပါအုံး"ဟု ပြောလိုက်လေ၏။

"မနေ့ညက ကုန်သည်လမ်းက မာရီယိုဟိုတယ်ကို ရောက်သွား တယ်၊ နောက် တော်တော်လေးကြာတော့ ဆူဆူညံညံ ကြားရပြီး ရုပ်ရှင် မင်းသမီးတစ်ယောက်က ရုပ်ရှင်သူဌေးလိုလို၊ ဒါရိုက်တာလိုလို လူတစ် ယောက်ကို ရိုက်လားနှက်လား လုပ်နေတာ တွေ့ရတယ်၊ ဒီအကြောင်း သတင်းစာတွေထဲမှာ မပါသေးဘူး"

"နို့ သူတို့ နာမည်တွေ သိခဲ့ရဲ့လား"

"မသိဘဲ နေပါ့မလား၊ အရိုက်ခံရတဲ့ လူက ကိုစံဖေဆိုတဲ့လူ၊ အခြား အလုပ်ရှိသေးတယ်၊ လက်ဖက်ခြောက် တိုက်ကြီးတစ်ခုက မန်နေဂျာလို့ ပြောတယ်၊ အလုပ်တော့ တော်တော်များတဲ့ လူပဲ၊ သူ့ကို ရိုက်လိုက်တဲ့ ငနဲမ ကတော့ ရုပ်ရှင်မင်းသမီး မေကြည်ဆိုတာ၊ ဒီကောင်မက တကယ်တော့ဖြင့် ကောင်းလှမယ် မထင်ပါဘူး၊ အင်္ဂလိပ်စာတော့ အတော်ကလေး တတ်တယ်၊ ကွန်ဗင့်ကကောင် ထွက်တယ်ဆိုလားပဲ၊ ငနဲမက မန္တလေးကလိုလို ၊ ပြင်ဦးလွင် ကလိုလို ပြောတာပဲ၊ ဒါပေမယ့် သူ့ကိုတော့ မေးရမြန်းရအောင် မတွေ့ လိုက်ရတော့ပါဘူး၊ ကျွန်တော် အပြင်ရောက်တော့ သူတို့လည်း မရှိတော့ဘူး"

ချစ်ထွေးသည် မသက်သာလှသော မျက်နှာထားဖြင့် "ဒီသတင်းကို ခင်ဗျားကိုယ်တိုင်လည်း စုံစုံလင်လင် ဘာမှ မသိရသေးပါကလား"ဟု ဆိုလိုက် လေ၏။

"အဲဒါ. . . ကနေ့သွားပြီး စုံစမ်းမှာပေါ့၊ ကိုစံဖေဆိုတဲ့လူကို စုံစမ်း ရင် သိမှာပဲ"

"ဒါပေမယ့် ဒီသတင်းကို ထည့်လို့ ဖြစ်နိုင်မယ် မထင်ပါဘူးဗျာ"

"ဟာ ကျွန်တော်တို့ သတင်းစာမှာ ဒါမျိုးတွေ ထည့်နေလို့ နာမည် ကြီးနေတာပဲ မဟုတ်လား၊ တလောကလည်း မြင်းဘွတ်ကီဒိုင်တွေ လိန်ကျ

www.burmeseclassic.com

www.burmeseclassic.com



ပုံကို ရေးထည့်လိုက်တာ ဘယ်လောက်လူတွေ သဘောကျကြသလဲ၊ ခင်ဗျား ကြောက်လို့ မထည့်ဘဲ ခဏရပ်ထားလိုက်တုန်းက တစ်နိုင်ငံလုံး ဝိုင်းပြီး ဆူ တယ် မဟုတ်လား၊ ဒါကြောင့် ခင်ဗျားအဖေကြီးကို အတင်းထည့်ခိုင်း ကျွန်တော် မနည်းပြောရတယ်"

"ရုပ်ရှင်နဲ့ ပက်သက်တဲ့ လူတွေအကြောင်းကို ထည့်ရမှာ ကျွန်တော် တော့ ခပ်လန့်လန့်ပဲ၊ အသရေဖျက်မှုနဲ့ တရားဆွဲမှာ စိုးရိမ်ရတယ်"

"ဒီသတင်းကတော့ အမှန်အတိုင်းပဲ စိတ်ချပါ"

"ဒါပေမယ့် ဖေဖေနဲ့ မကင်းရာ မကင်းကြောင်းထဲက ဖြစ်နေရင် ကော. . ."

"ခင်ဗျား တယ်လီဖုန်းနဲ့ မေးကြည့်လိုက်ပါလား"

ချစ်ထွေးသည် မိမိ၏ဖခင် ဦးဘိုးစထံ ချက်ခြင်းတယ်လီဖုန်း ဆက် ၍ မေးကြည့်လိုက်၏။ ခေတ္တမျှ ကြာသောအခါ ချစ်ထွေးသည် တယ်လီဖုန်း ကို ချလိုက်ပြီး စောမောင်အား "ခင်ဗျား သတင်းကို မမှားမယွင်းရအောင် စုံစမ်းပြီး ထည့်ပါတဲ့" ဟု ပြောပြီးမှ "ဒါထက် ဖေဖေက ခင်ဗျားကို ပြောစရာ အရေးကြီးတဲ့ ကိစ္စရှိလို့ အခု သူလာခဲ့မယ်တဲ့၊ ဘယ်ကိုမှ မသွားပါနဲ့ဦးတဲ့" ဟု ပြောပြလိုက်၏။ စောမောင်လည်း အရေးကြီးသော သတင်းအတွက် လိုက်ရမည့်အချိန်တွင် နှောင့်နှေးကြန့်ကြာစရာ တွေ့ရခြင်းကို မနှစ်သက် သကဲ့သို့ နှာခေါင်းရှုံ့လိုက်မိလေ၏။

နာရီဝက်ခန့်မျှ ကြာသောအခါ . . . ဆူဆူညံညံ လုပ်ကိုင်နေ သော သတင်းစာတိုက်ကြီးမှာ တိတ်ဆိတ်ငြိမ်သက်၍သွားကာ တဂျိုင်းဂျိုင်း ရိုက်နေသော စက်သံများကိုသာ ကြားရလေ၏။

"သူဌေး လာပြီ"

ထိုစကားသည် တစ်ယောက်၏ ပါးစပ်မှ တစ်ယောက်၏ ပါးစပ်သို့ တိုးတိုးတိတ်တိတ် ကူးပြောင်းသွားကာ ကိုယ့်အလုပ်ကိုယ် ကုန်း၍ လုပ်ကိုင်



နေကြလေ၏။

ခေတ္တမျှ ကြာသောအခါ တိုက်ပေါ်သို့ တက်လာသော ဦးဘိုးစ၏ ခြေသံများကို ကြားရပြီးနောက် ထိုခြေသံများသည် တိုက်ရှင်ဟု စာဆွဲထား သော အခန်းကလေးထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားပြီးလျှင် ထိုအခန်း ပေါ်တွင် လေးပေါင်လေးဘက် ကား၍ငြိမ်သက်နေသော ပန်ကာကြီးမှာ တဝီဝီနှင့် စတင်၍ လည်လေတော့၏။ ထို့နောက် မိနစ်အနည်းငယ်မျှ အကြာ တွင် လူတစ်ယောက် ထိုအခန်းထဲသို့ ဝင်လိုက်သွားလေ၏။

"ဪ. . . မောင်စောမောင် ထိုင်"

ဦးဘိုးစသည် ဝင်လာသူအား လှမ်း၍ပြောလိုက်ပြီးနောက် အိတ်ထဲ မှ ပို့စကတ် ဓာတ်ပုံတစ်ခုကို ထုတ်ယူလိုက်ပြီးလျှင် စောမောင်အား မပြသမီ သေချာစွာ ကြည့်နေလိုက်၏။ ထိုပုံမှာ ခင်လေးမြင့်၏ပုံ ဖြစ်ပေ၏။

ထို့နောက်မှ ဦးဘိုးစသည် ဓာတ်ပုံကို ကိုစောမောင်အား လှမ်း၍ ပေးလိုက်ကာ "အဲဒါ မ. . မ. . မစန်းကြည်ဆိုတဲ့ မိန်းကလေး တစ်ယောက်ရဲ့ ပုံပဲ" ဟု ဆိုလိုက်လေ၏။

"ဒီသူငယ်မလေးဟာ ဦးရဲ့ မိတ်ဆွေတစ်ယောက်ရဲ့ သမီးပဲ လွန်ခဲ့ တဲ့ လေးငါးဆယ်ရက်လောက်က သူ့အိမ်က ပျောက်သွားတယ်. . ."

"ဒီအကြောင်းကို ပုလိပ်ကို မတိုင်ဘူးလား ခင်ဗျာ"

"မတိုင်ဘူး၊ သူတို့ကို တိုင်လို့လည်း အကြောင်းထူးမှာ မဟုတ်ဘူး၊ အိမ်ကို ခဏခဏလာပြီး စစ်ဆေးနေတာ အချိန်ကုန်နေမှာပဲ။ မောင်စော မောင်ကိုတော့ ဒီကိစ္စမျိုးမှာ စိတ်ချရလောက်တယ်လို့ ဦးယုံကြည်တယ်"

"ဟုတ်ကဲ့ ထွက်ပြေးတာ ဘာဖြစ်လို့လဲ၊ အိမ်နဲ့ စိတ်ဆိုးလို့လား. . ."

ဦးဘိုးစသည် စဉ်းစားနေပြီးမှ "ဒါကြောင့် မဟုတ်ဘူး၊ သူ အိမ်မှာ သိပ်ပြီးပျော်ပျော်ရွှင်ရွှင်နေတတ်တာပဲ၊ တလောက အကြီးအကျယ် ဖျားပြီး တော့ နလန်ထစမှာ သူ့စိတ်တွေဟာ အမြဲလိုလို ယှုပ်ယှုပ်ရှားရှား ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အခုဟာလည်း ထွက်ပြေးတယ်လို့ မဆိုနိုင်ဘူး၊ ပျောက်သွားတယ်လို့ ဆိုရမှာပဲ" ဟု ပြောလေ၏။

"ဟုတ်ကဲ့" ဟု ဆိုကာ စောမောင်သည် ဓာတ်ပုံကို သေချာစွာ ကြည့်လိုက်ရာတွင် ၎င်း၏ မျက်နှာသည် ထိုဓာတ်ပုံရှင် မိန်းကလေးအား မှတ်မိသကဲ့သို့ အမူအရာကိုပြကာ မည်သူ ဖြစ်ပါလိမ့်မည်နည်းဟု စဉ်းစား လိုက်ရာတွင် လွန်ခဲ့သော နေ့တစ်နေ့က အယ်ဒီတာ ချစ်ထွေးထံသို့ ရောက် လာသူကလေး ဖြစ်နေသည်ကို တွေးမိလေ၏။ သို့ဖြစ်၍ ချစ်ထွေး၏ အတွင်း ရေးက ရှုပ်ထွေးလေပြီဟု သိရှိလေ၏။ ထိုသို့ သိရှိရာတွင် စိတ်မချမ်းသာခြင်း တစ်ရပ် ဖြစ်မိလေ၏။ ထိုသို့ စိတ်မချမ်းသာခြင်းမှာ မိမိ၏တိုက်ရှင် မိမိ၏ အကြီးအကဲ အယ်ဒီတာတို့၏ ဒုက္ခကို သနားမိ၍ မဟုတ်ပဲ ဤကဲ့သို့ အဖိုး ထိုက်တန်လှသော သတင်းကို အဘယ်နည်းနှင့်မျှ မိမိတို့၏ သတင်းစာ ထဲတွင် ထည့်၍မဖြစ်နိုင်ခြင်းကြောင့် ဖြစ်ပေ၏။

"မိန်းကလေးကတော့ ရန်ကုန်မှာပဲ ရှိအုံးမယ်၊ ဒီဓာတ်ပုံကြည့်ပြီး လိုက်ရှာတာပေါ့၊ နောက်ပြီးတော့ တစ်ခုမှာပါရစေ၊ ဒီကိစ္စကို ဘယ်သူမှ မသိစေရဘဲ လျှို့ဝှက်ထားပေးပါ"

"ဟုတ်ကဲ့ ကောင်းပါပြီ၊ ကျွန်တော် တတ်နိုင်သမျှ ကြိုးစားပါ့မယ်"

"ဒီကိစ္စအတွက် သွားလာစရိတ်ကို ဒီတိုက်ကပဲ ထုတ်ယူတာပေါ့"

"ဟုတ်ကဲ့ ကောင်းပါပြီ"

စောမောင်က ပြန်၍ပြောလိုက်သည့် စကားတွင် ငွေထုတ်ဖို့ အတွက် ပူမနေပါနဲ့၊ စိတ်သာချပါဟု ပြောလိုက်သည့် လေသံမျိုး ပါ၍ လာ သကဲ့သို့ ထင်ရလေ၏။

□□□

(၇)

ရန်ကုန်မြို့တွင် အလုပ်အကိုင် အသေးအဖွဲ့မှ စ၍ လွန်စွာ ကြီးမား သော လုပ်ငန်းကြီးများအထိ လုပ်ကိုင်ရာ ဗဟိုဌာနချက်မဖြစ်သော မြို့လယ် ပိုင်းကျသည့် ကုန်သည်လမ်း၏ အနောက်ပိုင်း ရပ်ကွက်ကြီးတွင် ကမ်းနား ဈေးဟောင်းမှ ပေတစ်ရာ တစ်ရှောင်းဆယ် ဝေးကွာသော နေရာ၌ လူအလွန် စည်ကားသော ပျော်ပွဲစားရုံတစ်ခု ရှိလေ၏။ ထိုပျော်ပွဲစားရုံသို့ ဝင်ရောက် ကြည့်လိုက်မည်ဆိုလျှင် တစ်ခုသော စားပွဲ၌ ထိုင်နေကြသည့် ဝေလင်းနှင့် ဘစိန်တို့ကို တွေ့ရှိကြရမည် ဖြစ်၏။ ထိုသူနှစ်ဦးတို့၏ မျက်နှာတွင် တစ်စုံ တစ်ရာကို မျှော်လင့်စောင့်စားနေ ကြသည့် အမူအရာ ပေါ်ထွက်လျက်ရှိကာ မကြာမကြာ ဆိုင်ဝသို့ လှမ်းမျှော်၍ ကြည့်ကြသည်ကိုလည်း တွေ့နိုင်မည် ဖြစ်၏။

"ကြာလိုက်တာ၊ အခုထက်ထိတောင် မလာသေးဘူး၊ နေရာကျပါ့ မလား မသိဘူး"

ဝေလင်း၏ ညောင်းညာလှသည့်ဟန်ဖြင့် ပြောလေ၏။

"ငါတော့ နေရာကျလို့သာ ကြာနေတယ် ထင်တယ်၊ နေရာမကျရင်

www.burmeseclassic.com

www.burmeseclassic.com



ချက်ခြင်းပြန်လာမှာပေါ့၊ နေရာမကျစရာလည်း အကြောင်းမရှိဘူးလို့ ထင်ပါတယ်၊ မနေ့က ကိုစံဖေ ငှါးရှေ့မှာပဲ သူ့စာရေးမကလေးကို ထုတ်ပစ်လိုက်တာ၊ ဒီလို စာရေးမလေးတစ်ယောက် အမြန်ဆုံး မထားရင် ဘယ်နည်းနဲ့မှ ဖြစ်မှာ မဟုတ်ဘူး"

ဘစိန်သည် ယုံကြည်စိတ်ချမှု အပြည့်အဝဖြင့် ပြန်ပြောလေ၏။

"ငှါးထောက်ခံချက်နဲ့ ဆိုရင်တော့ သူ့အတွက် မုချအလုပ်ရမှာတော့ အမှန်ပဲ"

"ဟုတ်တော့ ဟုတ်တာပေါ့၊ ဒါပေမယ့်လည်း တို့လူဆိုပြီး သူ့စိတ်ထဲမှာ မသင်္ကာတဲ့အတွက် အလုပ်မပေးဘဲ နေမယ်ဆိုရင်လည်း နေမှာပဲ၊ အခုတော့ မခင်လေးမြင့်လည်း အလုပ်ရအောင်၊ တို့များ သိချင်တာတွေလည်း သိရအောင် ကြံရတာကိုးကွ"

အတန်ကြာသောအခါ နှစ်ဦးစလုံး၏ မျက်နှာမှာ ပင်လယ်တွင် လှေနစ်သဖြင့် သစ်ဖောင်ကလေးဖြင့် မျောနေရာက ကျွန်းကို တွေ့ကြရသကဲ့သို့ ဖြစ်သွားကြပြီး. . "ဟောဟိုမှာ" ဟု တစ်ပြိုင်တည်း ဆိုလိုက်မိကြလေ၏။

ခင်လေးမြင့်သည် ဝမ်းသာရွှင်လန်းသော အမူအရာဖြင့် ၎င်းတို့ထံသို့ သွက်လက်စွာ ဝင်လာလေ၏။ ဝေလင်းနှင့် ဘစိန်တို့မှာ ထိုသို့ တွေ့မြင်ရသော်လည်း ဝို၍သေချာလိုလှသဖြင့် "နေရာကျရဲ့လား" ဟု တစ်ပြိုင်တည်း ဆီး၍ မေးကြလေ၏။

"ပြောတာနဲ့ တစ်ပြိုင်နက် ချက်ခြင်းပဲ အလုပ်ခန့်လိုက်တာပဲ၊ အပြင်တောင် ထွက်ခွင့် မရဘူး၊ အခုမှ မုန့်စားဆင်းချိန်မို့လို့ ထွက်နိုင်တာ"

ဝေလင်းမှာ ခင်လေးမြင့် အလုပ်ရသွားပြီဟု သိရ၍ လွန်စွာ ဝမ်းမြောက်မိလေ၏။ ဘစိန်မှာမူကား အလုပ်ရခြင်းကို ဝမ်းမြောက်မိခြင်း ထက် ကိုစံဖေ၏ အတွင်းရေးကို မြန်မြန်သိရလျှင် မိမိတို့ ပြင်ဦးလွင်သို့ အမြန်ပြန်



နိုင်ကြမည်ဖြစ်ပြီး မသောက်ရ မစားရဘဲ သဲကန္တာရကြီးနှင့် တူလှသော ရန်ကုန်မြို့ကြီးမှ လျင်မြန်စွာ ဝေးကွာရလိမ့်မည်ဟူသော မျှော်လင့်ချက်နှင့် "ဘယ့်နှယ့်လဲ၊ ကိုယ်တို့ အကြံအစည်တွေ ဖြစ်နိုင်ရဲ့လား" ဟု မေးလိုက်လေ၏။

"ဖြစ်နိုင်ရုံ ဘယ်ကမလဲ၊ တချို့တောင် သိလာခဲ့ရပြီ"

ဝေလင်းမှာ အံ့အားသင့်စွာဖြင့် "မြန်လှချည့်လား၊ ပြောစမ်းပါဦး" ဟု ဆိုလေ၏။

"ခင် အလုပ်လုပ်လို့ ခဏလောက်ကြာရင်ပဲ ဒီတိုက်မှာ မန်နေဂျာ သုံးဆက်တိုင်တိုင် လုပ်ခဲ့တဲ့ စာရေးကြီးတစ်ယောက်နဲ့ အသိအကျွမ်းဖြစ်ပြီး အလုပ်အကိုင် အခြေအနေဟာ အရင်တုန်းကနဲ့ မတူဘဲ ဖြစ်လာတယ် ဆိုတာတွေ သိရတယ်၊ သူ့စိတ်ထဲမှာ ဦးစံဖေကိုလည်း သိပ်ပြီးတော့ သဘောကျပုံမရဘူး၊ သူပြောတာတွေတော့ အများကြီးပဲ၊ ခင်သေသေချာချာ မှတ်မိတာကတော့ ဘားမားတီးအိတ်စပို့ဆိုတဲ့ လက်ဖက်ခြောက် ကုမ္ပဏီကြီးတစ်ခုကို အမြတ်အစွန်း နည်းနည်းကလေးနဲ့ သူ့လက်ဖက်ခြောက်တွေ ရောင်းနေတယ်လို့ သိရတယ်"

"ဟုတ်ကဲ့လား၊ ဒီကနဲ့ ဦးစံဖေ တွေ့ကြတုန်းကတော့ အရောင်းအဝယ် အခြေအနေ၊ စစ်အခြေအနေ. . . ."

ဝေလင်းက ခင်လေးမြင့်ပြောသည့် စကားများကို မယုံကြည်သကဲ့သို့ ဝင်ရောက်ခုခံ၍ ပြောဆိုမည်ပြုရာ ခင်လေးမြင့်က စကားကို ဖြတ်၍ "ဟာ မဟုတ်ပါဘူး၊ ခင် လက်တွေ့သိရတာက တခြားကုန်တိုက်တစ်ခုက အဲဒီဈေးထက် တိုးပေးပြီး ဝယ်မယ်ဆိုတာကို ဘယ်လိုစာပြန်ရမလဲလို့ မေးတော့ မပြန်နဲ့၊ ဟိုကုမ္ပဏီနဲ့ မိတ်ပျက်သွားမယ်လို့ ပြောတယ်၊ ကဲ. . ဒါကို ဘယ်လို သဘောရသလဲ" ဟု ပြောဆိုမေးမြန်းလေ၏။

"အင်း ဒီလိုဆိုတော့လည်း အဆန်းသားပဲ"

www.burmeseclassic.com

www.burmeseclassic.com



ခင်လေးမြင့်သည် နာရီကို လှမ်းမျှော်၍ ကြည့်လိုက်ပြီးလျှင် "ခင်အပြင်ထွက်ခွင့်ရတဲ့ အချိန်ဟာ သိပ်မရှိတော့ဘူး၊ အလုပ်တိုက်ကို ပြန်မှပဲ" ဟု ပြောဆိုကာ စားပွဲမှ ထလိုက်၏။

ဝေလင်းနှင့် ဘစိန်တို့လည်း လိုက်ပို့ကြရန် ထကြရင်း "ခင် ဒီနေရာမှာတော့ အသိထဲကလာပြီး တွေ့နိုင်မယ် မဟုတ်ဘူးလို့ ထင်တာပဲ" ဟု ဝေလင်းက ပြောလိုက်ရာ ခင်လေးမြင့်သည် မိမိအား "ခင်" ဟူသော အမည်ဖြင့် စတင်ခေါ်ဝေါ်လိုက်ခြင်းကို စိတ်ထဲတွင် လှုပ်ရှားခြင်း ဖြစ်မိလေ၏။

"ဒါလောက် ရှုပ်တဲ့နေရာမှာတော့ တွေ့ဖို့လည်း ခဲယဉ်းပါတယ်၊ ဒီလိုနေရာတွေကိုလည်း လာလေ့ လာထ မရှိကြပါဘူး"

ခင်လေးမြင့်သည် ပြောပြောဆိုဆို ရှေ့မှနေ ထွက်ခဲ့ရာ ဝေလင်းနှင့် ဘစိန်တို့လည်း အစဉ်အတိုင်း လိုက်ခဲ့ကြလေ၏။

ခင်လေးမြင့် အလုပ်လုပ်သည့် အလုပ်တိုက်ကြီးမှာ ကုမ္ပဏီလီမိတက် အသီးသီး စုပေါင်း၍ လုပ်ကိုင်နေကြသည့် သုံးထပ်တိုက်ကြီး တစ်ခု၏ အလယ်ထပ်တွင် ရှိရကား ထိုတိုက်ရှေ့သို့ ရောက်လာကြရာတွင် ဝေလင်းနှင့် ဘစိန်တို့သည် နှုတ်ဆက်ပြီး ခွဲထွက်သွားကြလေ၏။ ခင်လေးမြင့်သည် ဓာတ်လှေကားဖြင့်တက်ရန် ကြံရွယ်သော်လည်း ဓာတ်လှေကားမှာ ပြန်၍ဆင်းမလာသေးသောကြောင့် စောင့်စားနေလျှင် လမ်းပေါ်မှ သွားလာနေသူများ တွေမြင်သွားမည်ကို စိုးရိမ်မိသဖြင့် ရိုးရိုးလှေကားမှ တက်ရောက်သွားလေ၏။

ခင်လေးမြင့်သည် အလုပ်ခန်းသို့ ရောက်လိုဇောဖြင့် လျင်မြန်စွာပြေးတက်လာရာ ထိုလှေကားမှ ဆင်းလာသော လူတစ်ယောက်နှင့် ရင်ဆိုင်ဝင်၍ တိုးလုနီးပါး ဖြစ်သွားပြီး နီးကပ်မှ နှစ်ယောက်သား ခြေလှမ်းများကို ရပ်လိုက်ကြ၏။ ထို့နောက် တစ်ယောက်ကို တစ်ယောက် တောင်းပန်ရန် မျက်နှာချင်းဆိုင်လိုက်ကြသောအခါ ခင်လေးမြင့်မှာ မျက်နှာအမူအရာ



ပြောင်းလဲခြင်း မရှိသော်လည်း ထိုသူမှာမူ အံ့အားသင့်သကဲ့သို့ ဖြစ်ပြီး ခေတ္တမျှ ငေးကြည့်နေမိလေ၏။

"မမြင်လို့ပါ၊ စိတ်မရှိပါနဲ့"

"တောင်းပန်ဖို့ မလိုပါဘူးရှင်၊ ဘာမှ မဖြစ်ပါဘူး" ခင်လေးမြင့်သည် ထိုသူအား ရှောင်တက်၍ သွားလေ၏။

သို့ရာတွင် ထိုလူကား ဆက်လက်၍ ဆင်းမသွားဘဲ ထိုနေရာတွင်ပင် ခင်လေးမြင့်အား လှည့်၍ကြည့်ပြီးနောက် နောက်ယောင်ခံ၍ တက်လိုက်သွားလေ၏။

အကယ်၍သာ စောမောင်သည် မာရီယို ပျော်ပွဲစားရုံကို့စ္စနှင့် ပက်သက်၍ ကိုစံဖေနှင့် လာရောက်တွေ့ဆုံပြီး ပြန်ခဲ့ခြင်းမှာ (၂) မိနစ်ခန့် စောနေလျှင်သော်လည်းကောင်း၊ နောက်ကျနေလျှင်သော်လည်းကောင်း၊ ခင်လေးမြင့်အား ဘယ်နည်းနှင့်မျှ ယခုကဲ့သို့ တွေ့ဆုံနိုင်စရာ အကြောင်းမရှိပေ။ ယခုမူ လှေကားအဆင်းအတက်တွင် ခင်လေးမြင့်အား တွေ့ရှိလိုက်ရသည်နှင့် တစ်ပြိုင်နက် မိမိ၏သတင်းစာတိုက်သို့ ရောက်လာဖူးသူကလေး၏ မျက်နှာကို ပြေး၍သတိရမိကာ ချစ်ထွေးနှင့် စေ့စပ်ထားသည့် မိန်းမပျိုမှာ သူပင်ဖြစ်သည်ဟု သိရှိရလေ၏။ ထိုသို့ သိရခြင်းပင် ဝမ်းသာခြင်း၊ အံ့သြခြင်းများ တစ်ပြိုင်တည်း ဖြစ်ပေါ်လာပြီး ဆက်လက်၍ မည်သို့ပြုလုပ်ရပါမည်နည်းဟု ခင်လေးမြင့်၏ နောက်မှ လိုက်လာရင်း လျင်မြန်စွာ စိတ်ကူးထုတ်လေ၏။

ခင်လေးမြင့်ကို ကြည့်ရခြင်းအားဖြင့် သူသည် မိမိအား မှတ်မိပုံမရဟု စောမောင်၏ စိတ်ထဲတွင် ယုံကြည် စိတ်ချမိလေ၏။ သို့ဖြစ်၍ မိမိသည် ခင်လေး၏ အလုပ်ခန်းအတွင်းသို့ ဝင်၍ လိုက်သွားရခြင်းထက် ဦးဘိုးစထံ အမြန်ဆုံးနည်းဖြင့် အကြောင်းကြားကာ မိမိကိုယ်တိုင်မူကား ဦးဘိုးစရောက်လာသည့်တိုင်အောင် အလုပ်တိုက် လှေကားရင်းမှ စောင့်စားရန် စိတ်ပိုင်းဖြတ်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



စောမောင်သည် မိမိအား ခင်လေးမြင့် မှတ်မိလိမ့်မည် မဟုတ်ဟု ယူဆမိခြင်းသည် အမှားကြီး မှားလေတော့၏။ အကြောင်းမူကား ခင်လေးမြင့်သည် စောမောင်၏ အကြောင်းကို ယခင်ကပင် ကြားထားဖူးရာ လွန်စွာသိလိုသည့်အလျှောက် သတင်းစာတိုက်သို့ ရောက်စဉ်က စောမောင်ကို တွေ့ရသည့်အခါတွင် ဂရုစိုက်၍ ကြည့်ခဲ့မိလေ၏။ သို့ဖြစ်၍ လှေကားအတက်အဆင်းတွင် တွေ့ကြရသောအခါ ထိုသူအား မြင်ဖူးပါသည်။ ဘယ်အခါ ဘယ်နေရာတွင်တွေ့၍ ဘယ်သူပါလိမ့်ဟု လှေကားပေါ်တက်ရင်း စဉ်းစား၍ လာခဲ့လေရာ အလုပ်ခန်းထဲသို့ ဝင်လိုက်မိသည်နှင့် တစ်ပြိုင်နက် ထိုသူမှာ ချစ်ထွေး၏ လက်အောက်တွင် အလုပ်လုပ်သူ လက်ထောက်အယ်ဒီတာ စောမောင် ဖြစ်သည်ကို သတိရလေ၏။

ထိုသို့ တွေးမိသည်နှင့် တစ်ပြိုင်နက် ခင်လေးမြင့်၏ တစ်ကိုယ်လုံးမှာ ကြက်သီးတဖြန်းဖြန်း ထ၍သွားလျက် မိမိအား ရှာဖွေရန် လိုက်လာခြင်းဖြစ်သည်ကို ရိပ်စားမိလေ၏။ ထိုသို့ ရိပ်မိသည့်အလျှောက် အလုပ်တိုက်တွင်းတွင် ခိုင်းစေသော သူငယ်လေးတစ်ယောက်ကို မယောင်မလည်နှင့် ဆင်း၍ အကြည့်ခိုင်းရာ အောက်တွင် စောင့်နေသည်ကို တွေ့ရသည်ဟု ဆိုသည့်အတွက် သေချာသွားလေ၏။

"ဟဲ့ မှတ်ကျော်၊ ဒီအလုပ်တိုက်ကြီး မီးလောင်ရင် ဘယ်နှယ့်လုပ်မလဲ"

"လောင်ပါစေ မီးအာမခံထားတာပဲ ပမရဲ့"

"မဟုတ်ဘူးလေ ဘယ်လိုလုပ် ဆင်းပြေးမလဲ ပြောတာ"

"ရှိးရိုးလှေကားက ဆင်းရင်ဆင်း၊ ဓာတ်လှေကားနဲ့ ဆင်းရင်ဆင်းပေါ့"

"လှေကားမှာ မီးတွေလောင်နေပြီတဲ့၊ ဓာတ်လှေကားကလည်း ဓာတ်အားပျက်သွားလို့ ဆင်းမရတော့ဘူးတဲ့ ဒီလိုဆိုရင် ဘယ်နှယ့်လုပ်မလဲ"



မှတ်ကျော်သည် ခေါင်းကုတ်၍ တွေဝေစဉ်းစားနေလေ၏။ ထိုမေးခွန်းမျိုးကို မိမိကျောင်းတွင် နေစဉ်က မည်သည့် စာမေးပွဲ၌မျှ မဖြေခဲ့ရသည်ကို သေချာစွာ မှတ်မိလေ၏။ ခဏမျှ ကြာသောအခါ မှတ်ကျော်သည် တစ်စုံတစ်ရာကို တွေးမိကာ "နောက်ဖေးဘက်မှာ ကြောင်လိမ်လှေကားတစ်ခု ရှိတယ်၊ အဲဒီကဆင်းရင် နောက်ဖေးလမ်းကြားထဲရောက်ပြီး လမ်းမကြီးပေါ်ကို ထွက်လို့ရတယ်" ဟု ပြောလေ၏။

ခင်လေးမြင့်မှာ စောမောင်ကို မတွေ့ရလေအောင် ဤလှေကားမှ ဆင်း၍ မိမိထွက်ပြေးနိုင်သည်ကို သိရ၍ လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိကာ မှတ်ကျော်အား ထိုလှေကားကို လိုက်၍ပြခိုင်းလေ၏။ ထို့နောက် ခင်လေးမြင့်သည် မှတ်ကျော်အား ပြန်၍လွှတ်လိုက်ပြီးလျှင် မယောင်မလည်နှင့် ထိုလှေကားအနီး၌ ရပ်နေပြီးမှ မိမိအား မည်သူမျှ ကြည့်မနေသည်ကို သိရသည်နှင့် တစ်ပြိုင်နက် ထိုလှေကားမှ ဆင်းသက်ကာ ဦးစံဖေ၏ အလုပ်တိုက်ကို အပြီးအပိုင် စွန့်ပစ်၍ ထွက်ခဲ့လေတော့၏။

ထိုသို့ ခင်လေးမြင့် ထွက်သွားပြီးမှ ငါးမိနစ်မျှ မကြာမီမှာပင် အလုပ်တိုက်ရှေ့သို့ မော်တော်ကားကြီး တစ်စီး ဆိုက်ရောက်လာကာ ကားပေါ်မှ ဆင်းသက်၍ တိုက်ထဲသို့ ဝင်ရောက်လာလေ၏။

"သူငယ်မ ဘယ်မှာလဲ ၊ အပေါ်ထပ်မှာလား"

စောမောင်အား ဦးဘိုးစက မေးလိုက်လေ၏။

"ဟုတ်ကဲ့၊ အပေါ်ထပ်မှာ ရှိတယ်"

"သူ တကယ်ပဲဆိုတာ မင်း သေချာရဲ့လား"

"သေချာပါတယ်"

'အပေါ်ထပ်မှာ ရှိသေးတယ် ဆိုတာကော သေချာရဲ့လား"

"ကျွန်တော် လှေကားရင်းက စောင့်နေတာပဲ၊ သူပြေးရင် ဒီကပဲ ပြေးရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေးမဟာ ဘာလုပ်ရအောင် ဒီကိုလာပါလိမ့်မလဲ"

စောမောင် ကိုယ်တိုင်လည်း ထိုမေးခွန်း၏ အဖြေကို သိချင်လို လျက် ရှိရကား . . ဦးဘိုးစ၏ အမေးကို ဖြေကြားခြင်း မပြုနိုင်ဘဲ ရှေ့ဆောင် ပြီး လှေကားပေါ်သို့ တက်ခဲ့ရာ ဦးဘိုးစလည်း ငြိမ်သက်စွာ လိုက်ပါခဲ့လေ၏။

ထိုအချိန်တွင် ကိုစံဖေမှာ အလုပ်နှင့်ပတ်သက်သော စာများကို ရေးရန် ပြန်ကြားရန်အတွက် လက်နှိပ်စက်စာရေးမလေးအား နှုတ်တိုက် ပြော ဆိုရန် ခေါ်လိုက်သောအခါ မရှိတော့ဘဲ ဖြစ်သည်ကို တွေ့ရလေ၏။ ကိုစံဖေ မှာ ယမန်နေ့ညက မာရီယိုပျော်ပွဲစားရုံတွင် လူအများရှေ့၌ အရှက်ကွဲခဲ့ရ သဖြင့် မေကြည်အား ဒေါသဖြစ်နေရသည့်အထဲ၊ စောမောင် လာရောက် မေးမြန်းခြင်းခံရပြန်၍ ဒေါသမီးအရှိန်ပြင်း၍ လာစဉ်ပင်၊ ဦးဘိုးစ၏ နာမည် ရိုက်နှိပ်ထားသော ကဒ်ပြားအဖြူလေးကို မှတ်ကျော် ယူ၍လာသည်ကို တွေ့ရ သောအခါ၊ မိမိအလုပ်နှင့် ပတ်သက်သူတစ်ယောက် မဟုတ်ခြင်းကို သိရ၍ အနှောင့်အယှက်ပေးရအောင် လာကြပြန်ပြီဟု စိတ်တိုလျက် တရှူး ရှူးတရှဲရှဲ ဖြစ်နေလေ၏။

"ဒီလူ ဘယ်သူလဲ"

"ကျွန်တော် မသိပါဘူး ခင်ဗျာ"

"ဘာလုပ်မလို့တဲ့လဲ"

"ကျွန်တော် မသိပါဘူးခင်ဗျာ"

"ဒါဖြင့် အခန်းထဲ ပို့လိုက်"

'ကျွန်တော် မသိ' ဟု ဆိုပြီးမှ မှတ်ကျော်သည် ထိုစကားကို ငြင်းဆို ရန်မလိုဟု သိရှိကာ စကားကိုဖြတ်ပြီး အပြင်သို့ လျင်မြန်စွာ ထွက်ပြေးခဲ့ရလေ တော့၏။

ခေတ္တမျှ ကြာသောအခါ ဦးဘိုးစနှင့် စောမောင်တို့ အခန်းတွင်းသို့ ဝင်ရောက်လာကြပြီးလျှင် စောမောင်က ဦးဘိုးစကို လက်နှင့်ပြလျက်



"သတင်းစာတိုက်ပိုင်ရှင် သူဌေးဦးဘိုးစ တီ,ပီ,အက်. . . ပါပဲ" ဟု ကိုစံဖေ အား ပြောပြ၍ မိတ်ဆက်ပေးလေ၏။

"ထိုင်ပါ၊ ထိုင်ပါ၊ ဘာကိစ္စနဲ့ ကြွလာပါသလဲ ခင်ဗျာ"

စောမောင်လည်း အလုံးစုံသော စကားပြောရန် ကိစ္စကို မိမိအား တစ်ဦးတည်း ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသည့်အလား "ဒီအလုပ်တိုက်မှာ လက်နှိပ်စက်ရိုက်တဲ့ စာရေးမကလေးဟာ ဦးဘိုးစမိတ်ဆွေတစ်ဦးရဲ့ တူမ တော်ပါတယ်၊ သူဟာ အိမ်ကထွက်သွားတာ ဖြစ်တဲ့အတွက် ခေါ်ရအောင် လာတာပါပဲ" ဟု ပြောပြလေ၏။

"ဩော် ဟုတ်လား" ဟု ကိုစံဖေက ဆိုလိုက်လေ၏။ထိုအခါမှ ဦးဘိုး စသည် မိမိစကားပြောရန် အချိန်ရောက်လာပြီ ဖြစ်သည့်အလား "ဒီသူငယ်မ ဟာ မမာမကျန်းဖြစ်ပြီး နလန်ထခါစ ဖြစ်တဲ့အတွက် အလုပ်အကိုင်လုပ်ဖို့ မတော်သေးပါဘူး၊ သူ့ကို တဆိတ်ခေါ်ပေးပါ" ဟု ဆိုလေ၏။

"အခုတင်ပဲ အခန်းထဲ ဝင်တာ မြင်လိုက်တယ်" ဟု စောမောင်က ထောက်ခံ၍ ပြောလိုက်လေ၏။

"အခုတင်ပဲ ဝင်လာတာ မှန်ပါတယ်၊ ဒါပေမယ့် အခုတင်ပဲ ထွက် သွားပါပြီ"

"ကျွန်တော် အောက်က စောင့်နေတာပဲ၊ ပြန်ဆင်းတာလဲ မတွေ့ ရသေးပါဘူး"

"ဒါဖြင့်ရင် အံ့ဩစရာပဲ၊ ကျုပ်တို့လည်း အပေါ်မှာရှာတာ မတွေ့ရ ဘူး၊ အတောင်ပေါက်ပြီး ပြန်သွားလေရော့သလား၊ ပုန်းပဲနေသလားတော့ မသိဘူး၊ စိတ်မကျေနပ်ရင် ရှာနိုင်ပါတယ်"

ဦးဘိုးစနှင့် စောမောင်တို့သည် ထိုစကားကို ကြားရလျှင် တကယ် ပင်မရှိ၍ ပြောခြင်းဖြစ်သည်ကို ယုံကြည်ကာ "သူ့အိမ်လိပ်စာကို ပေး မပေးနိုင်ဘူးလား" ဟု မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"နှစ်ဆယ့် သုံးလမ်းထဲမှာပါ"

ကိုစံဖေသည် ပါးစပ်ထဲတွင် တွေ့မိတွေ့ရာကို လျှောက်ပြောလိုက် ခြင်း ဖြစ်ပေ၏။ အကြောင်းမှုကား ထိုနေ့တစ်နေ့လုံးအဖို့ မိမိမှာ အနှော့ အယှက်အမျိုးမျိုး တွေ့ကြုံနေရလေရာ ယခုပြောလိုက်သည့် လမ်းမှာ အမှ လက်ကြားလမ်းဟု နာမည်ကြီးသော ဘိန်းစား၊ ခါးပိုက်နှိုက်၊ လူဆိုး လူတေ ကျက်စားသည့်လမ်း ဖြစ်သည့်အလျောက် ထိုသူနှစ်ယောက် အလုခံရလျှ လည်းခံရ သို့မဟုတ် အရိုက်ခံရလျှင်လည်း ခံရဟူသော သဘောထားဖြင့် ပြောလိုက်ခြင်း ဖြစ်ပေ၏။

ကိုစံဖေ၏ ရည်ရွယ်ချက်ကို မသိရသော ဦးဘိုးစနှင့် စောမောင် တို့မှာ ထိုသို့ ကြားရသည့်အတွက် များစွာကျေးဇူးတင်မိလျက် ကျေးဇူးတင် စကားပြောကြား နှုတ်ဆက်၍ ထွက်ခဲ့ကြရာ ကိုစံဖေမှာ ပြုံး၍ ကျန်ရစ် လေ၏။

တစ်နာရီမျှ ကြာသောအခါတွင် သတင်းစာတိုက်၏ အယ်ဒီတာ ဌာန အခန်းအတွင်းရှိ စားပွဲတစ်လုံးတွင် မေးကိုလက်ထောက်လျက် အမော မပြေသေးသည့် လက္ခဏာဖြင့် စိတ်ပျက်စွာ ငေးမှိုင်နေသော စောမောင်တို့ တွေ့ရလေ၏။ စောမောင်မှာ မိမိတစ်သက်တွင် (၂၃) လမ်းလို နေရာမျိုး ဘယ်အခါမှ မသွားတော့ဘူးဟု စိတ်ပိုင်းဖြတ်လိုက်မိလေ၏။ အကြောင်းကို ဆိုသော် ခင်လေးမြင့်အား ထိုလမ်းထဲသို့ သွားရောက်ရှာဖွေရာတွင် ဘိန်းခန်း ဖမ်းဆီးရန် လာသူများ ဖြစ်သည်ဟူသော အထင်ဖြင့် တိုက်ကြားမှနေ၍ ခဲနှင့် ပေါက်ကြသည့်အတွက် အသက်လု၍ ပြေးခဲ့ရသောကြောင့် ဖြစ်ပေ၏။

လောကကြီး၌ ကြီးပွားချမ်းသာနေသော သူတို့သည် မိမိတို့၏ လက်အောက်ငယ်သားများအား အလုပ်တစ်စုံတစ်ရာ ခိုင်းစေလိုက်လျှင် လု ကိုင်၍ ဖြစ်မြောက်အောင်မြင်ခြင်းကိုသာ လိုလားတောင်းဆိုကြ၏။ ထို အကြောင်း ဤအကြောင်းတို့ကြောင့် မအောင်မြင်ဟူသော စကားကို သိ



ဖျဉ်းသော ဆင်ခြေပေးခြင်းဟူ၍ နှစ်လိုခြင်း မရှိတတ်ကြလေရာ၊ စောမောင် မှာ တစ်သက်လုံး ဦးဘိုးစ၏ အထင်ကြီးခြင်းကို ခံခဲ့ရသမျှ ခင်လေးမြင့်၏ ကိစ္စနှင့်ကျမှ နာမည်ပျက်ရတော့သည်ကို မကြေနိုင် မချမ်းနိုင်ရှိ၍ နေမိလေ တော့၏။ အကယ်၍သာ မိမိသည် ခင်လေးမြင့်အား ရှာဖွေပေးရန်အလုပ်ကို လက်မခံလိုက်မိလျှင် တော်လေသား ဟူ၍လည်း နောင်တရမိလေ၏။ သို့ရာ တွင် မတတ်သာဘဲ တနည်းနည်းနှင့်တွေ့အောင် ရှာရန်ကိုသာ မတတ်သာဘဲ စဉ်းစားရရှာလေ၏။

ထိုသို့ စဉ်းစားရာ စောမောင်မှာ မည်သို့ပြုလုပ်ရလျှင် ကောင်းမည် ဟူသော နည်းလမ်းကို ရှာမရဘဲ အမှုလက်ကြားလမ်းမှ ပြေးခဲ့ရသည့် အကြောင်းကိုသာလျှင် ပြန်၍ သတိရနေမိရကား မိမိကိုယ်တွေ့ကြုံမှု သတင်း စာထဲတွင် ထည့်၍ရေးချလိုသော သတင်းစာဆရာတို့၏ စိတ်ဓာတ်ပေါ်လာ ကာ ရန်ကုန်မြို့ကြီး၏ ငရဲပြည်ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်စောင် ကို စတင်၍ ရေးလေ၏။

ထိုသို့ ရေး၍ စာနှစ်ရွက်ခန့်မျှ ပြီးသွားစဉ် ရုံးလုလင်သူငယ်ကလေး တစ်ယောက် ဝင်ရောက်၍လာကာ လက်သုံးသစ်ခန့်မျှ ရှိသော စာရွက် ကလေးတစ်ရွက်ကို ပေးလေ၏။

"ဘစိန်"

စောမောင်သည် စာရွက်ပေါ်တွင် ရေးပေးသည့် နာမည်ကို ဖတ် ကြည့်လိုက်ပြီးနောက် ထိုအမည်ကို မကြာမီကလေးကပင် မိမိကြားလိုက်မိ သည်ဟု စိတ်ထဲတွင် ထင်မြင်မိသော်လည်း များစွာမသေချာဘဲ ရှိလေ၏။

"ဘယ်လို လူလဲကွ"

"လူတစ်ယောက်ပဲဆရာ တစ်မျိုးပဲ"

စောမောင်သည် ထိုသူငယ်အား ဆက်လက်၍ မေးမြန်းသော် လည်း လုံလောက်သော အထောက်အထားတစ်ခု ရရှိမည် မဟုတ်သည်

www.burmeseclassic.com

www.burmeseclassic.com



ကို သိရသဖြင့် "ခေါ်လိုက်" ဟု ပြောလိုက်လေ၏။

ထို့နောက် စောမောင်သည် ဝင်လာသူအား ကြည့်လိုက်ရာ ထိုလူမှာ ကိုစံဖေ၏ အလုပ်တိုက်မှ အဆင်းတွင် တိုက်ရှေ့၌ ခင်လေးမြင့်နှင့် အတူတူ ရောက်လာကြလျက် ခင်လေးမြင့်အား ထိုလူက နှုတ်ဆက်ရာတွင် "ဟုတ်ကဲ့ ကိုဘစိန်" ဟု ပြန်၍ပြောလိုက်သံ ကြားရကြောင်း သတိရကာ မိမိမှတ်မိသောအမည်နှင့် ထိုသူ၏မျက်နှာကို ယခုမှ စပ်ဟပ်ကြည့်၍ ရလေတော့၏။

"ထိုင်ပါခင်ဗျာ၊ ထိုင်ပါ"

'ကျေးဇူးတင်ပါတယ်"

ဆိုကာ ဘစိန်သည် စောမောင်၏ စားပွဲရှေ့တည့်တည့်ရှိ ကုလားထိုင်တွင် ဝင်ရောက်၍ ထိုင်လိုက်လေ၏။

ဘစိန်မှာ ခင်လေးမြင့်နှင့် သိရှိကြသည့်အခါမှ သတင်းစာကို ခြယ်လှယ်နေသူမှာ စောမောင်ဖြစ်ကြောင်း သိရှိရ၏။ မိမိအကြောင်းနှင့် ပက်သက်၍ မဟုတ်မမှန် ရေးလိုက်ခြင်းကို ထိုသူအား ပြောပြမှသာလျှင် အရောရောက်မည်ဟု နှလုံးပြုမိသည့်အတိုင်း ဝေလင်းနှင့်အတူတူ အိမ်သို့ ရောက်ကာမှ သတိရကာ ပြန်၍ထွက်ခဲ့ပြီး ရောက်လာခြင်း ဖြစ်ပေ၏။

"ဘာကိစ္စနဲ့ တွေ့ချင်လို့ပါလဲ"

"ဒီလိုပါခင်ဗျာ၊ အကြောင်းကတော့ လွန်ခဲ့တဲ့ရက်က ခင်ဗျားတို့ သတင်းစာမှာ ပြင်ဦးလွင်က သတင်းတစ်ခု ပါလာတယ်. . . . "

စောမောင်မှာ အကင်းပါး ဖျတ်လတ်သူတစ်ယောက် ဖြစ်ရကား မှားယွင်းသော သတင်းတစ်ခုနှင့် ပက်သက်၍ ဖြေရှင်းရန် လာခြင်းဖြစ်သည်ကို ရိပ်မိလေ၏။ သို့သော် ထိုသူလည်း ကျေနပ်ရန် မိမိသိလိုသည့် အချက်ကိုလည်း ရနိုင်က ရစေရန် ရည်ရွယ်လျက် ဘစိန်၏ စကားမဆုံးသေးမီ ဖျတ်ကနဲ မိမိလက်ပတ်နာရီကို မြှောက်ကြည့်ကာ "အလို အချိန်တောင် နောက်ကျ



သွားပြီ၊ နေ့လည်စာတောင် မစားရသေးဘူး" ဟု စကားဖြတ်၍ ပြောလိုက်ပြီးနောက် "ခင်ဗျားကော စားသောက်ပြီးပြီလား" ဟု မေးလေ၏။

"အို ကျွန်တော် စားဖို့လာတာ မဟုတ်ပါဘူး၊ သတင်းကို ဖြေရှင်းချင်လို့ပါ"

"ဖြေတာတော့ ဖြေတာပေါ့၊ ကျွန်တော် နေ့လည်စာ မစားရသေးဘူး၊ နယ်ကိုပို့မယ့် သတင်းစာ ပထမနှိပ်ခြင်း၊ ဒုတိယနှိပ်ခြင်း ပြီးတုန်း အခုအချိန်လေးပဲ ခဏအားတယ်၊ တော်တော်ကြာ အလုပ်ပေါ်လာဦးတော့မယ်၊ ဒါကြောင့် ဒီအချိန်ကလေး အပြင်ထွက်စားလိုက်အုံးမှ ဖြစ်မယ်၊ ခင်ဗျားလည်း ကျွန်တော့်ကို စောင့်နေနိုင်မယ် မထင်ဘူး၊ ဒီတော့ အကျိုးအကြောင်းလည်း ပြောရင်း စားလည်း စားရအောင် လိုက်ခဲ့ပါလား၊ ဒီနေရာလေးတင်ပဲ"

ဘစိန်မှာ ကံကောင်းလျှင် သောက်ရလိမ့်မည်ဟူသော မျှော်လင့်ချက်ကလေး ပေါ်ပေါက်လာ၍ "ကျွန်တော်လိုက်နိုင်ပါတယ်" ဟု ဆိုလိုက်လေ၏။

မကြာမီ စောမောင်နှင့် ဘစိန်တို့သည် နိုင်ငံခြားအရက်ဘားနှင့် ပျော်ပွဲစားရုံ တစ်ခုသို့ ရောက်ရှိသွားကြလေ၏။ ဘစိန်သည် စားပွဲတွင် ထိုင်လိုက်မိသည်နှင့် တစ်ပြိုင်နက် 'ဘား' တွင် စီတန်းထားသော အရက်ပုလင်းမျိုးစုံတို့ကို ပြုံးစိုက်၍ကြည့်ကာ သွားရည်ကျ၍ နေလေတော့၏။ စောမောင်မှာ ဘစိန်၏ အမူအယာကို မြင်ရသဖြင့် သဘောကျ၍ ပြုံးလိုက်မိလေ၏။

"မိတ်ဆွေ အရက်မသောက်တတ်ဘူး ထင်တယ်"

"ကျွန်တော်လား. . . ဒီလိုမေးတဲ့ လူမျိုးကို သိပ်စိတ်ဆိုးတာပဲ ဟဲ. . . ဟဲ. . ."

"ဒါဖြင့် ကျွန်တော့်ကိုတော့ စိတ်မဆိုးပါနဲ့ဗျာ၊ ဘာသောက်မလဲ"

"ဟာဗျာ. . . အားနာစရာကြီး"

"အို. . အားနာမနေပါနဲ့၊ ဘာသောက်မလဲ ဝီစကီ သောက်မလား"

www.burmeseclassic.com

www.burmeseclassic.com



"ဂျင်ကော"

"ကောင်းသားပဲ. . ."

"ဘရန်ဒီကော. . ."

"ကောင်းသားပဲ. . ."

"ခင်ဗျားနှယ်ဗျာ၊ ဒါလောက်လဲ အားနာမနေပါနဲ့ ဆိုနေမှ ဟဲ. . . ဟဲ. . ." ဟု စောင်မောင်က ပြုံးရယ်၍ပြောကာ ကော့တေးလ်ခေါ် "ဆယ့်နှစ်မျိုးအရက်" ကို မှာလိုက်လေ၏။

လူတိုင်း လူတိုင်း တစ်ယောက် အယူအဆနှင့် တစ်ယောက် တူနိုင်မည်မဟုတ်၊ စောမောင်အား အဘယ်ကဲ့သို့သော လူစားတစ်ယောက်ဟု ထင်ပါသနည်းဟု ကိုစံဖေအား သွားရောက်မေးခဲ့လျှင် ထိုအဖြေကို ငါးမိနစ်နှင့် ဖြေနိုင်မည် မဟုတ်ပေ။ ဖြေလိုက်ပြန်လျှင်လည်း ထိုစကားများကို စာဖြင့်ရေးသားဖော်ပြရန် သင့်တော်မည် မဟုတ်ပေ။ သို့ရာတွင် ဘစိန်အဖို့မှာကား စောမောင်တစ်ယောက်သာလျှင် အလှူ့ဒါနတွင် အရက်ကိုပါ ထည့်သော သူတော်ကောင်းကြီး တစ်ယောက် ဖြစ်သည်ဟု ထင်မြင်ကာ လွန်စွာနှစ်သက်မိလေတော့၏။ သို့ဖြစ်ရကား ဘစိန်မှာ နဖူးတွင် ချွေးကလေးများ စို့လာကာ ဤသို့သော အကြောင်းများကြောင့် ကမ္ဘာလောကကြီးကို မခွဲရက်နိုင်ကြတော့ဟု ပြောစရာကောင်းသည့် အခြေအနေသို့ ရောက်လာသောအခါတွင် စောမောင်အား မိမိနှင့် ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် လည်ပင်းဖက်၍ ကြီးလာကြသူများ အဖြစ်မျိုး အောက်မေ့လျက် မိမိအကြောင်း မှားယွင်းထည့်သွင်းမိသည့် သတင်းအတွက် အပြစ်လွှတ်ချင်နေပြီ ဖြစ်ပေတော့၏။

သို့ရာတွင် စောမောင်ကစ၍ မေးသောကြောင့် ဖြေလိုက်ရလေ၏။ ထိုအကြောင်းကို စောမောင် သိရသောအခါ "ဒီလိုပါပဲ ခင်ဗျာ၊ သတင်းစာတိုက်ဆိုတာ အမြဲအမှန်ချည်းပဲလည်း မဟုတ်နိုင်ဘူးပေါ့၊ နယ်က သတင်းထောက်တွေကို ကျွန်တော်တို့က ယုံကြည်အားထားနေရပြီး သူတို့ရေးပေးတာ



ကို မှန်တယ်ဆိုတဲ့ အသိအမှတ်နဲ့ ထည့်ကြရတာပဲ၊ ဒါမျိုးဆိုတာ ကိုယ်တိုင် သတင်းစာ အလုပ်လုပ်မှ သိရတတ်တာကလား" ဟု ဆိုလေ၏။

"မှန်ပါတယ်၊ မှန်ပါတယ်၊ သိပ်မှန်ပါတယ်"

"အခု ကျွန်တော်တို့ မှားပြီး ထည့်လိုက်တဲ့အတွက် ဘယ်နည်းနဲ့မှ ခွင့်လွှတ်နိုင်စရာ မရှိဘူးပေါ့ ခင်ဗျာ"

"အို ဒါတော့ တမင်ရည်ရွယ်ပြီး လုပ်တာမှ မဟုတ်ဘဲဗျာ၊ မမှားသောရှေ့နေ၊ မသေသော ဆေးသမား၊ မကြွားသော စာရေးဆရာ ဘယ်မှာရှိမလဲဗျာ"

"ဒါပေမယ့် မဟုတ်မမှန်ဘူးဆိုတာ သိရင် ချက်ချင်းပြင်ဆင်ပေးတာပါပဲ ခင်ဗျာ၊ စနေ သတင်းစာမှာ ပါအောင် ပြင်ပြီး ထည့်လိုက်ပါ့မယ်"

"အို ဒီလိုဆိုရင်လည်း သိပ်ကျေးဇူးတင်တာပေါ့ ခင်ဗျာ၊ ကျေးဇူးတင်တာပေါ့"

"အို. . . တင်ဖို့ မလိုပါဘူး"

"အို. . . လိုပါတယ် လိုပါတယ်"

"အို. . . မလိုပါဘူး မလိုပါဘူး"

ဘစိန်သည် ဖန်ခွက်ကိုမော့၍ ချလိုက်ကာ စောမောင်အား ပြုံးကျယ်သော မျက်လုံးများဖြင့် စိုက်၍ကြည့်လျက် ဤလိုလူဖြင့် ဇမ္ဗူမှာ ရှိမည်မဟုတ်ဟု နှလုံးပိုက်လိုက်မိလေ၏။

"ကျွန်တော် ကိုယ်တိုင် ရေးထည့်လိုက်ပါ့မယ် ခင်ဗျာ၊ ပရုပ်ကို ဘယ်လိပ်စာနဲ့ ပို့လိုက်ရမလဲ"

"ပရုပ် . . ကျွန်တော် ဘာလုပ်ရမှာလဲ၊ အိမ်မှာ ပိုးဟပ် မရှိပါဘူး"

"စာစီပြီးသား အကြမ်းပုံနှိပ်ထားတဲ့ မူကြမ်းပရုပ်ကို ပြောတာပါ၊ သတင်းစာထဲမှာ မထည့်ခင် မိတ်ဆွေကြည့်ရင်တော့ မကြိုက်တဲ့ အသုံးအနှုန်းကို ပြင်နိုင်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . . ဒီလိုလား"

"ဟုတ်ကဲ့ ဒီလိုပါ"

"ဒါဖြင့် တစ်ရာနှစ်ဆယ့်သုံးလမ်း၊ နံပါတ် နှစ်ရာခြောက်ဆယ့်ကိုး ကို ပို့လိုက်ပါ"

ဘစိန်က မိမိအိမ်လိပ်စာကို ပေးလိုက်ရာ စောမောင်မှာ ဝမ်း အမြောက်ကြီး မြောက်၍ သွားလေ၏။ အကြောင်းမူကား ခင်လေးမြင့်သည် ဘစိန်အပြင် အခြားလူတစ်ယောက်နှင့်အတူ အလုပ်တိုက်သို့ လာကြသည်ကို မြင်ရခြင်းဖြင့် ထိုအိမ်၌ ခင်လေးမြင့် ရှိရမည်။ မရှိလျှင်လည်း အလည်သော် လည်း ရောက်လာရမည်ဟု စိတ်တွင် တထစ်ချ စွဲမှတ်လိုက်ခြင်းကြောင့် ဖြစ်ပေ၏။

□

(၁၅) မိနစ်ခန့်မျှ ကြာသောအခါ စောမောင်သည် ဦးဘိုးစ၏ထံသို့ ရောက်၍လာလေ၏။ စောမောင်၏ မျက်နှာမှာ ကျေနပ်ပျော်ရွှင်သော အမူ အရာကိုပြလျက် ရှိ၏။ ဦးဘိုးစ၏ မျက်နှာမှာကား ပြုံးခြင်းမရှိ၊ မဲ့ခြင်းမရှိ မျက်နှာသေကြီးနှင့် ဖြစ်နေ၏။

"ကျွန်တော် သတင်းရလာပြီ၊ မ. . . မဟိုဒင်း. . . မ. . . "

စောမောင်သည် ဦးဘိုးစ ပြောထားသည့် အမည်ကို မေ့နေလေ၏။

ဦးဘိုးစမှာလည်း မိမိပြောသည့် အမည်ကို မေ့လျော့နေသည့် အတွက် စကားဝင်၍ထောက်ရန် ခက်၍နေရာ ဖွင့်ဖော်ထုတ်ဖို့ရန် ဆုံးဖြတ် လိုက်ရလေ၏။

"အခုမှတော့ဖြင့် မှန်တာကိုပဲပြောမှ ဖြစ်လိမ့်မယ် ထင်တယ်၊ ဒီ အကျိုးအကြောင်းကိုတော့ လုံခြုံနိုင်သမျှ လုံခြုံဖို့ လိုတယ်"

"ကောင်းပါပြီ ခင်ဗျာ၊ စိတ်ချပါ"



"အခုပြောနေတဲ့ ကလေးမဟာ ဦးရဲ့ တူမပဲ"

"ဩော်. . "

စောမောင်မှာ ယခင်က သိပြီးဖြစ်နေ၍ မထူးလှသော်လည်း အံ့ဩ သော အမူအရာကို ပြရန်လိုသည့်အတိုင်း အာမေဋိတ်သံ ပြုလိုက်လေ၏။

"မင်း သူ့ကို တကယ်ပဲ တွေ့ပြီလား"

"လူကိုတော့ မတွေ့ရသေးဘူး၊ ဒါပေမယ့် သူနေတဲ့အိမ်၊ ဒါမှ မဟုတ် သူသွားလာတတ်တဲ့ အိမ်ကိုတော့ သိပါပြီ" ဟု ဆိုကာ သိရှိရပုံ အကြောင်းစုံကို ပြောပြလိုက်ရာ၊ ဦးဘိုးစမှာ ကြီးစွာဝမ်းသာခြင်း ဖြစ်မိလေ ၏။

"ဒါကြောင့် အစစအရာရာ မင့်ကို အားကိုးတာပဲ"

စောမောင်မှာ ဦးဘိုးစ၏ ပြန်လည်ကိုးစား ယုံကြည်ခြင်း ခံရသဖြင့် ကျေနပ်ဝမ်းမြောက်သွားကာ "ဒီစကားကို ကြားရတာ ကျွန်တော် အင်မတန် မှပဲ အားတက်မိပါတယ်" ဟု ပြောပြလေ၏။

"ကဲ. . . ဒါဖြင့် အဲဒီအိမ်ကို သွားကြမယ်၊ ဘစိန် ဆိုတာတော့ ပြန်ရောက်ကောင်း ရောက်ရောပေါ့"

"ရောက်ဦးမယ် မထင်ပါဘူး၊ အနံ့ရမှာစိုးလို့ ပန်းခြံထဲမှာ သွားပြီး အိပ်ဦးမယ်ဆိုပြီး ကျန်ရစ်ခဲ့တာပဲ"

"ဒါဖြင့်လည်းကွာ သူမတွေ့လဲ ဘယ်သူနဲ့တွေ့တွေ့ပေါ့၊ သွားစောင့် နေကြတာပေါ့"

နာရီဝက်ခန့်ကြာသောအခါ (၁၂၉) လမ်းထဲသို့ ကြီးမား ခန့်ညား ထည်ဝါသော ကားကြီးတစ်စီး ဝင်ရောက်၍ လာပြီးလျှင် နံပါတ် (၂၆၉) တပ်ထားသော အိမ်ရှေ့တွင်ထိုး၍ ရပ်လိုက်လေ၏။ ထိုအချိန်တွင် ပရိုက်ဗိတ် တက္ကစီနှင့်တူသော ကားခပ်ကြီးကြီး တစ်စင်းသည် ထိုအိမ်ရှေ့တွင် ရပ်လျက် ရှိပြီး အားကောင်းမောင်းသန်သော ကိုယ်လုံးကိုယ်ထည်ရှိသည့် ယောက်ျားဖို

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သည် ကားခြေနင်းတွင် ခြေတစ်ဘက်တင်ကာ စီးကရက်ကို ပါးစပ်တွင် တွဲလောင်းကိုက်ထားလျက် ဆိုက်ရောက်လာသော ကားကြီးကို ရပ်၍ ကြည့်နေသည်ကို တွေ့နိုင်ပေ၏။

ဦးဘိုးစသည် ကားပေါ်မှ ဆင်းလာပြီးနောက် ထိုအိမ် ဟုတ်,မဟုတ် စစ်ဆေးသကဲ့သို့ ကြည့်သည်။ အကဲခတ်၍နေပြီးမှ ပို၍စိတ်ချလိုသဖြင့် ကားပေါ်သို့ တက်မည်ဟန်ပြင်လျက် မတက်သေးဘဲ ရပ်နေသည့် အဆိုပါ ယောကျ်ားပျို၏ အနီးသို့ ကပ်သွားလေ၏။

ယောကျ်ားပျိုကား ဝေလင်း ဖြစ်သည်။ သို့သော် ဝေလင်းသည် ဦးဘိုးစကို မမှတ်မိ၊ ဦးဘိုးစကလည်း ဝေလင်းအား မသိချေ။ ထိုနှစ်ယောက်မှာ အပြေးအလွှား တွေ့ဖူးကြသော်လည်း မှောင်ထဲမှာ ဖြစ်သည့်အတွက် တစ်ယောက်မျက်နှာ တစ်ယောက် သေချာစွာ မမြင်ဘဲ ရှိခဲ့ကြလေ၏။

"ဒါ နံပါတ် (၂၆၉) မဟုတ်လား"

"ဟုတ်ပါတယ်"

"ကျေးဇူးတင်ပါတယ် မောင်"

ဝေလင်းမှာ ဘာမှပြန်၍ မပြောလိုသဖြင့် "ခရောခေါ်ခေါ်" ဟု နှုတ်ရွတ်သံကို ပြုလိုက်ရာ ဦးဘိုးစမှာ အံ့အားသင့်လျက် ဝေလင်း၏ မျက်နှာကို ငုံ့စိုက်၍ကြည့်မိရာမှ ဝေလင်းက ပြုံးပြလိုက်သဖြင့် ပြန်၍လှည့်သွားလေ၏။

ဝေလင်းသည် ဦးဘိုးစ အိမ်ပေါ်သို့ တက်ရောက်သွားသည်ကို ကြည့်နေပြီးမှ မိမိ၏ကိစ္စ မဟုတ်ဟု နှလုံးပြုလျက် မိမိသွားရန်လမ်းကိုသာ သွားတော့မည်ဟု ကားပေါ်သို့ တက်မည်အပြုတွင် ခပ်လှမ်းလှမ်းမှ လာနေသော ခင်လေးမြင့်ကို တွေ့ရသောကြောင့် အံ့သြခြင်း ဖြစ်၍နေလေ၏။

"ခင်. . . ပြန်လာတာ စောလှချည့်လား"

အနီးသို့ ခင်လေးမြင့် ရောက်လာရာတွင် ဝေလင်းက မေးလိုက်လေ၏။



"အလုပ်တိုက်မှာ အမိဖမ်းရအောင် လိုက်လာလို့ နောက်ဘေးလှေကားက ဆင်းပြေးပြီး အလုပ်ကလည်း တစ်နေ့မကုန်ခင်ဘဲ ထွက်လာခဲ့တယ်"

"ဪ ဒီက ခင့်ကို ကားနဲ့ ဒီညနေ ဟိုတယ်တစ်ခုမှာ အလုပ်ရတာဝမ်းသာတဲ့ အထိမ်းအမှတ်နဲ့ ပျော်ပွဲစား ထွက်ကြမလို့၊ အခုတော့ ဒီကားကြီးကို ကိုယ်တိုင်မောင်းဖို့ ငှားထားပြီ၊ ဘာလုပ်ရမလဲ မသိဘူး"

"ဒါဖြင့် အခု ခင် အလုပ်မရှိတော့ဘူး ဆိုတာနဲ့ မကျေးချင်တော့ဘူးလား"

"ဒီလိုလည်း မဟုတ်ပါဘူးလေ၊ ခင် ဘယ်သွားမလဲ၊ သွားတာပေါ့"

"နို့ ကိုဘစိန် တစ်ယောက်ကော"

"ဒီအကောင် အခုထိတောင် ပြန်မလာသေးတာထောက်ရင်၊ ဒကာတစ်ယောက်ယောက်ကို တွေ့နေပြီ ထင်တယ်"

ဝေလင်းသည် ကားပေါ်သို့ တက်လိုက်ပြီး 'ခင်. . . . တက်လေ" ဟု ခေါ်သဖြင့် ခင်လေးမြင့်လည်း ကားပေါ်တက်၍ ဝေလင်းနှင့် ယှဉ်ပြီး ထိုင်လေ၏။

"ခင် ဘယ်သွားချင်သလဲ"

ခင်လေးမြင့်သည် ဟိုဟိုဒီဒီ ကြည့်ရှု စဉ်းစားနေရာက "မြန်မြန် ဦးတည့်ရာသာ စွတ်ပြီးမောင်းပေတော့" ဟု ဆိုလိုက်လေ၏။

ဝေလင်းမှာ ဘာကြောင့်ဟူ၍ မသိရသော်လည်း ထိုသို့ ခင်လေး၏ အရေးတကြီး ပြောလိုက်သောစကားသည် အကျိုးအကြောင်းကိုမေး၍ အချိန်ဆွဲနေရန်မလို၊ အမြန်ပြုလုပ်ရမည့်ကိစ္စ ဖြစ်သည်ကို သိရှိကာ လျှင်မြန်စွာ စက်နှိုးပြီး မောင်းနှင်ပြေးခဲ့လေ၏။

ဦးဘိုးစသည် အိမ်ပေါ်သို့ တက်ရောက်သွားပြီး တံခါးကို ခေါ်ရာ ဖွင့်ပေးမည့်သူ မရှိသည်ကို တွေ့ရမှ သေချာစွာ ကြည့်ရာတွင် သော့လောက်

www.burmeseclassic.com

www.burmeseclassic.com



ခတ်ထားသေးကြောင်း တွေ့ရတော့သည်။ သို့ဖြစ်၍ ဒေါသဖြင့် ဆင်းလာရာ အောက်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ခင်လေးမြင့်နှင့် ပက်ပင်းသား တွေ့ကြ၍ မျက်လုံးချင်း ဆုံမိလေရာ တခဏမျှ အံ့အားသင့်ပြီး ရပ်တန့်ကြည့် နေမိလေ၏။ ထို့နောက် ခင်လေးမြင့် ကားနှင့် ထွက်ပြေးသည်ကို မြင်ရမှ သတိရ၍လာကာ မိမိကားရှိရာသို့ အပြေးအလွှား တက်ရောက်သွားပြီးလျှင် "ဟော့. . . ဟိုကားနောက်ကို အမြန်လိုက်" ဟု အမိန့်ပေးလိုက်လေ၏။

ဦးဘိုးစ၏ ကားမောင်းသမားမှာ တုန်လှုပ်လွယ်ခြင်း မရှိသော အမျိုးအစားတွင် ပါဝင်သည့် လူစားတစ်ယောက် ဖြစ်လေရာ၊ ဦးဘိုးစ၏ အမိန့်သည် ပြာပြာသလဲ လုပ်ဆောင်ရန် မလိုသကဲ့သို့ ခါတိုင်းကဲ့သို့ ဣန္ဒြေရရ နှင့် မောင်းထွက်၍ လာခဲ့လေ၏။ ဦးဘိုးစမှာ ကားချင်းမှီရန်ကိုသာ ရှေ့လော ကြီး၍ နေသောကြောင့် မြန်မြန်လိုက်ဖို့ရန် စကားကိုပင် ပီသစွာ မပြောနိုင်ဘဲ "ဟို-ဟို" ဟု ဆိုကာသာ လက်ညှိုးတထိုးထိုးနှင့် ရှိနေလေတော့၏။

ခင်လေးမြင့်သည် မိမိအိမ်မှ အတန်ဝေးကွာရာသို့ ရောက်လာပြီဟု ယုံကြည်ရလောက်သည့် နေရာသို့ အရောက်တွင် "ခုနင်က အိမ်ပေါ်က ဆင်းလာတာ ဦးလေး ဦးဘိုးစရယ်" ဟု ပြောပြလေ၏။

"ခုတင်က ဆင်းလာတာ ဦးဘိုးစကို၊ နို့ အခုလိုက်နေတာကကော"

ဝေလင်းက ပြောလိုက်မှ ခင်လေးသည် နောက်သို့ လှည့်ကြည့်မိ ကာ၊ "အဲ. . . အဲဒါလည်း သူပဲ၊ မြန်မြန်မောင်းပါ၊ မြန်မြန်. . . " ဟု ပြောကာ ဝေလင်း၏ လက်ရုံးတစ်ဘက်ကို မိမိ၏ လက်များဖြင့် ဆုပ်ကိုင်၍ ကိုယ်နှင့် ကပ်ထားမိလေ၏။

□□□

(၈)

ဝေလင်းသည် မိမိတို့ ယခုပြေးလွှားနေခြင်းမှာ တကယ်ပင် ပြေးရန် လိုမလို တွေးတော၍ မနေအားဘဲ၊ နောက်မှ လိုက်နေသော ကားနှင့် ဝေးကွာ ရန်ကိုသာ အာရုံပြုလျက်၊ မော်တော်ကားကို မိမိထိန်းနိုင်သည့် အခြေအထိ၊ လျင်မြန်စွာမောင်း၍ ပြေးခဲ့တော့လေ၏။ ဦးဘိုးစ၏ ကားမောင်းသမားမှာ မတုန်မလှုပ် နေတတ်သော သူတစ်ယောက် ဖြစ်သော်လည်း သူဌေး၏ အမိန့် ဆိုလျှင် တသွေမတိမ်း လိုက်နာသူ ဖြစ်လေရာ၊ "ရှေ့ကကားကို မှီအောင် လိုက်" ဟု အမိန့်ရှိသည့်အတိုင်း မျက်ချေပြတ်မခံဘဲ မှန်မှန်ကြီး လိုက်လျက် ရှိလေ၏။

ဝေလင်း မောင်းနှင်လာသော ကားမှာ ဦးဘိုးစစီးသည့် ကားကဲ့သို့ ခရီးဝေး အပြေးမြန်သော ကားကြီးမျိုး မဟုတ်သော်လည်း အထွက်ကောင်း စွာ ရရှိသည့်ပြင် ဦးဘိုးစ၏ ဒရိုင်ဘာမှာ ကားကို အနာမခံလိုသဖြင့် ဝေလင်း ကဲ့သို့ ငွတ်တရွတ် မောင်းနှင်ခြင်း မပြုသောကြောင့် တစ်စီးကို တစ်စီး မမှီဘဲ ရှိကြလေ၏။ ဝေလင်းမှာ မိမိမောင်းနေသော ကားကို ဤမျှလောက် ချော

www.burmeseclassic.com

www.burmeseclassic.com



မောလျှင်မြန် ပြေးလိမ့်မည်ဟု မမျှော်လင့်ဘဲရှိရာ ယခုမူ "အက်စဲလ်ရိတ္တာ" ကိုနင်းလျှင် နင်းသလောက် ပြေးနေသည်ကို တွေ့ရ၍ လွန်စွာဝမ်းမြောက်မိလေတော့၏။

သို့ဖြစ်ရကား ဝေလင်းမှာ လမ်းပေါ်ကို အသက်လု၍ ခုန်တက်ပြေးသူများ၊ ဆဲရေးတိုင်းထွာ၍ ကျန်ရစ်သူများ၊ ဒေါသဖြစ်နေကြသည့် လမ်းစောင့်ပုလိပ်များကို ဂရုမစိုက်နိုင်ဘဲ မော်တော်ကားတွင် တစ်နာရီလျှင် ခနီမိုင်မည်မျှ ပြေးနေသည်ကို ပြနေသော အိမ်မြှောင်လက်တံလေးကို လည်းကောင်း၊ နောက်မှလိုက်လာသော ကားကိုလည်းကောင်း တစ်ပြန်စီကြည့်၍ နေမိတော့၏။

ကားနှစ်စင်းမှာ ကန်တော်ကြီးဘေးတွင် ရှေ့ဆင့် နောက်ဆင့်ပတ်၍ပြေးနေကြလေ၏။ ခေတ္တမျှကြာသောအခါ ချာချီလမ်းထဲသို့ ကွေ့သွားပြီး ဘောင်ဒရီလမ်းသို့ ချိုးဝင်ကာ ဘိုက်လမ်းထိပ်သို့ရောက်လျှင် လမ်းပြစက်ဝိုင်းကြီးကို ပတ်ချာလှည့်၍ ဦးဝိစာရလမ်းထဲသို့ ကွေ့မောင်းလေ၏။ ဦးဘိုးစ၏ကားမှာလည်း ဝေလင်း၏ကား မောင်းနှင်ရာနောက်သို့ ထက်ချပ်မကွာ လိုက်လျက် ရှိလေ၏။

မကြာမီ တစ်စီးနှင့် တစ်စီး ပြည်လမ်းပေါ်တွင် ရှေ့ဆင့်နောက်ဆင့်ပြေး၍နေရာက အင်းယားအဝင်ဖြစ်သော တက္ကသိုလ်ရိပ်သာလမ်းထိပ်ရောက်သောအခါ ဝေလင်းသည် နောက်မှလိုက်နေသော ကားကို လမ်းမှားသွားစေရန် လှည့်ပတ်ပြေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ညာဘက်သို့ ချိုးမောင်းပြီး ထိုလမ်းအတိုင်း တည့်တည့်မပြေးဘဲ အင်းယားကန် လမ်းထဲမှဖြတ်၍ ပြည်လမ်းသို့ ပြန်ထွက်ကာ တောင်ဘက်သို့ လှည့်မောင်းလာခဲ့လေ၏။

ဝေလင်းသည် နောက်သို့ လှည့်ကြည့်ရာတွင် လိုက်နေသောကားကို မတွေ့ရသောကြောင့် လွတ်ပြီဟု ဝမ်းမြောက်လျက် ဆက်မောင်းလာခဲ့ရာ



ကမာရွတ်ဂါတ် အနီးသို့ ရောက်သောအခါ တက္ကသိုလ်ရိပ်သာလမ်းထဲမှပြန်၍ လှည့်လာသော ဦးဘိုးစ ကားကို တွေ့နေရပြန်သောကြောင့် မျက်လုံးပြူးသွားလေ၏။ ထိုအခါမှ ဝေလင်းသည် မိမိထက် ပါးနပ်လှသေးသည်ကို တွေးမိကာ ဂါတ်ရှေ့ညောင်ပင်ကြီးမှ ပြန်၍ကွေ့လျက် အင်းစိန်လမ်းဘက်သို့ ပြန်၍မောင်းခဲ့လေ၏။ ထို့နောက် ဝေလင်းသည် နောက်သို့ လှည့်ကြည့်လိုက်ရာတွင် လိုက်လျက်ပင် ရှိနေပြန်သည်ကို တွေ့ရသောကြောင့် များစွာ စိတ်အိုက်သွားမိလေ၏။

ထိုအခါမှ ဝေလင်းသည် စဉ်းစား နှိုင်းချိန်နိုင်သည့် ဉာဏ်ဝင်စား၍လာကာ၊ ယခု မိမိတို့ ဖြစ်ပျက်နေသည့် အခြေအနေကို အသေအချာ တွေးဆစဉ်းစားလိုက်မိလေတော့၏။

"မခင်လေး . . အခု ကျုပ်တို့တတွေ ဘယ်လိုဖြစ်နေကြတာလဲ"

"မော်တော်ကားချင်း လိုက်လို့ ပြေးရတာပဲ မဟုတ်လား၊ ပြေးလို့ ဒီအထိ ရောက်လာမှ ဒီစကားကို ဘာပြုလို့ မေးပြန်တာလဲ"

"မဟုတ်ပါဘူး၊ ဘယ်လိုရည်ရွယ်ချက်နဲ့ ပြေးကြတာလဲလို့"

"နောက်က လိုက်နေတာ မမိစေချင်တဲ့ ရည်ရွယ်ချက်ပေါ့"

"ဘာပြုလို့ အမိမခံချင်တာလဲ"

ခင်လေးမြင့်မှာ ထိုအမေးကို ကြားရလျှင် အံ့သြခြင်းမက အံ့သြလျက်၊ ရုတ်တရက် စကားမပြောနိုင်အောင် ရှိသွားလေ၏။ ဝေလင်းမှာ ရှေ့မှလာနေသော လော်ရီတစ်စင်းကို အနီးကပ်မှ မြင်မိကာ ပွတ်၍ရှောင်လိုက်လေ၏။

"ကိုဝေလင်း ဘာတွေမေးပြီးနေတာလဲ၊ မေးသမျှ အဆန်းချည်းပဲ"

"မဆန်းပါဘူး၊ ဦးဘိုးစ လိုက်လာလို့ မိသွားကော၊ သူဘာတတ်နိုင်သေးသလဲ၊ ခင့်ကို အတင်းအဓမ္မ သူဆွဲခေါ်ချင်လို့ ရမှာလား"

ထိုအခါမှ ခင်လေးမြင့်သည် ဝေလင်း ပြောနေသည့် စကားများ၏

www.burmeseclassic.com

www.burmeseclassic.com



အနက်အဓိပ္ပာယ်ကို ဆင်ခြင်မိကာ၊ ဟုတ်သလိုလို ရှိသည်ကို တွေးမိလေ၏။

"ဒါပေမယ့်၊ ခင်သူ့ကို မျက်နှာချင်း မဆိုင်ရဲဘူး၊ သူ့ကို တွေ့ရရင် အညို့ခံရသလို သူ့စကားကို ဖီဆန်လို့ မရအောင် သိပ်ကြောက်တာပဲ"

ထိုသို့ ပြောလိုက်သည်ကို ကြားရသည်တွင် ဝေလင်းမှာ စကားကို ဆက်၍ ပြောစရာ စဉ်းစားမရသကဲ့သို့ တွေဝေလျက် မောင်းနှင်မြဲ ဆက်လက်၍ မောင်းနေမိလေ၏။ စိတ်ထဲတွင်ကား တစ်စီးနှင့်တစ်စီး လိုက်နေသည် ဟူ၍လည်း မထင်မိ၊ အဘယ်နေရာသို့ မိမိတို့ သွားနေသည်ကိုလည်း သတိ မထားမိနိုင်ဘဲ၊ ဦးတည်ရာကိုသာ စွတ်၍ မောင်းနေမိလေ၏။

မကြာမီ လူနေအိမ်ခြေ တစ်စတစ်စ နည်းပါးလာလျက် မြို့၏ အဖျားအနားကျသည့် နေရာသို့ ရောက်၍ လာကြလေ၏။ ဝေလင်း၏စိတ်ထဲ တွင် အဆုံးမရှိသော လမ်းကြီးပေါ်၌ မောင်းနှင်နေရသည်ဟု ထင်မြင်မိလေ ၏။

ခဏအကြာတွင် ပြင်းထန်သော ပေါက်ကွဲသံကြီး တစ်ခုကို ကြား လိုက်ရလေ၏။ ဝေလင်း စိတ်ထဲတွင် ရုပ်ရှင်ကားထဲ၌ လူဆိုးကားနှင့် ပုလိပ် ကား တစ်စီးနှင့်တစ်စီး လိုက်နေရာက ကားတစ်စီးပေါ်မှ သေနတ်နှင့် ပစ် လိုက်သကဲ့သို့ စိတ်တွင် ထင်မြင်ကာ အတွေးနက်လိုက်လေ၏။ ထို့နောက်မှ မိမိမောင်းလာသော ကားသည် လမ်းဘေးသို့ အတင်းဆွဲပြေးသည်ကို တွေ့ရ သောကြောင့် ဘီးတစ်ဘက် ပေါက်သွားခြင်းကို သိရှိကာ၊ သစ်ပင်နှင့်ဝင်၍ မတိုက်မိစေရန် မနည်းကြိုးစားလိုက်ရလေ၏။

ဖြစ်ပွားသော နေရာလေးမှာ ဝါးပင်ကလေးများကို နိမ့်နိမ့်ဖြတ် လျက် ခြံစည်းရိုး ပြုလုပ်ထားသော ခြံကြီးတစ်ခုရှေ့တွင် ဖြစ်၏။ ထိုလမ်းမ ကြီးပေါ်နှင့် အတော်ကွာလှမ်းသည့် နေရာတွင် သပ်ရပ်စွာ ဆောက်လုပ်ထား သည့် အိမ်ကလေးတစ်ဆောင် ရှိလေ၏။ ဝေလင်းသည် နောက်သို့ ကြည့် လိုက်ရာ ဦးဘိုးစ၏ ကားကြီးမှာ ကိုက်တစ်ရာအကွာလောက်တွင် ရောက်ရှိ



နေပြီဖြစ်ပြီး ကြည့်ရင်း ကြည့်ရင်း နီးကပ်လာသည်ကို တွေ့ရလေ၏။

ထိုသို့ တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ဝေလင်းသည် ခင်လေးမြင့်၏လက်ကို လှမ်း၍ဆွဲကာ "လာ. . ပြေးကြစို့. . . . " ဟု ဆို လိုက်ပြီး ကားပေါ်မှ ခုန်ဆင်းလိုက်ရာ၊ ခင်လေးမြင့်လည်း ဝေလင်း၏ နောက် သို့ပါသွားလေ၏။ ထို့နောက် နှစ်ယောက်စလုံး ခြံတံခါးကို လျင်မြန်စွာ တွန်း ဖွင့် ဝင်ရောက်ပြေးကြလေ၏။

ခြံထဲသို့ ရောက်ကြသောအခါတွင် ထိုခြံမှာ ကောင်းစွာပြုပြင်ထား သော ခြံကြီးတစ်ခု ဖြစ်သည်ကို တွေ့ရလေ၏။ ပန်းပင်ကလေးများမှာ ဝါးခြမ်းပြားကလေးများဖြင့် ထူထောင်ထားကာ ကျနသပ်ရပ်စွာ စိုက်ပျိုးထား လျက်ရှိ၏။ ပန်းပင်များ စိုက်ထားသည့် မြေကွက်လပ်တစ်ခုနှင့် တစ်ခုအကြား တွင် ကျောက်စရစ်ခဲလေးများဖြင့် လမ်းခင်းထားသည်ကို တွေ့ရလေရာ ခြံရှင် သည် မိမိပန်းခြံကို လွန်စွာနှစ်သက် မြတ်နိုးသူတစ်ယောက် ဖြစ်ကြောင်းကို ထင်ရှားစွာ ပြသလျက် ရှိပေ၏။ ထိုပန်းခြံထဲသို့ ဝင်မိလျှင် လူကို မဆိုထားဘိ အမှုမဲ့ အမှတ်မဲ့ ဝင်မိသော ခရုပင်လျှင် ရှေ့သို့ ဆက်လက် မသွားရဲဘဲ ကြောက်ရွံ့ တွန့်ဆုတ်၍ သွားမိမည် ဖြစ်၏။

သို့ရာတွင် ဝေလင်းနှင့် ခင်လေးမြင့်တို့မှာကား ထိုအကြောင်းကို စဉ်းစားခြင်းပြု၍ မနေအားကြပေ၊ ခြံကြီး၏ တစ်နေရာတွင် ခြုံပုတ်ကလေး တစ်ခုရှိလေရာ ထိုခြုံပုတ်သည် မိမိတို့အား ပုန်းကွယ်စရာ နေရာကောင်း တစ်ခု ဖြစ်စေလိမ့်မည်ဟူသော အာရုံစူးစိုက်မှုဖြင့် ထိုနေရာသို့ အမြန်ဆုံး ရောက်ရန် ပန်းခြံကို ဖြတ်လျက် ပန်းပွင့်များကို ကျော်လွှားပြီး ပြေးသွားမိကြ လေတော့၏။

ထိုသို့ ပြေးသွားကြရာတွင် အသည်းတဆတ်ဆတ်ခါလျက် ဒေါသ ဖြစ်စွာ အော်ဟစ်လိုက်သော အသံများကို ကြားလိုက်ရသော်လည်း ရပ်နား ဖြေရှင်း၍ မနေနိုင်ကြတော့ဘဲ ဇွတ်တိုး၍သာ ပြေးသွားမိကြလေ၏။ အကယ်

www.burmeseclassic.com

www.burmeseclassic.com



၍သာ ၄င်းတို့ လှည့်ကြည့်လိုက်ကြမည် ဆိုပါက ထိုအိမ်ကလေး၏ ပြတင်းပေါက်တစ်ခုမှ ခေါင်းပြူထွက်ကာ လက်သီးလက်မောင်း မြှောက်ပင့်လျက် တစ်မျက်နှာလုံး နီမြန်းနေသူတစ်ယောက်ကို တွေ့ရှိကြရမည် ဖြစ်ပေ၏။ ထိုသူသည် ထိုသို့ အော်ဟစ်လိုက်ပြီး အိမ်ထဲသို့ ခေါင်းကို ပြန်သွင်းလိုက်ပြီးနောက် အိမ်ရှေ့မှ တစ်ကိုယ်လုံး ပြန်၍ ထွက်ခဲ့လေတော့၏။

အိမ်ရှင်ကလည်း အပြင်သို့ ရောက်ရှိရာတွင် ခြံပေါက်ဝမှ သုတ်သီးသုတ်ပျာ ပြေးဝင်လာသော ဦးဘိုးစကို မြင်မိလေ၏။ သို့ရာတွင် ဦးဘိုးစသည် မည်သူ့ကိုမျှ ဂရုမစိုက်အားဘဲ ဝေလင်းနှင့် ခင်လေးမြင့်၏ နောက်သို့လိုက်ရန်ကိုသာ ရှေးရှုလျက် ပန်းခြံကို ဖြတ်ကျော်လာခဲ့ရာ လမ်းတစ်ဝက်မျှလောက် ရောက်သောအခါတွင် "ဟေ့ ဘယ်သူလဲ ပန်းခြံထဲ ဖြတ်သွားတာ၊ လမ်းရှိတာ မမြင်ဘူးလား" ဟု လှမ်း၍ အော်လိုက်သံကို ကြားရလေ၏။

ဦးဘိုးစသည် ထိုအသံကို ကြားရ၍ လှည့်ကြည့်ရာတွင် ကိုယ်လုံးကိုယ်ထည်ကောင်းကောင်းနှင့် ဖေါင်းနေသော ဗိုက်ကို ထင်ရှားစေသည့် စွပ်ကျယ်အင်္ကျီ ဝတ်ထားသူ တစ်ယောက်ကို တွေ့ရလေ၏။

"........"

ထိုသူက ဦးဘိုးစ၏ နားထဲကို သံနှင့် ကြုံး၍ ပက်လိုက်သကဲ့သို့ ပြောဆိုရေရွတ်လိုက်လေ၏။

ဦးဘိုးစမှာ ထိုသူအား များစွာဂရုမစိုက်လိုလှသော်လည်း ထိုစကားကို ကြားရပြီးနောက် ရပ်တန့်၍ သွားမိလေ၏။ ထိုသို့ ရပ်လိုက်ခြင်းမှာ ထိုသူ ပြောလိုက်သည့် စကားများတွင် ပါဝင်သည့် မိမိမကြားဖူးသော နာမဝိသေသန နှစ်လုံးနှင့် ကြိယာတစ်လုံးမှာ မည်သည့်အဓိပ္ပာယ် ရှိသည်ကို စုံစမ်းလို၍လည်း မဟုတ်ဘဲ မိမိရှေ့တွင် ပန်းပင်များကြားက ရုတ်တရက် ထလာသော တူးရွင်း ငန်းပြားနှင့် လူတစ်ယောက်ကို တွေ့ရ၍ ဖြစ်လေ၏။ ထိုသူ၏ ကိုယ်တွင် မြေကြီးများပေလျက် ရှိသဖြင့် လူတစ်ယောက်၏ အသက်ကို ဘာမျှထင်ပုံမရသော ၄င်း၏မျက်နှာမှာ ပို၍ ကြောက်ရွံ့ဖွယ်ရာ ဖြစ်လေ၏။



ထိုသူ၏ ခြေရင်းတွင်လည်း အတော်ဆိုးသွမ်းပုံရသော ခွေးတစ်ကောင်ကိုပါ တွေ့ရလေ၏။ ဦးဘိုးစသည် ထိုခွေးကို ကြည့်လိုက်ရာတွင် ခွေးကလည်း နီရဲသော မျက်လုံးများဖြင့် ဦးဘိုးစအား ပြန်၍ကြည့်လျက်. . .

'.........'

ဟု နှုတ်ဆက်လိုက်လေ၏။

ဦးဘိုးစမှာ ထိုခွေး၏ စကားသည် အိမ်ရှေ့မှ ထွက်လာသူ၏ စကားထက် လေးနက်ပြင်းထန်သော အဓိပ္ပာယ် ရှိလိမ့်မည်ဟု တွေးမိရကား ရှေ့သို့ မတိုးရဲဘဲ ရပ်၍နေမိလေတော့၏။

ထိုအိမ်ရှင်ကို ယခုအချိန်တွင် တစ်ဦးတစ်ယောက်က လာရောက်တွေ့မြင်ရလျှင် ထိုသူမှာ ရာဇဝတ်အုပ်အကျတစ်ဦးလော၊ ထောင်ထွက်တစ်ဦးလောဟု ထင်မြင်မိကြမည် ဖြစ်ပေ၏။ သို့ရာတွင် အမှန်အားဖြင့် ထိုလူသည် အေးချမ်းစွာ နေလိုသော စိတ်သဘောရှိလျက် ပျော်ရွှင်ကြည်လင်ဖွယ် ဝတ္ထုများကို ရေးသားနေသော "မင်းကျော်စွာ" အမည်ရှိ စာရေးဆရာ တစ်ဦးဖြစ်ပေ၏။ သို့ရာတွင် ယခုအချိန်အခါ၌ "မင်းကျော်စွာ" မှာ မိမိ၏ နဂိုစိတ်ထားကို တည်တန့်ခိုင်မြဲစွာ မထားနိုင်ဘဲ ရှိပေတော့၏။

"မင်းကျော်စွာ"သည် မိမိရေးသားနေသော စာအုပ်သစ်တစ်အုပ်တွင် အရေးကြီးသော အခန်းတစ်ခန်း၌ ကရုဏာနှင့် ဟာသကို တွဲဖက်လျက် ခွဲမက်လောက်အောင် ရေးရန်ကြိုးစားလျက်ရှိရာ သုံးနာရီနီးပါးမျှ ကြိုးစား၍ မအောင်မြင်နိုင်ဘဲ ထွေးလုံးရစ်ပတ်နေသဖြင့် မိမိ၏ စာများနှင့် နပန်းသတ်၍ နေရစဉ် ယခုကဲ့သို့ တွေ့မြင်ရသောအခါ စာကိုပစ်၍ လူနှင့် နပန်းသတ်ချင်သော စိတ်ဝင်စားလျက် အိမ်ထဲမှ ထွက်၍ လူချင်းတွေ့ရန် လာခဲ့လေတော့၏။

"ခင်. . . ခင်ဗျား. . . ကျုပ်ခြံထဲ ဘာလာပြီးတော့တယ်. . .

www.burmeseclassic.com

www.burmeseclassic.com



ဟိုး. . ."

မင်းကျော်စွာမှာ ပါးစပ်တွင် ဒေါသဆို့နေသဖြင့် စကားကုန် မထွက်နိုင်ဘဲ ရှိလေ၏။

"ကျုပ်. . . ကျုပ် တူမကလေး. . . ."

ဦးဘိုးစလည်း စကားကို စနိုင်ရုံသာ စမိလေ၏။ ထိတ်လန့်ခြင်းသည် အဆက်ဖြစ်သော စကားများကို လျှာအရင်းတွင် ပျောက်ကွယ် အရည်ပျော်သွားစေလေတော့၏။

"ဘာ. . . ခင်ဗျားက ကျုပ်ကို ကျုပ်တူမလေး ဘာလေးနဲ့ နောက်တောက်တောက် လုပ်နေရတာလဲ၊ ပန်းခြံထဲ ကိုင်ဆောင့်ရ ဖင်ညှောင့်မျိုးကျိုးပြီး သေရော့မယ်. . . ."

"မဟုတ်ပါဘူး. . . ရှင်းစမ်းပါရစေ"

"ဘာရှင်းနေချင်သေးသလဲ၊ ပန်းပင်တွေ မြင်နေရဲ့သားနဲ့ တက်နင်းနေတာ ရှင်းပြစရာ လိုနေသေးသလား"

"ဒီလိုပါ. . . ကျုပ်တူမ. . ."

"လာတုန်းပဲလား ဒီစကား၊ ကျုပ်ဟာ မိန်းကလေး မဟုတ်ဘူး"

ဝေလင်းနှင့် ခင်လေးတို့မှာ ပန်းခြံအကွယ်မှနေ၍ ထိုစကားကောင်းစွာ ကြားသိနေရကာ ကြာကြာနေလျှင် မိမိတို့ပါ ဒုက္ခရောက်ကုန်ကြတော့မည်။ ဤအချိန်သည်ကား မိမိတို့ ထွက်ပြေးနိုင်ရန် ဦးဘိုးစအား ဆွဲထားသကဲ့သို့ ပြုလုပ်ပေးနေသည့်အချိန် ဖြစ်တော့သည်ဟု နှလုံးပြုကာ မိမိတို့အားမမြင်စေနိုင်ရန် မြေပေါ်တွင် လေးဘက်ထောက်၍ အိမ်ဘေးဘက် ခြံစည်းရိုးမှ ဖောက်ထွက်ခဲ့ကြလေ၏။

ထိုသို့ ထွက်ပြေး၍ အပြင်သို့ ရောက်ကြရာတွင် ခင်လေးမြင့်သည် လမ်းပေါ်သို့ မျှော်ကြည့်လိုက်ပြီး စိုးရိမ်မကင်းသော အမူအရာဖြင့် "ဟိုမှာ" ဟု ဝေလင်းအား ပြောလိုက်လေ၏။ ဝေလင်းက ခင်လေးမြင့် ညွှန်ပြရာ



ဘက်သို့ ကြည့်လိုက်ရာတွင် ဦးဘိုးစ၏ ကားပေါ်တွင် ထိုင်နေသော ဒရိုင်ဘာကို တွေ့မြင်ရလေ၏။ သို့ဖြစ်၍ မိမိတို့ ယခုအတိုင်းသွားသော် ဒရိုင်ဘာတွေ့မြင်၍ အသံပေးလိုက်လျှင် ဦးဘိုးစထွက်၍ လိုက်လာလိမ့်မည်ဟု စဉ်းစားမိသည့်အတွက် ဝေလင်းသည် ရှေ့တန်းစစ်မျက်နှာတွင် အတုယူစရာဖြစ်မည့် စစ်ပရိယာယ်တစ်ခုကို လေးနက်စွာ အကြံထုတ်လိုက်ရလေ၏။ ထိုသို့ အကြံထုတ်ပြီး တစ်စုံတစ်ခုသော အကြံကိုရ၍ ထိုခြံစည်းရိုးဝကပင် ထိုင်၍ စောင့်စားနေလိုက်လေ၏။

မကြာမီ ထိုနေရာအနီးသို့ နွားကျောင်းသားလေး တစ်ယောက် ရောက်ရှိလာပြီးလျှင် ဝေလင်းနှင့် ခင်လေးမြင့်တို့အား အံ့သြသော အမူအရာဖြင့် ကြည့်နေလေ၏။ ဝေလင်းမှာ သူငယ်ကလေးကိုမြင်၍ ဝမ်းသာ၍ သွားကာ "ဟေ့. . လာပါအုံး" ဟု ခေါ်လိုက်လေ၏။

"ဘာလဲဗျ. . . ."

"မင်း ငွေတစ်ကျပ် မယူချင်ဘူးလား"

"ဗျာ"

သူငယ်ကလေးသည် မိမိကြားရသည့် စကားကို နားမရှင်းသကဲ့သို့ မေးလေ၏။

ဝေလင်းသည် အိတ်ထဲက ငွေတစ်ကျပ်ကို ထောင်၍ပြကာ "ယူမလား" ဟု ဆိုလိုက်သည်နှင့် ထိုသူငယ်ကလေးသည် ငွေစကို အတင်းလှမ်း၍ဆွဲလိုက်ရာ ဝေလင်းမှာ လက်ကို လျှင်မြန်စွာ ရုတ်လိုက်ရလေ၏။

"နေအုံး. . . မင်း ငါ ခိုင်းတာတစ်ခု လုပ်မယ်ဆိုမှ ပေးမယ်"

"လုပ်မယ် . . . . ဘာခိုင်းမလဲ. . . ."

"ဟိုမှာ. . . ကားကြီးတစ်စီး . . . မြင်လား"

သူငယ်ကလေးသည် ဝေလင်း ပြရာသို့ လိုက်ကြည့်လိုက်ပြီး. . .

"အဲဒါ ဘာပြုလဲ. . ." ဟု ဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ကားပေါ်က လူကို ခဲနဲ့ ပေါက်ရမယ်"

"ခဲနဲ့ ပေါက်ရင် ဒီငွေ ကျွန်တော် ရရောလား"

"အခုပဲ ပေးလိုက်မယ်. . ."

သူငယ်ကလေးသည် ငွေကိုယူကာ ခါးကြားထဲတွင် လိမ်လိုက်ပြီးနောက် ကျောက်ခဲ တစ်လုံး နှစ်လုံး ကောက်ပြီး ထွက်သွားလေ၏။

ခဏမျှကြာလျှင် ဦးဘိုးစ၏ ကားပေါ်သို့ ကျောက်ခဲတစ်လုံး ကျလေ၏။ ဒရိုင်ဘာမှာ ခဲကျလာသည်ကို တွေ့ရသဖြင့် များစွာ ဒေါသထွက်မိပြီး ခဲနှင့်ပစ်သူကို ဟိုဟိုဒီဒီ ရှာဖွေကြည့်ရှုလေ၏။ သို့ရာတွင် လူကို မတွေ့ရဘဲ နောက်ထပ် ရောက်လာသော ခဲများကိုသာ တွေ့ရလေ၏။

ဒရိုင်ဘာသည် ကားပေါ်မှဆင်း၍ ရှာပြန်လေ၏။ ခဲတစ်လုံးသည် ၎င်း၏ ဂုတ်ကို တို၍ဝင်သွားစေလုမတတ် ခပ်ဆတ်ဆတ်ကလေး ထိမှန်လေ၏။ ဒရိုင်ဘာလည်း ရုတ်တရက် လှည့်ကြည့်လိုက်ရာ ခြံတစ်ဘက် အကွယ်သို့ ရုတ်သိမ်းသွားသော လက်ကလေး တစ်ဘက်ကို မြင်လိုက်ရသဖြင့် ခဲနှင့်ပစ်သူဟု သိရ၍ အမိဖမ်းရန် အတင်းပြေး၍ လိုက်လေ၏။

"လာ. . . လာ" ဟု ဆိုကာ ဝေလင်းသည် ခင်လေးမြင့်၏ လက်ကို ဆတ်ကနဲဆွဲကာ "ဒရိုင်ဘာ မရှိတုန်း ကားပေါ်တက်ပြီး မောင်းပြေးမှ လွတ်တော့မှာပဲ" ဟု ပြောပြောဆိုဆို ကားဆီ ခေါ်ပြေးလေ၏။

ခင်လေးမြင့်မှာ မိမိ၏ လက်ကလေးကို ဝေလင်း ဆွဲကိုင်ခြင်း ခံရသည်မှာ နှစ်ကြိမ်တိုင်တိုင်ရှိပြီ ဖြစ်ပြီး နှစ်ကြိမ်စလုံးပင် ထူးခြားသော အတွေ့ကြောင့် တုန်လှုပ်ချောက်ချားခြင်း ဖြစ်မိ၏။ သို့သော် ရှန်းကန်ဖယ်ရှား၍ မနေနိုင်တော့ဘဲ ဝေလင်း ဆွဲခေါ်ရာသို့ ပါသွားလေ၏။ ကားကြီးသည် အရှိန်ပြင်းစွာ ရန်ကုန်မြို့ဘက်သို့ လှည့်ထွက်၍ လာခဲ့လေတော့၏။

□



ဝေလင်းသည် အတန်ငယ် ကွာဝေးသည့် နေရာသို့ ရောက်မှ နောက်မှ လိုက်လာ၍ မှီနိုင်မည် မဟုတ်သည်ကို စိတ်ချကာ မော်တော်ကားကို အရှိန်လျှော့၍ မောင်းနှင်လာလေတော့၏။ ထိုသို့ မောင်းနှင်လာရင်း ဝေလင်း၏ ဦးနှောက်အတွင်းဝယ် ခင်လေးမြင့်အတွက် အရေးကြီးသော ပြဿနာများကို တွေးတော စဉ်းစားလာခဲ့မိလေ၏။

"ကိုဝေလင်း ဘယ်သွားကြမလဲ၊ အိမ်ပြန်မလား"

"အိမ်ပြန်လို့တော့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ. . . . ."

"အဖြေကို နောက်မှပြောပါရစေ၊ အခုအရေးကြီးနေတာက ဒီကားကိုပြန်ထားဖို့ အရေးကြီးနေတယ်၊ ကားကို မထားခဲ့ရင် ကားခိုးမှုနဲ့ အပြစ်ဖြစ်နေအုံးမယ်. . ."

ဝေလင်းသည် ကားကို ပြည်လမ်းရှိ ဦးဘိုးစ၏ အိမ်ရှေ့သို့ ရောက်သည့်တိုင်အောင် မောင်းခဲ့ပြီးလျှင် ထိုအိမ်ရှေ့ ဝင်းတံခါးတည့်တည့်တွင် ကားကြီးကို ထားခဲ့ပြီးမှ ဘတ်စ်ကား တစ်စီးပေါ်သို့ နှစ်ဦးသား တက်ရောက်စီးနင်း လိုက်ပါလာခဲ့ကြလေ၏။

ဘတ်စ်ကားပေါ်တွင် နှစ်ယောက်ထိုင် ခုံတန်းလေးပေါ်တွင် ထိုင်ကြလေရာ တစ်ဦးနှင့် တစ်ဦး ကိုယ်ချင်းထိမိခြင်းသည် ခင်လေးမြင့်အား စကားကိုပင် မပြောနိုင်အောင် တုန်တုန်ရီရီ ရှိနေစေသလောက် ဝေလင်းမှာလည်း ယခင်က မဖြစ်ပေါ်ခဲ့သော ထူးထူးခြားခြား ဖောက်ပြန်ခြင်းကို ကြုံတွေ့ရပေ၏။ သို့ရာတွင် ဝေလင်းသည် ချက်ချင်းပင် မိမိ၏ အိမ်ခန်းအတွင်း၌ ချိတ်ထားသော မစိန်းနု၏ ဓာတ်ပုံများကို ပြေး၍မြင်မိသောကြောင့် ထိုသို့ ဖောက်ပြန်မိသောစိတ်ကို လျင်မြန်စွာ ချိုးနှိမ်လျက် အနည်းငယ် ခြေရင်းသို့ရွှေ့၍ ထိုင်လိုက်လေ၏။

ခင်လေးမြင့်မှာ မိမိက မိန်းမသားတစ်ဦး ဖြစ်ပါလျက် မည်သို့မျှ

www.burmeseclassic.com

www.burmeseclassic.com



တွန့်ခြင်း ရွံ့ခြင်း မရှိရဘဲ ဝေလင်းက ထိုသို့ ပြုမူသည်ကို တွေ့ရသောအခါ အနည်းငယ် ရှက်သလိုလို၊ ဝမ်းနည်းသလိုလို ရှိသွားရုံမျှမက ဝေလင်းကိုပင် မျက်စောင်းကလေးထိုး၍ ကြည့်လိုက်မိလေ၏။

"အိမ်ကို ပြန်လို့ မဖြစ်ဘူး ဆိုတာက တခြားမဟုတ်ဘူး၊ ကိုယ်တို့ ဘယ်မှာနေတယ်ဆိုတာ ဦးဘိုးစ သိသွားလို့"

ဝေလင်းက တိတ်ဆိတ်ငြိမ်သက်စွာ သာခဲ့ခြင်းကို စတင်၍ ဖြိုဖျက်လိုက်လေ၏။

"ဟုတ်ပါရဲ့၊ ဦးလေး ဘယ်လိုသိတယ်ဆိုတာ ခင်ဖြင့် အံ့ဩလို့ မဆုံးဘူး"

"ဘယ်လိုပဲ သိသိလေ၊ သိနေပြီဆိုတဲ့နောက်တော့ အချိန်မရွေး ရောက်လာဖို့ မခဲယဉ်းတော့ဘူးပေါ့၊ သူကိုယ်တိုင်ထပ်ပြီး လာချင်လာမယ်၊ ဒါမှမဟုတ် သွေးဆောင်ခိုးယူသွားတယ်ဆိုပြီး တိုင်လိုက်တဲ့အတွက် ပုလိပ် ရောက်ချင် ရောက်လာမယ်"

ခင်လေးမြင့်မှာ ထိုသို့ ဝေလင်း ပြောပြသည့်အခါကျမှ အခြေအနေ၏ ကြီးလေးခြင်းကို တွေးမိကာ စကားကို မပြောနိုင်ဘဲ စိုးရိမ်ထိတ်လန့်သော အမူအရာဖြင့် ဝေလင်း၏မျက်နှာကိုသာ စိုက်၍ ကြည့်နေမိလေတော့၏။

"အဲဒီတော့ ရှေ့ဆက်ပြီး ဘယ်လိုလုပ်ကြမလဲဆိုတာ စဉ်းစားဖို့ ရှိနေတာပဲ" ဟု ဝေလင်းက ဆိုလိုက်လေ၏။

ထို့နောက် နှစ်ယောက်စလုံးမှာ တိတ်ဆိတ်ငြိမ်သက်၍ သွားကြပြန်ကာ ကိုယ့်စိတ်ကူးနှင့်ကိုယ် လေးနက်စွာ စဉ်းစား၍ လိုက်ပါလာခဲ့ကြလေ၏။ ထိုသို့လျှင် မြို့ထဲသို့ ပြန်လည်ရောက်ရှိသည့်တိုင်အောင် စကား မပြောဘဲ လာခဲ့ကြရာက သိမ်ကြီးဈေးသို့ ရောက်ရှိသည့်အခါတွင် ဝေလင်းက "ကဲ အခုပြောတဲ့ဟာတွေ စဉ်းစားရင်း ညစာလည်း သွားစားကြရအောင်၊ တိတ်တိတ်ဆိတ်ဆိတ်ရှိတဲ့ ပျော်ပွဲစားရုံ တစ်ခုကို သွားကြမယ်" ဟု ဆိုကာ



ဘတ်စ်ကားပေါ်မှ ဆင်းသက်ကြပြီးလျှင် ဆူးလေဘုရားလမ်းရှိ အနောက်တိုင်း ပျော်ပွဲစားရုံကလေးတစ်ခုသို့ သွားကြလေ၏။

ဝေလင်းနှင့် ခင်လေးတို့သည် ပျော်ပွဲစားရုံသို့ ရောက်ရှိကြသော အခါတွင် မိမိတို့၏ အရေးကြီး ကိစ္စတို့ကို တိုင်ပင်နှီးနှောခြင်း မပြုကြသေးဘဲ ပြေးရလွှားရနှင့် မောပန်းဆာလောင်ခဲ့ခြင်းကို ပြေပျောက်စေရန် အစားအသောက်များကို ဦးစွာမှာကြား စားသောက်ကြလေ၏။ ထိုသို့ စားသောက်နေရာတွင် ထွေထွေရာရာ စကားတို့ကို ပြောကြားနေကြ၍ စားသောက်ပြီးစီးလု ဖြစ်တဲ့အခါကျမှ ဝေလင်းက "ဟို အကြောင်းကို တိုင်ပင်ကြဦးမှ ဖြစ်မယ်" ဟု ပြောလိုက်လေ၏။

ခင်လေးမြင့်မှာ မိမိ၏ ရှေ့ရေးသည်ကား ဝမ်းနည်းကြေကွဲစရာကြီး တစ်ခု ဖြစ်လိမ့်မည်ဟု စိတ်ထဲ၌ ထင်မှတ်နေမိသဖြင့် ကြည်လင်ခြင်း မရှိလှသောလေသံဖြင့် "ဟုတ်ကဲ့" ဟု ဆိုလေ၏။

"အခု၊ ခင် အိမ်က ထွက်ပြေးလာတာမှာ ခင့်ရဲ့ ရည်ရွယ်ချက်တစ်ခုက ခင့်ရဲ့လူကြီးတွေက ချစ်သူနဲ့ မပေးစားပါဘူးလို့ ကတိရမှ ပြန်ဖို့ ဆိုတဲ့ အချက်ပဲ မဟုတ်လား"

ခင်လေးသည် ခေါင်းညိတ်ရုံသာ ညိတ်လေ၏။

"အဲဒီအတိုင်းလည်း သတင်းစာထဲမှာ ထည့်လိုက်ပြီ၊ ဒါပေမယ့် ဘယ်လိုမှ ပြန်ပြီးဖြေတာကို မတွေ့ရဘဲ လူကိုသာ တွေ့ရအောင် အမျိုးမျိုး လိုက်ပြီး ရှာနေကြတာကိုထောက်ရင် သူတို့က အလျှော့မပေးလိုဘူးဆိုတာ ထင်ရှားနေတာပဲ "

"အမှန်ပါပဲ။ ခင်သာ သူတို့အလိုကို လိုက်ရတော့မလိုလို ရှိနေတာပဲ ဒါပေမယ့် ဒီဟာကိုတော့ ခင် ဘယ်နည်းနဲ့မှ အလျှော့မပေးနိုင်ဘူး၊ အဲဒီလိုဆိုတော့ သူတို့ အခုလို လိုက်နေတာကို အမိမခံရအောင် ဒီနေရာက ရှောင်ပြီး ပြေးဖို့သာ ရှိတော့တာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့်လည်း ခင် ရန်ကုန်မှာ နေလို့တော့ မဖြစ်တော့ဘူး"

ထိုစကားသည် ခင်လေးအား ဝမ်းနည်း၍ သွားစေလျက် ဖြူ ကြောင်သော မျက်လုံးများဖြင့် ဝေလင်းအား ကြည့်ပြီး. . . .

"ရှင်" ဟု ဆိုမိလေ၏။

"ရန်ကုန်မှာဆိုရင် တစ်နေ့မတွေ့ တစ်နေ့ တွေ့ရတော့မှာပဲ၊ အဲ ဒီတော့ ခင် ပြင်ဦးလွင်ကို သွားပြီး မနေချင်ဘူးလား"

"ပြင်ဦးလွင်ကို"

"ဟုတ်တယ်. . ."

"ကိုဝေလင်း . . . ခင့်ကို ရန်ကုန်မှာ စောင့်ရှောက်ပြီး မထားနိုင် ဘူးလား၊ ဒါမှမဟုတ် ခင့်ကို မစောင့်ရှောက်ချင်လို့လား. . . ."

ထိုအမေးသည် ဝေလင်းအား ရုတ်တရက် အဖြေမပေးနိုင်ဘဲ ရှိသွားစေ၏။ မိမိပြောလိုက်သည့် စကားများသည် ခင်လေး၏စိတ်တွင် သူ့ အပေါ် သနားငဲ့ညှာရာ မရောက်ဘဲ အထင်ရှိစရာ ဖြစ်လေရော့သလားဟု ပြန်လှန်စဉ်းစား ကြည့်မိလေ၏။

"ခင့်ကို မစောင့်ရှောက်ချင်ရင် ဒီစကားကို ဘယ်ပြောမလဲ ခင်ရယ် ရန်ကုန်မှာဆိုရင် ပြန်ပြီးတွေ့သွားမှာ စိုးရိမ်ရတယ်၊ ဒီမှာလည်း ဒီကကိစ္စကြီး တစ်ခုက မပြီးမပြတ်သေးတော့ ဘယ်လိုပဲ စိတ်ထဲက စေတနာရှိသော်လည်း ခင့်ကို အမြဲ ကြည့်နေနိုင်မယ် မဟုတ်ဘူး၊ ပြင်ဦးလွင်မှာဆိုရင် ဦးလေးဆီမှာ စိတ်ချလက်ချ နေရလိမ့်မယ်၊ ဦးလေးလည်း ခင် အသိသားပဲ"

ခင်လေးမြင့်သည် ခေါင်းခါပြလျက် "ကိုဝေလင်းတို့ ဦးလေးဆီမှာ ဘယ်ဖြစ်မလဲ၊ အဲဒါမှ သာပြီး မြန်မြန်တွေ့သွားမှာ၊ ဦးလေးကျော်နဲ့ ကိုဝေ လင်းတို့ ဦးလေးနဲ့ သိပ်ရင်းနှီးတာ အကြောင်းမကြားဘဲ နေမလား" ဟု ပြောလေ၏။

"ဒါလည်း ဟုတ်တာပဲ"



ဝေလင်းသည် စားပွဲကို ငုံ့စိုက်၍ ကြည့်ရင်း ခေါင်းတညိတ်ညိတ် နှင့် ပြောလေ၏။

ထိုအချိန်တွင် ဝေလင်းသည် ခေါင်းကိုစိုက်၍ မထားဘဲ ခင်လေး မြင့်၏ မျက်နှာကို ကြည့်လိုက်မည်ဆိုလျှင် ထူးခြားသော အမူအရာ ရှိနေသည် ကို တွေ့မိမည် ဖြစ်ပေ၏။ခင်လေးမြင့်မှာ မိမိ၏စိတ်ထဲတွင် ပြောချင်နေသည့် အရာတစ်ခု ရှိသည်ကို ထုတ်ဖော်ပြောပြ၍ မဖြစ်နိုင်သည့်အလျှောက် ထို စကားကို မျိုသိပ်ကြိတ်မှိတ်ထားရသည့်အထဲ ဝေလင်း ပြောနေသည့် စကား များသည် မိမိလိုလားချက်နှင့် ကျောခိုင်း၍ဖြေးကာ ဝေးသည်ထက်သာ ဝေး နေသည်ကို တွေ့ရခြင်းအားဖြင့် နှုတ်ခမ်းကလေးကိုသာ ခဲထားမိလေ၏။

"ဦးလေးဆီ မသွားချင်ရင်. . . နုနုတစ်ယောက် ရှိနေသားပဲ. . ."

ခင်လေးမှာ ဝေလင်းက မိမိအား ထိုစကားကို ပြောမှပြောရက် ပလေဟူ၍သာ စိတ်တွင် အောက်မေ့မိလေ၏။

"နုနုဟာ . . သိပ်သဘောကောင်းတာပဲ၊ ကိုယ်ချင်းလည်း စာတတ် ပါတယ်၊ ခင် သူ့ကို တွေ့ရင် သိပ်ပြီး ချစ်မှာပဲ. . ."

"ဩ. . ."

ခင်လေးမြင့်သည် တစ်ခွန်းတည်းသော စကားကိုသာ ဆိုလိုက်မိ ၏။

"ဘယ်လို လုပ်ကြရင် ကောင်းမလဲဆိုကော. . . နုနုကို ပေးဖို့ ခင့်ကို မိတ်ဆက်စာ ရေးပေးလိုက်မယ်၊ ဟုတ်လား"

ခင်လေးမြင့်က အဖြေမပေးရခင် ဝေလင်းကပင် "ဟုတ်တယ်၊ ဟုတ်တယ်. . ဒီအကြံသိပ်ကောင်းတာပဲ၊ ဒါအားလုံး ကိစ္စချောရောပဲ" ဟု ဆိုလိုက်လေ၏။

ခင်လေးမှာကား ဘာမှ မပြောနိုင်။ မိမိအား မစိမ်းနုရှိသည့် ဇာရပ် သို့ သွားစေခြင်းပင်လျှင် လွန်လှပြီဟု ဖြစ်နေရသည့်အထဲ မစိမ်းနုထံ ပို့နေ

www.burmeseclassic.com

www.burmeseclassic.com



ပြန်သောကြောင့် သာ၍ပင် ကြိတ်မနိုင် ခဲမရဖြစ်ကာ စိတ်ထဲတွင် အာရုံ နှစ်မျိုး ဖြစ်မိလေ၏။ တစ်မျိုးမှာ ဤမျှ ထူလွန်းအ,လွန်းရသလားဟု ဝေလင်း၏ ဦးခေါင်းကို အနီးရှိ ထမင်းခပ်သည့် ဒွန်းကြီးဖြင့် တအားရိုက်ချင်မိလေ၏။ တစ်မျိုးမှာကား ဝေလင်း၏ ရင်ခွင်ထဲတွင် မိမိ၏ မျက်နှာကလေးကို ထိုးအပ်ကာ တရှုံ့ရှုံ့ ရှိုက်ငိုလိုက်ချင်မိ၏။

"ဒီထက်ကောင်းတဲ့နည်းတော့ဖြင့် စဉ်းစားလို့ကို မရဘူး" ဟု ဝေလင်းက ပြောပြကာ "ဘယ့်နှယ့်လဲ သွားမလား" ဟု ဆက်၍ မေးလိုက်လေ၏။

ခင်လေးမှာ ဆို့တက်ဝမ်းနည်းလာခြင်းကို ကြိတ်မှိတ်မျိုသိပ်ထားကာ တွေဝေစဉ်းစားနေရာက ဝေလင်းက ထပ်မံ၍ "ဘယ်လိုလဲ ပြောပါဦး" ဟု ဆိုလိုက်သည့်အတွက် ခေါင်းကလေးကို ညိတ်ပြလိုက်ရလေတော့၏။

□□□

(၉)

ထိုနေ့မှာ မစိန်းနုထံသို့ စာပေးရက် ဖြစ်လေရာ နံနက်ကပင် ဝေလင်းသည် စားပွဲတွင် ထိုင်လေ၏။ သို့ရာတွင်ထိုင်၍ အတန်ကြာသည့်တိုင်အောင် ဝေလင်း၏ရှေ့ရှိ စာရေးစက္ကူတွင် စာတစ်ကြောင်း၏ ၈ပုံ-၇ပုံ ထက်ပို၍ မတတ်နိုင်ဘဲ ရှိလေ၏။ ဝေလင်းမှာ ဤအခါတွင် မကြုံစဖူး ထူးထူးခြားခြား ရေးစရာကား ရှာ၍မရသည့်အဖြစ်ကို ဦးစွာကြုံတွေ့ရလေ၏။ ထိုသို့ စိတ်ကူးမရွှင်ဘဲ ရှိနေသည့်ရောဂါ ဖြစ်လာသည်မှာ ပြင်ဦးလွင်သို့ ခင်လေး ထွက်ခွာသွားသည့်နောက်မှ စတင်၍ ဖြစ်ပေါ်လာခဲ့သည်ကို ဝေလင်းကိုယ်တိုင်လည်း ကောင်းစွာ ရိပ်မိလေ၏။ သို့ရာတွင် ယနေ့ကဲ့သို့ အဖြစ်မျိုးကား တစ်ကြိမ်မျှ မတွေ့ရဖူးသေးဘဲ ရှိခြင်းကြောင့် ကလောင်တံကို စားပွဲတွင် ချထားလိုက်ပြီး စဉ်းစားခန်းထုတ်ရင်း အခန်းအတွင်း၌ ခေါက်တုန့်ခေါက်ပြန် လျှောက်၍ နေလိုက်လေ၏။

ဘစိန်မှာကား လုံးဝအပူအပင်ကင်းသူ ဖြစ်သည့်အလျှောက် ဝေလင်း၏ အခက်အခဲ ကြုံတွေ့နေခြင်းကို ဂရုမထားနိုင်ဘဲ နံနက် သတင်း

www.burmeseclassic.com

www.burmeseclassic.com



စာကြီးကို လက်နှစ်ဘက်ဖြင့် ဖြန့်ကားလျက် ဖတ်ရှုနေလေ၏။

ထိုအခိုက် တံခါးခေါက်သံ ကြားရသဖြင့် ဖွင့်ပေးလိုက်ရာ စာပို့ဖြစ်နေသည်ကို တွေ့ရလေ၏။ ဝေလင်းမှာ မိမိ၏စာ ဖြစ်လေရော့သလားဟု အားရဝမ်းသာစွာ ယူ၍ ကြည့်လိုက်ရာ မဟုတ်သည်ကို တွေ့ရသဖြင့် စိတ်ပျက်စွာဖြင့် ဘစိန်ထံသို့ ပစ်၍ပေးလိုက်လေ၏။

"ဟော့ နုနုဆီက စာ. . ."

ဘစိန်သည် ဝေလင်း၏ စကားကို ဂရုမစိုက်။ စာကိုလည်း အရေးမလုပ်ဘဲ၊ သတင်းစာကိုသာ ဆက်လက် ဖတ်နေလေ၏။ ပြီးမှ စာအိတ်ကို ဖွင့်လိုက်၏။

အတန်ကြာသောအခါ "ဝေလင်း. . . ဟော့ သူငယ်ချင်း မင်းအဖို့ အရေးကြီးတဲ့ သတင်းတစ်ခု ပြောစရာရှိလို့"

"ဘာသတင်းလဲ"

ဘစိန်သည် မျက်နှာကို ခပ်တည်တည် ထားလိုက်ပြီး "သူငယ်ချင်း မင်းစိတ်ကူးမလွဲစမ်းပါနဲ့ကွာ၊ ဘရန်ဒီများဟာ အိမ်မှာ ဆေးဖြစ်ဝါးဖြစ် ထားဖို့ကောင်းတယ်" ဟု ပြောပြလေ၏။

"ဘာလဲ မင်းက ငါ့ကို ရယ်စရာ လုပ်တာလား၊ သောက်ချင်လို့ ဆွယ်တာလား"

"ဒါကတော့ ငါ့အကျိုးလား မင်းအကျိုးလားဆိုတာ သိမှာပေါ့ကွာ၊ ငါ ပြောချင်တာက ရုတ်တရက် အားပြတ်သွားမယ်၊ ဆို့သွားမယ်၊ ဝမ်းနာမယ်၊ ရင်ကျပ်မယ် ဆိုသလို တစ်ခုခုဖြစ်ရင် ဘရန်ဒီရှိနေတော့ ဆေးအဖြစ် အလွယ်တကူ ရတာကို ပြောတာပါ"

"ဒါပဲလား၊ မင်းပြောချင်တဲ့ သတင်း"

"သတင်းကတော့ တခြားပါ မပြောရသေးပါဘူး"

"ဒါဖြင့် ဘရန်ဒီအကြောင်း ဘေးချိတ်လိုက်စမ်းပါကွာ၊ သတင်းကိုသာ မြန်မြန်ပေးစမ်းပါ"



"ဒီလိုကိုးကွ မမျှော်လင့်တဲ့ သတင်းကို ကြားလိုက်ရတဲ့အခါ မူးမေ့ပြီး လဲကျသွားတတ်တာတွေ များလွန်းလို့ ဘရန်ဒီဝယ်ဖို့ တိုက်တွန်းတာပါ၊ ပိုက်ဆံပေး ငါသွားဝယ်ပေးမယ်၊ နီးနီးလေးပါ"

"ပြောစမ်းပါ သတင်းကိုသာ၊ ဘာလဲလို့"

"တခါတုန်းက ငါ့အဖေ ပြောဖူးတယ်၊ သူတို့ ငယ်ငယ်က ချင်းတောထဲ ဝါးဝယ်ရအောင် သွားကြတော့. . . ."

"ဟော့ကောင်၊ မင်း ပြောစရာရှိတာကို ကောင်းကောင်းပြော၊ အထိုးခံချင်သလား"

ဝေလင်းက လက်ရုံးရည်ကို အသုံးချရန် လက်မောင်းကို ဝင့်လိုက်မှ ဘစိန်၏ တစ်မျက်နှာလုံးမှာ အိမြွေတုံးကြီး ဖြစ်၍သွားလေတော့၏။

"ငါ စကားပလ္လင်ခံတာကိုမှ အလိုမရှိဘဲ၊ ကြားချင်သပ ဆိုရင်လည်းကဲ နားထောင် နုနုနဲ့ သတ္တုတွင်းလုပ်တဲ့ လူတစ်ယောက်နဲ့ လက်ထပ်ဖို့ ရက်ချိန်းလိုက်ပြီတဲ့၊ ဒီသတင်းကို မင်းကို ဖြည်းဖြည်းမှ ဖောက်သည်ချပါတဲ့"

"ရက်သတ်မှတ်လိုက်ပြီ"

ဝေလင်းသည် အံ့အားသင့်စွာဖြင့် ဘစိန်ပြောသည့် စကားကို လိုက်၍ဆိုကာ မတုန်မလှုပ် ကြောင်တောင်ကြီး ငေးစိုက်၍ ကြည့်နေမိလေ၏။

"သူငယ်ချင်း သူငယ်ချင်း ဘယ့်နှယ်ဖြစ်သွားသလဲ၊ အခုနေ အချိန်မီသေးတယ်၊ ဘရန်ဒီ ဝယ်လိုက်ရတော့မလား"

ဝေလင်းသည် ငေးမှိုင်မြဲ ငေးနေပြီးမှ "တကယ်လား" ဟု မေးသည့်အတွက် ဘစိန်မှာ "မင်းကို ငါ အလကားပြောမလား" ဟူသော အမူအရာမျိုးဖြင့် မစိန်းနုထံမှ ရောက်လာသည့်စာကို ထိုး၍ပေးလေ၏။ သို့ရာတွင် ဝေလင်းသည် 'ယုံကြည်ပါတယ်ကွာ' ဆိုသည့်အလား ထိုစာကိုဖတ်ရှုရန်မလိုသကဲ့သို့ လက်နှင့် ဖယ်ရှားပစ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝေလင်းမှာ တစ်မျက်နှာလုံး မည်းလျက် ထိုကဲ့သို့ အတန်ကြာစွာ ရှိနေပြီးမှ တဖြည်းဖြည်း မျက်နှာပေါ်တွင် အသွေးရောင်ပြန်၍ ပေါ်လာကာ မချိုပြုံး ပြုံးလျက် မိမိအရေးရ ခက်နေသည့်စာအတွက် သက်သာသွားပြီဟု နှလုံးပြုမိလေ၏။

ထိုခဏတွင် ဝေလင်းသည် စဉ်းစားဉာဏ် တစ်ခုပေါ်၍ လာလေ၏။ ထိုစဉ်းစားဉာဏ်သည် ယခုကဲ့သို့ မိမိ၏စိတ်နှလုံးကို ထိခိုက်ညစ်ညူးစေရာ အခြေအနေမျိုးနှင့် တွေ့ရလျက် အဘယ့်ကြောင့် ပြုံးရယ်နိုင်သေးသနည်း ဟူသော အမေးကို အဖြေရရှိစေလေ၏။ သေနတ်မှန်သူ၊ ဓားခုတ်ခံရသူတို့သည် များသောအားဖြင့် မိမိကိုယ်တွင် ထိသွားပြီဟု သိခြင်းမှတပါး မိမိကိုယ်တွင်ဝေဒနာကို ချက်ချင်း မခံစားရချေ၊ ခဏ၌သော် သွေးပူလျက် မွန်ထူ၍ နေတတ်လေ၏။ နောက်တခဏကြာမှ ပျော့ခွေ၍ လဲကျတတ်ကြလေတော့သည်။ မိမိသည်လျှင် ယခုခဏ၌ ထူပူ၍သွားရုံမျှ ရှိလျက် အချစ်၏ ဝေဒနာကို မခံစားရသေးချေ။ နောက်တခဏတွင် ထိုဝေဒနာကို ခံစားရချေတော့မည်။ သို့ဖြစ်ရကား နောက်တခဏသို့ မရောက်မီ မစိန်းနုကို တငွေ့ငွေ့ သတိရပြီး လွမ်းဆွတ်လာစေရန် ဖန်တီးမည့် အရာတို့ကို လျင်မြန်စွာ ဖျက်ဆီးပစ်မှ ဖြစ်နိုင်လိမ့်မည်ဟု စဉ်းစားမိလေ၏။ ထိုသို့ ဖြစ်သည့်အတိုင်း ဝေလင်းသည် အခန်းထဲတွင် ချိတ်ဆွဲထားသည့် မစိန်းနု၏ ဓာတ်ပုံများကို ပြေး၍ မြင်မိလေ၏။

ထိုသို့ တွေ့မြင်ရာတွင် သစ္စာမတည်သော ချစ်သူ၏ ဓာတ်ပုံတို့ အချစ်၏ ကန်ကြောက်ခြင်း ဖနောင့်နှင့်ပေါက်ခြင်း ခံရသူတို့၏ လုပ်မြဲနည်းလမ်းဓမ္မတာ နှစ်ခုရှိသည်ကို တွေးမိလေ၏။ ဝေလင်းမှာ ထိုဓာတ်ပုံများကို တရိုတသေ ဖြုတ်သိမ်း၍ ရေမွှေးဆွတ်ဖျန်းလျက် ခေါင်းအုံးအောက်တွင် ထား၍အိပ်ကာ ဆံပင်များဖြူ သွားများကြွေ၍ အသားအရေ တွန့်သိပ်သည့် အရွယ်တိုင်အောင် ညစဉ် ထုတ်ထုတ်ကြည့်ပြီး မျက်ရည်ကလေး တစ်စက်



ချခြင်းဖြင့် အလွမ်းကို မွေးမြူခြင်းနှင့် အခြားတစ်နည်းမှာ ယောကျာ်းပီသ၍ ကာယဗလ အားကိုးလျက် လျင်မြန်စွာ ဖျက်စီးဖြဲဆုတ်ပစ်ခြင်းပင် ဖြစ်ပေ၏။

ဝေလင်းမှာ မစိန်းနုကို သတိရကာ အချစ်ဝေဒနာကို ခံ၍မနေလိုသဖြင့် သိမ်းဆည်းထားခြင်းကိုလည်း အလိုမရှိ၊ ရက်စက်စွာ ဆုတ်ဖြဲပစ်ရန်ကိုလည်း မနှစ်လိုသောကြောင့် ဖျောက်ဖျက်ပစ်ခြင်းသာလျှင် နည်းလမ်းအကောင်းဆုံးဟု ယူဆကာ ချိတ်ဆွဲထားသော ဓာတ်ပုံများကို ဆောင့်ကြီးအောင့်ကြီးနှင့် ဖြုတ်လေ၏။ ဘစိန်ကား ဝေလင်း၏ အမူအရာကို ကြည့်ကာ ရယ်သာ ရယ်ချင်မိ၏။ သို့သော် ထိုသို့ရယ်လျှင် ဝမ်းသာရာ ရောက်နေမည် ဖြစ်သောကြောင့် ပါးစပ်ပိတ်ထားရလေ၏။

ထိုသို့ ဝေလင်းသည် ဓာတ်ပုံများကို ဖြုတ်ယူပြီးနောက် ခေါက်ဆွဲတရုတ် ဝမ်းဘဲကင် ထုတ်ပေးသလို ပင်မင်းဆိုင်မှပါသော အထုတ်စက္ကူဖြင့် ဆောင့်အောင့်၍ ထုတ်လျက် ကြိုးနှင့် ခိုင်မြဲစွာ တုပ်နှောင်ပြီးလျှင် "ကဲ မကောင်းသူထိပ်၊ ကောင်းသူထိပ်" ဟု ပါးစပ်မှ ရေရွတ်ပြီးလျှင် ပြတင်းပေါက်မှနေ၍ ပစ်လွှင့်ချလိုက်လေ၏။

ထိုကဲ့သို့ လွှင့်ပစ်လိုက်ပြီးလျှင် ဘုန်းကနဲ မြေပေါ်သို့ ကျရောက်သွားသည့်အခါမှ ဝေလင်းမှာ မိမိ၏ အပူအပင်တို့သည် ထိုအထုပ်ကြီးနှင့် ပါသွားပြီး ရင်ထဲမှ ကျသွားသကဲ့သို့ ဟင်းကနဲ သက်ပြင်းချလိုက်မိလေတော့၏။

ဘစိန်သည် ဝေလင်း၏ အပြုအမူကို ကြည့်၍ပြုံးကာ. . .

"သူငယ်ချင်း ခေါစာပစ်တာ လွတ်ပြီလား၊ ကျွတ်ပြီလား" ဟု မေးလိုက်ရာ ဝေလင်းသည် ကျေနပ်စွာ ပြုံးလျက် "လွတ်ပြီ၊ ကျွတ်ပြီ" ဟု ပြန်၍ ပြောလိုက်လေ၏။

ထို့နောက် ဝေလင်းသည် ပက်လက်ကုလားထိုင်တွင် ထိုင်၍ ဆေးတံကို အားရစွာ ဖွာရှိုက်လျက် ငြိမ်သက်တိတ်ဆိတ်စွာ စဉ်းစားခန်း

www.burmeseclassic.com

www.burmeseclassic.com



ထုတ်၍နေလေ၏။ ထိုသို့စဉ်းစားရာတွင် ဘာမှ စိတ်ကူးထဲသို့ မဝင်ဘဲ မိမိ၏ အိမ်ခန်းကလေးမှာ ရှုပ်ထွေးဖရိုဖရဲ ဖြစ်လျက် ဖုံတက်ကာ ပင့်ကူအိမ်တွယ်လျက် ရှိသည်များကိုသာ မြင်မိလေရာ၊ ထိုသို့ မြင်မိသည့် ခဏ၌ပင် ခင်လေးမြင့်အား မြေး၍ သတိရမိလေ၏။

ယခုအခါ ခင်လေးသာ ရှိလျှင် ဤသို့ ရှုပ်ပွေနေသည့် အရာများမှာ ရှင်းလင်းသပ်ရပ်စွာ ရှိနေမည်ကို လည်းကောင်း၊ မလျှော်မဖွပ် ဒိုဘီမပေးဘဲ လုံးထွေးစုပုံထားသည့် အဝတ်များမှာ နံစော်၍နေမည် မဟုတ်သည်ကို လည်းကောင်း၊ စုတ်ပြဲနေမည့် မိမိ၏ စွပ်ကျယ်အင်္ကျီကုတ်မှာ ချုပ်လုပ်ဖာထေးထားခြင်း ရှိမည်ကိုလည်းကောင်း၊ ယခင် ခင်လေးမြင့် ရှိစဉ်က လာရောက်လုပ်ကိုင်ပေးသဖြင့် အေးချမ်းစွာ နေထိုင်ခဲ့ရပုံတို့ကို ပြန်၍ မြင်မိလေ၏။

ထိုသို့ ထင်မြင်မိရာတွင် ဝေလင်းသည် မစိန်းနုကိုတွေး၍ လန်းတတ်သော အကျင့်ဆိုးကလေး မပျောက်သေးသည့်အတွက် ယခင် မစိန်းနု၏ ဓာတ်ပုံများ ချိတ်ထားသည့် နေရာကို လှမ်း၍ကြည့်ရှုလိုက်မိလေ၏။ ယင်းကဲ့သို့ ကြည့်လိုက်ရာတွင် မစိန်းနု၏ ပုံများကို မတွေ့ရတော့၍ ရှေးကကဲ့သို့ တုန်လှုပ်ခြင်းမျိုး မရှိတော့ဘဲ ရဲတင်းစိတ်ချစွာ ခင်လေးမြင့်၏ အကြောင်းကိုသာ ဆက်လက်တွေးတောခြင်း ရှိနိုင်ရှာပေတော့၏။

အမှန်အားဖြင့် ဝေလင်းသည် ခင်လေးမြင့် ထွက်ခွာသွားသည်မှ စ၍ ခင်လေးမြင့်အား တစ်နေ့မှ မမေ့ခဲ့ချေ။ သို့ရာတွင် မစိန်းနု၏ စိတ်ကြောင့် သည်သို့ သတိရခြင်းမှာ မထင်ရှားဘဲ ရှိခဲ့ရာ၊ ယခု မစိန်းနုအပေါ်တွင် စိတ်ဖြတ်လိုက်သည့်အခါကျမှ ခင်လေးမြင့်အား သတိရခြင်းသည် သိသာထင်ရှား၍ လာလေ၏။ သို့အားဖြင့် ဝေလင်းသည် မစိန်းနု၏ ဓာတ်ပုံများ ရှိရာသို့ ကြည့်မိရာတွင် မရှိတော့ပြီဖြစ်သော မစိန်းနု၏ ဓာတ်ပုံများ ချိတ်ထားခဲ့သည့်နေရာ၌ ခင်လေးမြင့်၏ မျက်နှာကလေးများကို ဟိုနေရာ



ဒီနေရာမှ ပေါ်ပေါက်လာသကဲ့သို့ ထင်ယောင် မြင်ယောင် ရှိမိလေ၏။

ပျော်ရွှင်ဝမ်းသာစွာဖြင့် ပြုံးနေသော ခင်လေး၊ ခွေယိုင်နွမ်းနယ်လျက် မျက်ရည်အသွယ်သွယ် ယိုစီးနေသော ခင်လေး၊ ကြောက်ရွံ့တုန်လှုပ်စွာဖြင့် မိမိကို အားထားပြုသကဲ့သို့ ကြည့်ရှုနေသော ခင်လေး၊ တစ်ပုံထက်တစ်ပုံ ပို၍ နှစ်သက်စွဲမက်စရာ ကောင်းလှသည်ဟု ထင်ရသော ခင်လေး၏ မျက်နှာကလေးများသည် ဟိုနံရံ ဒီနံရံမှနေ၍ မိမိအား စိုက်ကြည့်နေကြသကဲ့သို့ အောက်မေ့မိလေ၏။ ထိုခဏတွင်ပင် ဝေလင်းသည် မိမိ၏နှလုံးသားထဲတွင် ခင်လေးမြင့်အပေါ်၌ မေတ္တာရှိနေသော စိတ်သည် ကာလအတန်ကြာကပင် ကိန်းဝပ်နေသည်ကို သိရှိရလေတော့၏။

ထိုသို့ ခင်လေးမြင့်အား မိမိမေတ္တာရှိနေခြင်းကို ယခုမှ ပွင့်ပွင့်လင်းလင်း သိရသည့်အတွက် ဝေလင်းသည် မိမိမြင်နေရသည်ထင်သော ခင်လေးမြင့်၏ ဓာတ်ပုံလေးများကို နှုတ်ခွန်းဆက်သသကဲ့သို့ "ခင်. . . ခင်. . ." ဟု ဟိုဟိုဒီဒီကြည့်၍ ခေါ်ကာ "ခင့်ကို ကိုဝေလင်း ချစ်နေတာ ကြာပြီ၊ အခုမှပဲ ကိုဝေလင်း အချစ်ကို ကိုဝေလင်း သိရတယ်၊ စောစောက သိရင် ခင့်ကို မြင်ဦးလွင်ကို လွှတ်လိုက်မှာ မဟုတ်ဘူး၊ ခင်. . . ကိုဝေလင်းကို ချစ်ရဲ့လား ခင်ရယ်" ဟု တစ်ယောက်တည်း ပြောဆိုမိလေတော့၏။

ခင်လေးမြင့်သည် မိမိ၏ ဦးလေး ဦးကျော်ဟန်နှင့်အတူ မြင်ဦးလွင်သို့ ပထမအကြိမ် အလည်လာရောက်စဉ် ဝေလင်းနှင့် တွေ့ကြုံကတည်းက ဝေလင်းအပေါ်တွင် မေတ္တာသက်ဝင်မိခဲ့လေ၏။ ထိုသို့ ခင်လေး၏ အသဲတွင် စွဲငြိခဲ့သည့် မေတ္တာမှာ ခုနှစ်နှစ်ကြာသည့်တိုင်အောင် ပျောက်ပျက်၍သွားသည် မရှိဘဲ အမြဲပင် ဝေလင်းကိုသာ မျှော်လင့်တမ်းတမိရာပြီးလျှင် ဝေလင်းနှင့် ပြန်လည်တွေ့ရသည့် တစ်နေ့တွင် သူချစ်ကိုယ်ချစ် နှစ်ဦးချစ် ပျော်မွေ့ရပေလိမ့်မည်ဟု မျှော်လင့်ခြင်းမှာ ပြည့်စုံခဲ့သော်လည်း ဝေလင်း၏ အချစ်ကို ခံယူရလိမ့်မည်ဟု မျှော်လင့်ခြင်းကြီးစွာဖြင့် မျှော်လင့်ခဲ့ရရှာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ခင်လေးမြင့်သည် ဝေလင်းအား ပြန်လည်တွေ့ရှိရလိမ့်မည်ဟု မျှော်လင့်ခြင်းမှာ အချည်းအနှီး မဖြစ်ခဲ့။ သို့သော်. . . ဝေလင်းအား တွေ့ရလိမ့်မည်ဟု မျှော်လင့်ခြင်းမှာ ပြည့်စုံခဲ့သော်လည်း ဝေလင်း၏အချစ်ကို ခံယူရလိမ့်မည်ဟူသော မျှော်လင့်ချက်မှာမူ မအောင်မြင်ဘဲ ရှိခဲ့လေ၏။ သို့ဖြစ်ရကား မိမိမှာ မိန်းမသားဖြစ်၍ မိမိ၏အချစ်ကို ဖွင့်လှစ်၍ မပြောသာဘဲ ရှိကာ ကြိတ်၍နေရရှာသည်တွင် ဝေလင်းသည် မိမိ၏အချစ်ကို မမြင်ဘဲ မစိန်းနုထံ သွားရောက်နေထိုင်ဖို့ ပြင်ဦးလွင်သို့ပင် ပို့လိုက်လေသေးရာ ရန်ကုန်ဘူတာရုံကြီးမှ မီးရထားထွက်လာသည့် အချိန်မှစ၍ ခင်လေးမြင့်သည် ဝေလင်း၏ အချစ်ကို မျှော်လင့်ရန် မရှိတော့ပြီဟု စိတ်နှလုံး ဒုံးဒုံးချလိုက်ခဲ့လေတော့၏။

ထိုသို့ စိတ်ပိုင်းဖြတ်လိုက်သည့်တိုင်အောင် ခင်လေးမြင့်သည် မိမိရည်မှန်းထားသော အချစ်ကို လုယူသွားသူဖြစ်သည့် မစိန်းနုထံသို့ကား မည်သည့်နည်းနှင့်မျှ မသွားလို၊ ၎င်း၏ မျက်နှာကိုပင် မမြင်လိုရကား ဝေလင်း၏ မိတ်ဆက်ပေးသော စာကလေးကို အစိတ်စိတ်အမွှာမွှာ ဖြဲဆုတ်ပစ်ခဲ့ပြီးလျှင် ပြင်ဦးလွင်သို့ ရောက်ရှိမှ ဖြစ်သလိုနေတော့မည်ဟု နှလုံးပြုမိလေ၏။

သို့ရာတွင် လောကကြီးကို လွှမ်းမိုး ချုပ်ကိုင်လျက်ရှိသော ကံတရားသည် အားကိုးရာမဲ့သည့် မိန်းမပျို ချောချောလှလှလေး တစ်ယောက်ကို ထင်သလို သွားလာနေထိုင်ခွင့် မပေးလိုရကား မီးရထားပေါ်တွင်ပင် ခရီးသွား မိန်းမဖော်တစ်ဦးနှင့် အသိဖွဲ့၍ ပေးလိုက်လေရာ ပြင်ဦးလွင်သို့ ရောက်ရှိသည့်အခါတွင် ထိုအသိမိန်းမ၏ အိမ်တွင် နေထိုင်ခဲ့ရလေ၏။

ခင်လေးသည် ပြင်ဦးလွင်သို့ ရောက်ရှိခဲ့သည်မှာ တစ်လနီးပါး ကြာခဲ့ပြီ ဖြစ်ပေ၏။ ထိုအတောအတွင်းဝယ် ဝေလင်းထံမှ မည်သည့် အကြောင်းကိုမျှ မကြားရ၊ မိမိကလည်း မိမိရှိရာ နေရပ်ကို ကိုဝေလင်း မသိစေလို၍ စာမပေးဘဲ နေခဲ့လေရာ၊ တစ်ယောက်အကြောင်း တစ်ယောက်



ဘာမှမသိကြဘဲ ရှိခဲ့ကြလေ၏။ သို့အားဖြင့် ခင်လေးသည် ဝေလင်းကို မေ့နိုင်သမျှ မေ့အောင် ကြိုးစား၍ နေခဲ့ပြီးလျှင် ပြင်ဦးလွင်မှာပင် အခြေတကျ နေထိုင်နိုင်ရန် အလုပ်အကိုင် လိုက်လံ၍ ရှာခဲ့လေ၏။ သို့ရာတွင် တစ်နေ့မှ တစ်ရက်၊ တစ်ရက်မှ တစ်ပတ်၊ တစ်ပတ်မှ တစ်လနီးပါး ကြာလာသည့်တိုင်အောင် မည်သည့်အလုပ်မျိုးကိုမှ ရှာဖွေ၍ မရနိုင်ဘဲ ပါလာသည့် ပစ္စည်းကလေးများလည်း ထုခွဲ၍ ကုန်ခဲ့ပြီကိုသာ တွေ့ရလေတော့၏။

ထိုအခါတွင် ဝေလင်းအား စိတ်နာမိသလိုလို ရှိလာ၏။ ဝေလင်းသည် မိမိ၏အချစ်ကို ဂရုမထားရုံမက မိန်းမသားကလေး တစ်ယောက်အား တော်ရာသို့ သွားစေပြီးလျှင် ပြန်၍ပင် မကြည့်သည်မှာ လွန်စွာ ရက်စက်လှပေတော့၏။ သို့ဖြစ်ရကား ဝေလင်း ပြင်ဦးလွင်သို့ ပြန်၍ရောက်လာလျှင်မူ တစ်နေ့နေ့ မိမိအပေါ်တွင် စိတ်လည်၍ လာကောင်းလာလေမည်လားဟူ၍ တစ်ခါတစ်ရံ ဖြစ်ပေါ်ခဲ့မိသေးသော နောက်ဆုံး မျှော်လင့်ချက်ကလေးကိုပင် စွန့်လွှတ်၍ ပစ်လိုက်ကာ တစ်ရပ်တစ်ရွာတွင် အခါကာလ အတိုအရှည် အပိုင်းအခြား မရှိဘဲ စိတ်ဆင်းရဲ လူဆင်းရဲခြင်းကို ခံနေရခြင်းထက် မိမိ၏ ဆွေမျိုးများထံသို့ပင် ပြန်လည်သွားရောက်ကာ မိမိ၏ နှစ်သက်ခဲ့မိခြင်း မကင်းသည့် ချစ်ထွေးနှင့်ပေါင်းသင်း လက်ထပ်လိုက်ခြင်းပင်လျှင် မိမိ၏ ပျို့ရွယ်နုနယ်သေးသည့်အချိန်တွင် ဝတ်ချင်စားချင်လှသည့် စိတ်ကို ဖြည့်စွမ်းနိုင်ပေလိမ့်မည်ဟု နှလုံးပိုက်လိုက်မိလေတော့၏။

အကယ်၍သာလျှင် ခင်လေးမြင့်သည် ယခုအချိန်၌ ဝေလင်း၏ စိတ်တွင် မည်သို့ ဖြစ်ပွားပေါ်ပေါက်လျက် ရှိနေသည်ကို လည်းကောင်း၊ မစိန်းနုသည် ဝေလင်းအား ကာလအနည်းငယ်ကြာရုံမျှဖြင့် အချစ်မီးအေးသွားကာ အခြားတစ်ယောက်နှင့် လက်ထပ်ရန် ဆုံးဖြတ်လိုက်သည်ကို လည်းကောင်း၊ ထိုအကြောင်းတို့ကို သိရှိရပါမူ ခင်လေးမြင့်၏ ယခုအကြံသည် တစ်မျိုးတစ်မည် ပြောင်းလဲ၍ သွားစရာ ရှိပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့၏ ချောင်ကျသော ရပ်ကွက်ကလေးတစ်ခုရှိ ကျဉ်းမြောင်းသေးငယ်သော အခန်းကလေးတစ်ခုအတွင်းဝယ် ဝေလင်းသည် နံရံပေါ် လက်တင်၍ ခင်လေးမြင့်၏အကြောင်း စဉ်းစားလျက် ချစ်ရမ္မက်ပွားနေသည့်အချိန်တွင် ပြင်ဦးလွင်ရှိ ဦးသာဒင်၏ ခြံဝင်းကြီးအတွင်းသို့ မိန်းမပျိုတစ်ယောက်သည် ကြောက်ရွံ့တုန်ရီသော ခြေလှမ်းများဖြင့် မရဲတရဲ ဝင်လာသည်ကို အစေခံဖြစ်သူ ကိုရန်ပသည် အိမ်အောက်- တံခါးဝမှ ရပ်လျက် ကြည့်ရှုတွေ့မြင်ရလေ၏။

မိန်းမပျိုသည် ခြံကြီးထဲသို့ ဝင်လာရင်း အိမ်ကြီးနှင့် ပတ်ဝန်းကျင်ရှိ သစ်ပင် ပန်းပင်ကလေးများ ထိုင်ခုံကလေးများကို ကြည့်ရှုမိရာတွင် ထိုနေရာသို့ ယခင် ရောက်ခဲ့ဖူးသဖြင့် ယခင်က အဖြစ်အပျက်များကို ပြန်၍သတိရမိသည့်အလား ဝင်လာစဉ်က အနည်းငယ် ကြည်လင်နေသော မျက်လုံးကလေးများမှာ မျက်ရည်ကလေးများ ရစ်ဝဲ၍ လာလေ၏။

မကြာမီ မိန်းမပျိုကလေးသည် ကိုရန်ပအနီးသို့ ရောက်ရှိသွားကာ တစ်စုံတစ်ရာကို ပြောကြားလိုက်လေ၏။ ကိုရန်ပသည် ခေါင်းညိတ်လိုက်ပြီးလျှင် အိမ်ထဲသို့ ဝင်သွားလေ၏။

ဦးသာဒင်သည် သတင်းစာ ဖတ်နေရာက မိမိအနားကို ကိုရန်ပ ရောက်လာသည်ကို သိရသောကြောင့် သတင်းစာကို ဘေးသို့ ဖယ်လိုက်ပြီးလျှင် မေးမြန်းသည့် မျက်နှာဖြင့် စိုက်ကြည့်နေလေ၏။

"မိန်းကလေး တစ်ယောက်က တွေ့ချင်လို့ပါတဲ့"

'ဘယ်သူတဲ့လဲ"

"သူ့နာမည် မခင်လေးမြင့်လို့ ပြောပါတယ်"

ဦးသာဒင်သည် ထိုနာမည်ကို မကြားဘူး မသိဘူးသကဲ့သို့ စဉ်းစား၍နေလေ၏။ ကိုရန်ပ၏ မျက်နှာတွင်လည်း (၇) နှစ်ခန့်က မိမိတို့အိမ်သို့ အလည်ရောက်လာသူတစ်ဦးတွင် မိန်းကလေး ငယ်ငယ်ရွယ်ရွယ်တစ်ယောက် ပါလာသည်ကို ပြန်လည်သတိရစေကာမူ ထိုမိန်းကလေးသည် ယခုမြင်ရသော လှပချောမောသူကလေးတစ်ယောက် ဖြစ်သည်ကို တွေးတောမိမည် မဟုတ်ချေ။



"ဘာလိုချင်လို့တဲ့လဲ"

"တွေ့ချင်လို့ ဆိုတာပဲ ပြောပါတယ်"

"ဘယ်မှာလဲ"

"အောက်ထပ်မှာပါ ခင်ဗျာ"

"ဒါဖြင့် အပေါ်ကို ခေါ်လိုက်"

"ကောင်းပါပြီ ခင်ဗျ" ဟု ဆို၍ ဦးရန်ပ ထွက်သွားပြီးလျှင်၊ နှစ်မိနစ်ခန့်အကြာတွင် ဦးရန်ပနှင့် ခင်လေးမြင့်တို့ အိမ်အပေါ်ထပ်သို့ ရောက်လာကြလေ၏။ ခင်လေးမြင့်သည် ဦးသာဒင်အား ပြုံးရွှင်စွာ နှုတ်ဆက်၍ ဝင်လာသော်လည်း၊ ဦးသာဒင်ကမူ သူစိမ်းတစ်ယောက်ကို တွေ့ရသကဲ့သို့ စိမ်းစိမ်းကြည့်နေလေ၏။

"ဦးလေး ကျွန်မကို မမှတ်မိဘူးလား"

"မှန်းစမ်း. . . နေပါဦး . . . ဟို. . . "

"လွန်ခဲ့တဲ့ ခုနှစ်နှစ်လောက်တုန်းက ဦးလေးကျော်ဟန်နဲ့ လိုက်လာတာလေ"

"ဩော် . . . ဦးကျော်ဟန် တူမကလေးလား" ဟု ဆိုကာ၊ ဦးသာဒင်သည် ထိုအခါမှ ဝမ်းသာအားရ ထလာပြီးလျှင်၊ "ကြီးလာလိုက်တာနော်. . . ရုတ်တရက် မှတ်တောင် မမှတ်မိတော့ဘူး၊ ဦးကျော်ဟန်တို့ကော မာရဲ့လား" ဟု မေးလေ၏။

"ဟုတ်ကဲ့. . . မာကြပါတယ်"

"မင်းလာတာ တစ်ယောက်တည်း မှတ်တယ်၊ ဒီမှာ တော်တော်ကြာပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ တစ်လလောက် ရှိပါပြီ"

"ဪ အိမ်ထောင်ရက်သား ကျနေပြီလား"

"မဟုတ်ပါဘူး၊ ကျွန်မ အိမ်ထောင် မကျသေးပါဘူး"

"ဪ အလည်လာတာကိုး၊ ကောင်းတယ် ကောင်းတယ်၊ တွေ့ရတာ ဝမ်းသာသကွယ်၊ ဦးကျော်ဟန် နောက်မိန်းမ ယူပြီးမှ မတွေ့ရသေးဘူး၊ ရန်ကုန် သွားမယ် သွားမယ်နဲ့ဟာ မသွားဖြစ်နိုင်ဘူး၊ တလောတုန်းကတော့ မင်းဦးလေးက အလည်တစ်ခေါက်လောက် လာပါဦးလို့ စာရေးလိုက်တာကွ၊ ဒီလထဲတော့ ရန်ကုန် သွားမယ်လို့ ကြံနေတယ်၊ သူ့ဆီတောင် စာရေးလိုက်သေးတယ်"

"ဟုတ်ကဲ့ ကျွန်မလည်း ဒီအကြောင်းကို သိရပါတယ်၊ ဦးလေးကျော်က ဦးနဲ့ ရန်ကုန်ကို ပြန်ပြီးလိုက်ခဲ့ဖို့ သံကြိုးရိုက်လိုက်လို့ ကျွန်မ ဒီကို လာတာပါပဲ၊ ဦးလေးကျော်ဆီက ဒီကိုလည်း ပို့လိုက်တဲ့ သံကြိုးကို တွေ့ရပြီ မဟုတ်လား"

"သံကြိုး. . . မရပါကလား" ဟု ဦးသာဒင် စဉ်းစား၍ မရသကဲ့သို့ မျက်မှောင်ကုတ်၍ပြောလျက် "ကိုရန်ပ ကြေးနန်းစာများ ရောက်လာသလား" ဟု မေးလိုက်လေ၏။

"ဟုတ်ကဲ့. . . မနေ့က ရောက်လာပါတယ်၊ ကျွန်တော်လာဖေ တုန်းက အလုပ်များနေတဲ့အတွက် ထားလိုက်ဒုံးဆိုလို့ စားပွဲပေါ်မှာ ဖိထားခဲ့ ပါတယ်. . ."

ဦးသာဒင်၏ စားပွဲမှာ စာအုပ် စာရွက်များဖြင့် ရှုပ်ထွေးလျက် ရှိ လေ၏။

"ဒီလိုပဲ၊ တစ်ခါ တစ်ခါ အလုပ်များရင် စာတွေကို နှစ်ရက်သုံးရက် ဖောက်မကြည့်မိဘူး"

ဦးသာဒင်က ပြောပြောဆိုဆို စားပွဲကို ရှင်းလင်းရှာဖွေရာ စာအုပ်



တစ်ခုအောက်မှ လေးထောင့်စာအိတ်တစ်ခု ထွက်လာလေ၏။

ထို့နောက် ဦးသာဒင်သည် ကြေးနန်းကို ဖောက်၍ဖတ်ကြည့်ပြီးလျှင် "ဟုတ်တယ်၊ ဟုတ်တယ် မင်း ဒီကို ရောက်လာလိမ့်မယ်၊ ခေါ်ထားလိုက်ပြီး ရန်ကုန်ကို ခေါ်ခဲ့ပါလို့ ပါတယ်၊ ဒါထက် ဘယ်သူပါသေးလဲ" ဟု မေးလေ၏။

"ကျွန်မ. . . တစ်ယောက်တည်း လာပါတယ်"

"တစ်ယောက်တည်း . . . ဟုတ်လား၊ မင်းဦးလေးက တစ်ယောက်တည်းများ လွှတ်လိုက်သလား"

"ကျွန်မ. . . . အိမ်က ပြေးလာတာပါ"

"အိမ်က ပြေးလာတယ်. . . ."

"ဟုတ်ကဲ့ ပြေးလာတာပါ. . . အခု အိမ်ပြန်ပြေးမလို့"

ဦးသာဒင်သည် ခင်လေးမြင့်မှာ မိမိ၏ သာမာန်မျက်စိထဲတွင် ပျောက်ကွယ်နေသည့်အလား မျက်မှန်တပ်၍ ကြည့်နေလိုက်ပြီးနောက်မှ "အိမ်ကပြေးလာတာ. . . ဟုတ်လား၊ ဘာပြုလို့ ပြေးလာတာလဲ" ဟု မေး လေ၏။

ခင်လေးမြင့်သည် ချစ်ထွေးနှင့် လက်မထပ်လိုခြင်းကြောင့် ပြေးလာခြင်း ဖြစ်သည်ကို ပြောပြပြီးလျှင် ယခုမူ ဤကဲ့သို့ နေရသည့် အဖြစ်ကို မနှစ်လိုတော့သည့်အတွက် မိမိအိမ်သို့ ကြေးနန်းရိုက်ကြားလိုက်ရာတွင် ဦးသာဒင်ထံသို့ သွား၍ အတူတကွ လာရောက်ကြရန် ကြေးနန်းပြန်ကြားလိုက်သည့် အကြောင်းကို ပြောပြလေ၏။

"ဪ. . . ဒီလိုဆိုရင် ဦးက ဝမ်းပန်းတသာနဲ့ လိုက်ပို့ဖို့ အသင့်ပါပဲကွယ်၊ ဦးလည်း ရန်ကုန်သွားမလို့ပါပဲ၊ ဒီမှာ ကိုရန်ပ ကော်ဖီ ယူခဲ့ပါ"

ထို့နောက် ကော်ဖီ ယူလာလို့ သောက်ကြပြီးမှ ဦးသာဒင်က "မင်း အခုလို ပြန်မယ်ဆိုတော့ မင်း မနှစ်သက်တဲ့ လူကိုပဲ လက်ထပ်ရတော့မှာပေါ့" ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုလေ၏။

"အမှန်တော့ ကျွန်မ သူ့ကို မနှစ်သက်တာလဲ မဟုတ်ပါဘူး၊ တခြားတစ်ယောက်ကို မေတ္တာရှိနေလို့ပါ၊ ဒါပေမယ့် ကျွန်မ မေတ္တာရှိတဲ့လူက ကျွန်မကို ပြန်ပြီး မေတ္တာမရှိဘူး ဆိုတာကို သိရတဲ့အတွက် အခုလိုတော့ဖြင့် မနေတော့ဘူး၊ ဟိုလူကိုပဲ လက်ထပ်တော့မယ်လို့ စိတ်ပိုင်းဖြတ်လိုက်ပါတယ်၊ အခုပြင်ဦးလွင်ကို ရောက်လာပြီး မလုံမလောက်နဲ့ ဒုက္ခခံနေရတာကို တွေ့တော့မှ ကိုယ့်အိမ် ကိုယ့်အိုးနဲ့ ချမ်းချမ်းသာသာ သုံးစွဲနေရတာဟာ တဲအိုပျက်မှာ ထမင်းရည်သောက်နေရတဲ့ ဘဝထက် အများကြီး ကောင်းလိမ့်မယ် ဆိုတာကို တွေးမိပါတယ်"

ဦးသာဒင်သည် ခင်လေးမြင့်အား သနားကရုဏာသက်သည့် အမူအရာဖြင့် ကြည့်နေမိလေ၏။ ထိုအချိန်တွင် ခင်လေးမြင့်သည် စာအုပ်စင်ပေါ်ရှိ ဓာတ်ပုံတစ်ခုကို အာရုံစိုက်၍ နေလေ၏။ ဓာတ်ပုံမှာ ဘောလုံးကန်အဝတ်အစား ဝတ်ဆင်လျက် ဘောလုံးတစ်လုံး ပိုက်ထားပြီး ခြေနှစ်ဘက်ကားလျက်ရပ်နေသည့် တောင့်တင်းသန်မာသော ယောကျ်ားပျိုတစ်ယောက်၏ပုံ ဖြစ်ပေ၏။

"အဲဒါ. . . ဦးရဲ့တူ ဝေလင်း ဆိုတာ. . . ."

ခင်လေးမြင့်သည် ဓာတ်ပုံထဲတွင် အာရုံစိုက်မိနေသည့်အတွက် ဦးသာဒင် ပြောလိုက်သည့် စကားများသည် လန့်ဖြန့်၍ သွားစေလေတော့၏။

ထိုအခါမှ ဦးသာဒင်က "ဩော် ဝေလင်းဆိုလို့ သူ့ဆီ ကြေးနန်းတစ်စောင် ရိုက်လိုက်ဦးမှပဲ" ဟု ဆိုလိုက်ပြီးနောက် မိမိ၏ စကားကို မကြားနိုင်ဘဲ ဓာတ်ပုံကိုသာ အာရုံစိုက်၍ ကြည့်နေသော ခင်လေးမြင့်ကို တွေ့ရသဖြင့် ပြုံးပြုံးကြီး လုပ်နေပြီးမှ ကြေးနန်းစာရေးရန် စားပွဲခုံပေါ်သို့ လျှောက်သွားလေ၏။ ဦးသာဒင်သည် စာရေးစားပွဲသို့ ရောက်ရာတွင် ကြေးနန်းစာကို



ဦးစွာမရေးသေးဘဲ ယခင် ခုနှစ်နှစ်ခန့်က တွေ့မြင်ရသည်နှင့်မတူ တသွေးတမွေးပြောင်းလဲကာ ချစ်စရာကောင်းသော ရုပ်ရည်ကလေးနှင့် ဖြစ်လာသည့် ခင်လေးကို စိုက်ကြည့် အကဲခတ်နေပြီးနောက် "အင်း ဒီလိုလှတဲ့ မိန်းကလေးတစ်ယောက်ကို မချစ်ဘူးဆိုတဲ့ အကောင်ဟာ ခွေးပဲ" ဟု စိတ်ထဲ၌ ပြောလိုက်မိလေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

ရန်ကုန်ဘူတာကြီး အတွင်းရှိ စင်္ကြံနံပါတ် ၁ တွင် မန္တလေးမြို့မှ လာနေသော အစုန်စာပို့ ရထားနံပါတ် ၃ ကို စောင့်မျှော်နေကြသော သူတို့ ဖြင့်လည်းကောင်း၊ ပြာယာခတ်နေသော ကူလီများ၊ လက်တွန်းဈေးသည်များ ဖြင့်လည်းကောင်း၊ ရှုပ်ရှက်ခတ်၍ နေကြသူများအထဲတွင် ဘူတာရုံကြီး၏ အရှေ့ဘက်သို့ တမျှော်မျှော်နှင့် ကြည့်နေသော ဝေလင်း၏ မျက်နှာကို တွေ့ရ လေ၏။

ဝေလင်းမှာ မိမိ၏ ဦးလေးအား တွေ့ဆုံရန် လာရောက်ခြင်း ဖြစ် သော်လည်း ထိုသို့ တွေ့ရမည့်အရေးအတွက် မျက်နှာမှာ သာယာခြင်း မရှိလှ ပေ။ အကြောင်းမူကား မိမိသည် ဦးလေး ခိုင်းစေသည့် ကိစ္စဖြင့် ရန်ကုန်သို့ ရောက်ရှိခဲ့သည်မှာ တစ်လကျော်ပြီ ဖြစ်သော်လည်း ကိစ္စ၏ အရှုပ်အရှင်း ကို ဘွင်းဘွင်းကြီးပေါ်အောင် မည်သို့မျှ ပြုလုပ်ရခြင်း မရှိသေးရာ အလုပ် အကြောင်းနှင့် စပ်လျဉ်း၍ မေးလျှင် ဖြေနိုင်မည် မဟုတ်သောကြောင့် ဖြစ်၏။ သို့ဖြစ်သည့်အလျောက် မကြာမီ ဆိုက်ရောက်လာတော့မည့် မီးရထားတွင်



မိမိ၏ဦးလေး ပါ၍မလာဘဲ အိမ်သို့ မိမိပြန်၍ရောက်သောအခါ အကြောင်း မညီညွတ်၍ မလာဖြစ်သေးဟု ရေးလိုက်သော စာကိုသာ တွေ့ပါစေဟု ဆုတောင်းမိလေ၏။

သို့ရာတွင် ဝေလင်း၏ ဆုတောင်းမှာ မပြည့်စုံဘဲ ဘူတာရုံကြီး အတွင်းသို့ စာပို့ရထားကြီး ဒလဟော ထိုးဝင်၍ လာရာတွင် ဒုတိယတန်း ရထားတွဲတစ်ခု၏ ပြတင်းပေါက်မှ ကိုယ်တစ်ပိုင်းထုတ်လျက် မိမိအား ရှာဖွေ ကြည့်ရှုလာသော ဦးသာဒင်ကို တွေ့ရလေ၏။

မီးရထားစင်္ကြံ သံမံသလင်းပေါ်ရှိ လူများသည် မိမိတို့၏ အသိမိတ် ဆွေများ၏ အမည်ကို ဟစ်အော်ကာ မီးရထားတွဲဘေးမှ ပြေးလိုက်လျက် ရှိကြရာ ဘူတာရုံအတွင်းမှာ ဟျားအုံကို တုတ်နှင့် ဆွသကဲ့သို့ ဖြစ်သွားလေ၏။ ဝေလင်းသည် ဤသို့ရှုပ်ရှက်ခတ်နေသည့် လူအုပ်ကြီးကို တွန်းဖယ်ကာ မိမိ ဦးလေး ပါလာသည့် ရထားတွဲနောက်သို့ ပြေး၍လိုက်ရင်း "ဦးလေး ဦးလေး ဒီမှာ ဒီမှာ" ဟု အော်ပြောလိုက်မှ ဦးသာဒင်လည်း ဝေလင်းကို မြင်မိကာ လက်လှုပ်၍ ပြလိုက်လေ၏။

မီးရထားအရပ်တွင် ဝေလင်းသည် တွဲဘေးသို့ ရောက်ရှိကာ "ဦးလေး ပစ္စည်းတွေ များသလား" ဟု မေးလိုက်လေ၏။

"အေး ကားကြီးကြီး တစ်စီးခေါ်မှပဲ၊ မိန်းကလေး တစ်ယောက် လည်း ပါလာတယ်"

"ဘယ်သူလဲ ဦးလေးရဲ့"

"ဦးကျော်ဟန် တူမလေး. . . မခင်လေးမြင့် ဆိုတာ"

ရန်ကုန်ဘူတာကြီးတွင် မီးရထားဆိုက်သည့် အချိန်တိုင်း၌ ခရီးသွား နှင့် ခရီးကြိုတို့ အမြဲပင် ရှုပ်ထွေးလေ့ ရှိသော်လည်း ဦးသာဒင်ပြောသည့် စကားကို ကြားရခြင်းဖြင့် ထိုရှုခင်းတို့သည် ဝေလင်း၏ မျက်စိထဲတွင် အစိမ်း တစ်ဖုံ ဖြစ်သွားလေ၏။ ဘူတာရုံအတွင်းရှိ ခရီးသည်များ. . ဝန်ဆောင်ခရီးသည်၏

www.burmeseclassic.com

www.burmeseclassic.com



အသိမိတ်ဆွေများ. . . ခရီးသည်၏ ဆွေမျိုးများ. . . ကူလီများ သတင်းစာရောင်းသူကလေးများ၊ မီးရထားဂတ်ဗိုလ်များ၊ လက်မှတ်စစ်များ၊ ချောကလက်ပန်းသီး၊ ကိတ်မုန့်၊ ကွဲကော်ရုပ် ရောင်းသူများ၏ ပြေးလွှားနေခြင်းသည် တပြိုင်တည်း တညီတညာတည်း ဝမ်းသာအားရသော မျက်နှာများဖြင့် ရှုရှုကောဆက်လူမျိုးတို့၏ အကဖြင့် ကခုန်နေကြသည်ဟု ဝေလင်း၏ မျက်စိထဲတွင် ထင်မြင်မိလေ၏။ ခင်လေးမြင့် ရောက်ရှိလာခြင်းဖြင့် ထိုလူတို့ပင်လျှင် ဤမျှပျော်ရွှင်နေကြသည်ဟု ထင်မြင်ရပါမူ ဝေလင်း၏ စိတ်ထဲတွင်မူကား မည်မျှ ပျော်ရွှင်ဝမ်းမြောက်သွားမည်ကို ရေး၍ မစွမ်းနိုင်တော့ပေ။

ဝေလင်းသည်. . . မိမိ၏ဦးလေးကိုပင် စကားထပ်၍ မပြောနိုင်တော့ဘဲ တွဲဘေး ပြတင်းပေါက်မှ အတွင်းသို့ကြည့်ကာ "ခင်" ဟု ဝမ်းသာအားရ ခေါ်လိုက်လေ၏။

"ကိုဝေလင်း" ဟု ခင်လေးက ပြန်၍ ထူးလိုက်လေ၏။

ဝေလင်းသည် လွန်ခဲ့သော ရက်အနည်းငယ်အတွင်း အပြင်းအထန် ကြီးမားတိုးတက်လာသော မိမိ၏အချစ်ကို ဖွင့်လှစ်ပြောရန် အချိန်အခါကို ရက်ရာဇာ ပြဿဒါး ရွေး၍မနေနိုင်တော့၊ အချိန်သည် အဖိုးတန်၏ ဆိုသော စကားကို များစွာလေးစားမိလျက် အပိုအမို နှုတ်ဆက်စကားတို့ကို သုံး၍ မနေလိုတော့ဘဲ မိမိ၏ အချစ်ကို ဤနေရာတွင်ပင် ထုတ်ဖော်၍ ပြောရန် ဆုံးဖြတ်လိုက်လေ၏။

"ခင် ကိုဝေလင်းလေ. . . ခင့်ကိုလေ. . .၊ ခင်ထွက်သွားတဲ့ နေ့ကတည်းက စပြီး . . . ."

"ခပ်ဘဒါ. . ."

ကုန်တွန်းလှည်းကလေးကို တွန်းလာသော ကူလီတစ်ယောက်ထလမ်းရှောင်ပေးရန် အော်လိုက်သည့်အတွက် ဝေလင်းမှာ ပြောနေသည့်စကားကို ဖြတ်လိုက်ရပြီးလျှင် ကူလီအား ဖယ်ရှောင်၍ ပေးလိုက်ရလေ၏



ဝေလင်းမှာ ရာဇသတ် ဥပဒေတွင် ပုဒ်မ ၃၀၂ သာ မရှိပါက ထိုကူလီအား ထိုနေရာတွင်ပင် ထိုး၍သတ်ပစ်လိုက်မိမည် ဖြစ်ပေတော့၏။

ထိုအခိုက်တွင်ပင် "ကူလီ ယူမလား၊ ကူလီ ယူမလား" ဟု လာ၍ မေးသူကမေး၊ ငေးငေးမောမောနှင့် တိုးသူက တိုးသဖြင့် ဝေလင်းမှာ တိုး၍ ဒေါသထွက်မိလေ၏။ စိတ်ထဲတွင် ထိုဒေါသရှိနေလျှင် ကရုဏာသံနှင့် ခင်လေးအား ပြောရမည့် စကားမှာ မချောမောဘဲ ရှိမည်ကို အထူးသတိထား၍ နေရလေ၏။

"ကိုဝေလင်းဖြင့်လေ" ဟု ဝေလင်းသည် စကားကိုဆက်လိုက်၍ "ခင့်ကို တစ်နေ့မပြတ်ဘဲ အမြဲသတိရနေတာပဲ၊ ကိုဝေလင်းစိတ်ထဲမှာ. . ." ဟု ပြောနေစဉ် "ဟော့ ဝေလင်း မင်း ဘာလုပ်ပြီး ရပ်နေတာလဲ၊ ပစ္စည်းတွေ ဘာတွေ သယ်ပါတော့လား" ဟု ဦးသာဒင်က ဆိုလိုက်သောကြောင့် ရထားတွဲပေါ်သို့ လျင်မြန်စွာ တက်လိုက်ရလေ၏။

"ခင်. . ."

"ကိုဝေလင်း. . ."

"ခင့်အပေါ်မှာ ကိုဝေလင်း မေတ္တာရှိနေတာ ခင်နဲ့ ခွဲနေရတဲ့ အချိန်ကျမှ တစ်နေ့တစ်ခြား သိသိသာသာကြီး ပွားများလာတာပဲ၊ ကိုဝေလင်း တစ်သက်မှာ ဒီလိုအချစ်မျိုး တစ်ခါမှ မဖြစ်ဖူးဘူး၊ တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုတာလို ခင်လည်း ကိုဝေလင်းအပေါ်မှာ မေတ္တာရှိလိမ့်မယ် ဆိုတာကို ယုံကြည်ပါတယ်"

ဝေလင်းမှာ စကားပြောနေရာက ခင်လေး၏ ပြူးကျယ်သော မျက်လုံးများသည် မိမိအား ကြောင်တောင်စိုက်၍ ကြည့်လျက် မလှုပ်မယှက် ဖြစ်နေသည်ကို တွေ့ရသောကြောင့် ဆက်၍ စကားမပြောနိုင်တော့ဘဲ ခါးပိုက်နှိုက်မှုတစ်ခုကို ကျူးလွန်မိသည့်အလား ဟိုကြည့်ဒီကြည့် ဖြစ်နေလေတော့၏။ ဦးသာဒင်ကို ကြည့်လိုက်ရာတွင် ပစ္စည်းများကို သယ်ယူချပေးခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အလုပ်များလျှက် မိမိတို့အား ဂရုမစိုက်နိုင်ဘဲ ရှိနေသည်ကို တွေ့ရလေ၏။ ထို့နောက်မှ တဖန် ဝေလင်းသည် ခင်လေးဘက်သို့ ပြန်၍မျက်နှာလှည့်လိုက်လေ၏။ ထိုသို့လှည့်လိုက်ရာတွင် ခင်လေးမှာ မျက်ရည်ကလေးများ ရစ်ဝဲ၍ နေသည်ကို တွေ့ရလေ၏။

"ခင်. . . ကိုဝေလင်း အချစ်ကို မယုံလို့လား၊ ခင် ဘာပြောချင်လဲဆိုတာ ကိုဝေလင်း ရိပ်မိပါတယ်၊ မစိန်းနုကို ဘယ်သွားထားမလဲလို့ မေးချင်တယ် မဟုတ်လား၊ ကိုဝေလင်း မစိန်းနုကို မချစ်တော့ဘူး၊ အရင်က ချစ်တယ်ဆိုတာ ကိုဝေလင်းစိတ်ကို ကိုဝေလင်း လှည့်စားနေတာပါ၊ အခုမှ အမှန်ကို သိရတယ်၊ တစ်မိုးအောက်မှာ ခင်တစ်ယောက်ကလွဲရင် ကိုဝေလင်း ချစ်တဲ့လူ မရှိတော့ဘူး၊ ပြောပါ ခင်ရယ်၊ ကိုဝေလင်းကို ချစ်တယ် မဟုတ်လား"

ခင်လေးမြင့်သည် ဝမ်းနည်းသော မျက်နှာကလေးနှင့် တွေ၍ကြည့်နေပြီးမှ "ဟုတ်ကဲ့ ချစ်ပါတယ်၊ ဒါပေမယ့်. . ." ဟု စကားပြောရင်း ရပ်သွားလေ၏။

ဝေလင်းမှာ ရှေ့စကားနှစ်လုံးတည်းကိုသာ ကြားလိုက်ရလျှင် ဝမ်းမြောက်မိခြင်းနှင့် ရထားတွဲ ပြတင်းပေါက်မှ နောက်ကျွမ်းပစ်၍ ခုန်ချမိကောင်း ခုန်ချမည် ဖြစ်ပေ၏။ သို့ရာတွင် "ဒါပေမယ့်" ဟူသော စကားသည် ဝမ်းသာမည်လုပ်လိုက်မိသော စိတ်ကို လူလေးငါးဆယ်လောက်၏ အင်အားဖြင့် ဝိုင်း၍ချုံးနှိမ်ထားခြင်း ခံလိုက်ရသလို ဖြစ်ရလေ၏။

ဝေလင်းမှာ မေးလည်း မမေးနိုင် ပြောလည်း မပြောနိုင်ဘဲ ငိုင်၍သာ ကြည့်၍နေသောကြောင့် ခင်လေးက "ဒါပေမယ့် ခင်နဲ့ ကိုဝေလင်းတို့ ချစ်ကြလို့လည်း အကျိုးရှိဖို့ မမြင်တော့ပါဘူး၊ ခင် ကိုချစ်ထွေးကို လက်ထပ်ပါ့မယ်လို့ ကတိပေးလိုက်ပြီး အခုပြန်လာတာ" ဟု ပြောပြလေ၏။ စောစောက ဝေလင်းစိတ်ထဲတွင် ကော့ဆက်အကဖြင့် ကနေသည် ထင်ရသည်မှ ကြီးမားပြင်းထန်လှသော လျှော်ကြီး လှုပ်သဖြင့် အသက်လုပြေးနေရသကဲ့သို့ လည်း



ကောင်း၊ ကမ္ဘာမြေကြီး တိမ်းစောင်းကာ ဘူတာရုံ ခေါင်မိုးကြီး ပြိုကျ၍လာသကဲ့သို့ လည်းကောင်း၊ မီးရထားကြီး သွက်သွက်ခါသွားသကဲ့သို့ လည်းကောင်း စိတ်ထဲ၌ ထင်မြင်မိကာ ရထားတွဲပေါ်မှ မိမိလွင့်၍ ကျမသွားစေရန် တံခါးဘောင်ကို မြဲမြဲစွာ ဖက်၍ မှီထားလိုက်မိလေ၏။

ထို့နောက် ကမ္ဘာမြေကြီး ပြန်လည် တည်ငြိမ်သွားသည်ဟု ထင်ရသည့်အခါကျမှ "ခင်. . . ခင်. . . ကိုချစ်ထွေးကို လက်ထပ်တော့မယ်လား၊ နို့ အစကတော့ သူ့ မေတ္တာ မရှိဘူးဆို" ဟု မေးလိုက်လေ၏။

"ခင် ကိုဝေလင်းအပေါ်မှာ မေတ္တာရှိခဲ့တာ ပြင်ဦးလွင်မှာ စပြီး တွေ့ကြကတည်းက ချစ်ခဲ့တာပဲ၊ ခင့်စိတ်ထဲမှာ ကိုဝေလင်းကိုသာ တောင့်တနေမိတယ်၊ ဒါပေမယ့် ခင် မျှော်လင့်သလို တွေ့ရတဲ့အခါမှာ ကိုဝေလင်းမှာ အခြားချစ်သူရှိတာ တွေ့ရတဲ့အပြင် ခင် ချစ်နေတာကိုတောင် မမြင်နိုင်ဘဲ ရှိနေတဲ့အတွက် စိတ်အပျက်ကြီး ပျက်နေတုန်း၊ အားကိုးရာ မရဘဲ ပြင်ဦးလွင်ကို ရက်ရက်စက်စက် လွှတ်လိုက်လေခြင်းလို့ စိတ်ထဲက နာမိပြီး အိမ်ကို့ စာရေးလိုက်မိခဲ့ပြီ" ဟု အကျိုးအကြောင်း ပြောပြပြီးမှ "ဘယ်လို လုပ်ကြမလဲ ကိုဝေလင်းရယ်၊ ခင့်အချစ်ဟာ နောက်ကျနေပြီ" ဟု ဝမ်းနည်းသံကလေးဖြင့် ပြောလေ၏။

ဝေလင်းသည် တွေဝေစဉ်းစားပြီးမှ "ကိုဝေလင်း ကြံပါ့မယ်လေ၊ ခင် စိတ်မလျှော့ပါနဲ့" ဟု ဆိုလေ၏။

ခင်လေးမြင့်သည် ထိုစကားကို အခြေအတင် ပြန်၍ပြောမည်ပြုပြီးမှ ခပ်လှမ်းလှမ်းသို့ ကြည့်မိပြီး မျက်လုံးများ ပြူးသွားလေ၏။

"ခင် ဘာဖြစ်သလဲ၊ ဘာဖြစ်သလဲ"

"ဟိုမှာ ဦးလေးတို့ လာနေကြပြီ၊ ခပ်ခွာခွာ နေမှပဲ"

ဝေလင်းသည် ခင်လေး ကြည့်ရာသို့ ကြည့်လိုက်ပြီးနောက် "ကိုဝေလင်း ခင်တို့အိမ်ကို လာလို့တော့ ဖြစ်မယ် မထင်ဘူး၊ ကိုဝေလင်း စာရေးမယ်

www.burmeseclassic.com

www.burmeseclassic.com



လေ" ဟု ပြောလေ၏။

"စာမရေးနဲ့၊ ကိုဝေလင်း သူတို့ ဖြတ်ယူလိမ့်မယ်"

"ဒါဖြင့် ခင်က ကိုဝေလင်းဆီ စာနဲ့ရေး၊ ကိုဝေလင်းက သတင်းစာထဲကနေပြီး ချစ်သူထံဆိုတဲ့ ခေါင်းစဉ်နဲ့ ကြော်ငြာတိုကလေးတွေ ထည့်ပြီး စာပြန်မယ်၊ ကိုဝေလင်း အကြံအောင်မြင်တဲ့ တစ်နေ့ကျတော့ သတင်းစာက အချက်ပေးလိုက်မယ်"

ဝေလင်းသည် ပြောပြောဆိုဆို ရထားတွဲပေါ်မှ လျှင်မြန်စွာ အောက်သို့ ဆင်းလိုက်လေ၏။

"ရော့ ယူပါ" ဟု အတင်းထိုးပေးနေသည့် အရာများကို အဖိုးတန်သည်ဟု မထင် "မပေးဘူး၊ မရနိုင်ဘူး" ဟု ဆိုသည့် အရာများကိုမှ လိုချင်ဆန္ဒ ပြင်းပြမက်မောကြသူ များကြသည်မှာ ဓမ္မတာပင် ဖြစ်သည်။ ဝေလင်းမှာ မိမိအပေါ်တွင် ခင်လေး၏မေတ္တာသည် မဆွတ်ခင်ညွတ်ချင်လျက်ရှိစဉ်က လိုချင်ရကောင်းမှန်း မသိခဲ့၊ ယခုကဲ့သို့ အခက်အခဲနှင့် ကြုံတွေ့ရသည့်အခါကျမှ မရလျှင် မနေနိုင်လောက်အောင်ရှိ၍ လာခဲ့လေတော့၏။

ဝေလင်းမှာ မိမိဦးလေးအား ကြုံဆိုတွေ့ဆုံပြီးသည့်နောက် ခင်လေး၏အိမ်သို့ မလိုက်သာသည့်အလျှောက် ဘူတာရုံမှပင် ခွဲထွက်၍ လာခဲ့ရလေရာ နေအိမ်သို့ ပြန်လည်ရောက်ရှိသည့်အခါတွင် ပူပြင်းသော အချစ်၏ဒုက္ခဝေဒနာကို တိုးတက်ခံစားရရှိလေ၏။

ဘစိန်မှာ ရက်အနည်းငယ်အတောအတွင်း ဝေလင်း၏ အမူအရာ ထူးခြားစွာ ပြောင်းလဲလာသည်ကို တွေ့ရလေရာ မိမိ၏နှမ တွက်တာကြောင့် ထိုသို့ စိတ်ဒုက္ခဝေဒနာကို ခံစားနေရရှာလေသလောဟု တွေးမိလေ၏။

"မင်း ဘာဖြစ်နေတာလဲ"

"ငါ ဘာမှ မဖြစ်ပါကလား"

"မဟုတ်ပါဘူး၊ အခုတစ်လော မင်းမျက်နှာကြည့်ရတာ အိမ်သာ



ခတ်တဲ့ သောခလောက်လိုပဲ တယ်ပြီး မဟန်ပါဘူး၊ နောက်ပြီး မင်းဟာ အလိုလိုနေရင်း သွေးလန့်နေပုံရတယ်"

ဝေလင်းက ဘာမှ မပြောသဖြင့် ဘစိန်က စကားဆက်လိုက်ပြန်သည်။

"သူငယ်ချင်း မင်း စိတ်ကူးမလွဲပါနဲ့ကွာ၊ ဘရန်ဒီဟာ ဘာမဆိုကောင်းတယ်၊ သွေးသား တိုးစေတယ်၊ စိတ်ကြည်လင်စေတယ်၊ စားလို့ သောက်လို့ ကောင်းစေတယ်၊ ဆရာဝန်တိုင်း ဆေးအဖြစ် ဝါးအဖြစ် အသိအမှတ်ပြုထားတာပဲ"

ဝေလင်းသည် ခါတိုင်း၌ ဘစိန် ထိုစကားမျိုးပြောလျှင် ဒေါသဖြစ်မိကာ တစ်ခုခုနှင့်ကိုင်၍ ပေါက်တတ်သော်လည်း ယခုမူ မိမိအား မစိန်းနှိစ်မ်းကားသွားပြီ ဖြစ်သောကြောင့် ဘစိန်အပေါ်တွင် စောင့်ထိန်းရန် တာဝန်မှာ မရှိတော့ပြီဖြစ်၍ ဒေါသထွက်သော အမူအရာကို မပြဘဲ မကြားလိုဟန်ဖြင့် မျက်နှာလွှဲ၍ နေလိုက်လေ၏။

သို့အားဖြင့် တစ်ယောက်ကို တစ်ယောက် နောက်ထပ်မပြောဘဲ အတန်ကြာ ငြိမ်သက်၍ နေလိုက်ကြရာက ဝေလင်းသည် ဘစိန်အား ယခုထက်ထိ မိမိဖွင့်ဟ၍ မပြောဘဲထားသည့် စကားကို ပြောလိုက်ရ ကောင်းမည်လား၊ မပြောဘဲ ကောင်းမည်လားဟု စိတ်ထဲတွင် အကြောင်းအမျိုးမျိုး ပြ၍ ချီတုံချတုံ လုပ်၍ နေလေ၏။ အတန်ကြာမှ. . . .

"ဘစိန် ငါ မင်းကို ပြောစရာ တစ်ခုရှိတယ်"

ဘစိန်သည် ထိုသို့ ကြားလိုက်ရလျှင် မပြုံးတပြုံး မျက်နှာဖြင့် စီးကရက်ကို ဖွာရှိုက်၍ မျက်စိနှစ်လုံး ပေကလပ် ပေကလပ်လုပ်ရင်း "ကဲ ဖွင့်ပြောတော့မလား" ဟု ဆိုလိုက်ရာ ဝေလင်းမှာ မိမိ၏ စိတ်ထဲမှ အကြံကိုပင် ဘစိန် သိနေပြီလောဟု မျက်နှာပျက်၍ သွားလေ၏။

"သူငယ်ချင်း ငါတော့ဖြင့် အချစ်ဆိုတာ ဘယ်လို အဓိပ္ပာယ် ရှိတယ်

www.burmeseclassic.com

www.burmeseclassic.com



ကို အခုသိရပြီ"

"ဪ. . ."

ဘစိန်သည် မျက်လုံးကြီးများ ပြူး၍ ပြလိုက်လေ၏။

"ဒီတစ်ခါတော့ ငါ့အချစ်ဟာ နုနုကိုချစ်တဲ့ အပျော်အချစ်မျိုး မဟုတ်ဘဲ အသဲထဲက စိမ့်ပြီးထွက်လာတဲ့ အချစ်ပဲ"

"ဪ. . . ."

ဘစိန်က ဒုတိယပွဲ မျက်လုံးပြူးပြပြန်လေ၏။

"ဘာလဲ မင်းက ငါ့ကို သရော်နေတာလား"

"မဟုတ်ပါဘူး သူငယ်ချင်းရာ၊ တစ်ယောက်နဲ့ ပျက်ပြီး တစ်ယောက်နဲ့ ဆက်တာ မြန်ဆန်လွန်းအားကြီးလို့ အံ့ဩမိတာကိုတောင် မအံ့နိုင်ဘဲ ဪ ရုံလေး ဪမိတာပါ၊ အခုဟာက ဘယ်သူလဲ"

"မြန်ဆန်လွန်းတယ်ဆိုရင်လည်း ဟုတ်မလား မသိဘူး၊ ငါ့တစ်သက် တကယ်တမ်း ချစ်မိတဲ့ သူလေးဟာ မခင်လေး ဖြစ်တယ်ဆိုတာကို ရုတ်တရက် ငါ့စိတ်ထဲမှာ. . . ."

ဘစိန်သည် "ဪ" ဟု မဆိုလိုက်မိရန် သတိထားလျက် "မခင်လေး ပြင်ဦးလွင်မသွားခင်တုန်းက မင်းစိတ်ကို မင်းမသိတာ အသည်းနာစရာကောင်းတာပဲ" ဟု ဆိုလိုက်လေ၏။

"သူ ပြင်ဦးလွင်သွားလို့သာ ချစ်တာကို သိရတာပဲ၊ ရှိနေရင် သိရမှာ မဟုတ်ဘူး"

"နို့ အခုဘယ့်နှယ့် လုပ်မလဲ၊ ကြေးနန်းရိုက်ပြီး ခေါ်လိုက်မလို့လား"

"သူရောက်နေပြီ"

"ဟုတ်လား၊ ငါတောင် မသိလိုက်ရပါလား"

"ငါ ချစ်တာကိုလည်း ပြောလိုက်ပြီ"

"နေပါဦး သူဘာလို့ ပြန်လာတာလဲ"



"သူ ပြန်လာတာ ချစ်ထွေးနဲ့ လက်ထပ်ရအောင် ပြန်လာတာပဲ"

ဘစိန်သည် များစွာ အံ့အားသင့်သွားလေ၏။

"ဟိုအယ်ဒီတာကောင်ဟာလား၊ ခွေးမသား ဒီလိုကောင်မျိုးနဲ့ ဖြစ်တာကိုတော့ ငါ နည်းနည်းမှ မကြည့်နိုင်ဘူး၊ ဒီလိုဆိုရင် တစ်နည်းနည်းနဲ့ ဒီကောင်နဲ့ ပျက်အောင် လုပ်ရလိမ့်မယ်"

"ဟုတ်တော့ ဟုတ်သားပဲ၊ ဒါပေမယ့် နောက်တစ်ကြိမ် အိမ်က ထွက်ပြေးဖို့ဟာ မဖြစ်နိုင်တော့ဘူး၊ ငါ့မှာလည်း ချပ်ချွမ်မှ ရှိတာမဟုတ်တော့ သူ့ကို ဘယ်လိုနည်းနဲ့ ကြည့်ထားနိုင်မလဲ၊ သူ့ကို အတင်းခိုးပြေးပြန်ရင်လည်း ငါ့ဦးလေးက ဒီလိုလုပ်တဲ့အတွက် တစ်ပြားမှ မပေးဘဲထားမှ ငတ်နေကြမယ်၊ အခုတောင် ငါ့ကို ရွှံလှပြီ၊ ငါ့ဦးလေး ငါ့ကို ကျေနပ်ဖို့က အရင်အရေးကြီးနေတယ်"

"ဒီလိုဆိုရင် ဦးစံဖေ ကလိမ်ကျနေတာကို မင်းပေါ်အောင် လုပ်ဖို့ အရေးကြီးတယ်၊ ဒါကို အောင်မြင်ရင် မင်းဦးလေးက မင်းဘာကို လုပ်လုပ် အရုပ်လို ကြည့်နေမှာပဲ"

"ဒါပေမယ့် ဦးစံဖေက လူကလိန်ကြီးဆိုတာ မင်း ပြောနိုင်သလား"

"မပြောနိုင်လို့ပေါ့၊ ပြောနိုင်တဲ့ တစ်နေ့ ငါကိုယ်တိုင် ဇီကုတ်မှာ"

ဝေလင်းသည် ထိုစကားမှာ ရှေ့ကိုဆက်ရန် မရှိတော့ပြီဟု နှလုံးပြုတာ ငြိမ်သက်တွေဝေ၍ နေလိုက်လေရာ ဘစိန်သည် အချစ်တည်း ဟူသော အဆိပ်လူးမြှားမိနေသည့် ဝေလင်းကို သနားကြင်နာသော မျက်နှာဖြင့် စိုက်၍ ကြည့်နေရှာတော့လေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

ဘစိန်သည် မိမိ၏နှမ နုနုနှင့် ဝေလင်းတို့ မေတ္တာရှိကြစဉ်က နှမ၏ မျက်နှာကြောင့် တားမြစ်ထားသော အရက်ကို တစ်နေ့နေ့ သောက်ခွင့် ရကောင်း ရလိမ့်မည်ဟု မျှော်လင့်မိခဲ့လေ၏။ သို့ရာတွင် ထိုစဉ်ကပင် ယောက်ဖလောင်းဆို၍ မျက်နှာလို မျက်နှာရ တိတ်တိတ်ကြိတ်၍ အရက် တိုက်ခြင်းကို မခံခဲ့ရဘဲလျက်၊ ယခုကဲ့သို့ ခွာပြဲ၍ နေရာမှ ဝေလင်းက မိမိအား သနားလိမ့်မည်ဟု မျှော်လင့်ရန်မှာ လွန်စွာ ခဲယဉ်းနေပေတော့၏။ သို့ဖြစ်ရ ကား မည်သူ့အား ဒကာ ရှာရပါမည်နည်းဟု တွေးကြည့်ရာတွင် မိမိအား အရက်တိုက်ဖူးသော လက်ထောက်အယ်ဒီတာ စောမောင်ကို သတိရလေရာ ထိုကျေးဇူးရှင်ကြီးထံ သွားရောက်မျက်နှာပြရလျှင် ထိုလူ၏ သဒ္ဓါတရားကို မှီခိုရပေလိမ့်မည်ဟု မျှော်လင့်ခြင်းဖြင့် သာယာသော နေ့လည်ခင်း တစ်နေ့ တွင် သတင်းစာတိုက်ဆီသို့ လျှောက်၍ လာခဲ့လေ၏။

သို့ရာတွင် သတင်းစာတိုက်အနီးသို့ ရောက်သောအခါတွင် ဘစိန် မှာ တက်ဖို့ မတက်ဖို့ ချီတုံချတုံ ဖြစ်၍ နေမိလေ၏။ စောမောင်သည် မိမိအား



တစ်ခါက အရက်တိုက်ဖူးသည်မှာ မှန်၏။ သို့ရာတွင် ထိုအခါသည်ကား အကြောင်းရှိ၍ တိုက်ခြင်းသာလျှင်ဖြစ်ပြီး ထိုသို့ တိုက်သည့် အရက်ကြောင့် ခင်လေးမြင့် ရှိသည့်နေရာကိုသိပြီး ခင်လေးမြင့် ပြင်ဦးလွင်သို့ ထွက်ပြေးခဲ့ရ သည်။ ထိုအကြောင်းရင်းကို ဝေလင်း မသိစေရန် ဘစိန်မှာ မနည်းဖုံးဖိ ထားခဲ့ရသည်။ ယခုမူ ခင်လေးမြင့်သည် ဦးဘိုးစ ဒေါ်မြခင်တို့ လက်အတွင်း သို့ ပြန်လည်ရောက်ရှိနေရကား စောမောင်သည် မိမိအား ဂရုစိုက်ချင်မှ စိုက်တော့မည်ဟု တွေးမိသည်။ သို့ဖြစ်၍ စောမောင် အလုပ်ဆင်းလာသည့် အခါ မိမိအား မြင်တွေ့မှတ်မိ၍ ခေါ်လျှင်လည်း သောက်ရပေတော့မည်ဟု နှလုံးပြုလျက် တိုက်ရှေ့တွင် မယောင်မလည်နှင့် လမ်းသလားကာ စောင့်စား ၍ နေလေတော့၏။

ထိုအချိန်တွင် ကြွေသွားကဲ့သို့ ချောမွတ်ဖြူဖွေးစွာ ပြုပြင်ထားသော မျက်နှာ၊ တွတ်တွတ်နီရဲနေသော နှုတ်ခမ်း၊ မုဆိုးလေးကဲ့သို့ ကွေးညွတ်နေ သော မျက်ခုံး၊ ကိုယ်ဝန်ဆောင် မိန်းမကဲ့သို့ စုတ်ပွပွ ဖြစ်နေသော ဆံယဉ် ချထားသူ မိန်းမပျိုတစ်ယောက်သည် ထိုသတင်းစာတိုက်ပေါ်မှ ဆင်း၍ လာလေရာ ဘစိန်သည် ထိုမိန်းမပျို၏ မျက်နှာကို မိမိမြင်ဖူးသကဲ့သို့ စိုက် ကြည့်နေမိလေ၏။

ထိုမိန်းမသည် ဘစိန်ရှိရာသို့ လျှောက်၍လာလေရာ အနီးသို့ ရောက်သောအခါ တစ်ယောက်မျက်နှာကိုတစ်ယောက် အံ့အားသင့်သော အမူအရာနှင့် စိုက်ကြည့်နေမိကြလေ၏။

"ဟာ. . . . ကိုကိုပါလား"

"ဟေ့. . မင့်အကြည် မဟုတ်လား"

နှစ်ဦးသားမျက်နှာမှာ အံ့အားသင့်သော အမူအရာမှ ပြုံးရွှင်သော အမူအရာသို့ ပြောင်းလဲသွားကြလေ၏။

"ဟုတ်တယ်၊ ဒါပေမယ့် ကျွန်မ အကြည်တော့ မဟုတ်တော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ထဲ ဝင်လိုက်ပြီးတော့ မေကြည် ဖြစ်နေပြီ"

"မင်း သတင်းစာတိုက်ပေါ် ဘာသွားလုပ်တာလဲ၊ အယ်ဒီတာကို သွားပြီး မြှူတာလား"

အကြည်သည် ဘစိန်အား မျက်စောင်းလေး ထိုးလိုက်ပြီး "ဒီလို အယ်ဒီတာမျိုး ကျွန်မကသွားပြီး မြှူနေဖို့ လိုဦးမလား၊ လမ်းပေါ်က မျက်စပစ် ခေါ် သွားရင် တကောက်ကောက် ပါလာမှာ" ဟု ဆိုလေ၏။

"နို့ . . ဘာလုပ်ရအောင် လာတာလဲ"

"သူတို့ ရေးတဲ့ ရုပ်ရှင်သတင်းထဲမှာ ကျွန်မကို လင်ရှိသလိုလို ရေးထားလို့ အပျိုပါဆိုတာ ရှင်းရအောင် လာတာပဲ"

ဘစိန်သည် မေကြည်အား မိမိသောင်းကျန်းနေခဲ့သည့် ခေတ်က တွေ့ဟောင်း သိဟောင်း ဖြစ်သည့်အားလျော်စွာ ထိုစကားကို ကြားလိုက်ရလျှင် ဟက်ဟက်ပက်ပက် ရယ်မောလျက် "ဘာ. . . မင်းအပျို ဟုတ်လား" ဟု မေးလိုက်လေ၏။

မေကြည် ရှက်ကိုးရှက်ကန်းဖြစ်လျက် လက်ထဲတွင် ကိုင်ထားသော လက်ကိုင်ပုဝါကလေးဖြင့် ဘစိန်၏ မျက်နှာကို ပုတ်လိုက်ပြီးလျှင် ပြုံးရယ်လျက် "အပျိုမို့ အပျိုပေါ့၊ လျှာမရှည် စမ်းပါနဲ့" ဟု ဆိုပြီးနောက် "သိချင်တာ များလဲ မေးပါရစေအုံး. . . ဘာကိစ္စနဲ့ ဘယ်တုန်းက လာတာလဲ"

"ကိုကို့ ကိစ္စမဟုတ်ပါဘူး၊ သူငယ်ချင်းတစ်ယောက် ကိစ္စနဲ့လာတာ၊ သူ့ဦးလေးက ရန်ကုန်မှာ အလုပ်တိုက်ဖွင့်ထားတဲ့ လက်ဖက်ခြောက်တိုက်ကြီးက ဝင်ငွေဟာ နှစ်တိုင်းလို မဝင်ဘဲ လျော့ကျသွားလို့ စုံစမ်းနိုင်းလိုက်တဲ့အတွက် သူနဲ့ အတူတူလိုက်လာခဲ့တာ"

မေကြည်သည် လက်ဖက်ခြောက်တိုက်ဟူသော စကားကို ကြားရသည်တွင် သက်ာမကင်းသာ မျက်နှာ ပေါ်ပေါက်၍ လာလေ၏။

"ဘယ်နေရာက လက်ဖက်ခြောက်တိုက်လဲ"



"ကုန်သည်လမ်းမှာ ရှိတယ်"

မေကြည်မှာ များစွာ အံ့အားသင့်သွားပုံ ရလျက် ရှိသွားပြီးမှ "ဦးစံဖေဆိုတဲ့ လူတစ်ယောက် အုပ်ချုပ်နေတဲ့ တိုက်လား" ဟု မေးလိုက်လေ၏။

"မင်းနဲ့ သိလို့လား"

မေကြည်မှာ . . . မာရီယိုပျော်ပွဲရုံတွင် ဦးစံဖေအား ပါးကို ရိုက်နှက်၍ ရန်ဖြစ်သူတစ်ယောက် ဖြစ်နေရာ ထိုသူ၏ အကြောင်းကို မေကြည် ထက်ပို၍ သိနိုင်မည့်သူ ရှိနိုင်မည် မဟုတ်တော့ပေ။ သို့ဖြစ်ရကား ဘစိန်၏ အမေးကို ကြားလိုက်ရသည်တွင် ဝမ်းသာအားရစွာဖြင့် . . "ကဲ လာ လာ. . ဒီနေရာမှာ ရပ်ပြောနေကြလို့ မဖြစ်ဘူး၊ ဟိုအနားက ပျော်ပွဲစားရုံတစ်ခုမှာ ပြောရအောင်၊ ဒီလူအပေါ်မှာ ကျွန်မသိပ်စိတ်နာနေတာ၊ အခုမှ နှိပ်စရာ အချက်ကောင်း တွေ့ရတော့တာပဲ၊ လာလေ. . . ဘာငေးပြီး အူကြောင်ကြောင် လုပ်နေတာလဲ" ဟု ဆိုလိုက်လေ၏။

"ဒီလို လှိမ့်လုံးမျိုးနဲ့ ခေါ်ပေမယ့်. . . ကျုပ်မှာ ကျွေးစရာ ပေးစရာ ဧ တစ်ပြားမှ မရှိဘူး အမိရေ. . . . အရင်ကလို မဟုတ်ဘူး"

"လှိမ့်နေတာ မဟုတ်ဘူး၊ တကယ်ပြောတာပါ၊ ကျွန်မကပဲ ကျွေးပါ့မယ်၊ အမလေး ကိုကို့ အရင်ကကျေးဇူးတွေ ကျွန်မ မေ့ပါ့မလား"

"ဟဲ ဟဲ ဒီလိုဆိုရင် ဘရန်ဒီကလေးပါ ပါမှဖြစ်မယ်"

"တော်ပါ. . . . ကိုကို သေခြင်းဆိုးရဲ့" ဟု နောက်သလိုလို ပြောလိုက်ပြီးနောက် "လာပါ တိုက်ပါ့မယ်" ဟု ခေါ်၍သွားသဖြင့် ရက်ပေါင်းများစွာ အစာငတ်ရေငတ် ခံနေရသော ဘစိန်၏ ခြေထောက်များမှာ စက်နှိုးလိုက်သကဲ့သို့ လွန်စွာသွက်လက်စွာ လိုက်ပါသွားလေ၏။

စားနိုင်သောက်နိုင်လျက် မစားသောက်ရခြင်းသည်လည်း ဒုက္ခဆင်းရဲလှ၏။ စားသောက်ရလျက် မစားနိုင် မသောက်နိုင်ခြင်းသည်လည်း ဒုက္ခဆင်းရဲလှ၏။ ဘစိန်မှာ မသောက်ရသော ဒုက္ခကို တွေ့ခဲ့၏။ ဝေလင်း

www.burmeseclassic.com

www.burmeseclassic.com



မှာ မစားနိုင် မသောက်နိုင် မအိပ်နိုင်သော ဒုက္ခကို ခံစားနေရ၏။ ယခု အချိန်ကလေးတွင်မူ ဘစိန်မှာ မိမိဒုက္ခမှ တစ်နေ့တစ်ရက် သက်သာရာရမည့် လာဘ်ကြီးနှင့် တိုးနေလေ၏။ ဝေလင်း၏ အချစ်ဝေဒနာမှာကား သက်သာရာမရဘဲ တိုးသထက်သာ တိုး၍နေခဲ့လေရာ၊ မည်သည့် အခြေအနေအထိ ခံစားရပြီးမှ စိတ်ချမ်းသာခွင့်ကို ရပါ့မလဲဟူ၍ တွေးတောနေကာ ကျဉ်းမြောင်းသော အခန်းကလေးထဲတွင် မှောက်ချီ လှန်ချီ စဉ်းစားခန်း ထုတ်နေလေ၏။

ထိုအခိုက်တွင် အိမ်အခန်းတံခါးကို အပြင်ဘက်မှ တဒေါက်ဒေါက် ခေါက်လိုက်သံကို ကြားရလေ၏။

ဝေလင်းလည်း. . . မထချင် ထချင်ဖြင့် တံခါးဆီသို့ သွားရောက်ဖွင့်ပေးလိုက်ရာ စာပို့သမားတစ်ယောက် ဖြစ်၍နေလျက် မိမိအမည်ဖြင့် စာတစ်စောင်ကို လှမ်း၍ ပေးနေသည်ကို တွေ့ရသောကြောင့် စာကို ယူ၍ တံခါးကို ပြန်ပြီး ပိတ်လိုက်လေ၏။

ဝေလင်းသည်. . . စာကို မြင်ရုံဖြင့် ခင်လေးမြင့်ထံမှ ပို့လိုက်သော စာဖြစ်သည်ကို သိရှိကာ စာထဲတွင်ပါလာသော အကျိုးအကြောင်းကို လွန်စွာ သိရှိလိုဇောဖြင့် လျင်မြန်စွာ စာအိတ်ကို ဖောက်ဖွင့်၍ ဖတ်ကြည့်လိုက်လေ၏။ ထိုသို့ ဖတ်ရှုရာတွင် ဝေလင်း၏ ညိုးနွမ်းနေသော မျက်နှာမှာ တဖြည်းဖြည်း ညိုမှောင်မဲပုတ်၍လာပြီးလျှင်၊ ဝမ်းဗိုက်ဆီမှ ရင်ညွန့်ဆီသို့ လှိုင်းလုံးများ တွန့်လိမ်၍ တက်လာသလို အလိပ်လိုက် ဆို့၍ တက်လာလေ၏။ စာကို ကြည့်နေသော မျက်လုံးများသည် မိုးသည်းထန်စွာ ရွာခါနီးတွင် တိမ်ညို တိမ်ပုတ်များ မဲမှောင် ပိတ်ဖုံးလာသကဲ့သို့ ရစ်ဝိုင်း မှိုင်းမှုန်၍လာကာ မျက်ရည်များ ဆိုင်းဆို့လာသဖြင့် စာကိုပင် သဲကွဲစွာ မမြင်ရဘဲ ရှိလေ၏။

ဝေလင်းသည် မိမိဖတ်ရှု သိရှိလိုက်ရသော အကြောင်းအရာများသည် စာထဲတွင် တကယ်ပင် ပါဝင်သည့် အရာများ ဟုတ်မှဟုတ်လေရဲ့လား



ဟု စာကိုထပ်၍ ဖတ်ပြန်လေ၏။ သို့ရာတွင် မှိုင်းမှုန်ရီဝေနေသော မျက်လုံးများသည် စာအကုန်လုံးကို မမြင်တော့၊ "ကံကုသိုလ်လို့ပဲ အောက်မေ့ပါတော့၊ ဒီဘဝမှာတော့ ဒီမျှနဲ့သာ ခက်ပြီ ဝေရယ်. . . ဗုဒ္ဓဟူးနေ့ကို ခင်တော့ဖြင့် ကိုချစ်ထွေးနဲ့ လက်ထပ်ရတော့မယ်. . . မကယ်နိုင်တော့ဘူး ထင်ပါရဲ့" ဟူသော စာများလောက်ကိုသာလျှင် မြင်ရရှာလေတော့၏။

ထိုစာကို ဒုတိယအကြိမ် ပြန်လည်ဖတ်လိုက်မိပြီးသည့်နောက် ဝေလင်းမှာ ဘာကိုမှ မမြင်ရတော့ဘဲ တစ်ကမ္ဘာလုံး မှောင်ကြီးကျသွားသကဲ့သို့ ထင်မိကာ မူးဝေယိမ်းယိုင်၍ သွားလေရာ လဲမကျစေရန် အနီးရှိ ကုလားထိုင်တစ်လုံးကိုသာ လက်နှင့်လှမ်းထောက် ဆုပ်ကိုင်၍အမှီပြုရင်း မိမိ၏မျက်နှာကို လက်တစ်ဘက်ဖြင့် အုပ်ကာ ငိုက်စိုက်ချနေမိလေ၏။

ဝေလင်းမှာ ဘာမှ မကြားနိုင်၊ မမြင်နိုင်၊ ကျောက်တိုင်ကြီးပမာ မတုန်မလှုပ် ရှိနေသည်မှာ မည်မျှပင် ကြာ၍သွားသည်ကို မသိချေ။ မိမိ၏နာမည်ကို နှစ်ထပ်ဆင့်၍ ခေါ်သံကို ကြားရပြီး လူတစ်ဦး တစ်ယောက်၏ လက်သည် မိမိ၏ကျောပေါ်သို့ လာရောက်ပွတ်ပေးနေသည်ကို တွေ့ရမှ သတိရ၍လာကာ လှည့်၍ကြည့်လိုက်ရာ ဘစိန်ကို တွေ့ရလေ၏။

"ဝေလင်း မင်း ဘယ်လိုဖြစ်တာတုံး၊ ဘာများ ဒီလောက် စိတ်ညစ်စရာတွေနဲ့ တွေ့နေရတာတုံး" ဟု ဘစိန်က မေးလိုက်ပြီးနောက် "ဟော့ စိတ်ညစ်မနေပါနဲ့တော့ကွ၊ ဝမ်းသာစရာ သတင်းကောင်းတစ်ခု ငါကြားရပြီ" ဟု ပြောပြလေ၏။

ဝေလင်းသည် ယခုထိအောင် ဘာမျှ စကားမပြောသေးဘဲ၊ ဘစိန်အားတွေ၍ ကြည့်မြဲကြည့်နေပြီးမှ "ဒီလောကကြီးမှာ ငါ့အဖို့ ဝမ်းသာစရာရယ်လို့ မရှိတော့ပါဘူး" ဟု အောက်မေးသံကြီးဖြင့် ပြောလိုက်လေ၏။

"ဘယ့်နှယ် ဝမ်းသာစရာ မရှိရမှာလဲ သူငယ်ချင်းရာ၊ ငါအခု ဦးစံဆေရဲ့ အကြောင်းကို သိခဲ့ပြီ၊ ငါ့အသိဟောင်း တစ်ယောက်က အကြောင်းစုံ

www.burmeseclassic.com



ပြောပြတယ်"

"ဘယ်သူ့အကြောင်းလဲ"

"ဦးစံဖေလေ၊ အခုပဲ ဒီနာမည်ပြောလိုက်တာ၊ ချက်ချင်းပဲ မေ့သွားသလား၊ မင်းစိတ်တွေ ဘယ်လို ဖြစ်နေတာလဲ"

ဘစိန်သည် စကားကို ဆက်လက်ကာ။

"ဦးစံဖေဟာ လက်ဖက်ခြောက်တွေကို ဘားမားတီးအိတ်စပို့တားစ် ကုမ္ပဏီကို ဈေးပေါပေါနဲ့ပေးတယ်ဆိုတာ အရင် တို့များ သိထားရတယ် မဟုတ်လား၊ အဲဒါ အခြားမဟုတ်ဘူး၊ ဒီကုမ္ပဏီက သူပိုင်တဲ့ ကုမ္ပဏီတစ်ခုပဲ၊ လူများမသိအောင် ဒီနာမည်ပေးထားတာ၊ လက်စသတ်တော့ အမြတ်တွေ သူချည်းပဲ နှိပ်နေတာကိုးကွ" ဟု ပြောပြလေ၏။

ဝေလင်းမှာ ထိုစကားပေါ်တွင် စိတ်ဝင်စားပုံမပြ၊ ထိုသို့ ကြားရခြင်းအတွက် စိတ်ထဲမှာ ထူးခြားခြင်းမရှိသကဲ့သို့ ကြောင်တောင်ကြီး ငေးကြည့်နေပြီး အတန်ကြာမှ "ဒါ ငါ သိရလို့ ဘာလုပ်ရမှာလဲ" ဟု မေးလိုက်လေ၏။

ဘစိန်မှာ မိမိရင်ဘတ်ကိုသာ မိမိပစ်၍ ထုလိုက်ချင်မိပေ၏။ မိမိတို့ ရန်ကုန်သို့ လာခဲ့ကြခြင်းမှာ ထိုအကြောင်းကို စုံစမ်းရန် လာခဲ့ခြင်းဖြစ်ရာ ထိုသို့သိရကာမှ မိမိတို့နှင့် ဘာမှုမဆိုင်၊ သိရလည်း ကျေးဇူးမရှိသကဲ့သို့ စကားမျိုးကို ပြောသံကြားလိုက်ရသည်တွင် ဝေလင်းအား အတော်ပင် အံ့ဩမိလေတော့၏။

"မင်း ဒါကို သိရတဲ့အတွက် မင်းဦးလေးကို ပြောပြနိုင်မယ် မဟုတ်လား၊ ဒီလိုဆိုရင် မင်းဦးလေးက မင်းကို တဖူးဖူးမှုတ်ထားပြီး နောက်ဆုံး မခင်လေးမြင့်ကို မင်းလိုချင်တယ်ဆိုရင် တောင်းရမ်းပေးလို့ ရရင်ရ၊ မရရင် ခိုးယူဖို့ သူကိုယ်တိုင် အားပေးမှာပဲ မဟုတ်လား"

"မင်းကသာ ဒီလို ပြောနေတယ်၊ ခင့်ကို ဗုဒ္ဓဟူးနေ့မှာ လက်ထပ်ပေးကြတော့မယ်"

ဝေလင်းသည် ခင်လေး၏စာကို ဘစိန်အား ထိုး၍ ပေးလိုက်သေ



၏။

ဘစိန်သည် စာကို ဖတ်ပြီးသည့်နောက် ပါးစပ်ဟ၊ မျက်လုံးပြူး နှဖူးကို လက်ဝါးနှင့်အုပ်လျက် ဝေလင်းအား ကြက်သေသေပြီး စိုက်ကြည့်နေလေ၏။ အတန်ကြာမှ ဘစိန် ကြက်သေသေရာမှ အသက်ဝင်လာ၏။

"အို. . . ဒီလို လုပ်တိုင်း ဖြစ်ရိုးလားကွာ၊ ချစ်ထွေးဆိုတဲ့ အကောင်လား၊ ငါ တစ်သက်လုံး မကျေဘူးကွ၊ ငါအသက်ရှင်နေသမျှတော့ ဒီအကောင် မခင်လေးနဲ့ လက်မထပ်ရဘူး၊ နောက်ဆုံး မတတ်သာရင် လက်ထပ်ပွဲအလာ ငါကိုယ်တိုင် ချောင်းရိုက်မယ်"

ဘစိန်သည် တစ်စုံတစ်ခုကို သတိရကာ အပြင်ဘက်သို့ ပြန်၍ ထွက်မည်ပြုလေ၏။

"မင်းအခု ဘယ်သွားမလို့လဲ"

"ငါ ဦးစံဖေကို သွားပြီးတွေ့လိုက်အုံးမယ်၊ မင့် ဦးလေးလည်း ရောက်နေ၊ ဒီအကြောင်းလည်း တို့သိနေတာကို ပြောလိုက်ရင် သူ့တရားကိုး သူစီရင်သွားမှာပဲ၊ နောက်ပြီးတော့ ဒီသတင်းပေးတဲ့ မေကြည့်ဆီလည်း သွားလိုက်အုံးမယ်"

"ဘယ်က မေကြည်၊ ဘာလုပ်လို့လဲ"

"ဘယ်က မေကြည်ဖြစ်ဖြစ်ကွာ၊ တို့များကို အကျိုးပြုမယ့် အလုပ်တစ်ခုနဲ့ ပတ်သက်ပြီး အရေးတကြီး စီမံစရာရှိလို့"

ဘစိန်သည် ကမန်းကတန်း အိမ်ပေါ်မှ ဆင်းသွားလေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

ထိုနေ့ကား ဗုဒ္ဓဟူးနေ့ ဖြစ်ပေ၏။

ဆူးလေဘုရားလမ်းရှိ ကွန်တီနင်တယ် မုန့်တိုက်ကြီးရှေ့တွင် သစ်လွင်ကောင်းမွန်သော မော်တော်ကားကြီးများ တစ်စီးပြီး တစ်စီး လာရောက် ဆိုက်ရပ်လျက် ကားထဲမှ ဝတ်ကောင်းစားလှ စိန်ရွှေအတိ ဆင်ယင်ထားကြသော ယောကျ်ား မိန်းမ အသီးသီး ဆင်းသက်လာကြကာ မုန့်တိုက်ကြီးပေါ်သို့ တက်ရောက်သွားကြလေ၏။ မုန့်တိုက် အပေါ်ထပ်ဆီမှ သာယာငြိမ့်ညောင်းလှသော မြန်မာ့ဂီတသံများသည် လေထဲတွင် ပျံ့ဝဲလွင့်ပါး၍ လာကြကာ ကြားရသူအပေါင်းတို့၏ စိတ်နှလုံးကို ရွှင်ပြုံးသာယာခြင်း ဖြစ်စေလေတော့၏။

သို့ရာတွင် မုန့်တိုက်ကြီး ရှေ့တည့်တည့်တွင် လမ်းတစ်ဘက်ရှိ သစ်ပင်ရင်းတွင် ကျောမှီ၍ရပ်လျက် မုန့်တိုက်ဆီသို့ မျှော်ကြည့်နေသူ တစ်ယောက်မှာမူကား တူရိယာအသံများကို ကြားရခြင်းဖြင့် အခြားသော သူများကဲ့သို့ ပျော်ရွှင်ခြင်း မဖြစ်မိဘဲ၊ မျောက်မင်းအူသံကို ကြားရသကဲ့သို့



မှတ်ထင်လျက်ရှိ၏။ သူသည် လက်ထပ်ရန် အချိန်နီးလာပြီကို သိရှိတွေးမိတိုင်း ရင်ထဲတွင် မချိတော့ဘဲ ရှိလာကာ၊ မင်္ဂလာခရာသင်းအသံကို ကြား၍ မနေနိုင်တော့ဘဲ လမ်းပေါ်တွင် ဒလကြမ်း ပြေးလွှားနေကြသော ဘတ်စ်ကား၊ မာတ်ရထားများအောက်တွင် ကိုယ်ကိုစင်း၍ ခံလိုက်ချင်သည်။ သို့ရာတွင် မိမိ၏ဘဝကို ယခုအချိန်တွင် အဆုံးမသတ်လိုသေးဘဲ သတို့သမီး၏ မျက်နှာလေးကို နောက်ဆုံး မြင်ခြင်းအားဖြင့် မြင်လိုသေးသည့်အတွက် သေလိုသောစိတ်ကို တားဆီး၍ ထားလိုက်ရပေတော့၏။

အချိန်သည် တဖြည်းဖြည်း နီးကပ်လာပြီးလျှင် ဧည့်သည်များလည်း စုံလင်၍ လာကြလေ၏။ သို့ရာတွင် သတို့သားမှာ ဦးစွာရောက်ရှိလာရမည် ဖြစ်သည့်တိုင်အောင် ယခုထက်ထိ မရောက်လာသေးဘဲ ရှိလေ၏။ ဧည့်သည်တားများသည် ကားတစ်စီးပြီးတစ်စီး လာလျက်ပင် ရှိလေ၏။ ကားတစ်စီးတွင် မိမိ၏ ဦးလေး ဦးသာဒင်နှင့် ဦးကျော်ဟန်တို့ လိုက်ပါလာကြသည်ကို မြင်လိုက်ရလေ၏။

ထို့နောက် မကြာမီပင် ပန်းပွင့်များဖြင့် ဆွဲသီဆင်ယင်ထားသော လှပခန့်ညားသည့် မော်တော်ကားကြီးတစ်စီး ဆိုက်ရောက်လာလေ၏။ မုန့်တိုက်ဝမှ သပြေခက် ဆက်သ၍ ခရီးဦးကြိုသူ နှစ်ယောက်တို့သည် ကားကြီးဆီသို့ ပြေးလာကြလျက် တံခါးကို ဖွင့်ပေးကြလေ၏။

ဝေလင်းမှာ ကားပေါ်မှ ဆင်းသက်လာမည့် သူကလေး၏ မျက်နှာကို တစ်မိနစ် တစ်စက္ကန့်မျှ အလွတ်မခံနိုင်သကဲ့သို့ မျက်တောင်မခတ်ဘဲ သည်တိုင် တမော့မော့နဲ့ ကြည့်နေမိလေ၏။ ရင်တွင်းမှာကား တဒိတ်ဒိတ်နှင့် ရှိနေလေတော့၏။ ခဏမျှ ကြာသောအခါ ကားပေါ်မှ ဆင်းသက်လာသော ခင်လေးကို တွေ့မြင်ရလေ၏။ ဝေလင်းမှာ ခင်လေး၏ ဦးခေါင်းတွင် မြှုလွှမ်းထားသော ဇာပုဝါနှင့် ဘေးမှ ယှဉ်တွဲ၍ လာကြသော ဒေါ်မြခင်နှင့် အခြား မိန်းမတစ်ဦးတို့ကြောင့် ခင်လေး၏ မျက်နှာကို ဝဝကြီး မမြင်ရသဖြင့် စိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် ကြိုတ်မနိုင်ခဲမရ ဖြစ်မိလေ၏။ မနိုင့်တနိုင် ခွေယိုင်လဲပြိုတော့မည့် ဟန်မျိုးဖြင့် မုန့်တိုက်ပေါ်သို့ လှမ်းတက်နေသော ခင်လေးကို မြင်ရသောအခါ မိမိသာလျှင်ပြေး၍ ဖေးမတွဲထူလိုက်ချင်မိပေ၏။

ဝေလင်းမှာ ခင်လေးကို ဝအောင် မကြည့်ရသေးခင် ပျောက်ကွယ်၍သွားသည်ကို တွေ့ရသောကြောင့် မုန့်တိုက်ပေါ်သို့ ပြေးလွှားတက်ရောက်၍ လိုက်သွားချင်မိပေသည်။ သို့သော် မိမိ ဝင်နိုင်ခွင့် မရှိသည်ကို သိရသောကြောင့် သက်ပြင်းကြီးချလိုက်မိကာ "ဆုံးပြီ၊ ငါ့အချစ်ကိုတော့ဖြင့် အဆုံးခံလိုက်ရပြီ" ဟု ပါးစပ်မှ တီးတိုးရေရွတ်လိုက်မိလေတော့၏။

ခဏမျှအကြာတွင် မုန့်တိုက်ပေါ်၌ ရုတ်ရုတ်ရက်ရက် ဖြစ်နေကြသည်ကို တွေ့ရလေ၏။ လူတချို့မှာ တိုက်ပေါ်မှ အောက်ဆင်း၊ အောက်မှ တိုက်ပေါ်တက်၊ ဟိုဟိုဒီဒီမျှော် ဟိုဟိုဒီဒီကြည့်နှင့် ရှိသည်ကို တွေ့ရလေရာ၊ ဝေလင်းမှာ ဘာဖြစ်နေသည်ကို ရုတ်တရက် မစဉ်းစားမိသော်လည်း အနည်းငယ် တွေးမိသည့်အခါမှ သတို့သား ယခုတိုင်ရောက်၍ မလာသေးသောကြောင့် ဖြစ်သည်ကို ရိပ်မိလေတော့၏။

ထိုသို့ မြင်လိုက်ရခြင်းအားဖြင့် ဝေလင်းမှာ ဝမ်းသာရတော့မလိုလို ဖြစ်မိလေ၏။ ညှိုးနွမ်းညစ်ညူးနေသော စိတ်များသည် အလိုလို ပျော်ရွှင်ချင်သလို ဖြစ်လာ၏။ ချစ်ထွေးသည် လက်ထပ်ပွဲကို လာနေရင်း လမ်းမှာ ကားတိုက်ပြီး သေနေပါစေဟူသော ဆုကိုလည်း တောင်းမိလေ၏။

များမကြာမီ မိမိရပ်နေရာရှေ့ရှိ ပလက်ဖောင်းဘေးဆီသို့ တက္ကစီကားတစ်စီး အရှိန်ပြင်းစွာနှင့် လာရောက်ဆိုက်ကပ်သည်ကို တွေ့ရပြီးလျှင် ကားပေါ်မှ ဘစိန် သုတ်သီးသုတ်ပြာ ပြေးလာသည်ကို တွေ့ရလေ၏။

"ဟေ့. . . ဝေလင်း. . . အားလုံး ကိစ္စတုံးပြီ"

ဝေလင်းမှာ မျက်လုံးပြူးသွားကာ ဘစိန်ကိုပင် ကြောက်ရွံ့သကဲ့သို့ ဘေးသို့ ခြေတစ်လှမ်း ဆုတ်လိုက်ရင်း "ဘာလဲ မင်းပြောတဲ့ စကားအတိုင်း



ချစ်ထွေးကို လုပ်ပစ်လိုက်ပြီလား" ဟု မေးလေ၏။

"မဟုတ်ဘူး၊ ချစ်ထွေးကို ကားတင်ပြေးပြီ"

"ဘယ့်နှယ်၊ ဘာပြုတယ်"

"မေကြည် သိတယ်မဟုတ်လား၊ မင်းကို ငါ ပြောဖူးပါပကော၊ သူ့ကို တစ်ရက် နှစ်ရက်အတွင်းက ချစ်ထွေးကိုကျအောင် လုပ်ခိုင်းပြီး ငနဲ ကျွမ်းထိုးမှောက်ခုံကျလာတာနဲ့ တစ်ပြိုင်နက် မေကြည်လည်း သူ့ကို ဒီနေ့ အခိုးခိုင်းပြီး ပရိယာယ်တစ်မျိုးနဲ့ ကားတင်ပြေးပြီ"

"ဒီလိုဆိုရင် လက်ထပ်ပွဲက ဒီကနေ့ မဖြစ်တော့ဘူးပေါ့"

"ဘာလို့ မဖြစ်ရမှာလဲ"

ဘစိန်သည် ဝေလင်း၏ နားနားသို့ ကပ်၍ တစ်စုံတစ်ရာကို ပြောလိုက်လေ၏။

ဝေလင်းသည် ရွှင်လန်းသော မျက်နှာဖြင့် "ဖြစ်နိုင်ပ့ါမလားကွ" ဟု မျက်မှောင်ကြုံ့၍ မေးလေ၏။

"ဘာမှ ပြောမနေနဲ့ကွာ၊ ငါ့စကားကိုသာ နားထောင်ပါ" ဟု ဆိုလိုက်ပြီးမှ "နောက်ပြီး ဦးစံဖေလည်း ပြေးပြီ၊ ငါသွားပြီး မြိမ်းခြောက်လိုက်တာနဲ့ ကြောက်လန့်ပြီး ဒီမနက်ပဲ ယိုးဒယားကို ထွက်ပြေးပြီ၊ ဒီအကြောင်းကို ဦးသာဒင် သိရင် ကောင်းမယ်၊ စာတစ်စောင်ရေးပြီး မုန့်တိုက်ပေါ်ကို ပို့လိုက်ရင်ကောင်းမယ်" ဟု ပြောလေ၏။

ဝေလင်းမှာ ဝမ်းသာအားရတော့မလို၊ စွန့်စားရမည့် ကိစ္စကြီးတစ်ခုအတွက် ရင်ဖိုသလိုလိုရှိကာ စာတစ်စောင်ကို လျင်မြန်စွာ ရေးပြီးလျှင် မုန့်တိုက်အောက်ရှိ လူတစ်ယောက်အား စာတက်၍ပေးရန် ပြောပြီးလျှင် ကားတစ်စီးပေါ်သို့ တက်၍ လျင်မြန်စွာ မောင်းနှင်ထွက်ခွာသွားကြလေ၏။

□

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ရန် သက်မှတ်ထားသော မင်္ဂလာအခါမှာ နီး၍လာသော်လည်း သတို့သား ရောက်မလာသေးသည့်အတွက် မင်္ဂလာပွဲ ပျက်ရတော့မည်ကဲ့သို့ ဧည့်ပရိသတ်တို့မှာ တလှုပ်လှုပ် တရွရွနှင့် ဖြစ်၍နေကြလေ၏။ ဦးဘိုးစနှင့် ဒေါ်မြခင်တို့မှာကား ပြာလောင်ခတ်လျက် ရှိကြလေ၏။

ခင်လေးမြင့်မှာ ချစ်သူဝေလင်းနှင့် သေကွဲမကွဲ ရှင်ခြင်းကွဲရတော့မည်ဖြစ်၍ ငိုချင်နေမိစဉ်မှာပင် လက်ထပ်ပွဲပျက်လျက် နောက်ထပ်၍ အရှက်ကွဲရဦးတော့မည့် အရေးကိုတွေး၍ မချိဘဲရှိကာ မူးဝေမေ့မြောလဲဖို့ရန် တဲတဲကလေးမျှသာ ကျန်တော့လေ၏။ ဦးကျော်ဟန်မှာ တူမ၏ ဖြစ်အင်ကို မမြင်ရက်နိုင်ဘဲ ရှိရှာလေ၏။

ဦးသာဒင်မှာမူကား သတင်းကောင်းတစ်ခုကို ကြားရသည့်အတွက် များစွာဝမ်းမြောက်လျက်ရှိကာ မိမိ၏တူတော်သူ ဝေလင်းကိုသာ အထပ်ထပ်အခါခါ စိတ်ထဲတွင် ချီးမွမ်းနေလျက် မိမိတူဖြစ်သူ၏ လက်ထပ်ပွဲကျလျှင် ယခု မြင်ရသည်ထက် အဆပေါင်းများစွာ ကြီးကျယ်ခမ်းနားစွာ ပြုလုပ်လိုက်မည်ဟု အားခဲ၍ နေမိလေ၏။

မင်္ဂလာအချိန်အခါသည် မိနစ်စက္ကန့်ပိုင်းမျှသာလျှင် ကျန်လေတော့၏။ ထိုခဏတွင် "လာပြီ. . လာပြီ" ဟု တစ်ယောက်တစ်ခွန်း ပြောဆိုကြသည့် အသံများသည် မင်္ဂလာခန်းမကြီးတွင် သောသောရုတ်ရုတ် ဖြစ်၍သွားပြီးလျှင် အပြင်သို့ ထွက်၍ ကြည့်သူက ကြည့်ကြလေ၏။ မုန့်တိုက်ရှေ့သို့ ဆိုက်ရောက်လာသော ကားတစ်စင်းပေါ်မှ သတို့သား ဆင်းလျက် လူပျိုရံတစ်ဦးက လက်တွဲ၍ လာသည်ကို မြင်ရလေ၏။

သတို့သား မုန့်တိုက်ပေါ်သို့ ရောက်လာမည့်အချိန်နှင့် လက်ထပ်ရန်သင့်သော မင်္ဂလာအခါမှာ တစ်ထပ်တည်းကျမည် ဖြစ်လေရာ ပြာပြာသလဲဖြစ်နေသော ဒေါ်မြခင်မှာ တူမအတွက် ဟန်လုပ်၍ မနေသာဘဲ "ကဲ မခင်လေးမြင့်ကို စင်မြင့်ပေါ် ကို ပို့ကြပါစို့၊ အပါ ရောက်တာနဲ့ တစ်ပြိုင်နက်



သူ့ကိုလည်း ပို့လိုက်ကြတော့" ဟု ဆိုကာ ခင်လေးမြင့်ကို အခြား အပျိုတော်များ တွဲထူ ဆွဲယူကြလေ၏။

သတို့သားလည်း မုန့်တိုက်ပေါ်သို့ ရောက်၍လာလေရာ ရှက်ကြောက်သည့် အမူအရာဖြင့် မျက်လွှာကို ချလာသဖြင့် လူတချို့က သတို့သားလုပ်လာပုံကို နှာခေါင်းရှုံ့မိကြလျက်၊ "ယောက်ျားကလေးကပဲ ရှက်နေရသေးသလား" ဟု ဆိုမိကြလေ၏။

ဦးဘိုးစမှာမူကား မိမိ၏သားဖြစ်သူ သတို့သားကို မြင်ရသည်မှာ မသက်မသာ ကောင်းသကဲ့သို့ ရှိသောကြောင့် စောင်းကာငဲ့ကာ လိုက်၍ကြည့်ရာတွင် သတို့သားသည် မျက်နှာလွှဲဖယ် တိမ်းရှောင်ကာ စင်မြင့်ဆီသို့ ဦးတည်၍ သွားနေသည်ကို တွေ့ရလေ၏။

ခင်လေးမှာလည်း မသယ်နိုင်သော ခြေလှမ်းဖြင့် လိုက်ပါလာခဲ့ရာ စင်မြင့်ပေါ် သို့ သတို့သမီးကတစ်ဘက် သတို့သားကတစ်ဘက် တက်ရောက်မိလျက်ရှိကာ မိမိတို့ နေရာအသီးသီးတွင် ယှဉ်တွဲ၍ ထိုင်လိုက်မိကြလေ၏။

ပရိသတ်များမှာ သတို့သားကို မြင်၍အံ့အားသင့်သွားလေ၏။ ဦးသာဒင်မှာ မိမိမြင်ရသည်ကိုပင် မယုံကြည်နိုင်ဘဲရှိကာ အနီးသို့ တိုးသွားပြီးလျှင် "ဝေလင်း. . ." ဟု ခေါ်မိလေ၏။

ဦးဘိုးစမှာ မိမိတို့ အရှက်ကွဲရတော့မည့် အခင်းကို မြင်ရသဖြင့် ဒေါသကြီးစွာ ခင်လေးမြင့်နှင့် တွဲယှက်၍ ထိုင်လိုက်သူအား တစ်စုံတစ်ရာ ပြုလုပ်ရန် ပြေး၍အလာတွင် ဦးသာဒင်က "ဝေလင်း. . . ." ဟု ခေါ် လိုက်သံကြားရသဖြင့် အံ့အားသင့်ပြီး ရပ်တန့်နေမိလေ၏။

ဦးကျော်ဟန်ကမူ ဝေလင်းအားတစ်လှည့် ဦးသာဒင်၏ မျက်နှာကို တစ်လှည့် ကြည့်၍နေလိုက်မိပြီးနောက် "သူဘယ်သူလဲ" ဟု ဦးသာဒင်အား မေးလိုက်လေ၏။

"ကျုပ်တူ ဝေလင်းပဲ"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"သူမှ မဟုတ်ဘဲ"

"ဟုတ်ပါတယ် ကျုပ်တူပါ၊ ကျုပ်မသိဘဲ နေပါ့မလား"

"ဒါကို မပြောဘူး၊ လက်ထပ်ဖို့ဟာ သူနဲ့မှ မဟုတ်ဘဲ"

"အဲဒီစကားကို ကျုပ်လည်း မေးမလို့"

လက်ထပ်ပွဲမှာ ရုတ်ရုတ်ရက်ရက် ဖြစ်နေလေ၏။ လက်ဖက်ရည်စားပွဲများတွင် ထိုင်နေကြသူတို့မှာ ဟိုကထ ဒီကထနှင့် တရှုရှုရှိ၍ နေကြလေ၏။ အချို့ကလည်း လက်ထပ်ပွဲ မကြည့်ရဘဲ ရန်ပွဲ ရိုက်ပွဲလေးတစ်ခု ကြည့်ရမလားဟု အောက်မေ့ကာ ပျော်သလိုလို ရှိနေမိလေ၏။ မုန့်တိုက်မန်နေဂျာသည် မည်သည့်အချိန်တွင် အနီးဆုံး ပုလိပ်ဌာနသို့ အကြောင်းကြားရပါမည်နည်းဟု တယ်လီဖုန်းအနားတွင် ကပ်၍နေမိလေ၏။

ထိုအခိုက်တွင် ဝေလင်း၏ လှုပ်ရှားရဲ လုပ်လာသူ ဘစိန်သည် စင်မြင့်ပေါ်မှ ဆင်းသက်လာ၍ စာကလေးတစ်စောင်ကို ဦးဘိုးစ၏ လက်ထဲသို့ ထိုးအပ်လိုက်လေ၏။ ဒေါသဖြင့် နီးမြန်းနေသော ဦးဘိုးစ၏ မျက်နှာမှာ စာဖတ်ရပြီးသည်နှင့် တစ်ပြိုင်နက် မည်းနက်၍သွားပြီးလျှင် "ခွေးလို မိုက်တဲ့သား၊ ခွေးလို လုပ်သွားတာပဲ" ဆို၍ စာကို ဦးကျော်ဟန်၏ လက်သို့ အပ်လိုက်လေ၏။

"ရှိသေစွာ ကန်တော့ခဲ့ပါသည်၊ ဖေဖေနဲ့ ဦးလေး ဒေါ်ဒေါ်တို့ ခင်ဗျား၊ သားမောင်မှာ လောကဓမ္မတာ မလွန်ဆန်နိုင်သည့် အရာဖြစ်သော အချစ်၏ ပြုပြင်ရာကို လိုက်နာရတော့သည် ဖြစ်ပါလျက်၊ အသက်တစ်မျှ ချစ်သူ မမေကြည်နှင့် နိုးရာသို့ လိုက်သွားပါပြီ၊ နားနှင့်မနာ ဖဝါးနှင့် နာတော်မူပါ။ ကျေးဇူးရှင် ဖေဖေခင်ဗျား၊ ထိုပြင် ကျွန်တော့်မှာ ကိုယ့်ချစ်သူကိုသာ လိုလားသကဲ့သို့ မခင်လေးမြင့်မှာလည်း သူ၏ချစ်သူကို



သာလျှင် ပေါင်းသင်းလိုမည် ဖြစ်သောကြောင့် သူ၏ ချစ်သူကိုသာ လက်ထပ်ပေါင်းသင်းခွင့် ပြုပါရန် ဦးလေး နှင့် ဒေါ်ဒေါ်တို့အား သား ရှိသေစွာ. . .

ဟု ဦးကျော်ဟန်သည် ကျယ်လောင် ကျယ်လောင် ဖတ်နေသည့်အတွက် ဦးဘိုးစမှာ ထပ်ပြီးကြားမနေလိုတော့သောကြောင့် "တော်ပါတော့ဗျာ" ဟု ဆိုကာ စာကိုဖြတ်ကနဲ လှမ်းယူပြီး ဆွဲဆုတ်ချေပစ်လိုက်လေ၏။

မင်္ဂလာခန်းမကြီးမှာ (၁၀) မိနစ်ခန့်မျှ လှုပ်လှုပ်ရွရွနှင့် ရှိနေကာ လူကြီးချင်းမှာ တစ်ယောက်တစ်ခွန်း စကားများလျက် ရှိပေ၏။ စင်မြင့်ပေါ်ရှိ ခင်လေးမြင့်နှင့် ဝေလင်းတို့မှာ ပျော်ရွှင်ခြင်း စိုးရိမ်ခြင်းတို့ဖြင့် ရင်ထဲတွင် တဒိတ်ဒိတ်ခုန်၍ နေကြလေတော့၏။

ထိုခဏတွင် ဦးဘိုးစနှင့် ဒေါ်မြခင်တို့ မုန့်တိုက်ပေါ်မှ ဆင်း၍သွားဖေရာ မင်္ဂလာဆောင် ပျက်ပြီဟု ယူဆလျက် ဆင်း၍သွားကြရန် ပြင်သူပြင်၊ သတို့သားနှင့် သတို့သမီးတို့ကို မြင်နေရသေး၍ အဆင်းရခက်သူ ခက်၍နေရာက ဦးသာဒင်နှင့် ဦးကျော်ဟန်တို့ စင်မြင့်ပေါ်သို့ ပြုံးရွှင်စွာ တက်လာကြသည်ကို တွေ့ရမှ ပရိသတ်လည်း ပြန်၍ငြိမ်ဝပ်စွာ ထိုင်ကြလေ၏။

ထိုအချိန်တွင် ဘစိန်မှာ စင်မြင့်နှင့် မျက်နှာချင်းဆိုင် မင်္ဂလာခန်းမကြီး၏ တစ်ဘက်မျက်နှာရှိ အရက်များ တည်ခင်းပေးသော "ဘား"တွင် ရောက်ရှိနေလျက်ရှိကာ လက်ထပ်မင်္ဂလာ၊ သံသာရင့်ကြွေး၊ အခါပေး၍ အပြီးတွင် ခရှသင်းသံပေါ်၍မလာမီ ထို "ဘား" ဆီမှ "ဖေါင်" ခနဲ မြည်လိုက်သောအသံ ပေါ်လာလေ၏။

သတို့သားနှင့် သတို့သမီးတို့သည် ထိုဘားဆီသို့ လှမ်းကြည့်လိုက်ရာ အရက်ခွက်ကို မြှောက်လျက် အင်္ဂလိပ်ဘာသာစကားဖြင့် မိမိတို့အား ကောင်းချီးပြုကာ မျက်စိတစ်ဖက် မှိတ်ပြလိုက်သော ဘစိန်ကို တွေ့ကြသောကြောင့် မှုန်၍သွားမိကာ. . . ခေါင်းကလေးများ ပြန်၍ ငုံ့သွားကြလေတော့သတည်း။



www.burmeseclassic.com